
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော
စစ်သားကြီးဗိုလ်တေဇ








ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်
ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန်အတ္ထုပ္ပတ္တိ
Quality စာတည်းအဖွဲ့



ဆုပြည့်စုံထွန်းစာပေ



Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

FEBRUARY 2014


ခုနှင်ရွှေရွှား

[illegible] ၆

ကြူးနှစ်

[illegible] ၃၄

ချမှုတာသား

[illegible] ၄၅

ဇေဝန်းနံ

[illegible] ၆၁

ပြတ်သက်ကျော်

[illegible] ၉၀

ရွှမ်ခွင်ကျော် (တောင်တော်သိ)

[illegible] ၁၀၆

ပြည့်ဖြိုးလှိုင်

[illegible] ၁၂၄

ဇာတိဂုဏ် မျိုးမြင့်အောင်

[illegible] ၁၃၆

ဂျိုးနွန်းကို

[illegible] ၁၆၄

အောင်ပြတ်ဦး

[illegible] ၁၈၄

စိုး၀ဝ

[illegible] ၁၉၇

ဝင်းနိုင် (ရွှေပြည်သာ)

[illegible] ၂၃၄

[illegible]တင်မှူးကြီး သိန်းဝင်း

[illegible] ၂၃၉

မြဝတီ

[illegible] ၂၅၀


Preview



www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
[illegible] (Quality)
တာဝန်ခံအယ်ဒီတာ
[illegible]
[illegible]
[illegible]
အယ်ဒီတာအဖွဲ့
[illegible]
[illegible]
[illegible]
[illegible]
ထုတ်ဝေသူ
[illegible] Quality Publishing House
[illegible]
[illegible]
[illegible]
မျက်နှာဖုံးဒီဇိုင်း
[illegible]
အတွင်းသရုပ်ဖော်
[illegible]
[illegible]
[illegible]
Quality
ပုံနှိပ်သူ
[illegible]
[illegible]
[illegible]
စာအုပ်ချုပ်
[illegible]
အုပ်ရေ — [illegible]
တန်ဖိုး — [illegible]
[illegible]
[illegible]
[illegible]


# NEXT



ဒဂုန်ရွှေမျှား



မင်းရွှေသိန်း(ခင်းကျိုက်)

# Month



လိုက်ခန်း

ဆင်ဖြူကျွန်း အောင်သိန်း



တင့်ထူး (ဂေဟမျှတ်)


# Preview

www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်ရွှေမျှား

# ငွေလက်စွပ်



သေမိန့်ကျ ကြိုးသမားတစ်ဦး၏
သေအံ့ဆဲဆဲတွင် သိုက်စာဆန်ဆန်
စာရေးထားခဲ့ရာမှ နောက်ဆုံးတွင်
ထူးဆန်းသော တန်ဖိုးကြီးမားသည့်
ရတနာတစ်ပါး ပေါ်ပေါက်လာရပုံကို
ဖတ်ရှုရမည် ။

**၁၂၄၇-ခုနှစ်တွင်** အရှင်သီပေါမင်း ပါတော်မူပြီးသည့်နောက် အထူးအားဖြင့် အထက်မြန်မာနိုင်ငံတွင် အချို့နေရာများ၌ တောပုန်းသူပုန်တို့ ထကြွလျက်ရှိနေခဲ့ရာ "တောမီးလောင်၊ တောကြောင် လက်ခမောင်းခတ်" ဆိုသော စကားကဲ့သို့ သူယုတ်မာများသည် မရှိဆင်းရဲသားများ၏ပစ္စည်းများကို အမွှနိုင်ထက်စီးနင်း တိုက်ခိုက်လုယူကြ၏။ အချို့သူများကား တိုင်းပြည်နိုင်ငံအတွက် မခံရပ်နိုင်ဖြစ်ကာ လက်နက်ချင်းပင် မညီမျှသော်လည်း အင်္ဂလိပ်စစ်တပ်များနှင့် အရာရှိများအား မြန်မာတို့ဓားသွားဖြင့် တော်လှန်ကာ မိမိတို့ဇာတိသွေး၊ ဇာတိမာန်ကို ပြကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုအချိန်မှာ တစ်နိုင်ငံလုံး မီးဟုန်းဟုန်းတောက်သကဲ့သို့ ရှိနေရကာ သူခိုး ဓားပြ၊ နိုင်ငံရေးသမား၊ သူပုန်ဟူ၍ ခွဲခြားစိစစ်ဆေးမေးမြန်း၍ မနေနိုင်ဘဲ မြေနိမ့်ရာ လှံစိုက်ကာ အနည်းငယ်မျှ အပြစ်ရှိသူများလည်း အကြီးလေးဆုံးသော အပြစ်ဒဏ်ကို ခံကြရ၏။ ကြီးကျယ်သော ရာဇဝတ်မှုများကို ကျူးလွန်သူများလည်း သင့်လျော်ရုံမျှသာ အပြစ်ရရှိကြ၏။

ထိုအချိန်က ဦးဘိုးတော်၏ဖခင်သည် လူစုလူဝေးဖြင့် အင်္ဂလိပ်စစ်တပ်များကို ခုခံတိုက်ခိုက်လျက်ရှိရာမှ နိုင်ငံ တဖြည်းဖြည်း အေးချမ်းလာလတ်သော် တောပုန်းဘဝသို့ရောက်ကာ နောက်ဆုံးဖမ်းမိ၍ သေဒဏ်စီရင်ခြင်း ခံရလေသည်။

ထိုအချိန်တွင် ဦးဘိုးတော်မှာ လူလားမမြောက်သေးသော ကလေးအရွယ် လူမည်ဘဝ၌ရှိနေသေးရာ လူလားမြောက်၍ အထက်ပါအကြောင်းများကို သိရသောအခါ ဗြိတိသျှအစိုးရအပေါ်၌ စိတ်နာပြီးလျှင် ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရသည့် ဆိုး၊ နိုး၊ တိုက်ခိုက်ခြင်းများဖြင့်သာ အသက်မွေးခဲ့လေသည်။

လူဆိုးတစ်ယောက်ပင် ဖြစ်လင့်ကစား ဦးဘိုးတော်မှာ ပညာဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံခြင်း၊ ဆင်းရဲအားနွဲ့သူတို့အပေါ်တွင် သနားကရုဏာရှိခြင်း၊ ရတနာသုံးပါးနှင့် သက်ကြီး၊ ဝါကြီးတို့အား ကိုင်းရှိုင်းခြင်းများရှိသဖြင့် အကျဉ်းကျ၍ ထောင်သားဘဝသို့ရောက်နေသည့်အခါများ၌ပင် အထက်လူကြီးများ၏ ချစ်ခင်ကြင်နာခြင်းကို ခံခဲ့ရလေသည်။

အစိုးရ ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူများမှာ မည်သည့်ရည်ရွယ်ချက်နှင့်ပင် ဖောက်ဖျက်သူဖြစ်စေ၊ နောက်ဆုံးတွင် အစိုးရမင်း၏ ပြစ်ဒဏ်မှ မလွတ်ကင်းနိုင်ရကား ဦးဘိုးတော်မှာ အကြိမ်ပေါင်းများစွာ ထောင်ဒဏ်အပြစ်ပေးခံရ၍ မြန်မာပြည်ရှိ ထောင်မှန်သမျှ သူမရောက်ဘူးသော ထောင်ဟူ၍ မရှိ သလောက်ပင် ဖြစ်ခဲ့လေသည်။

ဤသို့ အကျဉ်းကျ ခံရဖန်များလတ်သော် ဦးဘိုးတော်မှာ ထောင်ရည်ဝလျက် ထောင်သားများ၏ အကြီးအကဲဖြစ်ကာ "ထောင်မင်းသား" အဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက် ထောင်မင်းသား ဦးဘိုးတော်ဟူ၍ အများကပင် သိမှတ်ကြလေသည်။ ဦးဘိုးတော်မှာ တစ်ဖက်မှကြည့်လျှင် လူဆိုး၊ လူမိုက်၊ လူပေ၊ လူတေကြီးတစ်ယောက် ဖြစ်သော်လည်း အခြားတစ်ဖက်မှကြည့်လျှင် "အကောင်း" ကလေးများ တွဲလျက်ရှိ၏။

၎င်းတို့မှာ အကြီးအကဲများအား ရိုသေခြင်း၊ ထောင်သားများအပေါ်တွင် တရားမျှတစွာ ကျင့်တတ်ခြင်း၊ ယုတ်မာညစ်ပတ်သူတို့အပေါ်တွင် ရက်စက်ခြင်း၊ ကျေးဇူးကန်းသူ၊ မသိမလိမ္မာသူတို့အား ဆုံးမတတ်ခြင်း၊ သနားညှာတာထိုက်သူကို သနားညှာတာခြင်း စသော ဂုဏ်အင်္ဂါများ ဖြစ်၏။

သို့ကြောင့်လည်း ထောင်အရာရှိများသည် ဦးဘိုးတော်အပေါ်တွင် အတတ်နိုင်သမျှ မျက်နှာသာ ပေးခဲ့ကြခြင်းဖြစ်လေသည်။

ဦးဘိုးတော်မှာ ထောင်ထဲတွင် ရှိနေသည့် အချိန်၌ ရာဇဝတ်ပြစ်မှု ကျူးလွန်သူ အမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံခဲ့ရသည်ဖြစ်ရာ ထိုသူများထံမှ သူတို့၏ဖြစ်ပျက်များကို မေးမြန်းကာ ရေးမှတ်စုဆောင်းခဲ့၏။ အထူးသဖြင့် ကြိုးမိန့်ကျပြီး သေအံ့အကျဉ်းသားများထံမှ သူတို့၏လျှို့ဝှက်ချက်များကို ရရှိခဲ့၏။ အစိုးရရုံးတော်၌ မထုတ်ဖော်ခဲ့သည့်အချက်များကိုပင် ဦးဘိုးတော်အား ထုတ်ဖော်ဝန်ခံခဲ့တတ်ကြလေသည်။


ကျွန်ုပ်တို့ ယခုရေးသားဖော်ပြသောအချိန်က ရန်ကုန်မြို့ ဗဟိုထောင်ကြီးတွင် ဦးဘိုးတော်နှင့်အတူ ဦးထုပ်အပြာရသော ၁၂ မှတ် ဗာရာတုတ်ကြီးဆိုသူတစ်ယောက်ရှိ၏။ ထိုသူကား နာမည်ကြီးလူဆိုးတစ်ယောက်ဖြစ်ပြီးလျှင် ထောင်သားများမှာ "တုတ်ကြီး" ဆိုက ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရ၏။ တုတ်ကြီးမှာ ဒုတိယအတန်းအစား ဗာရာမျှသာဖြစ်၍ ဦးဘိုးတော်က ထူးတန်းစားဖြစ်လေသည်။

ထောင်သားများကို အုပ်ချုပ်သည့် ဗာရာများကို အဆင့်အတန်းအလိုက် ခွဲခြားထားရာ (၈) မှတ်ရ ဗာရာများမှာ ဦးထုပ်ဖြူဆောင်းရ၍ သူခံရသော ထောင်၊ လ၊ နှစ် အပိုင်းအခြား၏ သုံးပုံတစ်ပုံအတွင်း အခြားပြစ်မှု တစ်စုံတစ်ရာ ကျူးလွန်ခြင်း မရှိက တစ်ညလျှင် ၂ နာရီမျှ အလှည့်နှင့် စောင့်ရသည်။

www.burmeseclassic.com

"ညစောင့်တာရာ" (Convict Night Watchman)အဖြစ်သို့ရောက်၏။ သူသည်တစ်လလျှင်လျှော့ရက်၅ရက်ရရှိပြီးလျှင်တတိယအတန်းအစားမျိုး ဖြစ်လေသည်၊

၁၂ မှတ်ရ တာရာများကို အတိုကောက် (C.O) ဟု ခေါ်၏၊ အရှည်မှာ (Convict Ovevseer)ဖြစ်၍တစ်လလျှင် လျှော့ရက် (၆) ရက်ရလေသည်၊ ဦးထုပ်ပြာဆောင်းရပြီးလျှင် အမှတ် (၈) တာရာများအပေါ်တွင် အုပ်ချုပ်ရ၏၊ သူကား ဒုတိယ အတန်းစားမျိုးဖြစ်လေသည်၊



"မောင်ညြိဘာအား ကြိုးပေးသည့်နံနက်က ကြိုးတိုက်အတွင်းသို့ ရာဇဝတ်ကောင်ကို ဝင်ရောက် ဖမ်းဆီး လက်ထိတ်ခတ်လေရာ စက်တိုင်သို့ တက်ရအံ့ဆဲဆဲ အချိန်တွင် အပြင်အထုတ်မခံဘဲ အကြောက်အကန် ရုန်းကန်နေ တတ်သော အခြားရာဇဝတ် ကောင်များကဲ့သို့ မဟုတ်ဘဲ မောင်ညြိဘာသည် ခပ်အေးအေး လိုက်ပါလာခဲ့၏။ သို့သော် ကြိုးတိုက်မှမထွက်မီ သူသည် အုတ်နံရံတွင် မီးသွေးဖြင့် ရေးခြစ် ထားသည့်စာများကို တစ်ခဏမျှ လှည့်၍ ကြည့်နေသေး၏။"

ပထမအတန်းအစားမှာ (C.W.)ဖြစ်၍ အရှည်အဓိပ္ပာယ်မှာ (Convict Warder)ဖြစ်လေသည်၊

မြန်မာလို "တန္ဒေ" ဟု ခေါ်၍ အဝတ်အစားမှာ အကျႌအပြာ၊ ဘောင်းဘီတိုအပြာရပြီးလျှင် သားရေခါးပတ်၏ခေါင်းတွင် ကြေးဝါကို ဘဲဥသဏ္ဌာန်ပြုလုပ်ကာ (C.O) ဟု ရေးထား၏၊ သူကား ထောင်ပိုင်၊ ထောင်မှူးများ၏ လူယုံတော်ကြီးဖြစ်လေသည်၊ (တစ်လလျှင် လျှော့ရက် ၈ ရက်ရ၏၊)

ဦးဘိုးထော်မှာ တန္ဒေဖြစ်၍ တုတ်ကြီးမှာ ထိုအခါက ၁၂ မှတ် ဦးထုပ်ပြာဆောင်းရသော (C.W) စီဒဗလျူ ဖြစ်ပြီးလျှင် ဦးဘိုးထော်နေရာကို ချိန်နေသူ ဖြစ်လေသည်၊ တုတ်ကြီးမှာ လူတစ်ယောက်အား မိုက်မိုက်ကန်းကန်း ဆော်ရက်စက်စက် လုပ်ဝံ့သော်လည်း ဉာဏ်ပညာ ဖဟုသုတကား ခေါင်းပါးသူ ဖြစ်၏၊

သူသည် ဦးဘိုးထော်၏ဩဇာ ညောင်းမှုကိုလည်းကောင်း၊ ဦးဘိုးထော်အပေါ်တွင် ထောင်သားများက ချစ်ခင်လေးစားမှုကိုလည်းကောင်း များစွာ မနာလိုဖြစ်ကာ ဦးဘိုးထော်နှင့် တစ်ဇက်တစ်လမ်းနေခဲ့သူဖြစ်၏၊ သို့သော် ဦးဘိုးထော်ကိုကား အတိအလင်း အတိုက်အခံမလုပ်ဝံ့ချေ။ ဤအကြောင်းကို ဦးဘိုးထော်သိသော်လည်း ခပ်အေးအေးပင် လျစ်လျူရှု၍ နေခဲ့လေသည်၊

ဦးဘိုးထော် ရောက်သွားသမျှထောင်များ၌ ထောင်သားများသည် ဦးဘိုးထော်အပေါ်တွင် လေးစားကြည်ညိုတတ်ကြသည့် အကြောင်းများကို သတင်းစာတိုက် ရေးသားဖော်ပြခဲ့ပြီးဖြစ်ရာ တစ်ခါတစ်ရံ ဦးဘိုးထော်အား "ကာလ သားစေ" လုပ်ကာ ဦးဘိုးထော်ကိုပင် မယုံကြည်သူများလည်း ရှိသေး၏၊

လူတို့မည်သည် အခြားသူတစ်ယောက်၏အကျိုးကို မည်မျှပင် သယ်ပိုးရွက်ဆောင်သည် မှန်စေကာမူ အခါခပ်သိမ်းလည်း ကြည်ညိုခြင်းခံရမည်တော့ မဟုတ်ပေ၊ တစ်ခါတစ်ရံ အထင်လွဲခြင်း၊ မုန်းတီးခြင်း၊ မယုံကြည်ခြင်းများကိုလည်း ခံရတတ်သည်ကား လောကဓံ၏ဓမ္မပေတည်း၊

ထိုအချိန်ကား ... စစ်မဖြစ်မီ (၅) နှစ်ခန့်ကဖြစ်၍ ဦးဘိုးထော်သည် ထောင်သူကြီးတစ်ယောက်အား သူ့အပေါ်တွင် အမှုမမှန်ဘဲနှင့် အပြစ်ပေးရ





www.burmeseclassic.com

www.burmeseclassic.com

မည်လောဟု အငြိုးဖွဲ့ကာ မားနင့်ခုတ်သည့်အမှုအတွက် ရန်ကုန်မြို့ဗဟိုထောင်ကြီးတွင် ထောင်ဒဏ် (၃) နှစ်မျှ ကျခံနေရသောအချိန်ဖြစ်၏။ တစ်နေ့တွင် အကျဉ်းထောင်သို့ မောင်ဩဘာဆိုသူ လူသတ်တရားခံတစ်ယောက် ရောက်ရှိလာရာ ထိုသူသည် ဦးဘိုးတော်၏မိတ်ဖွဲ့ခြင်းကို ကောင်းစွာ လက်မခံဘဲ ဦးဘိုးတော်အား စပ်တန်းတန်းပင် နေခဲ့လေသည်။

မောင်ဩဘာအား ကြိုးပေးသည့် နံနက်က ကြိုးတိုက်အတွင်းသို့ ရာဇဝတ်ကောင်ကို ဝင်ရောက်ဖမ်းဆီး လက်ထိတ်ခတ်လေရာ စက်တိုင်သို့ တက်ရအံ့ဆဲဆဲအချိန်တွင် အပြင်အထုတ်မခံဘဲ အကြောက်အကန် ရုန်းကန်နေတတ်သော အခြားရာဇဝတ်ကောင်များကဲ့သို့ မဟုတ်ဘဲ မောင်ဩဘာသည် ခပ်အေးအေး လိုက်ပါလာခဲ့၏။ သို့သော် ကြိုးတိုက်မှမထွက်မီ သူသည် အုတ်နံရံတွင် မီးသွေးဖြင့် ရေးခြစ်ထားသည့်စာများကို တစ်ကြိမ်မျှ လှည့်၍ ကြည့်နေသေး၏။ ထို့နောက်မှ အာဏာသားလက်သို့ လိုက်ပါလာခဲ့လေသည်။

ထိုနေ့က ကြိုးတိုက်အတွင်းသို့ ရာဇဝတ်ကောင်ကို ဝင်၍ဖမ်းဆီးရသော အာဏာသားများတွင် (၈) မှတ်ရ "ဗာရာမြူလေး" ဆိုသူတစ်ယောက် အပါအဝင်ဖြစ်၏။ မြူလေးသည် ကြိုးတိုက်မှ စက်တိုင်သို့သွားသော လမ်းတစ်လျှောက် မောင်ဩဘာ၏လက်ဝဲဘက် လက်ရုံးကိုကိုင်ကာ သူ၏နံဘေးမှ လိုက်ပါလာခဲ့၏။

စက်တိုင်ရှိသောနေရာမှာကြိုးတိုက်နှင့်မနီးမဝေး၌ပင်ရှိနေသော်လည်း ထိုလမ်းတစ်လျှောက်၌ အသုဘများ ချသွားသကဲ့သို့ အကျဉ်းသားတစ်ယောက်သည် ဘုရားရုပ်ပွားတော်တစ်ဆူကို လင်ဗန်းတွင်း၌ ထည့်ပြီးလျှင် ခေါင်းပေါ်၌ ရွက်၍ရှေ့မှသွားရလေရာ အခြားအကျဉ်းသားတစ်ယောက်က နောက်မှကြေးစည်တစ်လုံးကိုရိုက်၍သွားရ၏။ ထို့နောက်မှာကြိုးပေးခံရမည့် ရာဇဝတ်ကောင်ကို အခြား ၃ – ၄ ယောက်က ညှပ်၍ လိုက်ရလေသည်။

အချိန်မှာ နံနက်ဝေလီဝေလင်းအချိန်ဖြစ်၍အချို့ကျက်များပင် မနိုးသေးဘဲရှိနေရာ၊ ကြေးစည်သံကြောင့် လန့်ဖျပ်သွားသော တစ်ကောင်တလေမျှ



သော ကျိုးတစ်ကောင်၏ အာလိုက်သောအသံမှာ ဆိတ်ငြိမ်လျက်ရှိသော ထောင်ဝန်းကျင်ကို အလန့်တကြားဖြစ်သွားစေ၏။ ဤအစီအစဉ်များကိုသာ အပြင်အပမှ လူတစ်ယောက်မြင်ခဲ့သော် နလုံးတုန်လှုပ်ဖွယ် ကောင်းလှပေ၏။

မောင်ဩဘာသည် ပုတီးတစ်ကုံးကို လက်ယာဘက် လက်ဖြင့် ကိုင်၍ စိတ်ထဲက ပါးစပ်မှလည်း ဘုရားတရားကို ရေရွတ်လျက် ရှိလေသည်။ မြူလေးမှာ လူမိုက်တစ်ယောက်ဖြစ်၍ ဤအဖြစ်အပျက်မျိုးကို သုံးလေးကြိမ်ထက် မနည်းတွေ့မြင်ဖူးသော်လည်း မောင်ဩဘာကိုမူ အကယ်ပင် သနားလျက်ရှိလေသည်။

"ယောက်ျားပဲ – ကိုဩဘာရယ်၊ ဘာကြောက်စရာရှိလဲ၊ လူဆိုတာ တစ်သက်တစ်ခါ သေကြစမြဲပဲ"

အားပေးစကားပင် ပြောရသော်လည်း မြူလေး၏အသံမှာ တုန်တုန်ရီရီ ရှိလှ၏။

"မကြောက်ပါဘူး – ကိုမြူလေးရယ်၊ ကျုပ် – တရားရှိပါတယ်"

"ဘုရား၊ တရားသာ အောက်မေ့ပေတော့ဗျာ"

"ဩော် – ဒါနဲ့ – ကိုမြူလေးကို ကျုပ် တစ်ခုပြောခဲ့ရဦးမယ်၊ လူများရဲ့ လောဘတရားများဟာ သေသည်အထိ မသတ်နိုင်ကြဘူးနော်"

"ဘာပြောတာလဲဗျ"

"ကြိုးတိုက်ထဲက အုတ်နံရံမှာ မီးသွေးခဲနဲ့ ကျုပ် စာရေးပစ်ခဲ့တယ်ဗျ"

"ခင်ဗျားပြောတာတွေ ကျုပ်ဖြင့် တစ်လုံးမှ နားမလည်ပါဘူးဗျာ"

"ခက်တဲ့လူကွယ် – နားမလည်လိုက်တာ၊ ကိုဘိုးတော်ကို ကျုပ် ဘာအကြောင်းမှ မပြောခဲ့ဘူး၊ ခင်ဗျား သိတယ်မဟုတ်လား၊ ဒီလူက လူညာဗျ။ လူတွေသေခါနီး မရရအောင်မေး၊ သေသွားတဲ့လူရဲ့ပစ္စည်းနဲ့ သူက စီးပွားထမ်းချောင့်နေတဲ့ လူတစ်ယောက်ပဲ၊ ကျုပ်က ဘာပြောလိမ့်မလဲ မြူကြီးကြီးဘာ ဖြစ်ပေ့စေဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အခုတင်ကပြောတဲ့ ခင်ဗျား မီးသွေးခဲနဲ့ရေးပစ်ခဲ့တဲ့ စာကို ကျုပ်က ဘာလုပ်ရမလဲ - ကိုဩဘာရဲ့"

"ဒီစာသာ ဖော်ပေတော့လို့ - ခင်ဗျားဆရာ ကိုတုတ်ကြီးကို ပြောလိုက်ပါတော့လေ၊ ကိုဘိုးထော်များတော့ သွားမပြောလေနဲ့နော်၊ ကိုင်း - သွားပြီ"

ထိုအချိန်၌ စက်တိုင်ခြေရင်းသို့ ရောက်လာပြီဖြစ်ရာ တရားသူကြီး၊ ထောင်ပိုင်နှင့် ထောင်မှူးတို့လည်း သူ့နေရာနှင့်သူ အသင့်ရောက်လာကြပြီဖြစ်၍ စကားလက်စ ပြတ်သွားလေ၏။

နောက် နှစ်မိနစ်ခန့်အကြာတွင် ကြိုးစင်ထိပ်မှ ဂျိန်းခနဲမြည်သောအသံကြီးသည် သစ်ပင်များပေါ်ရှိ ကျီးကန်းများကိုပင် လန့်၍ပျံသွားစေရာ မောင်ဩဘာသည်လည်း လူ့ဘဝမှ ပျောက်ကွယ်သွားလေတော့သတည်း။

• • • ❧ • • •

မောင်ဩဘာ ကြိုးဒဏ်စံရပြီးနောက် နှစ်ရက်မြောက်သောနေ့၌ ဦးဘိုးထော်သည် လက်သမားရုံ၌ရှိနေစဉ် ကျော်သွဲ့ဆိုသူ အကျဉ်းသားတစ်ယောက် ရောက်လာပြီးနောက် ဦးဘိုးထော်အား -

"ဆရာ့ကို ကျွန်တော် စကားတစ်ခွန်း ပြောစရာရှိလို့ - ဆရာ"

"ဘာများလဲကွယ့် - ကျော်သွဲ့ရဲ့"

"သတင်းက တရာကိုဖြူလေးဆီက ကြားရတဲ့သတင်း - ဆရာရဲ့"

"ဆိုစမ်းပါဦးကွယ်"

"ကိုဩဘာအကြောင်း ဆရာသိတယ်မဟုတ်လား"

"အေးလေ - သိတာပေါ့၊ တစ်နေ့က ကြိုးပေးခံရတဲ့ဩဘာမဟုတ်လား"

"ဟုတ်တယ် - ဆရာရဲ့၊ ဒီလူက သိုက်ဆရာများလား မပြောတတ်ပါဘူး ဆရာရယ်"

"ဘာဖြစ်လို့လဲ"

"ဒီလို - ဆရာရဲ့၊ သူ့ကိုကြိုးပေးတုန်းက တိုက်ထဲကို ဝင်ဖမ်းတဲ့အခါမှာ ကိုဖြူလေးပါတယ်၊ ပါတော့ - ကြိုးစင်အသွားလမ်းမှာ ကိုဩဘာက ကြိုး



တိုက်ထဲမှာ သူစာတစ်ပုဒ် ရေးပစ်ခဲ့တဲ့အကြောင်းနဲ့ ဒီစာကို ဆရာကို တုတ်ကြီးကို ပြောလိုက်ဖို့အကြောင်း ကိုဖြူလေးကို မှာခဲ့သတဲ့ဆရာ"

"ကြိုးတိုက်ထဲမှာ ရေးထားခဲ့တယ် - ဟုတ်စ"

"ဟုတ်တယ် - ဆရာ၊ မီးသွေးခဲနဲ့ ရေးထားပစ်ခဲ့သတဲ့"

"စာက ဘာစာလဲကွယ့်"

"ဘာစာရယ်လို့တော့ - ကျွန်တော်မသိဘူး၊ ဟောဒီမှာ - ကျွန်တော် ယူလာခဲ့တယ်၊ ဒီစာကို ကြိုးတိုက်ဖွင့်ပြီး အမှိုက်လှည်း ရေဆေးလုပ်တဲ့အခါ ကိုဖြူလေးက ကူးယူပြီး ကိုတုတ်ကြီးပြတာကို - ဆရာရဲ့"

"ပြတော့ - တုတ်ကြီးက ဘာပြောသတဲ့လဲ"

"ကိုတုတ်ကြီးကတော့ စာဖတ်ပြီး အလကားစာတွေပါကွယ်၊ ဩဘာဟာ နဂိုကမှ လူသူတော်ယောင်ယောင်၊ ဘာယောင်ယောင် လုပ်နေတဲ့ အကောင်၊ သေခါနီးမှာ ရူးလို့ရေးချင်တာတွေရေး ပြောချင်တာတွေ ပြောပစ်ခဲ့တာပါဆိုပြီး ကိုဖြူလေးကူးလာတဲ့စာရွက်ကလေးကို ထွေးလုံးလွှင့်ပစ်လိုက်တာကိုး - ဆရာရဲ့၊ ဒါနဲ့ - သူတို့ထွက်သွားတော့ - အဲဒီလစ်မှာ ကျွန်တော် ကောက်ယူခဲ့တယ်"

ကျော်သွဲ့သည် လုံး၍ထားသော စက္ကူကလေးကို ဦးဘိုးထော်အား ပေးလိုက်သဖြင့် ဦးဘိုးထော်သည် စက္ကူကလေးကို ဖြန့်၍ဖတ်လေရာ လက်သစ်ဝါးခန့်ရှိ စာရွက်ကလေးပေါ်တွင် ခဲတံဖြင့် ကြောင်ခြစ်သကဲ့သို့ ရေးထားသော စာများကို တွေ့မြင်ရလေ၏၊ လက်ရေးပင် မကောင်းသော်လည်း အသေအချာဖတ်က ဖတ်နိုင်လေသည်၊ စာရွက်ပေါ်ရှိ စကားများကား အောက်ပါအတိုင်း ဖြစ်၏၊

"ဥဒေါင်းချောင်ပုန်း ဝယ် ပစ္စည်းကြွယ်
ဖော်မယ်ကြံဆ သိုက်စာကျ"

ဦးဘိုးထော်သည် စာကို သုံးလေးကြိမ်မျှ ပြန်၍ ဖတ်ပြီးနောက် စာရွက်ကလေးကို ခါးကြားထဲတွင် လိပ်၍ သိမ်းထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုညှ်ဦးဘိုးတော်သည် အိပ်ရာသို့ဝင်ပြီးနောက် အပြင်လမ်းတစ်လျှောက် ဝရန်တာတွင် ထွန်းညှိထားသော မီးရောင်ကလေးဖြင့် စာရွက်ကလေးကို အကြိမ်ပေါင်းများစွာ ဖတ်လျက်ရှိနေသေး၏။ တစ်နာရီခန့်ကြာမှ နောက်ဆုံးတွင် စဉ်းစားမိသည့်ဟန်ဖြင့် –

"အင်း – ငါထင်တဲ့အတိုင်းဆိုရင် ဒီလိုများ ဖြစ်နေမလား မပြောတတ်ဘူး"

ဟု တစ်ကိုယ်တည်း ပြောသကဲ့သို့ ရေရွတ်ပြောဆိုကာ စိတ်ချလက်ချ အိပ်လေ၏။

သို့နှင့်ဦးဘိုးတော်၏လွတ်ရက်များသည်တစ်နေ့ထက်တစ်နေ့နီးကပ်၍ မောင်ဩဘာအားကြိုးပေးသည့်နေ့မှ (၁) နှစ် (၃) လ (၁၀) ရက်ရှိသောအခါ ရန်ကုန်ထောင်ကြီးမှ လွတ်မြောက်ခဲ့လေ၏။

ဤသို့ မလွတ်မြောက်မီ ဦးဘိုးတော်သည် ထောင်စာရေးထံမှ မောင်ဩဘာ၏နေရပ်ကိုလည်းကောင်း၊ မောင်ဩဘာ၏အမှုအကြောင်းကိုလည်းကောင်း၊ မောင်ဩဘာအားကြိုးပေးပြီးနောက် အလောင်းကိုသင်္ဂြိုဟ်ရန် လာ၍ယူသော မောင်ဩဘာ၏တူတော်စပ်သည်ဆိုသူ အကြောင်းကိုလည်းကောင်း တတ်နိုင်သမျှ စုံစမ်းမေးမြန်း၍ မှတ်သားခဲ့၏။

ကြိုးပေးခံရသူ၏အလောင်းကို ဆွေမျိုးညာတိရှိက လျှောက်ထားတောင်းယူနိုင်၍ တောင်းယူမည့်သူမရှိသော အလောင်းကိုမူ ထောင်ကပင် တာဝန်ယူ၍မြှုပ်နှံသင်္ဂြိုဟ်ရ၏။ အလောင်းကို ယူမည့်သူရှိက ယူမည့်သူများသည် ကြိုးပေးမည့်နေ့ နံနက်တွင် ထုံးစံအတိုင်း ထောင်ဝမှ အသင့်လုပ်ပြီး "ခေါ်း" နှင့် လာရောက်စောင့်နေရ၏။

မောင်ဩဘာ၏အလောင်းမှာ ကြိုးပေးလိုက်သည့်နေ့က မုန့်လုပ်ဆောင်းကုန်းမှ ဝါးထရံများရက်သော မောင်ဘိုးသာဆိုသူတစ်ယောက် လာရောက်ယူသွားကြောင်း သိရ၏။

သို့ဖြစ်၍ ထိုသတင်းများ ရရှိရေးအတွက် ဦးဘိုးတော်မှာ ထောင်စာရေးအားလည်းကောင်း၊ မိမိအားရှေ့ဦးစွာသတင်းပေးသူကျော်သွဲ့အားလည်း



တောင်းမိမိစုဆောင်းထားသည့်ငွေထဲမှထိုက်သင့်သလောက်ကျေးဇူးပြုခဲ့ရသေး၏။

. . . ❦ . . .

ထောင်မှ လွတ်ခဲ့ပြီးနောက် ဦးဘိုးတော်သည် ရှေးဦးစွာ မောင်ဩဘာအား ကြိုးမိန့်ပေးလိုက်သော ရုံးသို့သွားရောက်ကာ ရှေ့နေတစ်ယောက်ငှားရမ်းပြီးလျှင် အမှုတွဲများကို ဖတ်စေ၏။

ထိုအခါမောင်ဩဘာအမှုတွင်သက်သေခံခဲ့သည့်သေသူမောင်ဇေယျအိမ်အနီး၌နေသော အိမ်နီးချင်းဖြစ်သူ၏ထွက်ချက်၊ ရင်းပြင် မြင်းခြံမြို့မှ လာရောက်အစစ်ခံသော သူဌေးဦးဘကလေး၏ ထွက်ချက်များကို မိတ္တူကော်ပီကူးရန်ရုံးတော်သို့လျှောက်ထားပြီးလျှင် ကူး၍ယူစေ၏။ ထိုအခါမှ ကြိုးပေးခံရသော မောင်ဩဘာ၏ အမှုအကြောင်းစုံကို သိရှိရလေ၏။

အခင်းဖြစ်ပွားသော နေ့ည ၁၁ နာရီကျော်ကျော်အချိန်၌ကြည့်မြင်တိုင်၊ လင်းလွန်းကွက်သစ်ရှိ သေသူ မောင်ဇေယျ နေအိမ်၌ သေသူနှင့် တရားခံသည် အရေးကြီးသော ကိစ္စတစ်ခုအတွက် ငြင်းခုံပြောဆိုလျက်ရှိကြ၏။

ထိုရပ်ကွက်ရှိ အိမ်များမှာ ခနိမ့်၊ ဝါးထရံကာ အိမ်များဖြစ်ကြ၍ အိမ်နီးချင်းတစ်ယောက်က အိမ်အောက်တွင် ခေတ္တမိုးခိုရင်း ထရံပေါက်မှ ချောင်းမြောင်းကြည့်ရှုသဖြင့် မြင်ရလေသည်၊

ထိုအိမ်နီးချင်း၏ထွက်ချက်အရ သူတို့သည်ပစ္စည်းတစ်ခုနှင့်ပတ်သက်၍ အချင်းများလျက်ရှိကြ၏။

မောင်ဩဘာ၏ ပြောစကားများအရ ပစ္စည်းမှာ သေသူလက်ထဲတွင် ရှိနေကြောင်း ထင်ရှား၏။ ထိုသက်သေ၏ အစစ်ခံချက်အရ သူတို့ အပြန်အလှန်ပြောနေသော စကားများမှာ အောက်ပါအတိုင်း ဖြစ်၏။

"ခင်းသိမ်းထားတာတော့ ဟုတ်တယ်၊ ငါက ဘယ့်နှယ်လုပ်ပြီး အရှည်ယုံရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါ - မင်းအပေါ်မှာ လိမ်မယ့်လူလားကွ"

"လိမ်တာ မလိမ်တာ အပထား - ငွေလိုချင်တယ်ကွယ့်"

"ဘယ်လောက်လဲ"

"နှစ်သောင်း"

"ကြံကြံဖန်ဖန်ကွာ၊ အဘိုးကြီးပြောတဲ့ဈေး - မင်းက စိတ်ထဲ စွဲနေတာတိုးကွယ့်၊ ဒါက သူ့လိုဂုဏ်ရှိတဲ့လူက တကယ့် တော်ဘွားတွေ၊ မဟာရာဇာတွေ၊ အမေရိကန်သူဌေးတွေကို ရောင်းမှရတဲ့ဈေး၊ မင်းတို့လို ငါတို့လို လူမျိုးရောင်းရင် ရပ့ါမလားကွယ်"

"ဒါဖြင့် - မဂိုလမ်း (ရွှေဘုံသာလမ်း) သွားပြီး စုံစမ်းကြည့်ပါလားကွယ်"

"ကြည့်တာပေါ့ကွယ် - ဖြည်းဖြည်းပေါ့၊ နောက်ပိုင်းကလည်း သူ့လက်စွပ်ပျောက်သွားတယ်လို့ ဂါတ်တိုင်ထားတဲ့အတွက် ပုလိပ်လိုက်နေတယ်ဆိုတာ မင်းအသိသားပဲ"

"ဒါဖြင့်လည်း ပေါင်လေကွယ်"

"ပေါင်လို့ကော - ဘယ်သူက တစ်ထောင်ထက်ပိုပြီး ပေးဦးမှာလဲကွယ့်၊ အဘိုးကြီးစပ်စားနေတာက ဒီလက်စွပ်က ရာဇဝင်ပစ္စည်းတစ်ခုအဖြစ်နဲ့ အဖိုးတန်တဲ့အကြောင်းသိလို့ ရာဇဝင်ပြပြီးရောင်းမှ အဖိုးတန်မှာ - ဩဘာရဲ့မင်းနယ် - အပြောရခက်လိုက်ပါဘိတော့ကွယ်"

အထက်ပါစကားများကို ကြားရပြီးနောက် နံဘေးပြတင်းပေါက်တစ်ပေါက် ပွင့်လာသည်နှင့် သက်သေခံသူသည် သေသူမောင်ဖေယျအိမ်အောက်မှအမြန်ထွက်ခဲ့ရကြောင်း၊ နောက်တစ်နေ့နံနက်လင်းလျှင်မောင်ဖေယျမှာ အိပ်ရာပေါ်တွင် ဓားရတ်ရာပေါင်းများစွာနှင့် သေဆုံးနေသည်ကို ပွဲမှပြန်လာသော အိမ်နီးချင်းက တွေ့ကြရကြောင်း သက်သေထွက်ချက်များရှိလေသည်။

မြင်းခြံမြို့ပါသူဌေး ဦးဘာကလေး၏ ထွက်ချက်ကို ကူးယူကြည့်ရှုသောအခါ၌ အမှု၏အကြောင်းကို ပိုမိုရှင်းလင်းစွာ အောက်ပါအတိုင်း သိရှိလာရလေ၏။



ဦးဘာကလေးသည် လွန်ခဲ့သော (၃) နှစ်ခန့်က မောင်ရွှေမှန်ဆိုသူတစ်ယောက်အား တပည့်အဖြစ်ဖြင့် မွေးခဲ့၏၊ မောင်ရွှေမှန်မှာ စာရေးအလုပ်သာမဟုတ်၊ တောသို့တက်၍ ကုန်များဝယ်ခြင်း၊ ရန်ကုန်သို့ သင်္ဘောနှင့် ကုန်ပို့ရာတွင် လိုက်ပါရခြင်း၊ ဝါပွဲစားများနှင့် စကားပြောရခြင်းများ၌ ကျွမ်းကျင်သူဖြစ်၏၊ သူသည် ဤအလုပ်များသာမက ကြမ်းကြမ်းတမ်းတမ်းလုပ်ရမည့် အလုပ်များကိုလည်း လုပ်နိုင်သည့်ပြင် သတ္တိကောင်း၍ အရာရာ၌ စိတ်ချရသောကြောင့် ဦးဘာကလေး၏ ကျွန်ယုံကြီး သက်တော်စောင့်သဖွယ် အလုပ်များကို ပေးအပ်ထားခြင်း ခံရလေသည်။

တစ်နှစ်ခန့်ကြာသောအခါ မြင်းခြံမြို့တွင် ရောဂါအမျိုးမျိုးကို ကုနိုင်သည်ဆိုသော လူသူတော် "မောင်ဩ" ဆိုသူတစ်ယောက် ပေါ်လာရာ ထိုသူမှာ သာမန်ရောဂါများကို ကုနိုင်ရုံမျှမက ဗေဒင်လက္ခဏာ၊ ယာယီ ယတြာမှစ၍ ဘာယသိဒ္ဓိ၊ ဝီယသိဒ္ဓိများတွင်လည်း အထူးစွမ်းသည်ဟု ဟိုးလေးတကျော်ဖြစ်ကာ လူအများ ဆည်းကပ်ကိုးကွယ်ကြလေ၏၊ မောင်ရွှေမှန်မှာ လူသူတော် အား အထူးကြည်ညိုကာ အလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုဆရာထံ သွားရောက်၍ အချိန်ကုန်လွန်စေခဲ့ပါသည်၊ သူတို့နှစ်ယောက်မှာ နေ့တတွဲတွဲ ညတတွဲတွဲဆိုသကဲ့သို့ ရှိနေခဲ့ကြ၏။

သုံးလခန့်ကြာသောအခါ ထိုလူသူတော် မောင်ဩဆိုသူသည် မြင်းခြံမြို့မှ ရုတ်တရက် ပျောက်သွားလေ၏၊ ပျောက်မသွားမီ နှစ်ရက်လောက်က ဦးဘာကလေးအိမ်တွင် အောက်ပါအတိုင်း ဖြစ်ပျက်ခဲ့၏။

ဦးဘာကလေး၌ အဘိုးပွန်အဖိုးထိုက်တန်သော မြလက်စွပ်တစ်ကွင်းရှိ၏၊ "မြ" မှာရတီ (၂၀) ကို (၃) ဝီဖွာသာလျှော၏၊ မြ၏အရည်ကောင်းပုံမှာ သာမညလူများ မပြောတတ်အောင်ပင်ဖြစ်၍ ရာဖြတ်များက တစ်သိန်းတန်သည်ဟု ခန့်မှန်းကြလေသည်၊ ဂျမားသူဌေး (ထိုအခါက မြင်းခြံမြို့တွင် အထူးနာမည်ကြီးခဲ့သော ဂျာမားကုမ္ပဏီ စက်ပိုင်ရှင်သူဌေး) ကိုယ်တိုင်ကငါးသောင်းအထိ ပေးဖူးရာ ဦးဘာကလေးကမရောင်းလိုသဖြင့် တစ်သိန်းရမှရောင်းမည်ဟု ပြော

www.burmeseclassic.com

ခဲ့ဖူး၏။ ထိုလက်စွပ်မှာ သာမန်လက်စွပ်မဟုတ်ဘဲ ရာဇဝင်အရ ဦးဘကလေး၏ မိဘ၊ ဘိုးဘွားမှ ဆင်းသက်လာသော ပစ္စည်းဖြစ်လေသည်။

၁၂၂၈ - ခုသည် မြင်ကွန်း မြင်းခုံတိုင် အရေးတော်ပုံတွင် မြင်ကွန်းမင်းသား၏တပည့် "ပိုက်ကြီး" သည် မင်းတုန်းဘုရင် မင်းတရားကြီးအား ကျောပိုး၍ ဘေးကင်းရာသို့ ပို့ခဲ့ရာ သူကိုယ်တိုင်မှာ အသတ်ခံရသော်လည်း ဘုရင်မင်းတရားကြီးမှာ အသက်ဘေးမှ လွတ်မြောက်၍ သွားလေသည်။

ဘုရင်ကြီးသည် ပိုက်ကြီးအား လက်ဝတ်ရတနာ တစ်ခုကို ဆုလာဘ်အဖြစ် ပေးသနားခဲ့ရာ ပိုက်ကြီးမသေမီ ၎င်းလက်ဝတ်ရတနာကို သူ၏သား မောင်စံသူဆိုသူအား ပေးအပ်နိုင်ခဲ့လေသည်။

မောင်စံသူသည် ၁၂၅၆ - ခုနှစ်တွင် အမရပူရ၌ ကွယ်လွန်ခဲ့ပြီးနောက် လက်ဝတ်ရတနာမှာ သူ၏သမီး မဒေါင်းသူဆိုလက်တွင် ကျန်ရစ်ခဲ့၏။

မဒေါင်းသည် မြင်းခြံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ နောက်ဆုံး ဦးဘကလေးနှင့် သင့်မြတ်စုံဖက်ခဲ့၏။ ထိုလက်စွပ်၏ "မြ" ကြီးမှာ မိုးကုတ်ထွက် "ရေလိုအေး" အမည်ခံ မြနှင့် ညီအစ်ကိုတော်စပ်၍ အနေအထိုင်၊ အရည်အသွေး၊ အသားအနားမှစ၍ ရေလိုအေးနှင့် ခွဲ၍မရအောင် တူညီလှပေရကား မင်းတုန်းဘုရင်ကြီးကိုယ်တိုင် လက်ဝဲဘက် လက်သူကြွယ်တွင် ဆင်မြန်းခဲ့လေသည်။

(ရေလိုအေး အမည်ခံ မြမှာ ထိုအခါက ရွှေတိုက်တော်အတွင်း၌ ရှိနေသည်ဖြစ်ရာ ညီဖြစ်သော မြရတနာမှာ အထက်တွင် ဖော်ပြသည့်အတိုင်း ပိုက်ကြီး၏လက်မှ သားစဉ်မြေးဆက် ဆင်းသက်ခဲ့၍ နောက်ဆုံးတွင် မြင်းခြံမှ ဓါးသုဓွေး ဦးဘကလေးလက်သို့ ရောက်ခဲ့လေသည်။)

ဦးဘကလေးသည် ထိုမြလက်စွပ်ကို သူခိုးသူဝှက် ဘေးမှ ကာကွယ်စေရန် မီးအာမခံ သေတ္တာကြီးထဲတွင် အခြားလက်ဝတ်လက်စားများနှင့် ရောနှောမထားဘဲ သူ၏ အဝတ်အစားများထည့်သည့် ယွန်းဖောင်းသေတ္တာကြီးထဲတွင် အဝတ်များအောက်၌ ကတ္တီပါအိတ်ကလေးဖြင့် ထား၏။ သော့ကို ခေါင်းအုံးအောက်တွင် အမြဲထားလေ့ရှိလေသည်။



ထိုနေ့က မဒေါင်းသည် သူ၏ဆွေမျိုးများရှိရာ ပခုက္ကူမြို့သို့ အလည်ပတ်သွားရောက်နေသဖြင့် အိမ်တွင် ဦးဘကလေးနှင့် တူမကလေးတစ်ယောက်သာ ကျန်ရစ်၏။ တူမကလေးမှာ ခြေရင်းခန်းတွင် အဖော်မိန်းမကြီး တစ်ယောက်နှင့် အိပ်၍ မောင်ရွှေမှန်မှာ အောက်တွင်အိပ်၏။

ထိုညက ဦးဘကလေးမှာ အလွန်အိပ်ချင်သဖြင့် နံနက် (၇) နာရီထိုးမှ အိပ်ရာမှနိုး၏။ မိန်းကလေးနှင့် အဒေါ်ကြီးမှာလည်း ထိုနည်းအတူ နေမြင့်မှ အိပ်ရာမှနိုးလေသည်။

အောက်ထပ်သို့ ဆင်းကြည့်ရာ မောင်ရွှေမှန်မှာ မရှိတော့ဘဲ နောက်ဖေးဘက်မှ တိုက်တံခါးချပ်လည်း ပွင့်နေသည်ကို တွေ့ရ၏။ ဒရဝမ်မှာ တိုက်ရှေ့တွင် ရှိသဖြင့် မောင်ရွှေမှန်မှာ တိုက်နောက်ဖေးတံခါးမှ အမှတ်မဲ့ ထွက်သွားဟန်ရှိ၏။ ပစ္စည်းများကို ကြည့်ရှုသောအခါ ယွန်းဖောင်းသေတ္တာတွင်းမှ အဝတ်အစားများမှာ လက်ရာပျက်၍ နေပြီးလျှင် မြလက်စွပ်ထည့်သော ကတ္တီပါအိတ်ကလေးကား မရှိတော့ချေ။ အခြားမည်သည့် ပစ္စည်းမျှ မပျောက်ဘဲ ရှိခဲ့၏။ ထိုအခါ ယမန်နေ့ညက မောင်ရွှေမှန်ယူလာသော ကော်ဖီမှာ ခပ်သက်သက်ရှိသည်ထင်မိကြောင်း၊ ကော်ဖီသောက်ပြီးနောက် (၁၀) မိနစ် အတွင်း၌ပင် တစ်ခါတည်း အိပ်ပျော်သွားကြောင်း၊ တူမကလေးနှင့် အဒေါ်ကြီးမှာလည်း ကော်ဖီကို မိမိနှင့်အတူသောက်ကြောင်း သတိရမိ၏။ မောင်ရွှေမှန်မှာ ထိုအချိန်မှစ၍ ဦးဘကလေးထံမှ ပျောက်ကွယ်သွားလေသည်။

နောက်တစ်လခန့်အကြာတွင် မောင်ရွှေမှန်မှာ ရန်ကုန်တွင်ရှိကြောင်း သတင်းရသဖြင့် ပုလိပ်ဘက်မှလည်း လိုက်လံရှာဖွေလျက်ရှိရာ မောင်ရွှေမှန်မှာ အမျိုးမျိုးရုပ်ဖျောက်ကာ လွတ်မြောက်ခဲ့၏။ ထိုအခါက ဦးဘကလေးသည် ပုလိပ်အဖွဲ့ကို အားမရလှသဖြင့် "ဥစ္စာရှင်လိုလျှင် ဥစ္စာရှင်ခဲ" ရမည်ဟူသော စကားအတိုင်း ရန်ကုန်မြို့သို့ ကိုယ်တိုင်လိုက်လာခဲ့ပြီးလျှင် ကြည့်မြင်တိုင် ထီးတန်းတွင်တည်းကာ အလွတ်စုံထောက် တစ်ယောက်အားရှာ၍ မောင်ရွှေမှန်အား စုံစမ်းရှာဖွေလျက် ရှိလေသည်။

www.burmeseclassic.com

ရန်ကုန်တွင် နှစ်ပတ်ကျော်ကျော်ခန့်မျှ ကြာပြီးနောက် လင်းလွန်းကွက်သစ်တွင်ဖြစ်ပွားသော လူသတ်မှုအကြောင်း သတင်းစာများတွင် အကျယ်တဝင့်ရေးသားပါရှိရာ ဖမ်းထားသော တရားခံမောင်ဩဘာဆိုသူ၏ ဓာတ်ပုံကို ဦးဘကလေးသည် သတင်းစာတစ်စောင်တွင် မြင်ရသဖြင့် ဤဓာတ်ပုံကို ငါမြင်ဖူးပါသည်ဟု အတော်ပင်စဉ်းစားမှ ထိုသူမှာ ဗိတ်ဖြူကို အမြဲဝတ်ကာ တစ်တောင်ခန့်ရှည်သော ဗောမိသီးစိပ်ပုတီးကြီးကို လည်ပင်းတွင် ဆွဲ၍မြင်းခြံမြို့တွင် (၉၆) ပါးရောဂါများကိုကုသခဲ့သည့်လူသူတော်မောင်ဩဘာဖြစ်ကြောင်း သွား၍သတိရမိ၏။ သို့သော် ကွာခြားချက်တစ်ခုမှာ မြင်းခြံမှ လူသူတော်မောင်ဩဘာမှာ ခေါင်းတုံးဆံတောက်တိုတိုနှင့်ဖြစ်၍ ယခုလူသတ်မှုတရားခံ မောင်ဩဘာမှာ သျှောင်ငုတ်စိကလေးရှိခြင်းပင်ဖြစ်လေသည်။

သူ့ဖွေး ဦးဘလေးငှားရမ်းသော အလွတ်စုံထောက်သည် ပျောက်ဆုံးသွားသော လက်စွပ်ကို ပြန်၍ရအောင် မတတ်နိုင်စေကာမူ မောင်ရွှေမှန်ကိုကား တွေ့ရှိရလေပြီ။

မောင်ဩဘာသတ်လိုက်သောမောင်ဇေယျဆိုသူမှာ အခြားသူမဟုတ်၊ မောင်ရွှေမှန်ပင်ဖြစ်ကြောင်း ပေါ်ပေါက်လာတော့၏။

သေသူ မောင်ဇေယျ၏ဓာတ်ပုံကိုပြသောအခါ ဦးဘကလေးကိုယ်တိုင်ကပင် ထိုသူမှာ မိမိ၏တပည့် မောင်ရွှေမှန်ဖြစ်ကြောင်း အစစ်ခံတော့၏။

မြင်းခြံမြို့တွင် လက်စွပ်ပျောက်သွားစဉ်က တိုင်ချက်ရှိသည့်အတိုင်း ဆိုင်ရာဌာနမှ ပုလိပ်များသည် သေသူမောင်ဇေယျဆိုသူမှာ မြင်းခြံမြို့သူဖွေး ဦးဘကလေး၏လူယုံတော် မောင်ရွှေမှန်ပင်ဖြစ်ကြောင်း၊ ဦးဘကလေး၏ နောက်ထပ်သက်သေထွက်ချက်အရ မောင်ဇေယျအိမ်ကို ရှာဖွေကြရာ လက်စွပ်ကိုကား မတွေ့ရတော့ချေ။ ခေါင်းတုံးဆံတောက်နှင့်ရိုက်ထားသော မောင်ဩဘာ၏ဓာတ်ပုံကိုသာ တွေ့ရလေသည်။

သို့ဖြစ်၍ သေသူ့အိမ်မှ တရားခံ၏ဓာတ်ပုံကို တွေ့ရခြင်းမှာ အမှုကို ပို၍လေးနက်စေရန် အထောက်အခံ ဖြစ်လာလေတော့၏။



သို့ဖြစ်ရကား တစ်စုံတစ်ရာ သက်သေခံချက်ပင် မရှိစေကာမူ ဦးဘကလေးထံမှ မြလက်စွပ်ခိုးယူသည်ကို လူသူတော်မောင်ဩ၊ သို့မဟုတ် ယခုအမှုတရားခံ မောင်ဩဘာဆိုသူ မုချသိရမည်။ သူပင်လျှင် သေသူထံမှ မြလက်စွပ်ကိုရ၍ သွားရမည်ဟူသော တွေးထင်ချက်များ ပေါ်၍လာတော့၏။

သို့သော် တွေးထင်ချက်ဆိုသည်မှာ တွေးထင်ချက်မျှသာဖြစ်၍ ဤလူသတ်မှုတွင် အမှု၏အလေးအပေါ့ကို တစ်စုံတစ်ရာ စွမ်းဆောင်နိုင်ခြင်း မရှိချေ။

တရားခံမှာ မောင်ဇေယျအား သူမသတ်ရကြောင်း ငြင်းကွယ်လျက်ရှိနေသဖြင့် လက်စွပ်ပျောက်မှုနှင့်မည်သည့်နည်းနှင့်မျှ ဆက်စပ်၍မရနိုင်ချေ။ သို့ဖြစ်၍ ဦးဘကလေးမှာ တစ်ခါတည်း လက်လျှော့လိုက်ပြီးလျှင် မြင်းခြံသို့ ပြန်သွားလေ၏။

အထက်ပါအကြောင်းအရာများသည်ကား တရားခံ မောင်ဩဘာ၏ လူသတ်မှု အမှုတွဲပေါ်တွင် ပေါ်လွင်လျက်ရှိသော သက်သေခံချက်များ ဖြစ်လေသည်။

မောင်ဇေယျအား မောင်ဩဘာ သတ်, မသတ်ဟူသော ပြဿနာမှာ မြလက်စွပ်ပျောက်ဆုံးမှုနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိချေ။

မောင်ဇေယျမသေမီတစ်ညက မောင်ဩဘာနှင့် နောက်ဆုံး (၁၁) နာရီအချိန်အထိ စကားပြောနေခြင်း၊ ထိုစကားများမှာ သူတို့သည် ပစ္စည်းအမှုမှုနှင့်ပတ်သက်၍အချင်းများလျက်ရှိကြောင်းပေါ်လွင်ခြင်း၊ မောင်ဇေယျအိမ်မှမောင်ဩဘာထွက်သွားသည်ကိုနောက်ဆုံးမြင်လိုက်သော သက်သေထွက်ချက်ရှိခြင်း၊ တရားခံနှင့် သေသူတရားလိုတို့ အဝင်အထွက်၊ အဆက်အသွယ်ရှိခြင်း၊ သေသူ၏ပစ္စည်းများထဲတွင် တရားခံ၏ဓာတ်ပုံကိုတွေ့ရခြင်း၊ တရားခံအား ဖမ်းဆီးရာတွင် သေသူ၏ပစ္စည်း အစိုးထိုက် အဖိုးတန် မတွေ့ရသော်လည်း သွေးစွန်းလျက်ရှိသော တရားခံ၏အဝတ်များကို တွေ့ရခြင်း အစရှိသည်တို့ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှုကိုသုံးလခန့်မျှစစ်ဆေးပြီးနောက် တိုက်ရိုက်မျက်မြင်သက်သေပင် မရှိသော်လည်း သွယ်ဝိုက်လျက်ရှိသည့်အထောက်အထား သက်သေခံတို့မှာ ထင်ရှားသဖြင့်ပြစ်မှုထင်ရှားသည်ဆိုကာ မောင်ဩဘာအား ကြိုးဒဏ်အပြစ်ပေးလိုက်လေသည်။

သို့ဖြစ်ရကား မောင်ဩဘာသည် ဦးဘိုးထော်အား မိမိ၏အမှုမှန်သည် မမှန်သည်ကိုလည်းကောင်း၊ အကယ်၍ မိမိတွင် လျှို့ဝှက်မှုတစ်စုံတစ်ရာရှိက ထိုလျှို့ဝှက်မှုကိုလည်းကောင်း၊ တစ်စုံတစ်ရာမပြောခဲ့ဘဲ ကြိုးဒဏ်ခံ၍ သွားရလေရာ ပျောက်ဆုံး၍သွားသောမြင်းခြံသူဌေးဦးဘကလေး၏မြလက်စွပ်အကြောင်းမှာလည်း ဤနေရာတွင် ဇာတ်မြှုပ်၍သွားခဲ့၏။

. . . ❧ . . .

ဦးဘိုးထော်သည် မောင်ဩဘာ ရေးထားခဲ့သောစာကို မြင်ရသည့်အချိန်မှစ၍ မောင်ဩဘာ၌ အခြားသူများအား ဖွင့်မပြောရက်နိုင်သည့် အဖိုးတန် ပစ္စည်းတစ်ခုခုရှိရမည်ဟု တွက်ကိန်းချမိ၏။

သို့သော် မည်သည့်ပစ္စည်းဟူ၍ မသိရဘဲ ရှိခဲ့ရာ မောင်ဩဘာ၏အမှုတွဲတွင် သူဌေးဦးဘကလေး၏ထွက်ချက်ကို ကူးယူပြီးသောအခါမှသာ အဖိုးတစ်သိန်းတန် မြလက်စွပ်ကြီးသည် နောက်ဆုံး၌ တရားခံမောင်ဩဘာလက်သို့ ရောက်ရမည်ဟူသော အချက်ကို ခန့်မှန်း၍ ကြည့်နိုင်၏။

ထိုပစ္စည်းမှာ ကြိုးပေးခံရသူ မောင်ဩဘာ၏လက်တွင် ရှိနေကြောင်း ယုံကြည်ရသောအခါ သူရေးခဲ့သည့် စာနှင့်သာ ဆက်စပ်ကြည့်ရှုရန် လိုတော့သည်။

မောင်ဩဘာကား စိတ်မနှံ့သူတစ်ယောက် မဟုတ်ချေ။ သေခါနီးတွင် သူ၏ပစ္စည်းကို မည်သူ့အားမျှ မပေးလိုသဖြင့် တစ်နေရာရာ၌ ဝှက်ထားသော ဤစာကို ရေးထားခဲ့ခြင်း ဖြစ်တန်ရှိ၏။ ဤစာကား ပစ္စည်းထားရာအရပ်ကို ညွှန်ပြသည့် "သိုက်ညွှန်း" ပင်ဖြစ်တန်ရာ၏။



သို့ဖြစ်၍ ဦးဘိုးထော်သည် အမှု၏အကျိုးအကြောင်းနှင့် ထိုစာကို ဆက်စပ်တွေးတောကာ အမျိုးမျိုး အကြံထုတ်လျက်ရှိရာမှ နောက်ဆုံး စိတ်ကူးပေါက်သဖြင့် မုန့်လုပ်ဆောင်းကုန်းတွင်နေသော ဘိုးသာထံသွားရောက်တော့၏။

. . . ❧ . . .

ဦးဘိုးထော်သည် ရန်ကုန်ဘူတာကြီးမှ လော်ကယ်ရထားဖြင့် လိုက်ပါလာခဲ့၍ ဟံသာဝတီ ဘူတာ၌ ဆင်းပြီးသော် မုန့်လုပ်ဆောင်းကုန်းရှိ ဝါးထရံများ ရက်စားရသော မောင်ဘိုးသာကို ရှာဖွေရာ အခန့်သင့်ပင် မောင်ဘိုးသာကို တွေ့ရှိရလေသည်။

မောင်ဘိုးသာမှာ သူ၏ဦးလေးတော်စပ်သူ မောင်ဩဘာ အချုပ်ခံနေရသည့်အတွင်း၌ ရန်ကုန်ထောင်ကြီးသို့ ၃ - ၄ ကြိမ်မျှ ရောက်ခဲ့ဖူးသဖြင့် ဦးဘိုးထော်အကြောင်းကို အတော်အတန် ကြားခဲ့ဖူးပြီဖြစ်ရာ ယခု လူကိုယ်တိုင်တွေ့ရသောအခါများစွာဝမ်းမြောက်ပါကြောင်း ပြောဆိုကာ ဦးဘိုးထော်အား အကြော်အမျိုးမျိုး၊ လက်ဖက်ရည်ကြမ်း စသည်တို့ဖြင့် ဧည့်ခံလျက်ရှိလေ၏။

ဦးဘိုးထော်က မိမိအကျဉ်းခံနေရစဉ် ဦးလေး ကိုဩဘာကို တွေ့လိုက်ရကြောင်း၊ ကိုဩဘာမှာ စိတ်ထားသဘောထား ကောင်းဟန်ရှိ၍ လူသတ်မှု တို့ပင် ကျူးလွန်မှု ကျူးလွန်မည်ဖြစ်ကြောင်း စကားခံ၍ ပြောဆိုရာ မောင်ဘိုးသာလည်း အနည်းငယ်ပြုံးလျက် -

"ဒါကတော့ - ဆရာက ဓာတ်တွေ့လိုက်လို့ ထင်တာပါ၊ သေပြီးတဲ့လူအကြောင်းကို မကောင်းပြောလို့လည်း မကောင်းဘူး။ ဒါပေမဲ့ - ကျွန်တော့်အထင်တော့ အမှန်နဲ့ တူပါတယ် ခင်ဗျာ"

"ဘာဖြစ်လို့လဲ - မောင်ဘိုးသာရဲ့၊ ကျုပ်ကြားတာက ကိုဩဘာ သေတဲ့လူဟာ ငယ်ပေါင်းကြီးဖော်တွေဆိုပါကလား"

www.burmeseclassic.com

"ဒါပေမဲ့ - သူတို့ချင်းအတွင်းကျိတ်ရထားတဲ့ ပစ္စည်းရှိသလိုလို ပြောတာ ပါပဲ ခင်ဗျာ"

"မောင်ဘိုးသာတော့ - သူဆုံးသွားတာ ဘာမှရလိုက်ပုံ မပေါ်ပါဘူး"

"ဟာ - ဆရာကလည်း၊ ရဖို့နေနေသာသာ မသာစရိတ်တောင် မရှိမဲ့ရှိမဲ့ ကျွန်တော်က စိုက်လိုက်ရပါသေးတယ် - ဆရာ"

"ကိုင်း - ဒါဖြင့် - မောင်ဘိုးသာ - ကျုပ်ပြောတာ တစ်ခုနားထောင်ပေ တော့၊ မသာစရိတ်ကြေတဲ့အပြင် မောင်ဘိုးသာ အများကြီး အကျိုးရှိရမယ်"

"ဘယ်လိုလဲ - ဆရာ၊ ပြောစမ်းပါဦး"

"အလောင်းကို မြှုပ်တုန်းက မောင်ဘိုးသာ ကိုယ်တိုင်လိုက်သလား"

"လိုက်တာပေါ့ - ဆရာ၊ ကျွန်တော်တစ်ယောက် ဂရုစိုက်မယ့်လူရှိတာပဲ"

"ဒါဖြင့် - အလောင်းမြှုပ်တဲ့နေရာ သေသေချာချာ မှတ်မိတယ်ပေါ့"

"မှတ်မိပြီလား - ဆရာ၊ မြေပုံခေါင်းရင်းမှာတောင် တမာပင်ကလေး ကျွန်တော် စိုက်ပစ်ခဲ့သေးတယ်"

"ဘယ်သချိုင်းမှာလဲ"

"ကြံတောမှာ - ဆရာရဲ့ သေသေချာချာမှတ်မိပါတယ် ဆရာ၊ လွန်ခဲ့တဲ့ လမှာ အသုဘကိစ္စတစ်ခုနဲ့ ရောက်တုန်းကတောင် တမာပင်ကလေး အတော်ကြီးနေတာ မြင်ခဲ့မိသေးတယ်"

"အလောင်းကို ကျုပ်တို့ ဖော်ကြရလိမ့်မယ်"

"ဘာဖြစ်လို့လဲ - ဆရာရဲ့၊ အကြောင်းကို ပြောစမ်းပါဦး"

"သူ့ကို ထည့်ထားတဲ့ ခေါင်းထဲမှာ သိုက်စာကျနေတယ်"

"ဟင် ..."

ဦးဘိုးထော်သည် သေသူ ရေးပစ်ခဲ့သောစာရပုံကို အကျဉ်းချုပ်မျှ ပြောပြပြီးနောက် မောင်ဘိုးသာအား စာရွက်ကလေးတစ်ရွက်ကို ထုတ်ပြ လေသည်။

(ထိုစာရွက်ကား မူလစာရွက်စုတ်ကလေးမဟုတ်ဘဲ စာများကို အသစ် ပြန်၍ ထင်ရှားစွာ ရေးထားသော စာရွက်ဖြစ်၏။)



ဤမျှလောက် စကားပြောမိလျှင် မောင်ဘိုးသာမှာ လူရိုးတစ်ယောက် ဖြစ်ကြောင်း ဦးဘိုးထော် သိရလေပြီ။

မောင်ဘိုးသာသည် စာရွက်ကို အထပ်ထပ်ဖတ်ကြည့်ပြီးနောက် အံ့ဩ တွေဝေလျက်ရှိသော မျက်နှာဖြင့် -

"ဘယ့်နှယ်လဲ - ဆရာ၊ ဘယ်လိုသိုက်စာလဲ"

"ဘာပဲဖြစ်ဖြစ်လေ - ပစ္စည်းကိုရရင် ကျုပ် အကျိုးခံစားရတာရဲ့တစ်ဝက် မောင်ဘိုးသာ ခံစားစေရမယ်ပေါ့၊ ဘယ့်နှယ်လဲ - ဆရာ့ကိုလိုက်ပြီး သချိုင်း ကို အတူတူဖွင့်ဖို့ သဘောတူပြီလား"

"ဒါတော့ - ကျေးဇူးရှိရင်လည်း လုပ်ကြတာပေါ့ - ဆရာ၊ နို့ပေမဲ့ - သချိုင်း ကိုဖောက်တာ အပြစ်ရှိတယ် မဟုတ်လား"

"အစိုးရမျက်စိနဲ့ကြည့်ရင် အပြစ်ရှိတယ်၊ ကျုပ်မျက်စိနဲ့ကြည့်ရင်တော့ အပြစ်မရှိဘူး"

"ဟာ - ဆရာကလည်း အစိုးရကို ပြောတာပေါ့ - ဆရာရဲ့"

"ဒါတော့ - မသိအောင်ကြည့်ပြီး ကိုယ်လိုမှာသလို လုပ်ကြရတာပေါ့ မောင်ဘိုးသာ၊ ငွေလိုချင်တဲ့လူဟာ နည်းနည်းပါးပါးတော့ စွန့်ရတယ် မဟုတ် လား"

"ဒါတော့ - ဆရာ့သဘောပဲလေ၊ ကျွန်တော်ကတော့ လိုက်ဆိုရင် လိုက် ပါ့မယ်၊ ဒါထက် - သိုက်စာအဓိပ္ပာယ် နည်းနည်းရှင်းပါဦး - ဆရာရဲ့"

"သူတို့နှစ်ယောက် - ကျိတ်ပြီးရထားတဲ့ ပစ္စည်းတစ်ခုရှိတယ်ဆိုတဲ့ အကြောင်းတော့ မောင်ဘိုးသာ ရိပ်မိပြီမဟုတ်လား"

"ဟုတ်ကဲ့ - ဆရာ"

"အဲဒီပစ္စည်းဟာ တခြားမဟုတ်ဘူး - မောင်ဘိုးသာ၊ အင်မတန်အဖိုး ထိုက်တန်တဲ့ မြလက်စွပ်တစ်ကွင်းပဲ၊ ဒီပစ္စည်းကို မောင်ဘိုးသာဦးလေးဟာ ဘယ်သူ့မှမပေးရက်ဘဲ လျှို့ဝှက်ပြီး သချိုင်းကို သူနဲ့အတူ ယူသွားရှာတယ်"

"ဘယ့်နှယ်လုပ် - ယူသွားတာလဲ - ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကို - ကျုပ်တို့ ရှာရမှာပေါ့။ ဒီမှာ - သူ ရေးပစ်ခဲ့တဲ့စာ ရှိနေပြီကော "ဥဒေသျှောင်ပုန်းဝယ်" တဲ့ ပထမအပိုဒ်က ..."

"ဟုတ်ကဲ့ - ဆရာ"

"ဥဒေသျှောင်ဆိုတာ သျှောင်ကိုဆိုလိုတဲ့ အဓိပ္ပာယ်ပဲ၊ သျှောင်ထဲမှာလို့ ဆိုလိုတယ်။ "ပုန်း" ဆိုတဲ့စကားက သျှောင်အတုကို ဆိုတာလား၊ ဒါမှမဟုတ်ရင် သျှောင်ထဲမှာ ပုန်းနေတယ်ဆိုတဲ့ အဓိပ္ပာယ်လားတော့ မပြောတတ်ဘူး"

"ဩော် - ဒီလိုကိုး - ဆရာရဲ့"

"ပြီးတော့ - ဒုတိယအပိုဒ် ဆက်ကြည့်လေ၊ "ပစ္စည်းကြွယ်" တဲ့၊ အဲဒါက ပစ္စည်းရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ကျန်တဲ့နှစ်ပိုဒ်ကတော့ အရှင်းသားပဲ၊ သိုက်စာတော့ကျပြီး ဖော်မယ်သာ ကြံကြတော့ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဟုတ်ပါတယ် - ဆရာ၊ ကျွန်တော် - အခုမှ သတိရတယ်၊ သူက ဒီလို စာကလေး ပေကလေး စပ်ဖို့လည်း ဝါသနာပါတယ်၊ သိုက်တို့၊ တဘောင်တို့လည်း ဝါသနာပါတယ် - ဆရာရဲ့။ အထက်သွားပြီး လူသူတော်တောင် အကြောကြီး လုပ်နေဖူးတဲ့လူပဲ၊ သည်တော့ - ကျွန်တော်တို့ ဘယ်တော့လောက်သွားကြမလဲ"

"အမြန်ဆုံးသွားရင် အကောင်းဆုံးပေါ့။ နေဦး - ဒီကနေ့ နတ်တော်လပြည့်ကျော် (၇) ရက် မဟုတ်လား။ ကျုပ်တို့ (၁၀) နာရီလောက်သွားပြီး လ,မထွက်ခင် ကိစ္စပြီးအောင် စီမံရင် မကောင်းဘူးလား"

"ကောင်းတယ် - ဆရာ"

"ကိုင်း - ဒါဖြင့် - မြို့ထဲသွားပြီး ကျုပ်ဝယ်စရာ ခြမ်းစရာကလေးတွေ ရှိတာ ဝယ်လိုက်ဦးမယ်"

"ကောင်းပါပြီ - ဆရာ - စိတ်ချပါ"

...၅...

နေဝင်သည်နှင့်တစ်ပြိုင်နက် ဦးဘိုးထော်သည် မြင်းလှည်းကလေးတစ်စီးဖြင့် ရောက်လာ၍ ၎င်းနှင့်အတူ ပေါက်တူးတစ်လက်၊ တူးရွင်းနှစ်လက်၊



66 သို့သော် ခေါင်းဖုံးမှာ ဆွေးမြည့်နေပြီဖြစ်ရကား တူးရွင်းချက်များကြောင့် နေရာအနှံ့အပြားတွင် ကျိုးပဲ့လျက် ရှိနေ၏။ ဝက်အူများကိုကား ဖွင့်ရန် မလိုတော့ချေ။ ဦးဘိုးထော်က လက်နှိပ်ဓာတ်မီးကို လက်တစ်ဖက်ဖြင့် ခပ်အုပ်အုပ်ထိုးပေးရာ မောင်ဘိုးသာသည် ခေါင်းဖုံးကို ပေါက်နေသည့်နေရာ တစ်ခုမှ သံတူးရွင်းတိုကလေးဖြင့် ဆော်၍ဖွင့်လိုက်လေ၏။ အတွင်းရှိ လုကောင်ကား အရိုးစုမျှသာ ရှိနေတော့၏။



ဆောက်တစ်ခု၊ အမေရိကန်လက်ထိုးလွှတစ်ချောင်း၊ ဝက်အူလှည့်တစ်ခု၊ ဘုတ်ဓားလေးတစ်လက်၊ အကျီအနက်၊ လုံချည်အနက် နှစ်စုံ၊ လက်နှိပ်ဓာတ်မီး တစ်လက်၊ ဓားမြှောင်တစ်လက်၊ ဓားရှည်တစ်လက် ပါရှိလေသည်။

နောက် တစ်နာရီခန့်မျှ ကြာလတ်သော် ကြံတောသုသာန်အရှေ့ဘက် သုပ်မိုးဇရပ်အနီး သချိုင်းရာတစ်ခုပေါ်တွင် အဝတ်နက် ဝတ်ထားသော လူရည်းကြီးနှစ်ယောက်သည် တူရွင်းပေါက်တူးများဖြင့် မြေပုံတစ်ခုကို တူးဆော်လျက်ရှိကြ၏။

ထိုနေရာ၌ "မြေပုံ" များမှာ အုတ်အင်္ဂတေဂူများမဟုတ်ဘဲ သာမန် သချိုင်းရာများဖြစ်လျက် အမှတ်အသား အမျိုးမျိုးထားရှိကြရာ၎င်းတို့မှာ

www.burmeseclassic.com

အချို့သစ်သားတိုင်ကလေးများ၊ အချို့ဆိုင်းဘုတ်ကလေးများ၊ အချို့သစ်ပင်များ ဖြစ်လေသည်။

အချိန်မှာ ဆယ်နာရီကျော်ကျော်မျှ ရှိပြီဖြစ်ရာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက်ရှိနေပြီးလျှင် ဆီးနှင်းများလည်း ထူထပ်စွာ ကျလျက်ရှိသဖြင့် တူးဖော်သူနှစ်ယောက်တို့မှာ တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိလှချေ။

သချိုင်းစောင့်၏ အိမ်ပင်လျှင် တံခါးများကို လုံခြုံစွာ ပိတ်ထားပြီဖြစ်၍ အင်္ကျီနက်၊ လုံချည်နက်တို့ကို ဝတ်ထားသည့်လူနှစ်ယောက်တို့မှာ အဝေးမှ ကြည့်ရှုက ဤအချိန်၊ ဤနေရာမျိုးတွင် မကောင်းဆိုးဝါးများသာ ဖြစ်ပေလိမ့်မည်ဟု ထင်မှတ်ရန်သာ ရှိလေသည်။

ဆယ်မိနစ်ခန့် တူးမိလေသော် အခေါင်းပွတစ်ခုကို တူးရွင်းဖြင့် ထိုးမိသဖြင့် "ခေါင်း" ကို တွေ့ရပြီဖြစ်ကြောင်း သိရလေသည်။ လူနက်ကြီးနှစ်ယောက်အနက် အငယ်က အကြီးအား လေသံဖြင့် -

"ဒီဟာ - ခေါင်းပဲဆရာ၊ တွေ့ပြီ"

"ခပ်တိုးတိုးနော် - မြေကြီးတွေသာ အပေါ်ယက်စမ်းပါ - မောင်ဘိုးသာ"

သို့နှင့် မောင်ဘိုးသာသည် မြေကြီးများကို ယက်ပစ်သဖြင့် မကြာမီ ခေါင်းဖုံးပေါ်လာတော့၏။ သို့သော် ခေါင်းဖုံးမှာ ဆွေးမြည့်နေပြီဖြစ်ရကား တူးရွင်းချက်များကြောင့် နေရာအနှံ့အပြားတွင် ကျိုးပဲ့လျက် ရှိနေ၏။ ဝက်အူများကိုကား ဖွင့်ရန် မလိုတော့ချေ။

ဦးဘိုးထော်က လက်နှိပ်ဓာတ်မီးကို လက်တစ်ဖက်ဖြင့် ခပ်အုပ်အုပ်ထိုးပေးရာ မောင်ဘိုးသာသည် ခေါင်းဖုံးကို ပေါက်နေသည့်နေရာတစ်ခုမှ သံတူးရွင်းတိုကလေးဖြင့် ကော်၍ဖွင့်လိုက်လေ၏။

အတွင်းရှိ လူကောင်ကား အရိုးစုမျှသာ ရှိနေတော့၏။

သို့ဖြစ်၍ တစ်ခါက ရန်ကုန်ထောင်ကြီးတွင် အကျဉ်းသားတရားခံတစ်ယောက်အဖြစ်ဖြင့် ရှိနေခဲ့သော မောင်ဩဘာမှာ ယခုအခါ၌ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ဖြူဖွေးသော အရိုးစုများသာရှိနေကြောင်း ရုတ်တရက် စဉ်းစားလိုက်မိသဖြင့် ဦးဘိုးထော်မှာ တစ်စုံတစ်ရာ မပြုလုပ်နိုင်မီ ဘင်းခနဲ သက်ပြင်းချလိုက်မိ၏။



ဦးဘိုးထော်သည် လက်နှိပ်ဓာတ်မီးနှင့် ဦးခွံရှိရာဘက်သို့ ထိုးကြည့်၏။ သာမန်ဦးခွံများ၌ ဆံပင်များသည် ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ ဤမျှလောက် အချိန်ကြာမြင့်လျှင် ပြာကဲ့သို့ ဖြူဖွေးသော အရောင်အဖြစ်သို့ ရောက်ကာ ဆွေးမြည့်နေတတ်သော်လည်း ဦးခွံ၏အထက်ပိုင်းတွင် ဦးခွံနှင့် အတန်ငယ်ဝေးလျက် သီးခြားကျနေသည့် ဆံပင်ခွေကလေးတစ်ခုကို တွေ့ရ၏။

ၿင်းနောက် မိန်းမများထောင်သော ဆံစုနှင့် များစွာတူလျက် အလယ်လောက်၌ အထုံးကလေးတစ်ထုံးရှိရာ၊ ထိုအထုံးသည်ကား သေသူ၏ ဆံထုံး၏အချောင်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ ထူးခြားချက်တစ်ခုမှာ ထိုဆံခွေသည် ဦးခွံနှင့် တစ်စုံတစ်ရာအဆက်မရှိဘဲ သပ်သပ်တည်ရှိခြင်း ဖြစ်လေသည်။ ထိုဆံခွေကား မောင်ဩဘာ၏ဥသျှောင်တုဟုပင် ခန့်မှန်းရ၏။

ဦးဘိုးထော်သည် မိမိထင်သည့်အတိုင်း ဖြစ်လေပြီဟု ကျေနပ်သည့်အပြင် ထိုဆံခွေ၏ အလယ်ဖုထုံးကလေးကို ကိုင်လိုက်ရာ ဆံပင်တို့မှာ အတော်ပင် ဆွေးမြည့်နေပြီဖြစ်၍ လက်နှစ်ဖက်ဖြင့် ဆွဲလိုက်ရုံမျှနှင့် တစ်ခါတည်း ပြတ်ထွက်၍သွားလေ၏။

ထိုသို့ ပြတ်ထွက်သွားသည်နှင့်တစ်ပြိုင်နက် အတွင်းမှ မာကျောသော အရာဝတ္ထုကလေးတစ်ခု ထွက်ကျလာရာ ဦးဘိုးထော်သည် ဓာတ်မီးရောင်ဖြင့် ကောက်ယူ၍ ကြည့်လိုက်လေ၏။ ၎င်းသည်ကား အခြားမဟုတ်၊ မြကျောက်တုံးဝင်ဖြစ်လေသည်။ လှပသော ခြူးပန်းခြူးနွယ်တို့ ကွင်းထားလျက် ကြည်စင်သာသာခန့်ရှိ ဖက်ဖူးနုရောင်အဆင်းရှိသော မြမှာ ဦးဘိုးထော်၏ ဓာတ်မီးရောင်အောက်တွင် ကြည့်ရှု၍မငြီး တဖိတ်ဖိတ် တောက်ပလျက်ရှိတော့၏။

"တိုင်း - မောင်ဘိုးသာ - ကျုပ်တို့ကိစ္စ ပြီးပြီ။ မြေရာလက်ရာ မပျက်အောင်သာ ပြန်ဖို့ကြစို့"

www.burmeseclassic.com

သို့နှင့် မြေများကို နေသားမပျက်စေရန် နစ်ယောက်သား ပြန်ရှိုဖို့ကြလေရာ (၁၅) မိနစ်ခန့်ကြာလတ်သော် မောင်ဩဘာ၏ သချိုင်းရာမြေပုံမှာ ယခင်ကအတိုင်း ရှိတော့၏။

မောင်ဘိုးသာ၏ နေအိမ်သို့ပြန်ရောက်ကြ၍ ရေမိုးချိုးပြီးနောက် အဝတ်အစားများလဲပြီးသော် ဦးဘိုးဇော်က -

"ကိုင်း - မောင်ဘိုးသာ - ဆရာလိုချင်တဲ့ ပစ္စည်းတော့ရပြီ၊ ဒါပေမဲ့ - ဒီပစ္စည်းကို ဆရာယူမယ်လို့ အစကတည်းက စိတ်မကူးခဲ့ဘူး။ ဒီလို အစိုးထိုက်တန်တဲ့ရတနာဆိုတာ သူ့ဥစ္စာရှင်လက်ထဲကို ပြန်ရောက်ရမယ်၊ ပြီးတော့ - ဒီဟာတင်မကသေးဘူး၊ ဒီလက်စွပ်ဟာ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးရဲ့ လက်ဝတ်ရတနာမြတ်ဖြစ်လေတော့ နောင် - မြန်မာပြည်ဟာ လွတ်လပ်ရေးများရလို့ - ကိုယ့်မင်းကိုယ့်ချင်း တိုင်းပြည်တစ်ပြည်ဖြစ်လာတဲ့ အခါမှာ ဒီလိုပစ္စည်းမျိုးဟာ အစိုးရကဝယ်ပြီး ပြတိုက်ကြီးတစ်ခုထဲမှာ ထည့်ထားထိုက်တဲ့ ပစ္စည်းတစ်ခုပဲ - မောင်ဘိုးသာ"

"ဟုတ်ကဲ့ - ဆရာပြောတာ မှန်တာပေါ့ - ဆရာ၊ ပြီးတော့ - ဥစ္စာရှင်တို့ ပြန်ပေးမယ်ဆိုတာ ကျွန်တော်ဖြင့် ဝမ်းမြောက်လိုက်လေ - ဆရာရယ်"

"သို့သော် - မောင်ဘိုးသာလိုက်ပြလို့ မောင်ဘိုးသာလည်း သဘောရှလို့ ဒီပစ္စည်းကိုရလေတော့ မောင်ဘိုးသာရဲ့ကျေးဇူး ကျုပ်အပေါ် အများကြီး ရှိတယ်ဆိုတာတော့ ကျုပ် ဝန်ခံရမယ်"

"ကျွန်တော် - ဘယ်လိုမှ သဘောမထားပါဘူး - ဆရာ"

"မဟုတ်သေးဘူးလေ၊ လူဆိုတာ တရားသဖြင့် ထိုက်သင့်တဲ့အမှုအရေးကိုတော့ ခံစားရဦးမှာပေါ့"

မောင်ဘိုးသာသည် စကားပြန်၍ မပြောဘဲ ငြိမ်လျက်ရှိ၏။

"သည်တော့ - ကျုပ်မှာ အခုပါလာတဲ့ ငွေ (၅၀၀) ကို လက်ငင်းပေးထားလိုက်ပေဦးတော့၊ သူ့ငွေဦးဘကလေးက ကျေးဇူးပြုမယ်ဆိုရင်လည်း ရှာငွေတစ်ဝက်ကို ဆရာလာပေးဦးမယ်"



ဦးဘိုးဇော်က ငွေ (၅၀၀) ကျပ်ကို မောင်ဘိုးသာ လက်ထဲသို့ထည့်လိုက်လေ၏။

"ကျေးဇူးတင်ပါတယ် - ဆရာ၊ တကယ်ဆိုတော့ ဆရာ့အစွမ်းနဲ့ရတာပဲ၊ နည်းတယ်၊ များတယ် ကျွန်တော် သဘောမထားပါဘူး၊ နောက်ထပ် ပေးချင်ပေး မပေးချင်နေ ကျွန်တော် ကျေနပ်ပါတယ်၊ ဒါထက် - ဘယ်တော့လောက် ဆရာ အထက်ကိုသွားမှာလဲ"

"ဒီကိစ္စမျိုးက ဆိုင်းနေလို့မတော်ဘူး၊ နက်ဖြန်လောက် မြင်းခြံ သွားမှာပဲ"

ထို့နောက် ဦးဘိုးဇော်သည် မုန့်လက်ဆောင်းကုန်းရွာကလေးမှ ထိုညဝင် ထွက်ခွာသွားလေသတည်း။

➤ ဒဂုန်ရွှေမျှား



www.burmeseclassic.com



သံသယစိတ်သည်
ရင်ထဲတွင် နာကျင်မှုကို ဖြစ်စေသည်။
နာကျင်မှုသည်
မုန်းတီးမှုကို ကူးပြောင်းသွားသောအခါ ..

**အချာ** ကာလအတွင်းက လှပ်လှပ်ရှရှ အသက်ဝင်နေခဲ့သော နှစ်ထပ်အိမ်ကြီးသည်အသုဘရက်လည်ထွမ်းသွတ်ပြီး၍နှစ်ရက်၊ သုံးရက်မျှ ကြာလာသောအခါ တစပြင်ကဲ့သို့ ချောက်ချားဖွယ် တိတ်ဆိတ်သွားသည်။ နှစ်ကေကျော်ကျော် ကျယ်ဝန်း၍ သစ်ကြီး ဝါးကြီးတွေ အုံ့ဆိုင်းနေသော ခြံဝင်းအလယ်မှာ ထီးထီးမားမားတည်ရှိနေခြင်းကြောင့်လည်း ဦးမိုး၏ ငါးပင် နှစ်ထပ်အိမ်ကြီးမှာ ပတ်ဝန်းကျင်နေအိမ်များနှင့် သီးခြားကင်းကွာနေသယောင် ထင်ရသည်။ တောမြို့ကလေးဖြစ်၍ အိမ်ကြီးတည်ရှိရာ မြို့ဖွန်ပိုင်းသည်ပစ္စုရာဇ်ဆန်ဆန်ခြောက်ကပ်သည်။ အိမ်ရှေ့ဘက်အများသုံးမြေသားလမ်းပေါ်မှာလည်း လူသွားလူလာ နည်းပါးသည်။ ခြံဝင်းဝဲယာမှာလည်း လူမနေသော ငှက်ပျောစိုက်ခင်းတွေ ရှိကြ၍ ခြံကျောဘက်တမူ မျက်စိတစ်ဆုံး ကျယ်ပြန့်သော တမျှော်တခေါ် လယ်ကွင်းလွင်ပြင်ဖြစ်သည်။ မိုးလိုဒီလယ်ကာလမှာ လယ်တွင်းလွင်ပြင်ကြီးသည် ကောက်ပင်များ ပြည့်နှက်

www.burmeseclassic.com

စိမ်းမှောင်နေသည်။ လယ်ကွင်းလွင်ပြင်ကြီးမှာ ယခုလများတွင် ပကတိ တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။

ထိုလယ်ကွင်းလွင်ပြင်ကြီးထဲမှာ နှစ်ထပ်ကွမ်း မှဆိုးဖို ဦးမိုး ပိုင်ဆိုင်သော လယ်မြေဧကများစွာ ရှိကြသည်။ ဦးမိုး၏ပထမဇနီးမှာ ဦးမိုးနှင့် ရွယ်တူဖြစ်ပြီး အသက်(၄၀)မှာ ဆုံးပါးခဲ့၏။ ဦးမိုးမုဆိုးဖိုက နှစ်(၂၀)ခန့် နေခဲ့ပြီးသောအခါ သူ့အောက်မှာ နှစ်(၄၀)ခန့်ငယ်သော သူဆင်းရဲမကလေးတစ်ဦးကို လက်ထပ်သည်။ အိမ်ထောင်သက်(၃)နှစ်သာကြာမှာ ဦးမိုး မုဆိုးဖို ထပ်ဖြစ်ရပြန်သည်။

“တစ်ပင်လဲမှ တစ်ပင်ထူဆိုတဲ့ ရှေးလူကြီးတွေရဲ့အကြံပေး လမ်းညွှန်ချက်က အထင်အရှားရှိတယ် ဦးမိုး၊ တခြားတစ်ဖက်မှာလည်း နွားအိုမြက်နုကြိုက်တယ်ဆိုတာတို့၊ သေခါနီးမှ ရိက္ခာယူတယ်ဆိုတာတို့လည်း ရှိနေပြန်ကရော။ ဦးမိုးရဲ့ - နို့ပေတဲ့၊ ဘာပဲပြောပြော၊ ခင်ဗျားအတွက် ဆေးပေးမီးယူ တိုးတိုးဖော်ဆိုတာတော့ လိုတာပဲ မဟုတ်လား” ဟု ဦးမိုး နောက်အိမ်ထောင်မပြုမီ ရင်းနှီးသောမိတ်ဆွေ အဘိုးကြီးတစ်ဦးက ပြောခဲ့သည်။

ဦးမိုးက ကျန်းမာရေး ကောင်းလှသူ မဟုတ်။ သူ၏ အိမ်ထောင်ခွဲသားကြီး၊ သမီးကြီးတွေက မြို့ကြီး ပြကြီးတွေမှာ အခြေစိုက်နေကြပြီဖြစ်ရာ မုဆိုးဖို ဖအေအိုကြီးကို တစ်လလျှင် တစ်ခေါက်မျှပင် လာရောက်ဂါရဝပြုဖို့၊ အားပေးနှစ်သိမ့်ဖို့မအားမလပ်ကြ။ ဦးမိုးကလည်း သားတွေ၊ သမီးတွေ၊ မြေးတွေကို လွမ်းမနေတတ်။ ဦးမိုးက ဒုလာစွဲ၍ ခွန်အားတောင့်တင်းမှု မရှိတော့သည့်တိုင် စိတ်မာန်သတ္တိက အပြည့်ရှိသည်။ ကျန်းမာရေး ခေါင်ခေါင်မြည်မဟုတ်သော်ငြား ကျန်းမာသော လူရွယ်တစ်ယောက်လို ကြွားကြွားရွားရွား၊ မာန တစ်ခွဲသားနှင့် နေထိုင်သွားလာတတ်သည်။ သူ့မှာ စီးပွားဥစ္စာ တောင့်တင်းသလို၊ သူ့ကို စောင့်ရှောက်မည့် ဆွေရိပ်မျိုးရိပ် မကင်းသော လူယုံလင်မယား



ရှိကြသည်။ ဖိုးထွန်းနှင့် မအေးစီတို့လင်မယားက ဦးမိုး၏အိမ်ကြီးနောက်မှ အိမ်ကလေးဆောက်၍ နေကြပြီး ဦးမိုးကို ဝန်းရံသည်။ ဖိုးထွန်းက လယ်ယာလုပ်ငန်းနှင့် ငှက်ပျောခြံကို ကြီးကြပ်သည်။ မအေးစီက ဦးမိုး၏ စားရေးသောက်ရေးနှင့် ဝေယျာဝစ္စတွေကို ဆောင်ရွက်ပေးသည်။

“ကောင်မကလေးက ဆင်းရဲပေမယ့် ရိုးသားတယ်။ အလုပ်ကြိုးစားတယ်။ (၈)တန်းအထိ ကျောင်းနေဖူးတော့ ခေတ်ပညာအတတ်ကြီး မဟုတ်ပေမဲ့ အသိဉာဏ်တော့ ဒုံးမဝေးလှဘူး”

ဟုဦးမိုးပြောသည့်စကားထဲမှ (ကောင်မကလေး) ဆိုသူမှာ သူ၏ဇနီးဖြစ်လာမည့် ခင်စန်းဝေကို ရည်ညွှန်းခြင်း ဖြစ်သည်။

“ဟဲ - ဟဲ - ပြီးတော့ - သားကောင်မိခင်ဖြစ်မယ့်ပုံစံမျိုး မဟုတ်လား ဦးမိုးရဲ့ - ဟဲ - ဟဲ”

ဟုမိတ်ဆွေကအရွှန်းဖောက်သည်။ ဦးမိုးကအရွှန်းစကားကိုတည်တည်တံ့တံ့ပင် တုံ့ပြန်လိုက်သည်။

“ဒီကိစ္စက အရေးမပါ‌ပါဘူးဗျာ။ အရေးအကြီးဆုံးက သူက ကျုပ်ကို ရိုးရိုးသားသားနဲ့ စောင့်ရှောက်သွားဖို့ပဲ။ အပြန်အလှန်အားဖြင့် ကျုပ်ကလည်း သူ့ကို မယားလိုတစ်မျိုး၊ သမီးလိုတစ်ဖုံ၊ တူမကလေးလိုတစ်သွယ် စောင့်ရှောက်ပြီး သူ့ဘဝကို မြေတောင် မြှောက်ပေးရမှာပေါ့။ ကုန်ကုန်ပြောမယ်ဗျာ၊ ကျုပ်သေရင် ကျုပ်စည်းစိမ်အားလုံးကို သူရမှာ။ အဲဒါ - အဓိကအချက်ပဲဗျ”

/ “ပတ်ဝန်းကျင်ကလည်း အဲဒါကို တီးတိုးတီးတိုး သဖန်ပိုးလုပ်နေကြတာ - ဦးမိုးရဲ့၊ ခင်စန်းဝေက ဒီယုန်မြင်လို့ ဒီချုံထွင်တယ်ပေါ့ဗျာ။ တချို့က လည်း ဦးမိုး သူငယ်ပြန်တယ်လို့ မနာလိုတို့ရှည်စကား ပြောကြတာပေါ့ဗျာ”

“ဘာပြောပြောဗျာ၊ နွားအိုမြက်နုကြိုက်တယ်ပဲပြောပြော၊ သေခါနီး ရိက္ခာယူတယ်ပဲပြောပြော ကျုပ်က ယောက်ျားဗျ၊ ဖွဲတစ်ဆုပ်သာမကဘူး ဖွဲတစ်အိတ်လုံးကိုတောင် အသာကလေး မ‌နိုင်သေးတဲ့ကောင်၊ ဘာက ဘဘာဝမသိလို့ပြောကြတာ - ပြောကြပစေ - ကျုပ် ဂရုမစိုက်ဘူး”

www.burmeseclassic.com

မုန်ပေသည်။ ခင်စန်းဝေကို ရယူပိုင်ဆိုင်ရေးအတွက် ဦးမိုး ဘာကိုမှ ဂရုမစိုက်ခဲ့ဘဲ တရားဝင်ရယူပိုင်ဆိုင်နိုင်ခဲ့သည်။ "မိထွေး" ဝင်လာခြင်းကို သဘောမကျကြသည့်ရပ်ဝေးမှသားသမီးတွေကိုလည်း (ဒါမွေးလို့လူဖြစ်လာခဲ့ကြတဲ့ သတ္တဝါတွေ နွားရေးထွန်မကျူးချင်ကြနဲ့၊ အမွေတစ်ပြားမှမရပဲ ဖြစ်ကုန်မယ်) ဟု ဦးမိုးက ပြင်းပြင်းထန်ထန် ရာဇသံ ပေးလိုက်သည်။

ခင်စန်းဝေသည် "အရှင်မွေး၍နေ့ချင်းကြီး" ဆိုသလို ဦးမိုးနှင့်အိမ်ထောင်ကျပြီဆိုသည်နှင့် ဆင်းဆင်းရဲရဲ မဲမဲသဲသဲအသွင်အပြင်ကနေ ရွှေတဝင်းဝင်းနှင့် လုံးကြီးပေါက်လှ ညိုချောကလေး ဖြစ်လာသည်။ ဦးမိုးကလည်း အများရှေ့မှာ မယားကလေးကို ဂုဏ်ရွှေကြီးဖြင့် ဆက်ဆံသော်လည်း ကွယ်ရာမှာတော့ ဖူးဖူးမှုတ်ထားသည်။ ခင်စန်းဝေလိုသမျှ အလိုကျဖြစ်စေသည်။ သို့သော် ဦးမိုး ရှုမတတ်လိုချင်သော "အမွေခံ" ရင်သွေးတော့ ခင်စန်းဝေက မပေးအပ်နိုင်။ ဦးမိုးကလည်း ရန်ကုန်သွားပြီး နာမည်ကြီး ဆေးဆရာတစ်ဦးနှင့်တွေ့ဆုံကာ "အဘိုးအိုကိုပင် သားဖျိုရစေနိုင်သော အထူးဩသဓဆေးဝါး" ရယူသည်။ သို့သော် ဘာကြောင့်ရယ်တော့မသိ၊ ခင်စန်းဝေက ကိုယ်ဝန်ဆောင်ခွင့် မရခဲ့ချေ။

ဤသို့ဖြင့် အိမ်ထောင်သက်သုံးနှစ်နီးပါး အကြာမှာတော့ မာမာရာရာ ပြည့်ပြည့်ဖြိုးဖြိုး ခင်စန်းဝေသည် သန္ဓေသားပျက်၊ သွေးသွန်၊ သွေးလွန်ပြီး ဆေးရုံပင် မရောက်လိုက်ပဲ နေအိမ်မှာပင် ရေစကိမ်နစ်သွားရာလေသည်။ အများကတော့ ခင်စန်းဝေသည် ပဋိသန္ဓေကို ဖျက်ဆီးရာမှ ကြမ္မာငင်ခြင်းဟု ယုံကြည်နေကြသည်။

• • • • • •

ဦးမိုးက သူ၏ချစ်ဇနီးကလေးသည် မွေ့တာ ဖောက်ပြန်ပျက်ယွင်းကာ သွေးရိုးသားရိုး သေဆုံးလေဟန် လိုးလွဲ့ဖို့၊ ဖိဖို့ ကြိုးစားကြည့်သေးသည်။ မအောင်မြင်နိုင်ပါ၊ "မပြေးသော်လည်း ကန်ရာကရှိ" နေခဲ့ပြီကို။ ခင်စန်းဝေ သေဆုံးပြီဟူသော သတင်းထွက်လာကတည်းက အိမ်ထဲက အိမ်ပြင်မထွက်။



ထွက်ပါသော်လည်း ခြေလှမ်းပျက်နေသူတစ်ယောက်က ပဟေဠိ၏သေချာသောအဖြေတစ်ခုလို ဖြစ်နေသည်။

ခင်မောင်ကြည် ...၊ ကောက်ပဲသီးနှံပွဲစား ခင်မောင်ကြည်၊ သားသမီးနှစ်ယောက်ဖခင် အိမ်ထောင်ရှင် ခင်မောင်ကြည်။ ဦးမိုးနှင့် နှစ်ပေါင်းများစွာ စီးပွားရေး၊ လူမှုရေးဆက်ဆံပတ်သက်မှု ရှိခဲ့သော ခင်မောင်ကြည်။ ခင်မောင်ကြည်က ခေတ်ပညာတတ်လူရည်လည်တစ်ဦးဖြစ်ပြီး အသက် (၄၀) အရွယ်မှာ (၁၀) နှစ်ခန့် နယ်မှူးပြီး ရုပ်ရည်ချောပြစ်သည်။ အညာလွယ်ကာ မိန်းမသားတို့ကို အသာကလေးသိမ်းပိုက်ဝါးမျိုနိုင်သော အပြောအဆို၊ အမူအရာရှိသည်။ သို့သော် အိမ်ထောင်ရှင် ခင်မောင်ကြည်မှာ "မ" ကိစ္စနှင့် စပ်လျဉ်း၍



ဘကြီးမိုး ကွယ်ရာမှာ သူတို့နှစ်ယောက်ဆက်ဆံပုံက

မရိုးသားဘူးဆိုတာ သိပ်ထင်ရှားလွန်းတယ်။ ခုချိန်အုပ်မိမှ

ဖြစ်မယ်-ဘကြီးမိုး၊ ဒီထက်ပိုဆိုးလာရင် ဘကြီးမိုးရဲ့ဂုဏ်သိက္ခာဟာ

အကြီးအကျယ်ထိခိုက်လာတော့မှာ၊ ပြီးတော့

ဘကြီးမိုးရဲ့သွေးဂုဏ် မျိုးဂုဏ်၊

၆၆



www.burmeseclassic.com

www.burmeseclassic.com

နာမည်ပျက်မရှိ၊ ခင်စန်းဝေတစ်ယောက် သူဌေးဦးမိုး သက်ကြားအိုကြီးနှင့် ညားပြီး ဦးမိုးအိမ်နှဲ့ ဝင်ထွက်သွားလာနေသော ခင်မောင်ကြည်နှင့် မတွေ့ဆုံ မရင်းနှီးမီကာလအထိ ဆိုပါတော့၊

ခင်မောင်ကြည်ကို ခင်စန်းဝေက ညှို့ငင်ဖမ်းယူလိုက်သလော၊ ပွဲစားလူလည်ခင်မောင်ကြည်က ရမ္မက်သွေး ကြွမှန်းသိသာလှသည့် ခင်စန်းဝေကို စည်းရုံးချဉ်းကပ်၊ အပိုင် "ချည်" လိုက်သလော၊ မည်သူမှ သေချာတပ်အပ် မပြောနိုင်၊ ကာယကံရှင်တွေသာ သိကြပေလိမ့်မည်၊

အိမ်ထောင်ကျသစ္စာပျက်မှုများနှင့် ပတ်သက်၍ အရပ်ဆိုရိုးစကား တစ်ခွန်း ရှိပါသည်၊ လင်သားတစ်ဦး အိမ်ထောင်ရေး ဖောက်ပြန်ခဲ့ပြီဆိုလျှင် တစ်ရွာလုံး တစ်ရပ်လုံးက သိရှိကြပြီးမှ နောက်ဆုံးသိခွင့်ရသူမှာ မယား ဖြစ်သည်၊ သို့ကလိုပင် မယား၏သစ္စာဖောက်မှုကို အားလုံး၏ နောက်ဆုံး ကျမှ လင်သားက သိခွင့်ရတတ်သည် ဟူသော ဆိုရိုးပင်၊

ထိုဆိုရိုးအတိုင်းပင် ခင်မောင်ကြည်နှင့်ခင်စန်းဝေတို့ကြားမှာ မရိုးမသား ဆက်ဆံရေးပေါ်ပေါက်နေပြီဟူသောတီးတိုးသတင်းကိုဦးမိုးကနောက်အကျ ဆုံး နောက်ကျပြီးမှ သိခွင့်ရခဲ့သည်၊ သတင်းက တိုက်ရိုက်သတင်းမဟုတ်၊ သွယ်ဝိုက်၍ ရရှိလာပြီး မိမိဘာသာ ဖြည့်၍တွေးကာ သိရသောသတင်း၊ သတင်းပေးလာသူမှာ အခြားသူမဟုတ်၊ လူယုံတော်ကြီး ဖိုးထွန်း၊

"ဘကြီးမိုး – နားနဲ့မနာ၊ ဖဝါးနဲ့နာပါ ခင်ဗျာ၊ ခင်စန်းဝေရဲ့အနေအထိုင် ကို နည်းနည်းထိန်းသင့်ပါပြီ"

ဟု ဖိုးထွန်းက နစ်ကိုယ်ကြားရုံ မျက်လွှာချ၍ ပြောလာသောအခါ ဦးမိုး ကျောရိုးထဲ ကျဉ်ခနဲ မျက်ခနဲပင် ခံစားလိုက်ရ၏၊

"တဲ့တိုးပြောစမ်းပါ – ဖိုးထွန်းရာ၊ ခင်စန်းဝေ နောက်မီးလင်းနေပြီလို့ မင်းပြောချင်တာလား"

"အဲသလိုကြီး ပြောမဖြစ်လို့ပါ – ဘကြီးမိုး၊ ဟိုလူပြော၊ ဒီလူပြောနဲ့ ကျွန် တော်တော့ နားမဆန့်တော့ဘူး၊ ကျွန်တော့်မိန်းမ အေးစီလည်း ဒီသတင်းကို ကြားကြားနေတာ ခင်ဗျ"



"ဘယ်သူနဲ့တုံး – ခင်မောင်ကြည်နဲ့ မဟုတ်လား"

ဖိုးထွန်းက မဝံ့မရဲ လေးတွဲ့စွာ ခေါင်းညိတ်သည်၊ ဦးမိုးက ပင့်သက် ရှိုက်သည်၊

"ဟုတ်ရင်ကျော်၊ ပုပ်ရင်ပေါ်ဆိုတဲ့စကားတော့ ရှိတယ်၊ ဒါပေမဲ့ – ဒီကိစ္စ မျိုးက အရပ်က သမုတ်ရုံနဲ့ မျက်စိစုံမှိတ်ပြီး ယုံလိုက်လို့မဖြစ်သေးဘူး၊ အထောက်အထားလိုတယ်၊ သက်သေသက္ခာယလိုတယ်၊ သေချာမှပဲ ရှင်း လို့ရမယ့်ကိစ္စ၊ ကောလာဟလကြားရုံနဲ့ စွပ်စွဲလိုက်လို့ရှိရင် ကိုယ့်ရှူးကိုယ် ဝတ်ပြီး သောက်ရက်ကွဲရုံပဲ – ဖိုးထွန်း"

"ကျွန်တော်လည်း ဘကြီးမိုးကို ဖွင့်မပြောရဲလို့ မျိုသိပ်ထားခဲ့တာ၊ ဘကြီးမိုး ကွယ်ရာမှာ သူတို့နှစ်ယောက်ဆက်ဆံပုံက မရိုးသားဘူးဆိုတာ သိပ်ထင်ရှားလွန်းတယ်၊ နရိန်အုပ်မိမှ ဖြစ်မယ် – ဘကြီးမိုး၊ ဒီ့ထက်ပိုဆိုး လာရင် ဘကြီးမိုးရဲ့ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်လာတော့မှာ၊ ပြီးတော့ – ဘကြီးမိုးရဲ့ဆွေဂုဏ် မျိုးဂုဏ်"

"ငါ နားလည်ပြီ – ဖိုးထွန်း၊ ဒီစကား ဒီမှာပဲ ရပ်တော့၊ ဒီကိစ္စကို မင်း သား အေးစီကိုတောင် မဟနဲ့တော့၊ မင်းဘာမင်း မသိချင်ယောင်ဆောင် နေ၊ ငါလည်းမသိသလိုနေလိုက်မယ်၊ ဒါပေမဲ့ – မင်းတို့လင်မယားနှစ်ယောက် လုံး ခင်စန်းဝေကို မျက်စိဒေါက်ထောက်ကြည့်နေကြပေတော့၊ ခင်မောင် ကြည်က ငါနဲ့ စီးပွားရေးကိစ္စကြောင့် အိမ်မှာ ဝင်ထွက်နေတော့ မြွေမသေ၊ ဘုတ်မကျိုးဖြစ်အောင်တော့ လုပ်ရမယ်ကွ၊ ငါလည်း ဟန်မပျက်နေမယ်၊ မင်းတို့လည်း ခင်စန်းဝေနဲ့တော ခင်မောင်ကြည်နဲ့ပါ ဝိဝိရိရိ မှင်သေသေနဲ့ ဆက်ဆံကြ၊ ထူးခြားမှုတွေ့တာနဲ့ ငါ့ကို တိုးတိုးတိတ်တိတ်လာပြော၊ ကြသနာကို ငါ ခေါင်းအေးအေးနဲ့ပဲ ရှင်းချင်တယ် – နားလည်လား"

သို့နှင့် နောက်တစ်လမျှကြာအောင် ဦးမိုးသည် ဇနီးသည် ခင်စန်းဝေနှင့် သည်းကောင်း၊ ကြာကူလီအရောင်းနိုက် ခင်မောင်ကြည်နှင့်လည်းကောင်း "ဒိုးနေမြဲ ကျားနေမြဲ" ပုံစံမျိုးဖြင့်သာ ဆက်ဆံနေသည်၊ ထိုကာလအတွင်း "စုံထောက်ကြီး ဖိုးထွန်း" က ဖောက်ပြန်သူနှစ်ဦး၏ လျှို့ဝှက်လှုပ်ရှားမှုတွေကို



www.burmeseclassic.com

www.burmeseclassic.com

ဦးမိုးထံ ခရေစေ့တွင်းကျ အမှန်အတိုင်း အစီရင်ခံလျက်ရှိသည်။ ဦးမိုးက ယခင်ကလိုပင် ကျန်းမာရေးအတွက် ရန်ကုန်ရှိ တိုင်းရင်းဆေးဆရာတစ်ဦးထံ ညအိပ်ညနေ ခရီးထွက်သွားသည်။ ဦးမိုးပြန်လာသောအခါ ဖိုးထွန်းက "သေရှာပြီ – ဘကြီးမိုး။ ခင်စန်းဝေ သစ္စာဖောက်တာတော့ သေရှာပြီ။ မြေကြီးကို လက်နဲ့ပုတ်လို့ လွဲချင်လွဲမယ်၊ ဘကြီးမိုးမိန်းမ မိစ္ဆာအကျင့် ကျင့်တာကတော့ မလွဲတော့ဘူးဗျ"

ဟု မခံချိမခံသာလေသံဖြင့် ပြန်ပြောလာသည်၊

"အေး – ငါပြောထားသလို မင်းပါးစပ်ပိတ်ထားပြီး မသိလိုက် မသိဘာသာပဲ နေလိုက် – ဖိုးထွန်းရာ၊ ငါ့ဇာတ်ကို ငါနိုင်အောင် က,မှာပါ"

ဟု ပြောနေစဉ် ဦးမိုး၏မေးကြောကြီးတွေတင်းကာ မျက်လုံးတွေမှာ မျက်ရည်လည်နေသည်၊

ခင်မောင်ကြည်ကလည်း ပွဲစားလူလည်ပီပီ မျက်နှာထားအမူအရာ မပျက်သေလုပါ၏၊ ခင်စန်းဝေကလည်း မာယာကြွယ်ဝစွာဖြင့် သရုပ်ဆောင်အတတ်ပညာ အထူးပြောင်မြောက်နေသည်၊ ဤကာလမှာပင် ခင်စန်းဝေ အိပ်ရာပေါ်မှာ လဲသွားပြီး ဆရာဝန် မပင့်နိုင်၊ ဆေးရုံမသွားနိုင်မီ "သွေးလွန်" ၍ ရုတ်ခြည်းကွယ်လွန်သွားတော့သည်၊ ဤအချိန်မှာ သရုပ်ဆောင်အကောင်းဆုံးက ဦးမိုး၊

ဦးမိုးသည် မိမိ၏အသက်အရွယ်၊ ဂုဏ်သိက္ခာတို့ကိုပင် သတိလစ်လွှတ်ဖြစ်ကာ ပရာမြေလူး ငိုကြွေးရှိုက်ငင်သည်၊ ထမင်းမစား၊ ဟင်းမစားနှင့် ဝေးဝေးတနေ ရှောင်ကွင်းထားခဲ့သော အရက်ကို အမူးသောက်ပြီး အော်အန်လူးလိမ့်နေသေးသည်၊

"စိတ်ကို ထိန်းပါဗျာ၊ ဆန်ဆုံစား ကံကုန်သွားပေါ့၊ သူ့ခန္ဓာ ရောက်လာမှတော့ သူ မငြင်းနိုင်တော့ဘူးပေါ့၊ ဘာသနားသလဲဗျာ၊ ကျုပ်တို့အားလုံး တစ်နေ့နေ့မှာ သေကြရမယ့် သေမျိုးချည်း မဟုတ်လား"

ဟု မိတ်ဆွေရင်းတစ်ယောက်က ငှူးငှူးကြီးလို မျက်ရည်အရွဲသားဖြင့် ပက်လက်ကြီးလဲနေသော ဦးမိုးကို နှစ်သိမ့်သည်၊ ထိုမိတ်ဆွေသည်



ဦးမိုးက ခင်စန်းဝေကို လက်ထပ်စဉ်အခါ သတိပေးစကား ပြောဖူးသူဖြစ်သည်၊ ယခုတော့ – ရင်ဘတ်စည်တီး ငိုကြီးချက်မဖြစ်နေသော မိတ်ဆွေဦးမိုးကို တတ်အားသမျှ ချော့မော့နှစ်သိမ့်နေရပြန်လေပြီ၊ ကွယ်ရာမှာတော့ ထိုမိတ်ဆွေသည် ရင်းနှီးသူများအား သူ့ခံစားချက်အမှန်ကို ရင်ဖွင့်၏၊

"ရမ္မက်ဇောကြီးတဲ့ကောင်မ၊ နှစ်ခါပြန်တောင် သေသင့်တယ်၊ သူ ရိုးရိုးသားသားနဲ့နေလိုက်မယ်ဆိုရင် အလွန်ဆုံးစောင့်ရလှ (၁၀) နှစ်ပေါ့၊ (၁၀) နှစ်လောက်ကြာရင် ကိုမိုးက သေမှာပဲ၊ ဆယ်နှစ်တောင် ခံချင်မှ ခံမှာ၊ အဲဒီအခါကျမှ ကိုမိုးရဲ့စည်းစိမ်ချမ်းသာတွေ အကုန်သိမ်း၊ ရွှေပုံ ငွေပုံပေါ်မှာစံရင်း သက်တူရွယ်တူလူပျိုကိုယ်လွတ်တစ်ယောက်ကို ခေါင်းခေါက်ပြီး ယူလိုက် – ပြီးပြီ၊ သယောက်မျောက်မထားတဲ့ အတျင့်ပျက်မိန်းမဆိုပြီး ပတ်ဝန်းကျင်တစ္စပ်စွဲတာလည်း မခံရတော့ဘူး၊ ရွှေငွေစိန်ကျောက်တွေကြားမှာ မျော်မျော်ဖါးပါးလည်း နေခွင့်ရမယ်၊ ခုတော့ – တဏှာရမ္မက်၊ တဏှာရမ္မက်သတ်လို့ သေပြီ"

ခင်စန်းဝေ အနိစ္စရောက်ပြီဆိုသောသတင်း ပေါ်ထွက်လာသည်နှင့် ခင်မောင်ကြည်လည်း ပျောက်ကွယ်သွားသည်၊ သူ့ဇနီးကတော့ "ကိုခင်မောင်ကြည် – အရောင်းအဝယ်ကိစ္စနဲ့ရန်ကုန်သွားလေရဲ့" ဟု အံ့ပုန်းဝမ်းသာစိတ်ကို ဖုံးကွယ်ကာ ဝတ်ကျေတန်းကျေလေးဖြင့် သူ့ယောက်ျား၏သတင်းကို ပြောသည်၊ အများကမူ ခင်စန်းဝေ သေဆုံးခြင်းကြောင့် ခင်မောင်ကြည်ကြေကွဲထိခိုက်ကာ ပတ်ဝန်းကျင်ကို မျက်နှာမပြရဲတော့သဖြင့် တမင်ရှောင်ထွက်သွားခြင်းဟုသာ ဝေဖန်ကြသည်၊ အချို့က ခင်မောင်ကြည်ကို ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲကြသည်၊

"လူသတ်ကောင် ကြာကူလီ၊ ခင်စန်းဝေကို အဲဒီအယုတ်တမာကောင် သတ်လိုက်တာ၊ သူ့ကိုယ်ဝန်ကို ဖျက်ချရင်းနဲ့ သွေးသွန်ပြီး ခင်စန်းဝေ သေရတာ၊ အဝီစိအိုးမှာ ချိုးကပ်မယ့်တိရစ္ဆာန်"

အချို့သော ယောက်ျားသားများကလည်း ကရုဏာဒေါသဖြင့် ဦးမိုးကို မှတ်ချပုတ်ခတ်ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဦးမိုးဟာ နွားမှ နွားအစစ်၊ အေးအေးမနေဘဲ သမီးလောက်အရွယ်ကလေးကို ယူတယ်၊ ကောင်မကလေးက လုပ်ချင်ရာ လျှောက်လုပ်တော့လည်း နွားပြာကြီးအောက်သွားမရှိသလို ပါးစပ်ကြီးဖြဲပြီး ငုတ်တုတ်ထိုင်နေရတာပဲ၊ အခု – ကောင်မသေပြန်တော့ အရူးကြီးလို ငိုဟယ် – ယိုဟယ်နဲ့၊ ရှားမှရှားတဲ့ နွားကြီးပဲဟေ့"

ယခုတော့လည်း ငိုသံ၊ ယိုသံ၊ ဝေဖန်သံတွေက တိတ်ဆိတ်ငြိမ်သက်သွားကြပေပြီ၊ ခင်စန်းဝေလည်း ပထဝီမြေလွှာပြင်အောက်မှာ အသားစိုင်မဲ့ အရိုးအိမ်တစ်ခုဘဝသို့ ပြောင်းလဲစပြုနေလောက်ပြီ၊ မကြာမီမှာပင် ပတ်ဝန်းကျင် ရပ်သူရွာသားတို့က ပဟေဠိဆန်စွာ အဆုံးသတ်ခဲ့သော ကာမလူ့ဘုံမှ ဇာတ်ရှည်တစ်ခုကို ဖြည်းဖြည်းချင်း မေ့ပျောက်သွားကြမှာ သေချာသည်၊ ဦးမိုးက ဤသို့ပင် ယုံကြည်မျှော်လင့်ထားသည်၊ ထိုယုံကြည်မျှော်လင့်မှုကြောင့်ပင် သူ ပြုံးလိုက်သည်၊ သူ့အပြုံးသည် ငို၍တောက်ပလာသည်၊

• • • ❀ • • •

"လာပြီ – လာပြီ – ငါ အတွေ့ချင်ဆုံးအကောင် လာနေပြီ"

ဟု ဦးမိုး တိုးတိုးကလေး ရေရွတ်လိုက်ပါသည်၊

ခင်မောင်ကြည်သည် ဆိုင်ကယ်စီး၍ ခြံထဲသို့ ဝင်လာနေပြီ၊ ဦးမိုးက (အရေးကြီးသော အရောင်းအဝယ်ကိစ္စ ဆွေးနွေးရန် လာခဲ့ပါဦး)ဟု ဖုန်းထွန်းကို အခေါ်ခိုင်းသဖြင့် ခင်မောင်ကြည် ရောက်လာခြင်း ဖြစ်သည်၊ ခင်မောင်ကြည့်မျက်နှာက ပွဲစားပီပီ ရွှန်းမြူးကြီးလှပါပေသည်၊ နိုင်ငံခြားဖြစ် သားရေတုလွယ်အိတ်ကလေးတစ်လုံးကို လွယ်၍ အိမ်ပေါ်တက်လာသည်၊

"ဦးမိုး – ကျွန်တော်နဲ့ တွေ့ချင်လို့ဆို၊ ကျွန်တော်လည်း မနေ့ကမှ ရန်ကုန်က ပြန်ရောက်တာ၊ အသုဘမရောက်ဖြစ်တာ ခွင့်လွှတ်ပါဗျာ"

ခင်မောင်ကြည်သွေးအေးပုံကို ဦးမိုး မသိမသာ အံ့ဩနေသည်၊

"ရပါတယ်ကွာ၊ ပြီးတာက ပြီးသွားပါပြီ၊ ဒါတွေက သဘာဝတွေပါ၊ မင်းကို ခေါ်ရတာက စီးပွားရေးကိစ္စပါ"



ဦးမိုး၏အမူအရာ မလှုပ်မလဲဖြစ်နေပုံကို ခင်မောင်ကြည် သိသော်လည်း မသိဟန်ပြုလိုက်သည်၊ ဧည့်ခန်းထဲရှိ ဆက်တီကုလားထိုင်တွေပေါ်မှာ ဟိုစဉ်အခါ စီးပွားရေးကိစ္စတွေ တိုင်ပင်ဆွေးနွေးကြစဉ်ကလိုပင် ထိုင်လိုက်ကြသည်၊ နှစ်ယောက်ကြားမှာ ဆက်တီစားပွဲ ရှိနေသည်၊ စားပွဲပေါ်မှာ ပလတ်စတစ်အကြည်သားအိတ်တစ်အိတ်၊ အိတ်ထဲမှ စက္ကူခေါက်တွေကြောင့် အိတ်က အနည်းငယ်ဖောင်းနေသည်၊

"ကဲ – စီးပွားရေးကိစ္စ မပြောခင် ဟောဒီအိတ်ကလေးကို မင်းလက်ခံပါ၊ ဒီအိတ်ထဲမှာ မင်းက ခင်စန်းဝေဆီကို ရေးခဲ့တဲ့စာတွေ ပါတယ်၊ သူ သေပြီးမှ သူ့ သေတ္တာကို ဖွင့်ကြည့်ရင်း ဒီစာတွေကို တွေ့ရတာ၊ ငါ ဖြစ်စေချင်တာကတော့ မင်း ဝှါဆီမှာ (မှားပါတယ်) ဆိုတဲ့ ဝန်ခံစကားတစ်ခွန်း ပြောရုံပါပဲ၊ မင်းပြောမယ် မဟုတ်လား၊ ယောကျ်ားပဲကွာ၊ ကိုယ့်အမှား ကိုယ်ဝန်ခံရဲရမှာပေါ့"

ဦးမိုးက မရှိုပြုံးကလေး ပြုံးရင်း လေသံအေးအေးနှင့် ပြောနေစဉ် ခင်မောင်ကြည်၏မျက်နှာထား တင်းမာမှိုင်းမှုန်လာသည်၊ သူ့မျက်လုံးအစုံမှာ မှုန်ရရဲရဲ တောက်ပလာကြသည်၊ ခင်မောင်ကြည်သည် သူဝတ်ထားသော အင်္ကျီကောင်အတွင်းအိတ်ကပ်ထဲမှ စာရွက်ခေါက်တစ်ခုကို ဆွဲထုတ်သည်၊ ပြီးလျှင် – ဦးမိုးမျက်နှာရှေ့သို့ ထိုးပေးသည်၊

"ဒီစာက ခင်စန်းဝေ မသေခင် တစ်ရက်က ရေးသွားတာ၊ အဲဒီစာကို အဲဒီအေးစီကိုယ်တိုင် လာပေးတာ၊ ဦးမိုး – ဖတ်ကြည့်ပါဦး"

ဦးမိုးက စာရွက်ခေါက်ကလေးကို လှမ်းယူပြီး ကတုန်ကယင် လက်ချောင်းများဖြင့် အလျင်စလိုဖြန့်လိုက်၏၊ လူမမာက အားယူပြီး ကြိုးစားပမ်းစား တခန်းကတန်း ရေးထားသဖြင့် လက်ရေးတွေက ရွဲ့စောင်းတွန့်လိမ်နေသည်၊ စာတိုကလေးသာ ဖြစ်သည်၊

ကိုကြည် ...၊

ကျွန်မ အဆိပ်မိနေပြီ၊ အဘိုကြီးက အစာထဲမှာ အဆိပ်ရောပြီး ကျွေးမှာ တွေ့နေတာ သေချာတယ်၊ ကျွန်မကို ကယ်ပါဦး၊



www.burmeseclassic.com

www.burmeseclassic.com

ဦးမိုးက စာရွက်ကို လက်ဝါးနှစ်ဖက်ကြားမှာ ကြိတ်ချေပစ်လိုက်သည်။

ခင်မောင်ကြည်က ထိုင်ရာမှထရပ်ကာ ဦးမိုးကို မထီတရီအကြည့်ဖြင့် ကြည့်လိုက်သည်။

"ဒီစာကို ကျွန်တော် အသုံးမချချင်ပါဘူး၊ မေ့ပစ်လိုက်ပါ့မယ်၊ ကျွန်တော့်စာတွေကိုလည်း ဦးမိုး မေ့ပစ်လိုက်ပါဗျာ"

"ခင်စန်းဝေက သေခါနီးမို့ သွေးရောက်ရှားပြီး ရေးသွားတာကွ၊ ဘာသောက်အဓိပ္ပာယ်မှ မရှိဘူး"

ဟု ဦးမိုးက အောက်ဟစ်လိုက်ချိန်မှာ ခင်မောင်ကြည်က သူ၏အနက်ရောင်လွယ်အိတ်ကလေးကို စားပွဲပေါ်သို့ တင်လိုက်သည်။

"ဒီအိတ်ထဲမှာ ခင်စန်းဝေရဲ့ စာတွေ ရှိတယ်၊ ဒီစာတွေကို ရဲလက်အပ်လိုက်ရင် ဦးမိုး အကြီးအကျယ် ဖြေရှင်းရမှာပဲ၊ အလောင်း ပြန်ဖော်ပြီး စစ်လိုက်ရင် ဦးမိုးအတွက် ကြိုးစင်က တန်းနေမှာပဲ"

"ဘာကွ - ဟေ့ကောင် - မင်း"

ခင်မောင်ကြည်က တစ်ချက်မျှပင် လှည့်မကြည့်တော့ပဲ အိမ်ပေါ်မှ ဆင်းသွားသည်။ ဦးမိုးက ဝုန်းခနဲ မတ်တတ်ရပ်ပြီး လှမ်းအော်သည်။

"ဟေ့ကောင် ခင်မောင်ကြည် - ငါ့ကို မဟုတ်တမ်းတရမ်း စွပ်စွဲရဲရင် စွပ်စွဲကြည့်၊ မင်းကို ထောင်ထဲပို့ပစ်မယ် - နားလည်လား"

ခင်မောင်ကြည်၏ မော်တော်ဆိုင်ကယ် ပြန်ထွက်သွားပြီးမှ ဦးမိုး ကုလားထိုင်မှာ ပြန်ထိုင်သည်။ အိတ်အနက်ကလေးမှ ဖစ်ကို ကတုန်ကယင်ဆွဲဖွင့်လိုက်သည်။ ဖစ်တစ်ဝက်အပွင့်မှာပဲ အထဲမှာ ပိတ်လှောင်ခံထားရသဖြင့် ဒေါသထွက်နေပုံရသော မြွေပွေးက ဦးမိုး၏ ညာလက်လက်ခွကြားကို ဆတ်ခနဲ ပေါက်ချလိုက်သည်။ ဦးမိုး အော်ဟစ်ရင်း လက်မရုတ်နိုင်မီ နောက်တစ်ချက် ...၊ နောက်တစ်ချက် ...။

➤ ကြေးနှီ



www.burmeseclassic.com

## အမဲကြီး ပစ်လိုသည့်
## မုဆိုးရင့်မကြီးဖြစ်ရန် အခြေခံ လေသေနတ်မှစ၍
## စတင်လေ့ကျင့် သင်ယူရပုံကို ..

"**အန်ကယ်မင်း** – အန်ကယ်မင်း – ရေးတဲ့ဝတ္ထုတွေက တကယ့်အဖြစ်အပျက်တွေလား။ သားကောင်အမဲကြီး – ဝိုင်၊ ပြောင် ပစ်တာတွေ ဆိုတာက ရော တကယ်လား။ အန်ကယ်မင်း – ရေးတာတွေကို ဖတ်ပြီး ကျွန်တော်တို့ တော့ တော်တော်ကို အားကျမိတယ်ဗျာ"

မုဆိုးဝါသနာပါပြီး လေသေနတ်သာပစ်နေရသော "စိုးသန်းအောင်" "ကျော်ကျော်"နှင့်" ဖော်ဖော်"တို့ ညီအစ်ကိုတစ်တွေက တစ်ရက်၊ ကျွန်တော့်တို့ ဘီယာ ဓါတ်ိုက်ရင်း အထက်ပါ စကားများကို မေးကြ၊ ပြောကြခြင်း ဖြစ်သည်။

"အေး – အန်ကယ်ရေးတဲ့ ဝတ္ထုတွေဟာ (၉၀%)ရာနိုင်နှုန်းလောက်ကတော့ တကယ့်အဖြစ်အပျက် အတွေ့အကြုံတွေပေါ်မူတည်ပြီး အမှန်တွေကြီးရေးတာပဲ၊ အမဲကြီး၊ ဝိုင်၊ ပြောင် ဆိုတာတွေလည်း တကယ်ပါ။ အန်ကယ်တို့ လက်ထက်တုန်းက သားကောင်ကလည်းပေါ၊ လက်နက်တွေ တလည်း ကောင်းပြီး ကြုံကြိုက်တဲ့လိုင်စင်နဲ့ ကိုင်လို့ရတော့ ထင်တိုင်းပေါက်ပြီး လုပ်ချင်သမျှ အဆင်ပြေတာပေါ့ကွာ"

"အခုရော – အဲဒီအကောင်ကြီး၊ ဝိုင်၊ ပြောင်တွေရှိပါဦးမလား။ ပစ်ရပါဦးမလား"

စိုးသန်းအောင်က သိချင်ဇောနဲ့ အလောသုံးဆယ် မေးလိုက်သည်။

"အင်း – လူဦးရေကများလာ၊ ဆည်မြောင်း,ကန်ချောင်းတွေက တိုး၊ တောရိုင်းမြေတွေက စိုက်ခင်းတွေဖြစ်၊ သစ်ပင်တွေက ထင်း၊ မီးသွေးဘဝရောက်၊ သစ်တွေက မတရားခိုးခုတ်ဆိုတော့ တောတောင်တွေက ပြုန်းတုန်တော့ သားကောင်တွေလည်း နေစရာ,ခိုလှုံစရာနည်းဖြစ်လို့ တောရိုင်းတောနက်ရာရောက်ကုန်လောက်ပါပြီကွာ၊ အရင်ခေတ်ကလို နီးနီးနားနားတွေ့ရဖို့ ပစ်ရဖို့တော့ တော်တော်အခွင့်အရေးနည်းသွားပါပြီ၊ ဒါပေမဲ့ – ဝေးဝေး,ခေါင်ခေါင်သွားနိုင်ရင်တော့ ပစ်ရနိုင်ပါသေးတယ်"

"အင်းဗျာ – အန်ကယ်မင်းတို့သွားတာနဲ့ ကြုံကြိုက်ရင်တော့ တစ်ခါတစ်ခေါက်လောက်တော့ လိုက်ခဲ့ချင်ပါတယ် – လိုက်လို့ဖြစ်မလား"

ကျော်ကျော်က ဘီယာခွက်ထဲ ဘီယာထည့်ပေးရင်း သူ့ဆန္ဒကို ဖော်ထုတ်လိုက်ခြင်းဖြစ်သည်။

"လိုက်လို့ဖြစ်ပါတယ်ကွ။ ဒါပေမဲ့ – အမဲကြီးပစ်သွားတယ်ဆိုတာ ချေ၊ ဆတ်ပစ်သွားသလို တစ်ရက်နှစ်ရက်မျိုးနဲ့ သွားလို့မရဘူးကွ၊ အချိန်ပေးနိုင်မှဖြစ်တာ၊ သားကောင်ကြီးတွေနေတဲ့ တောတောင်အထိ သွားရတာဆိုတော့ အနည်းဆုံးတစ်ပတ်၊ ဆယ်ရက်လောက်နေနိုင်မှဖြစ်တာ၊ အန်ကယ်တို့သွားတုန်းကဆိုရင် တစ်လတိုးသီတင်း ကြာချင်ကြာတာ"

"အဲဒီ ဝိုင်,ပြောင်ဆိုတဲ့ အကောင်ကြီးတွေဟာ အိမ်က ကျွဲ၊ နွားတွေလောက်ပဲလား။ ကြောက်စရာရော – အတော်ကောင်းလား"

ကျွန်တော်ပြောသမျှ နားစိုက်ထောင်ရင်း နော်နော်က သူသိချင်တာမေးလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

"အေး - စိုင်၊ ပြောင်ဆိုတဲ့ အကောင်ကြီးတွေဟာ အိမ်က ကျွဲ၊ နွားတွေလောက်လည်း ရှိတာပဲ။ တချို့ကျတော့လည်း ကျွဲ၊ နွားတွေထက် အများကြီး ကြီးတာပေါ့။ စိုင်ဆိုရင် အချိန် (၂၀၀) ပိဿာကျော်လောက်ထိ ရှိတယ်၊ ကြောက်စရာကောင်းလားဆိုတာကတော့ လူကို သေအောင် အန္တရာယ်ပေးနိုင်တဲ့ အကောင်တွေပဲလေ - စဉ်းစားကြည့်ပေါ့"

စိုင်,ပြောင်ဆိုတဲ့ အကောင်ကြီးတွေဟာ ကျွဲ,နွားတွေထက်တောင် ကြီးတယ်ဆိုတော့ ပစ်မလွဲကြီးတွေနေမှာပဲနော် - အန်ကယ်မင်း၊ ကျွန်တော်တို့လို အသေးအဖွဲ့ငှက်ကလေးတွေကိုတောင် မှန်အောင်ပစ်နိုင်တဲ့ လေသေနတ်သမားမုဆိုးတွေအဖို့ဆိုရင်တော့ မလွဲတမ်းနေမှာပဲနော်၊ ဘာပဲဖြစ်ဖြစ် - ဒီတစ်ခါ - အန်ကယ်မင်းတို့ အမဲကြီးပစ်သွားရင်တော့ လိုက်ဖြစ်အောင်လိုက်ပြီး ပစ်ဖြစ်အောင်ကို ပစ်လိုက်ဦးမယ်။ ဖြစ်တယ်မို့လား - အန်ကယ်မင်း"

စိုင်,ပြောင်ဆိုတဲ့ အမဲကြီးတွေကို တစ်ခါမျှ မတွေ့ဘူး,မကြုံဘူး,မြင်တောင် မမြင်ဘူးသေးတဲ့ လေသေနတ်သမား စိုးသန်းအောင်က ပစ်ဦးမလို့တဲ့၊ ဖြစ်နိုင်ပါ့မလားဟု ကျွန်တော်ကို မေးနေသည်၊

ကျွန်တော်က သူ့အမေးကို ချက်ချင်း အဖြေမပေးသေးဘဲ ကျွန်တော့်ရှေ့မှာ ဘီယာခွက်ကိုယူပြီး တစ်ကျိုက် မော့ချလိုက်ကာ အမြည်း အာလူးကြော်တစ်ဖတ်ကိုဝါးရင်း -

"အန်ကယ်တို့နဲ့ အမဲကြီးပစ်လိုက်ဖို့ကတော့ စောစောက ပြောခဲ့သလို အချိန်ပေးနိုင်လို့က ဖြစ်ပါတယ်၊ ပစ်ဖို့ဆိုတာကတော့ ဒီလိုရှိတယ်ကွ။ မင်းက အခုမှ အခြေခံလေသေနတ်သမား၊ ငှက်လောက်၊ ချိုးလောက် ပစ်ဖူးတာဆိုတော့ မတွေ့ဘူး,မကြုံဘူး,မြင်တောင် မမြင်ဖူးသေးတဲ့ အန္တရာယ်သားကောင်ကြီးတွေကို ယမ်းသေနတ်ကြီးတွေနဲ့ ပစ်ဖို့ဆိုတာက တော်တော်ကို အပြောခက်တာ၊ အမဲကြီးမုဆိုးဆိုတာကလည်း လက်ညှိုးကွေးပြီး သေနတ်မောင်းဖြုတ်တတ်ရုံနဲ့ မပြီးသေးဘူး၊ မိမိကိုင်ဆောင်ပစ်ခတ်ရတဲ့



သေနတ်၊ ယမ်းတောင့်တွေအကြောင်းကို ကျွမ်းကျွမ်းကျင်ကျင် သိထားများလည် ပစ်ခတ်တတ်ရမယ်၊

ကိုယ်ပစ်မယ့်သားကောင်တွေရဲ့ ကိုယ်အင်္ဂါတည်ဆောက်ပုံ၊ နေထိုင်သွား လာတတ်တဲ့ သဘာဝတွေကိုလည်း သိသင့်သလောက် လေ့လာသိရှိထားရမယ်၊ ဒါမှလည်း လက်တွေ့ပစ်ခတ်ရတဲ့အခါ ထိရောက်မှုရှိတာ၊ တောနင်းသားကောင်ကြီးတွေ ပစ်တယ်ဆိုတာ - ပုံသေပစ်မှတ် (TARGET) ပစ်ရသလိုမဟုတ်ဘူး၊ ချိုးငှက်,တာကလေးတွေပစ်ရတာနဲ့လည်း မတူဘူး၊ ကိုယ့်အတွက် အသက်အန္တရာယ်ပေးနိုင်တဲ့ သားကောင်တွေဆိုတော့ အချိန်အခါ ကြောက်ရတာတွေရယ်၊ သားကောင်ဘက်က ခံနိုင်ရည်ရှိလို့ ပြန်မယ့်အန္တရာယ် ပေါင်းလိုက်တော့ အတွေ့အကြုံမရှိသေးတဲ့မုဆိုး များအဖို့ လက်တွေ့မှာ အတွေးအထင်နဲ့ တခြားစီဖြစ်သွားပြီး ဒုက္ခများ ထိကြတယ်၊

အဲဒီလိုဖြစ်ဖူးခဲ့တဲ့ တကယ့်အဖြစ်အပျက်ကလေးတွေကို အန်ကယ် - မင်းတို့ကို ပြောပြမယ် - နားထောင်"

ကျွန်တော်က လက်ကျန်ဘီယာတစ်ခွက်ကို ကုန်အောင် တစ်ကျိုက်တည်း မော့ချလိုက်ပြီးမှ စကားစ,လိုက်သည်၊

...

"အန်ကယ့်သူငယ်ချင်းတစ်ယောက်ပေါ့ - သူ့နာမည်က "စိုးမြင့်" တဲ့ကွ၊ မြို့သား - သူလည်း အန်ကယ်တို့လိုပဲ၊ အမဲပစ်မုဆိုးဝါသနာကတော့ တော်တော်ကိုကြီးတာ၊ ကျောင်းသားဘဝတည်းက မှန်မိုးစုပြီး (B.S.A) ဆိုတဲ့အေ လေသေနတ်ဝယ်တယ်၊ ငှက်ပစ်တယ်ဆိုတဲ့ အဆင့်၊ ပြောသာကြည့်တော့၊

အန်ကယ်တို့ခေတ်က မန္တလေးမှာ "လွတ်လပ်ရေးအောင်ပွဲ"၊ "ပြည်ထောင်စုပွဲ" ဘာပွဲ,ညာပွဲ အစရှိတဲ့ ပွဲတော်ရက်တွေမှာ လေသေနတ်ပစ်

www.burmeseclassic.com

ပြိုင်ပွဲက အမြဲပါတယ်။ အဲဒီပွဲတွေမှာ ဒီကောင်က ပထမ၊ ဒုတိယ အမြဲလိုလို ရိုက်တယ်။ ဆုတွေလည်း တစ်ပုံကြီးရတယ်ဆိုတော့ သူ့ကိုယ်သူ တော်တော်အထင်ကြီးနေတယ်။

တစ်ရက်၊ မန္တလေးမှဆိုးကြီးများဖြစ်တဲ့ ဦးစိန်ဝင်း(မသုံးလုံး)၊ ဦးဝင်းမောင်(မြတိုက်မှူး)၊ ဒေါက်တာမြသန်း(ပြည်သူ့ဆေးရုံကြီး) အစရှိတဲ့ မုဆိုးတွေနဲ့ စကားဝပ်မိပြီး အမဲကြီးပစ်၊ ဒုဋ္ဌဝတီမြစ်ရိုးဘေးရှိ ကြွက်နဖား (ကျွဲနဖား)တောင်ကြော တောင်ပေါ်တောတွေကို ပါသွားခဲ့တယ်။

တောက နောက်လိုက်မုဆိုးမုန်သမျှ သူ့လက် ဘယ်လောက်တည့်တဲ့ အကြောင်း၊ ပြိုင်ပွဲတွေမှာ ဆုတွေ ဘယ်လိုရခဲ့တဲ့အကြောင်း၊ အခု-ဗြောင် ပစ်မလို့လိုက်ခဲ့တဲ့အကြောင်း၊ ဗြောင်ကို ဘယ်လိုပစ်လိုက်မယ်ဆိုတဲ့ အကြောင်း မမေးဘဲ ခပ်ကြွားကြွား အထင်ကြီးအောင် ပြောသတဲ့။

တောင်ပေါ် တောရောက်ကြလို့ ဗြောင်ပစ်ထွက်တဲ့အခါ သူက ဘာ အတွေ့အကြုံမှ မရှိသေးဘဲ သီးသန့်ရိုင်ဖယ်ကြီးကိုင်ပြီး လိုက်ချင်တယ် ဆိုလို့ ဦးဝင်းမောင်က သူ့ရဲ့အမဲကြီးပစ်ရိုင်ဖယ်(.၄၂၃)ကြီးကို ပေးပြီး ပစ်ပုံ စော်ပုံ၊ ဆိုဒ်တင်ပုံတွေ ပြောပြပြီး ဦးစိန်ဝင်းနှင့် တွဲထည့်ပေးလိုက်တယ်။ ဗြောင်အုပ်တစ်အုပ်ကို ချုပ်တစ်ရှခြားပြီး မြင်လိုက်ရတာနဲ့ မနေနိုင်၊မထိုင် နိုင် စိတ်တွေက လှုပ်ရှားပြီး ပစ်ပါမယ် တကဲကဲလုပ်နေလို့ ဦးစိန်ဝင်းက မနည်းတားထားရတယ်"

"ဒီမှာ-မောင်စိုးမြင့်-ဒါဗြောင်တွေနော်-ဗြောင်တွေ၊ ချိုး,ငှ,ဆက်ရက် မဟုတ်ဘူး။ ဒါဆို-အကွာအဝေးကိုက် (၂၀၀) ကျော်တယ်၊ အကောင်ကြီး အမဲကြီးပစ်တယ်ဆိုတာ ဒီလောက် အဝေးကြီး မပစ်ရဘူး၊ အနီးဆုံး တင် နိုင်သမျှ ကပ်ပစ်ရတယ်၊ ဒါမှ-လိုချင်တဲ့ချက်မှန်ပြီး သေချာတာ"

"ဟာ-ဦးလေးဝင်းကလဲ၊ ဒီသေနတ်ကြီးရဲ့ နောက်ချိန်ခွက်မှာ ကိုက် (၃၀၀) ထိပါတာပဲ၊ ကိုက်တင်ပြီးပစ်ရင် ဒီလောက်အကောင်ကြီးတွေ တျှော် လက်မလွဲနိုင်ပါဘူး"



တုပြောရင်း သေနတ်နောက်ဆိုဒ်ကို ကိုက် (၃၀၀) တင်ပြီး ဗြောင်များ ဆီသို့ ချိန်လိုက်ပါသည်၊ သို့သော် ဗြောင်များမှာ ရွေ့လျားကွယ်ပျောက်သွား သဖြင့် မပစ်လိုက်နိုင်တော့ပေ။

"ကိုင်း-ဒီလောက် မင်းပစ်ချင်နေမှတော့-လာ"

ဟု ဦးစိန်ဝင်းက ပြောပြောဆိုဆို ထွက်သွားရာ မောင်စိုးမြင့်လည်း နောက်မှအောင် လိုက်သွားရပါတော့သည်၊ လျှိုကြားကို ကျော်ပြီး ဗြောင်များရှိရာ တောင်ကြောကိုတက်၍ ထိပ်ရောက်သောအခါ ကျောက်တုံး တစ်တုံးကို ကွယ်၍ ကြည့်လိုက်ရာ ဗြောင်တစ်ကောင်မှာ သူတို့နှင့် (၁၀)ပေမျှသာ ကွာတော့သည်ကို တွေ့ရလိုက်သည်၊

အုံအားသင့်ခြင်း၊ ဝမ်းသာခြင်း၊ ပစ်ချင်စောကြီးခြင်း၊ မပစ်လိုက်ရမှာ စိုးခြင်း၊ ဗြောင်အုပ်ကြီးနှင့် အနီးကပ်ရှိနေသဖြင့် မိမိအန္တရာယ်အတွက် စိုးရိမ် ပူပန်ခြင်းတို့ကြောင့် အသက်ရှူများပင် မမှန်တော့၊ မောသလိုလိုဖြစ်လာပြီး လက်အားများက တဆတ်ဆတ်တုန်နေသည်၊ ဒါပေမဲ့-ဒီအကွာအဝေးနဲ့ ဒီလောက်အကောင်ကြီးကိုတော့-သူ့လက်ကမလွဲနိုင်ဟုသူ့ကိုယ်သူအထင် ကြီးမှုနဲ့အစာငုံစားနေသော ဗြောင်ကြီး မော့လိုက်ချိန်တွင် ဦးခေါင်းထိပ်ကို ချိန်ရွယ်၍ (.၄၂၃)သေနတ်မောင်းလေ့တတ်ကို အမြန်ဆုံး ဖြုတ်ချလိုက် လေသတဲ့၊

သေနတ်သံ"ဒိုင်း"ခနဲ မြည်ဟည်းသွားသံနှင့်အတူ ဗြောင်အုပ်၏ နာ ကျင်သံ တဝှီးဝှီးအမြင် တဝုန်းဝုန်း ပြေးလွှားနေကြသော ဗြောင်များကို မောင်စိုးမြင့်တစ်ယောက် ဆင့်ကာ ဆင့်ကာ တဒိုင်းဒိုင်း လိုက်ပစ်သော် လည်း တစ်ကောင်မျှ မထိဘူးတဲ့၊

ဒီတော့မှ မောင်စိုးမြင့်တစ်ယောက် ဒီလောက်အကွာအဝေးမှာ ဒီလောက်ကြီးတဲ့ ဗြောင်ခေါင်းကြီးကို မမှန်လွဲသွားတဲ့အတွက် သူ့ကိုယ်သူ အထင်သေးသွားသည်၊ ဘယ်လိုဖြစ်ရတာလဲ။ ငါပစ်တဲ့ကျည်ဆန်ဟာ ထိပ်မှာပဲ ရှိ နေရဲ့။ သေနတ်ပြောင်းများ ကောက်နေရော့လားဟု သို့လော သို့လော တွေး



www.burmeseclassic.com

www.burmeseclassic.com

တောလျက် သေနတ်ကို အပြန်ပြန် အလှန်လှန် ဆန်းစစ်ကြည့်ရင်း ငိုင်နေမိသတဲ့။

အေးအေးဆေးဆေးဖြစ်သွားမှ စောစောက နောက်ဆိုဒ်တင်ထားပြီး မချမိတာ သတိရတော့သည်။ (၁၀)ပေအကွာကို ကိုက်ကန်တင်ပြီး ရင်ခုန်နှန်‚လက်တုန်တုန်နဲ့ ဦးခေါင်းကို ချိန်ပစ်လို့ လွဲသွားကြောင်း သိရမှ မောင်စိုးမြင့်တစ်ယောက် ထင်တိုင်းမဟုတ်ပါလား၊ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံဆိုတာ တကယ်လိုပါလားဟူသော အသိတရားနှင့်အတူ နောင်တကြီးစွာ ရမိသွားတော့သည်။ သူ့အကြွားစကားများအတွက်လည်း အရှက်ကြီးရှက်ကာ ခေါင်းမဖော်ရဲလောက်အောင် ဖြစ်ရသတဲ့။

အဲဒီအဖြစ်အပျက်ဟာ တကယ်နော်၊ အန်ကယ် လန်ကြုတ်ပြောတာ မဟုတ်ဘူး၊ သူ့အကြောင်း အကယ်သိချင်ရင် (မသုံးလုံး) ဦးစိန်ဝင်းရဲ့ "ပြောင်ပစ်မုဆိုး" ဝတ္ထုဖတ်ကြည့်ကြပေတော့၊

စိုးမြင့်အဖြစ်အပျက် လုပ်ဆောင်ချက်က အခု မင်းလုပ်ချင်တာနဲ့ အတော်တူတယ်၊ မင်းပြောသလိုပဲ - ဒီလောက်ကြီးတဲ့ အကောင်ကြီးတွေ မလွဲနိုင်ပါဘူးလို့ ပြောခဲ့‚ထင်ခဲ့တာပဲကွ၊

ဒီမှာ စိုးသန်းအောင် မင်းတို့အတွက် အလွယ်ဆုံး၊ အရှင်းဆုံး နားလည်အောင် ဥပမာတစ်ခု အန်ကယ်ပြောပြမယ်"

သူငယ်တန်းကျောင်းသားလေးတစ်ယောက်ဟာ (က-ခ-ဂ-ဃ-င)၊ (၁-၂-၃-၄)၊ (A, B, C, D, E) စသည်တို့ကို ကျွမ်းကျွမ်းကျင်ကျင် မမှားအောင် ရေးတတ်‚ဖတ်တတ်တာနဲ့ ငါဟာ တော်လှပြီ‚တတ်လှပြီ၊ အလယ်တန်းစာတွေ သင်စရာ မလိုတော့ဘူး၊ အထက်တန်းကို ခုန်ကျော်တက်ချင်တဲ့ ကျောင်းသားလေးနဲ့ တူနေပြီ၊ စာလုံးတွေ ဂဏန်းတွေ ရေးရတာ‚မြင်ရတာ တူပေမဲ့ ပညာသားက တခြားစီဆိုတာ လက်တွေ့ကျမှသိပြီး ဒုက္ခပွားရသလို အခုလည်း ကြွက်‚ငှက်လောက် ပစ်တတ်သေးတဲ့ မုဆိုးပေါက်စ၊ ပထမဆုံးအဆင့်က ဒုတိယအဆင့်ဖြစ်တဲ့ ချေ‚ဒရယ်လောက် မပစ်ဘဲ တကယ့်အဓိပတိ ပြောင်၊ စိုင်လိုအမဲကြီးတွေ ပစ်ချင်တယ်ဆိုတာ



မတန်မရာ ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်နေမှာပေါ့ကွာ၊ တစ်ဆင့်ချင်း မှန်မှန်တက်တာက မမောဘူး မပန်းဘူး၊ အဆင့်ကျော်ခုန်တက်ရင် ခြေချော်ပြီး လန်ကျလို့ ဒုက္ခများတတ်တယ်ကွ၊

အေး - စိုးမြင့်ထက် အပြောကြီးပြီး ဆောရီး (Sorry) ဖြစ်သွားတဲ့ ငှက်ပစ်မုဆိုးနောက်တစ်ယောက်အကြောင်း ပြောပြဦးမယ် - နားထောင်၊

... ...

ဒီလူနာမည်က သန်းအောင်တဲ့၊ မင်းနာမည်နဲ့လည်း ခပ်ဆင်ဆင်ပဲ၊ သူက ကန့်ဘလူမြို့သား၊ လေသေနတ်သမားပဲကွ၊ အဲဒီနယ်မှာတော့ လေသေနတ်ပစ်ရာမှာ နာမည်ကြီးပဲ၊ သူ့မိတ်ဆွေ ခပ်ရှားရှား။ သူက - တို့နဲ့ တွေ့တော့ ဘယ်လောက်အထိပြောသလဲဆိုရင် -

"ကျုပ်က လေသေနတ်နဲ့ ချိုး၊ ငှ၊ ဆက်ရက်၊ စာကလေး၊ နှံပြည်စုတ်လို အသေးအဖွဲ အကောင်ကလေးတွေတောင် မှန်အောင် မလွတ်တမ်း ပစ်နိုင်တဲ့သူပဲဗျာ၊ ခင်ဗျားတို့ပြောတဲ့ ကျွဲ‚နွားလောက်ကြီးတဲ့ စိုင်‚ပြောင်လို သတ္တဝါကြီးတွေကတော့ မျက်စိမှိတ်ပစ်တောင် မလွဲပါဘူး၊ ကျုပ်အနေနဲ့ ပြောရရင် စိုင်‚ပြောင်ပစ်တဲ့မုဆိုးတွေကို ချီးလည်း မချီးကျူးဘူး၊ အထင်လည်း မကြီးဘူး၊ ပြိုင်ပစ်မယ်ဆိုရင်တောင် ပစ်လိုက်ချင်သေး" လို့ ပြောင်စိန်ခေါ်လိုက်သေးတယ်၊

၂ ငါးအဖွဲ့က "ခင်မောင်ကြီး" က စေတနာစိတ်ရင်းအတိုင်း "ပြိုင်တော့ ခဏပါနဲ့ - မိုးသန်းအောင်ရာ၊ မောင်ရင့်မှာ အမဲကြီးအတွေ့အကြုံ ဘာမျှမရှိသေးဘဲနဲ့ ဘယ်လိုများ ပြိုင်ပစ်နိုင်မှာလဲ" လို့ ပြောလိုက်ရာ၊

"အမဲကြီးအတွေ့အကြုံ - ဟုတ်လား၊ ဘာအတွေ့အကြုံလဲ - မလိုပါဘူး၊ ကြွက်‚ငှက်ပစ်နေတဲ့သူပဲ၊ အမဲကြီးပစ်လည်း ဘာထူးမှာမို့လဲ၊ ကျွဲ‚နွားလောက်ကြီးတဲ့အကောင်တွေကိုမှ မှန်အောင်မပစ်နိုင်ရင် လက်ဖြတ်ပစ်လိုက်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

# ၆၆



သတိရှိရှိသွားဖို့
သတိပေးရမယ့် သူက မမူ၊
အရေးမလုပ်၊ ဂရုမစိုက်တဲ့ပုံစံနှင့်
ရှေ့ဆက်တိုးလိုက်တယ်။
အဲဒီအချိန်ကလေးမှာပဲ
မြက်တောတွင်းက မြွန်းဆို သူ့ဆီကို
နာမှတ်ပြီး ပြေးလာတိုက်တဲ့
စိုင်နာကို မပစ်နိုင်ဘဲ အံ့အားသင့်ပြီး
ငူငူကြီး ကြက်သေ သေနေလို့
ခက်ရချည်ရဲ့ဆိုပြီး လမ်းပြမှူဆိုးက
တွန်းလှဲလိုက်လို့ အသက်ဘေးက
သီသီကလေး လွတ်သွားတယ်။

ဒီတော့ - ငါ့အဖွဲ့နောက်တစ်ယောက် "တင်မောင်ညွန့်"က "လက်တွေ့တစ်ခါမှ မပစ်ဘူးဘဲနဲ့ ဒီလောက် စကားကြီး စကားကျယ် မပြောနဲ့ - သန်းအောင်ရ၊ စကားကျွံရင် နုတ်မရဘူး။ နင်က အကောင်ကြီးတာတစ်ခုပဲ သိတာ။ အဲဒီအကောင်ကြီးလို့ ကြောက်စရာကောင်းတာ၊ စံနိုင်ရည်ရှိတာ၊ အန္တရာယ်ပေးနိုင်တာတွေ နင်မှ မသိဘဲကိုး။ စိုင်ပြောင်ဆိုတာ အိမ်မှာ မွေးထားတဲ့ ကျွဲနွားမဟုတ်ဘူး။ အချိန်မရွေး လူကို အန္တရာယ်ပေးနိုင်တယ်၊ သေစေနိုင်တယ်ကွ၊ အဲဒီအသိတရားက လူ့စိတ်ကို ချောက်ချားစေတယ်။ စိတ်ချောက်ချားရင် လုပ်သမျှ မှောက်မှောက်မှားမှားတွေ ဖြစ်ကုန်ရော"လို့ စေတနာနဲ့ သူမသိတာ ရှင်းပြလိုက်ပြန်ပေမယ့် ...။

သန်းအောင်က ဘာပြောတယ်မှတ်လဲ - "ကြီးတိုင်း ကြောက်စရာကောင်းတာမဟုတ်ပါဘူး - ကိုတင်မောင်ညွန့်ရာ၊ ကျုပ်အဖို့တော့ ကြီးလေ ကြိုက်လေပဲ၊ ကြီးတာ လွဲစရာမရှိတော့ဘူးပေါ့"



ဒီတော့ - ငါက အမြင်ကတ်ကပ်နဲ့ ပညာပေးချင်တာကြောင့် - "ကိုင်း - ဒီလောက် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့လူ၊ အပြောနဲ့ အလုပ် အဟုတ် ညီ မညီသိရအောင် တို့နဲ့ အမဲကြီး လက်တွေ့ပစ်မိုင်းဖို့ ခေါ်ခဲ့တော့တယ်"

ဒါကြောင့် - သန်းအောင်တစ်ယောက် တို့အဖွဲ့နဲ့ စိုင်ပြောင် ပစ် "ဆားတွင်းကြီး"စခန်းကို ပါလာခဲ့တယ်။ ဟိုရောက်တော့ - "ခင်မောင်ကြီး"နဲ့ "တင်မောင်ညွန့်"က တစ်တွဲ၊ ငါနဲ့ သန်းအောင်က တစ်တွဲ နှစ်တွဲခွဲလည်ကြတာပေါ့။ ငါနဲ့ သန်းအောင်အတွဲက စိုင်အုပ်တစ်အုပ်တွေ့လို့ လိုက်ကြပြီး ငါက ပစ်လိုက်ရတယ်။ ငါပစ်လိုက်တဲ့အကောင်က ဒဏ်ရာနဲ့ သန်းအောင် တစ်နေတဲ့ သစ်ပင်နားက ဖြတ်အပြေး၊ သူကလည်း တစ်ချက်ပစ်လိုက်ရတယ်။

"သူပစ်လိုက်တဲ့ချက်က ဘယ်မှန်သွားသလဲ၊ အန်ကယ်မင်း။ အန်ကယ်မင်းပစ်တာကရော ဘယ်မှန်လို့ နေရာတင်မလဲတာလဲ"

စိုးသန်းအောင်က သိချင်ဇောနှင့် အမြန်ကြားဖြတ်မေးလိုက်ပါသည်။

"အမှန်အတိုင်းပြောရရင်တော့ သူပစ်တာ လုံးဝမမှန်ဘူးကွ၊ အန်ကယ်ပစ်တဲ့အချက်ကလည်း နောက်ပိုင်းကျလို့ မလဲဘူး။ အဲဒီဒဏ်ရာက ကျတဲ့သွေးကို သူပစ်တာ မှန်ပါတယ်လို့ ယူဆပြောနေလို့ ဘာမှပြန်မပြောတော့ဘဲ ဆက်လိုက်ခဲ့ကြတယ်"

"သူ့ပစ်ချက်လွဲတာက ဘယ်လောက်ဝေးလို့တုံး"

"ဘယ်လောက်ဝေးသလဲဆိုရင် ဖြတ်ပြေးသွားတဲ့အရှိန်က သူတောင် တင်သွားသေးသတဲ့ - ကျော်ကျော်ရ"

"အဲဒီလောက်နီးနီးလွဲတာတော့ လွန်တာပေါ့။ ဟုတ်ကဲ့ - ဆက်ပြောပါဦး - အန်ကယ်"

"အေး - ဆက်လိုက်ကြတော့ သူက ဆရာကြီးလေ၊ ရှေ့က သေနတ်အသားတားနဲ့ တွေ့ရင် သူပစ်မယ်ပေါ့။ လမ်းပြမှူဆိုးက မြက်တောထဲထိုးရောက်တော့ အတွေ့အကြုံရှိသူပီပီ အန္တရာယ်ကို ကြိုမြင်လို့ သူ့ကို

www.burmeseclassic.com

သေနတ်အရှိန်သင့် ဖြစ်ထားပြီး သတိရှိရှိသွားဖို့ သတိပေးပေမယ့် သူက မှုးအရေးမလုပ်၊ ရှေ့စိုက်တဲ့ပုံစံနှင့် ရှေ့ဆက်တိုးလိုက်တယ်။ အဲဒီအချိန် တလေးမှာပဲ မြတ်တောတွင်းက မြွန်းဆို သူ့ဆီကို နာမှတ်ပြီး ပြေးလာတိုက်တဲ့ စိုင်နာကို မပစ်နိုင်ဘဲ အံ့အားသင့်ပြီး ငှုကြီး ကြက်သေ သေနေလို့ ဇက် ရှုညည်ရဲ့ဆိုပြီး လယ်းပြမှုဆိုးက တွန်းလှဲလိုက်လို့ အသက်ဘေးက သီသီ ကလေး လွတ်သွားတယ်"

"အဲဒီအချိန်မှာ အန်ကယ်မင်းက မပစ်နိုင်ဘူးလား"

ဟု ဇော်ဇော်က အားမလိုအားမရဟန်နှင့် မေးချလိုက်ပါသည်၊

"ဘယ်ပစ်လို့ဖြစ်မှာလဲကွာ၊ သူတို့က ရှေ့က ခံနေတဲ့ ဥစ္စာ"

ကျွန်တော်က စကားကို ဆက်မပြောသေးဘဲ အာခြောက်ပြေစေရန် ဘီယာလက်ကျန်ကို မော့ချလိုက်သည်၊

"အင်း - အဲဒီတော့ - ဘယ်လိုဖြစ်ကုန်သလဲ - ဆက်ပါဦး - အန်ကယ်ရ"

ကျွန်တော်က ဘီယာခွက်ကိုပြန်ချရင်း - "အေး - သေနတ်တခြား လူ တခြား လဲသွားတဲ့ သန်းအောင်မှာ သေနတ်ကောက်ဖို့ ကမန်းကတန်း ထ,လိုက်တယ်ဆိုရင်ပဲ ဒေါထနေတဲ့ စိုင်နာကြီးက သန်းအောင်ကို နောက် တစ်ကျော့ပြန်တိုက်မလို့ လုပ်နေတုန်း အန်ကယ်က ပစ်လိုက်ရတယ်၊ ဒါတောင် - နောက်က ပစ်ရတာမို့ သေကွင်းမဟုတ်တော့ မလဲဘဲ တစ်ပတ် လည်လာပြီး အန်ကယ့်ကို ဦးတည်လိုက်ပြန်တယ်၊ ဒီတစ်ချီတော့ - ထိပ် တိုက်မို့ ဦးခေါင်းတည့်တည့်ကိုချိန်ပြီး အမြန်ဆုံး ပစ်လိုက်မှ ဗုန်းဗုန်းလဲကျ သေဆုံးသွားတော့တယ်၊

ဒီဖြစ်ရပ်ကိုမြင်တော့မှ သန်းအောင်တစ်ယောက် အမဲကြီးဖြစ်တဲ့ စိုင် အကြောင်း(မြောင်း မဟုတ်သေးဘူး)လက်တွေ့ ကြုံလိုက်ရပြီး စိုင်,မြောင် ဆိုတဲ့ အမဲကြီးသတ္တဝါတွေ ပစ်တာဟာ ကြက်,ငှက် ပစ်တာနဲ့ ဘာမျှမဆိုင်၊ အသက်နှင့်ရင်းပြီး သတ္တိရှိရှိ အထာသိသိ အတွေ့အကြုံပြည့်မှဆိုတာ ကောင်းကောင်း သဘောပေါက် လက်ခံသွားပြီး ငါတို့ကို ဇော်ဇော်တားတား ပြောမှား,ဆိုမှားရှိခဲ့တာ ခွင့်လွှတ်ပါဆိုပြီး တောင်းပန်သွားတယ်ကွ၊



အဲဒီအကြောင်းနဲ့ ပတ်သက်လို့ နောက်မျိုးဆက် မုဆိုးကလေးတွေ သိရအောင်၊ သင်ခန်းစာယူနိုင်အောင် (စိုင်,မြောင် ပစ်ဆိုရင် ဒိုးဆလဲ,တင်း ဆလဲ)ဆိုတဲ့နာမည်နဲ့ အန်ကယ် ဝတ္ထုရေးထားတယ်ကွ၊ ဖတ်ကြည့်ကြဦး ပေါ့"

"အေး - နောက်ဆုံးစကားတစ်ခု - မင်းတို့ကိုအန်ကယ်ပြောခဲ့မယ်၊ "လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေးရတယ်"ကွ၊ အဲဒီ လိုပဲ - မင်းတို့ - မုဆိုးကောင်းတွေဖြစ်ချင်ရင်တော့ အခြေခံက တစ်ဆင့်ချင်း တက်ပါ၊ အဆင့်မကျော်ချင်ပါနဲ့၊ အတွေ့အကြုံများများရှာပါ၊ ကိုယ့်ထက် ပါရင့်တဲ့ မုဆိုးကြီးတွေရဲ့စကား နည်းနာနိသျှတွေကို ချင့်ချိန်နာယူပြီး မှတ် သားလိုက်နာ၊ ကျင့်သုံးလုပ်ဆောင်ပါလို့ ပြောခဲ့ချင်တယ်၊ ကိုင်း - ဒါပါပဲ"

စကားဆုံးသည်နှင့် ကျွန်တော်စားပွဲက ထ,လိုက်သည်၊

"အန်ကယ်မင်းပြောသလို မုဆိုးကောင်းကြီးတွေဖြစ်အောင် ကြိုးစား သိုတ်မှာ ဆောင်ရွက်ပါမယ်လို့ ကတိပေးပါတယ်ဗျာ"

သုံးယောက်စလုံးက ရှင်းပြချက်ကို သဘောပေါက်ပြီး လိုလိုလားလား အတိပေးလိုက်ကြသည်၊

"အေး - အေး - အားလုံး - မုဆိုးကောင်း လူတော်ကြီးတွေ ဖြစ်ပါစေ လို့ - အန်ကယ် - ဆုတောင်းပေးခဲ့ပါတယ်ကွာ"

စကားဆုံးသွားသည်နှင့် သူတို့အပါးမှ ခွာခဲ့ပါတော့သတည်း။

➤ ရွှေလာသသား

www.burmeseclassic.com

www.burmeseclassic.com




# နောက်ဆုံးအောင်ပွဲ

ပြည်သူ့ရဲတစ်ဦး

သာမန်အရပ်သားတစ်ဦးအသွင်ဆောင်ကာ

မူးယစ်နှင့် လက်နက်မှောင်ခိုဂိုဏ်းကို တစ်ကိုယ်တော်

စွန့်စား၍ ဖော်ထုတ်လိုက်သောဇာတ်လမ်း ..

**ရခဝမြိုင်မှ** မြပုဏ္ဏမီး

ရခဝမြိုင်နယ်စပ်ရွာကြီး၊

ရခဝမြိုင်ရွာကြီးက အမည်နှင့် လိုက်အောင်ပင် စိမ့်ကြီးမြိုင်ကြီး၊ တောကြီးတောင်ကြီးတို့၏အလယ်တွင်ထီးတည်းကြီးတည်ရှိနေသောမြို့ဆန်ဆန်ရွာကြီးတစ်ရွာဖြစ်သည်။ ရွာကြီး၏ပတ်လည်တွင်မိုးထိတောင်ကြီးတွေအသွယ်သွယ်ဆင့်ကာ ရေတိုင်းကိုတားသည်။ နံနက်သည့် ချောက်ကြီးတွေက ဝိုင်းထားသည်။

လျှိုတွေ၊ မြောင်တွေ၊ စိမ့်တွေ၊ စမ်းတွေနှင့် ထုံးအိုင်ကြီးတွေ တောင်ကျချောင်းတွေကလည်း ပေါသည်၊ သစ်ကြီးဝါးကြီးတွေနှင့် သံလွင်ပင်တွေ၊ နီးပေပင်တွေ၊ ထင်းရှူးပင်တွေကလည်း မနေရာမလပ်။

ရခဝမြိုင်ရွာကြီး၏အမည်က ကဗျာဆန်သော်လည်း တကယ်တော့ တောင်မိုးများနှင့်အတူ မြူတွေ၊ နှင်းတွေ အမြဲအုံ့ဆိုင်းဝေမှိုင်းနေသော ရွာကြီးဖြစ်သည့်အတွက် ထာဝရအေးခဲနေသဖြင့် သာယာလှသည့်တော့ သွားတတ်လှပေ။

www.burmeseclassic.com

တစ်ဖက်နိုင်ငံနှင့် တောင်ကုန်းတစ်ခုသာ ခြားပြီး တောင်ကြားလမ်းလေးတ ခြားနေသည်။ နယ်စပ်မြို့ကို ထိုတောင်ကြားလမ်းမှသွားလျှင် နာရီဝက်နီးနီးသွားလျှင် ရောက်နိုင်သည်။ သို့သော် - ပြည်မနှင့်ကတော့ လမ်းပန်းတ မချောင်ချိ မလွယ်ကူလှ။ တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီးမှ ခက်ခဲစွာ သွားလာကြရသည်။ အကြောင်းကိစ္စရှိသူများ၊ တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သူများ၊ ကျွဲ၊နွား၊ မှောင်ခိုနှင့် တရားမဝင်ပစ္စည်း သယ်ယူပို့ဆောင်သူများသာ ရောက်လာတတ်သောရွာကြီး ဖြစ်သည်။

ရွာကြီးကလည်း "ရဝေမြိုင်" ဟူသည့်အမည်နှင့်လိုက်အောင်ပင် တောအထပ်ထပ်၊ တောင်အထပ်ထပ်ပေါ်၌ တည်ထားသည့်ရွာကြီးဖြစ်သဖြင့် အလွှာလိုက်၊အတန်းလိုက် သစ်ပင်တောအုပ်တို့အကြား မညီမညာ၊မပြန့်မပြူး နိမ့်လိုက်မြင့်လိုက်ဖြစ်နေသောရွာကြီး ဖြစ်၏။

ရွာကြီး၏အလယ်၌ ပစ္စည်းမျိုးစုံရောင်းဝယ်သော ဈေးတန်းကြီးရှိသည်။ ပြည်မက တရားမဝင် ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများ၊ တစ်ဖက်နိုင်ငံမှ အခွန်လွတ်ပစ္စည်းများ ပစ္စည်းတွေက စုံသည်။ အထူးသဖြင့်တော့ - ဘိန်းအပါအဝင် မူးယစ်ဆေးဝါးမှန်သမျှ လွတ်လပ်စွာ ရောင်းဝယ်နေကြသည်။ ဈေးကပွဲဈေးတန်းတမျှ စည်ကားသည်။

ဈေးကွက်တန်းကြီးကို ပတ်ထားသော ဈေးပတ်လမ်းကြီး၏ တစ်ဖက်မှာတော့ စားသောက်ဆိုင်တွေက အစီအရီ၊ လက်ဖက်ရည်ဆိုင်၊ မြန်မာ - တရုတ်တိုင်း ကြိုက်ရာအစားအစာတွေ စားသောက်နိုင်သည့် ထမင်းဆိုင်၊ အရက်အမျိုးမျိုးရောင်းသောစားသောက်ဆိုင် စသည်ဖြင့် ဆိုင်တွေတလည်းအတန်းလိုက်၊ အထူးသဖြင့်တော့ - မိုးရိုးစားသောက်ရသည့်ဆိုင်တွေကနည်းပြီး အရက်အမျိုးမျိုးနှင့် တွဲဖက်ရောင်းသည့်ဆိုင်တွေက များသည်။ ဆိုင်တိုင်းလိုလို၌ ဒေသထွက်ချက်အရက်၊ ပြည်ပမှလာသောအရက်၊ နိုင်ငံခြားဖြစ်အရက် လိုချင်တာရသည်။

နံနက်ခင်း၊ နေ့လယ်ခင်း စားသောက်ချိန်များနှင့် ညနေစင်း နေဝင်ရီတရောအချိန်ဆို ဆိုင်တိုင်း၌ လူတွေက စည်နေတတ်သည်။ ဝင်တိုးထွက်



အပြင် ဆိုင်၌ ဖိမ်ခံစားသောက်သူများကြောင့် တိုးမပေါက်ချင်။

ထိုအထဲ၌ ဆိုင်အဝင်ဝ်ဘီခါး၏အထက်တွင် ဆေးရောင်စုံများနှင့် လှပစွာ ရေးထားသော "မြပုဏ္ဏမီ" ဟူသည့် ဆိုင်းဘုတ်ကလေးချိတ်ထားသည့် ဆိုင်က ပိုစည်သည်။ ညနေစောင်းဆို ဆိုင်ထဲ၌ ထိုင်စရာမရှိလောက်အောင် ဖြစ်၏။ ဆိုင်ဘေးရှိသစ်ပင်များတွင်လည်း ရပ်ဝေးခရီးသည်များ၏မြင်းတွေ၊ လားတွေ၊ ဝန်တင်ကုလားအုပ်တွေက အပြည့်။

စားသောက်ဆိုင်တို့၏ မလေ့အရ ယမကာလေးတွေ ထွေလာလျှင် စကားတွေ သွက်လာတတ်ကြသည်။ အလုပ်ဖြစ်လွယ်တတ်ကြသည်။ အချို့ရမ္မက်အရှိန်နှင့် ရစ်တစ်တစ် လုပ်တတ်ကြ၏။ အခန့်မသင့်လျှင် ရန်ပွဲများ ဖြစ်တတ်ကြသည်။

သို့သော် - "မြပုဏ္ဏမီ" ကတော့ မည်သည့်အခါမျှ ထိုသို့မဖြစ်။ မြပုဏ္ဏမီ၌ လိုချင်တာရသည်။ အလိုရှိသမျှ အေးအေးဆေးဆေး စားသောက်သုံးဆောင်မှီဝဲနိုင်သည်။ အားလုံးက ငြိမ်းအေးကြသည်။ ဒီဆိုင်က မည်သည့်အခါမျှ ဆူဆူညံညံ မဖြစ်ခဲ့စဘူး။

မြပုဏ္ဏမီဆိုင်ရှင်ကလည်း မည်သည့်နည်းနှင့်မျှ ဒီလိုအဖြစ်မျိုး လက်မခံ။

လာရောက်စားသောက်ကြသူတွေကလည်း မြပုဏ္ဏမီနှင့် ရင်းနှီးသူတွေ ထိတွေ့ဆက်ဆံဖူးသူတွေက များသည်။ လူစိမ်း၊သူစိမ်းဆိုလည်း ဒေသခံတစ်ဦးတစ်ယောက်မပါလျှင် မြပုဏ္ဏမီက လက်မခံ။ ရဝေမြိုင်၌ မြပုဏ္ဏမီကို လူတိုင်းလေးစားကြ၏။

မြပုဏ္ဏမီ၏အရှင်သခင်က စိုင်းဝဏ္ဏဖြစ်သည်။

စိုင်းဝဏ္ဏဆိုသည်က အသက် (၅၀) ပတ်ဝန်းကျင်ရှိ ရှမ်း - ဗမာကပြား မြန်မာနိုင်ငံသားဖြစ်သည်။ အဖေက ဗမာ၊အမေက ရှမ်း။

အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်က တောင့်တောင့်၊ အရပ်မြင့်မြင့်၊ သန်မာထွားကျိုင်းပြီး မျက်နှာမျက်လုံးကောင်းကောင်း၊ နှုတ်ခမ်းမွေးမှုင့်နှင့် ချောလှခန့်တစ်ယောက်ဖြစ်သည်။ အသက်ထောက်လာပြီဖြစ်သည့် အရွယ်ရောက်သော်လည်း လူက သန်မာဖျတ်လတ်တုန်း။

www.burmeseclassic.com

စိုင်းဝဏ္ဏက ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည်၊ တစ်ဖက်နိုင်ငံနယ်စပ်မြို့တစ်ပိုက်နှင့် ရခေမြိုင်ပတ်ဝန်းကျင်၌ သူ့ဩဇာတိက္ကမက ကြီးသည်၊ အသိုင်းအဝန်း၊ အခြေအရံပေါသည်၊ သို့ကြောင့် မည်သူမျှ စိုင်းဝဏ္ဏပိုင်မြပုဏ္ဏမီ၌ မရစ်ရဲကြ၊ ကလန်ကဆန်ဖြင့် ဆူဆူပူပူ မလုပ်ရဲကြ၊ လုပ်လာလျှင်လည်း စိုင်းဝဏ္ဏက လက်မခံ၊ စိုင်းဝဏ္ဏမကြိုက်လို့ မျက်စောင်းတစ်ချက်ထိုးလိုက်လျှင် စိုင်းဝဏ္ဏ၏ မျက်စောင်းအထိုးခံရသူတိုင်း တစ်နည်းနည်းဖြင့် ဒုက္ခရောက်သွားတတ်ကြ၏၊

ဒီရခေမြိုင်ရွာကြီးသို့ ရောက်လာကြသူတိုင်း မြပုဏ္ဏမီနှင့် တနည်းနည်းဆက်စပ်နေတတ်ကြ၏၊ မြပုဏ္ဏမီက တစ်နိုင်ငံနှင့်တစ်နိုင်ငံ တရားမဝင်ကူးသန်းရောင်းဝယ်ရေး အချက်အချာနေရာလိုလည်း ဖြစ်နေသည်၊ အရောင်းအဝယ်ကိစ္စ တစ်ဖက်နိုင်ငံသို့ သွားလာရေးကိစ္စတို့၌ မြပုဏ္ဏမီက ဝန်ဆောင်မှုပေးနိုင်သဖြင့်လည်း တစ်နည်းအားဖြင့် ရခေမြိုင်သို့ ရောက်သူတိုင်း မြပုဏ္ဏမီသို့ မလာဘဲ မနေနိုင်ကြချေ၊

. . . ☪ . . .

'တစ်ယောက်တည်းရောက်လာသည့် ဧည့်သည်မျက်နှာမိမိ'

မြပုဏ္ဏမီစားသောက်ဆိုင်၌ ညနေ (၃)နာရီလောက်ကတည်းကစပြီး လူတွေက ဝင်တိုးထွက်ဖြင့် တိုးမပေါက်လောက်အောင် စည်နေပြီ၊

စားသောက်ဆိုင်ဟု ဆိုသော်လည်း ဆိုင်က သာမန်စားသောက်ဆိုင်မျိုးမဟုတ်၊ ဆိုင်၏အဝန်းအဝိုင်းက ကျယ်ဝန်းလှသည်၊ ဆိုင်ရှေ့၌ ဧည့်ကြိုဆောင်ရှိပြီး အတွင်းဝင်လိုက်သည်နှင့် ခန်းမကျယ်ကြီး ရှိသည်၊ ခန်းမကြီး၏ဘေးဘယ်ညာ၌ လိပ်ပြာတောင် သစ်သားတံခါးတပ် အခန်းလေးတွေက အစီအရီရှိသည်၊

အခန်းတိုင်းကို ထိုင်းနိုင်ငံလုပ် စားပွဲကြီးများနှင့် အိစက်ညက်ညောသော ဆိုဖာကြီးတွေ၊ လေအေးစက်တွေ၊ တီဗွီတွေ၊ အောက်စက်တွေ၊ ကိုယ်လုံးပေါ်မှန်ကြီးတွေနှင့် သားသားနားနား ပြင်ဆင်ထားသည်၊ မည်သူမဆို ဖိမ့်ခံစားသောက်နိုင်ကြသည်၊ ထိုသို့ စားသောက်ကြရင်းမှလည်း အရောင်းအဝယ်ကိစ္စ၊ အပေးအယူကိစ္စများ ပြုလုပ်နိုင်ကြသည်၊ တိုင်ပင်ဆွေးနွေးနိုင်ကြသည်၊

အထူးဧည့်သည်များအတွက်မူ မြပုဏ္ဏမီ၏နောက်ဘက်၌ သီးသန့်ဆောင်များ ဖွဲ့ထားသည်၊ ထိုအဆောင်များ၌တော့ အိပ်စင်များပါ ထည့်ပေးထား၏၊ လိုအပ်လျှင် အနိုပ်ခန်းများအဖြစ်လည်း အသုံးပြုနိုင်သည်၊ ညအိပ်ညနေ တည်းခိုလိုသူများအတွက်လည်း "တည်းခိုခန်း" အဖြစ် အသုံးပြုနိုင်၏၊

ယနေ့ ဆိုင်၌အစောကတည်းက အခန်းများပြည့်သွားသည်၊ နောက်မှရောက်လာကြသူများအတွက် ခန်းမကြီးထဲရှိ စားပွဲဝိုင်းများသာ ကျန်တော့သည်၊ ထိုစားပွဲဝိုင်းများတွင်သာ နေရာယူ စားသောက်ကြရသည်၊

တစ်ဆိုင်လုံး စားကြသောက်ကြသူများ၊ ဝိတ်တာများဖြင့် လှုပ်လှုပ်ရှုရှုဖြစ်နေ၏၊ ဧည့်ကြိုလေးများကလည်း ကိုယ်မအား၊ နှုတ်မအား လှုပ်ရှားနေကြရသည်၊

ထိုစဉ် မန်ကျည်းနှစ်ရောင် မြင်းကြီးကို ရွာကြီး၏ တစ်ဖက်ထိပ်မှ ဆိုင်အက်သို့ ဒုန်းစိုင်းစီးလာသူတစ်ယောက် ရောက်လာသည်၊ ဆိုင်ရှေ့ရောက်သည်နှင့် မြင်းဇက်ကြိုးကို ဆွဲသတ်လိုက်ရာ မြင်းကြီးက ချာလပတ်လည်သွားပြီး ပတတ်ရပ်၍ တဟီးဟီး ဟီလိုက်၏၊

"ဟီး - ဟီး - ဟီးဟီး - ဟီးဟီး"

မြင်းဟီသံကြောင့် မြပုဏ္ဏမီဆိုင်ရှေ့ခန်း၌ ဧည့်ကြိုနေသူများက မျက်ဝန်းများ ကဲကြည့်လိုက်ကြသည်၊ အသက် (၃၀) အရွယ်ခန့် အရပ်မြင့်မြင့် ဗလကောင်းကောင်း၊ အသားလတ်လတ်နှင့် သားသားနားနား လူတစ်ယောက်၊ ဂျင်းဘောင်းဘီရှည် UK လုပ် ဆွယ်တာအင်္ကျီ၊ U.S.A မှလာသည့် ဆွဲချာကင်ကြီးကိုဝတ်လို့ အမှတ်တမဲ့ ကြည့်လိုက်လျှင် အင်္ဂလိပ်ရုပ်ရှင်ထဲမှ ကောင်းဘွိုင်မင်းသားလိုလို၊ ဘာလိုလို၊ ကျောမှာတော့ - ရှော့သိုးအိတ်ကြီးတစ်လုံး ပိုးထားသေးသည်၊

www.burmeseclassic.com

ညွှန့်ကြိုးလေးများ ကြည့်နေစဉ်ပင် ထိုသူက ဘေးပတ်ဝန်းကျင်နှင့် ဆိုင်ဘက်တစ်ချက် လှမ်းကြည့်လိုက်ပြီး မြင်းပေါ်က လွှားခနဲ ခုန်ဆင်းလိုက်သည်။ ထို့နောက်မြင်းကို မိုးမခပင်ကြီး၏အကိုင်းတွင် ချည်လိုက်ကာ ဆိုင်ဘက်သို့ တစ်ဆယ့်ရှစ်လက်မခန့် ခြေလှမ်းတွေနှင့် မှန်မှန်လျှောက်လှမ်းလာသည်။

ဆိုင်ပေါက်ဝရောက်တော့ ညွှန့်ကြိုကောင်လေးနှစ်ယောက်က ဆိုင်ပေါက်ဝမှ တစ်ဖက်တစ်ချက်ရပ်ပြီး ဆီးတားလိုက်ကြသည်။

"သည်းခံပါ - အစ်ကို"

ကောင်လေးတစ်ယောက်က ပြောလိုက်သည်။

ညွှန့်သည်က -

"ဒါ - စားသောက်ဆိုင် မဟုတ်လား။ စားသောက်ဆိုင်ထဲ စားဖို့သောက်ဖို့ ဝင်လာတဲ့သူကို မင်းတို့ တားပိုင်ခွင့်ရှိသလား"

ဟု ပြန်မေးလိုက်၏။

ထိုအခါ ညွှန့်ကြိုကောင်လေး နောက်တစ်ယောက်က -

"စိတ်မရှိပါနဲ့ ခင်ဗျာ။ ဒီဆိုင်ရဲ့ ထုံးစံက ဒေသခံတစ်ယောက်ယောက် ဒါမှမဟုတ် အသိမိတ်ဆွေတစ်ယောက်မပါရင် သူစိမ်းညွှန့်သည်ကို လက်ခံပိုင်ခွင့် မရှိလို့ပါ"

ဟု ရှင်းပြလိုက်သည်။

"ဟေ - မင်းတို့ဆိုင်က တော်တော်ဆန်းတာပဲ။ ဈေးဆိုင်ဆိုတာ သိတဲ့လူမှ ရောင်းရတဲ့ထုံးစံလို့ မင်းတို့ဆိုင်ကျမှ ထူးထူးဆန်းဆန်း ကြားရတယ်။ ဒါပေမဲ့ - ငါကတော့ မရဘူး။ ဗိုက်ဆာလာတယ်ကွ"

လိုက်ပို့ရင်း ညွှန့်သည်က ပြောလိုက်၏။ ထိုအခါ ညွှန့်ကြိုကောင်လေး နောက်တစ်ယောက်က -

"ဒါဖြင့်ရင်လဲ - ခဏတော့ သည်းခံပါဦး"

ဟု ဆိုပြီး ဆိုင်ကြီး၏အတွင်းခန်းဘက် ခပ်သွက်သွက်ဝင်သွား[illegible] ပြန်ထွက်လာတော့ သူ့နောက်၌ မြပဉ္စမီဆိုင်ပိုင်ရှင် စိုင်းဝဏ္ဏ ပါလာသည်။

စိုင်းဝဏ္ဏက ညွှန့်သည်ကို အကဲခတ်သလို ခြေဆုံးခေါင်းဆုံးကြည့်ရင်း



"မင်းလား" ဟု ဆိုင်းမဆင့် ဘုံမဆင့် ကောက်ကာငင်ကာ မေးလိုက်၏။

ညွှန့်သည်က ကိုယ်ကို အနည်းငယ်ညွှတ်ပြီး -

"ဟုတ်ပါတယ် - ဒါထက် - ဘာဖြစ်လို့ ဒီဆိုင်က သူစိမ်းညွှန့်သည်ကို အဝင်မခံရတာလဲ"

ဟု မေးလိုက်၏။

"ဒီမေးခွန်းမေးခြင်းအားဖြင့် မင်းက ဒီနယ်မြေအကြောင်း လုံးဝမသိသူတစ်ယောက်ဖြစ်နိုင်တယ်။ ဒီတော့လည်း - စိတ်ရှည်လက်ရှည် ရှင်းပြရတာပေါ့"

"ဟုတ်ကဲ့ - နားထောင်ပါရစေ"

"ဒီလိုကွ - တို့ - ဒီနယ်က နယ်သုံးနယ်ရဲ့အစပ်မှာ ဖြစ်နေတဲ့အတွက် အုပ်ချုပ်ရေးက အလှမ်းဝေးနေတယ်။ တို့နယ်မှာ တို့နယ်ခံလက်နက်ကိုင်တွေကပဲ ဖြစ်သလို အုပ်ချုပ်နေကြတာ။ လုယက်ဓားပြတွေကလည်း ပေါတယ်။ မငြိမ်းချမ်းဘူး။ ဓားပြတိုက်မှာ၊ လူသတ်မှာ၊ လုယက်မှာ စိုးနေရတယ်။ ဒါကြောင့် - သူစိမ်းတရံစာဆို လက်မခံတာ - ရှင်းပြီလား။ ဒီလောက်ဆိုနားလည်လောက်ပါပြီ"

စိုင်းဝဏ္ဏက ထိုသို့ ရှင်းပြပြီးသည်နှင့် ညွှန့်သည်ကို မနှစ်မြို့စွာ ကြည့်[illegible]၏။

ညွှန့်သည်က မသိမသာ နှုတ်ခမ်းလေးတစ်ဖက် တွန့်လိုက်သည်။ [illegible]တ် -

"ရှင်းပါပြီဗျာ။ ဒါဆိုလဲ - ကျွန်တော် ဆိုင်ထဲမဝင်တော့ပါဘူး။ ဟို - မိုးမခ[illegible]အောက်မှာပဲ နေပါ့မယ်။ ကျွန်တော့်ကို ဝက်သားပေါက်စီတစ်လုံး [illegible]တင်တစ်ပွဲနဲ့ ရက်လေဘယ်တစ်လုံးပေးပါ"

[illegible] အသနားခံသလိုပြောရင်း မှာလိုက်သည်။

[illegible]ခဏ်မှာပင် ဆိုင်ထဲက လူတစ်ယောက်ထွက်လာ၍ ၎င်းတို့ကြားဝင်[illegible]ပြီး ဆိုင်ရှင်ကို -

"ဒါ - ကျွန်တော့်မိတ်ဆွေပါ။ ကျွန်တော် - ဒီမှာရှိတာ မသိလို့ နေ[illegible]လိမ့်[illegible]အတွက် တာဝန်ယူပါတယ်"

www.burmeseclassic.com

ပြောလိုက်သည်။

ဒီတော့ - စိုင်းဝဏ္ဏ ဘာမျှမပြောတော့ဘဲ အတွင်းခန်းဘက် ပြန်လှည့်ဝင်သွားသည်။

ဆိုင်ထဲမှ ထွက်လာသူက ညွှန့်သည်ကို -

"အထဲကိုဝင်"

ဟု ပြောလိုက်ပြီး ဆိုင်ထဲ ပြန်ဝင်သွားသဖြင့် ညွှန့်သည်လည်း ထိုသူ၏ နောက်မှ လိုက်ခဲ့လေ၏။ ထိုသူကို ကျေးဇူးတတင်လည်းဖြစ်သွားသည်။

. . . ☪ . . .

ယုံရခက်ခက် . . .

ဆိုင်ထဲရောက်သည်နှင့် ထိုသူက သူယူထားသည့် အခန်းထဲ ခေါ်ခဲ့သည်။ နှစ်ယောက်သား ထိုင်မိကြသည်နှင့် လိပ်ပြာတောင်ပံတံခါးလေးက အလိုလို ပြန်ပိတ်သွားလေသည်။

"ကဲ - ညီလေး - စားချင်တာတွေ မှာပါ။ အစ်ကိုကတော့ အတော်လေး အဆင်ပြေသွားပြီ"

ထိုသူက ပြောလိုက်သဖြင့် ညွှန့်သည်က စောစောက မှာသလိုပင် ဝက်သားပေါက်စီတစ်လုံး၊ ဝက်နံကင်တစ်ပွဲနှင့် ရက်လေဘယ်တစ်လုံးဟု ပြောလိုက်၏။ ညွှန့်သည်စကားဆုံးသည်နှင့် ထိုသူက စားပွဲကြီးတွင် တပ်ထားသောမိုက်မှ စလုတ်ကလေးကို ဖွင့်လိုက်ကာ -

"ဝက်သားပေါက်စီ၊ ဝက်နံကင်၊ ရက်လေဘယ်ဝမ်း"

ဟု ခပ်တိုးတိုး အော်လိုက်ပြီး စလုတ်ကို ပြန်ပိတ်လိုက်သည်။ ညွှန့်သည်က ကြိုးမဲ့အဝေးစနစ်ဖြင့် စကားပြောရအောင် စီမံထားပုံကို စိတ်ဝင်တစား ကြည့်နေရင်း တစ်စုံတစ်ရာကို တွေးနေလိုက်သည်။

သိပ်မကြာလိုက်၊ လိပ်ပြာတောင်တံခါးလေး ပွင့်သွားပြီး စိတ်တာလေး တစ်ယောက် ဝင်လာကာ မှာကြားထားသည့် စားသောက်စရာများ လာချပေးသည်။ နောက် -

"လိုတာရှိ အားမနာပါနဲ့ ခင်ဗျာ"

ဟု ဆို၍ ခါးတစ်ချက်ညွှတ် အရိုအသေပေး ပြန်ထွက်သွားလေသည်။



"ကဲ - ညီလေးစား - အားမနာနဲ့။ အစ်ကိုက ညီလေးကို မိတ်ဖြစ်ကျွေးတာ"

ဟု ထိုသူက ပြောရင်း -

"ဒါထက် - ညီလေးနာမည်လေး တဆိတ်လောက် သိပါရစေ။ အစ်ကို နာမည်ကတော့ တောကျော်လို့ခေါ်တယ် - မှတ်ထားပေါ့။ ညီလေးနာမည်လေး - ပြောပါဦး"

ဟု မေးလိုက်သည်။

ထိုအခါ ညွှန့်သည်က ရက်လေဘယ်ကို ဖွင့်ရင်း -

"ဪ - ဟုတ်ပါရဲ့။ ကျွန်တော့်နာမည်မှ မပြောရသေးတာ။ ကျွန်တော့်နာမည်က ထိန်လင်းအောင်ပါ - အစ်ကို။ စနေသားပေါ့။ ဒါပေမဲ့ - အစ်ကို အခုနေနဲ့ ကျွန်တော့်နာမည်ရှည်တယ်ထင်ရင် မောင်ထိန်လင်းလို့လဲ ခေါ်ရပါတယ် - အစ်ကို"

ဟု ပြန်လည်မိတ်ဆက်ရင်း ပြောပြလိုက်သည်။

"အေးပါ - ညီရာ။ ညီ့ကို အခုလို တွေ့ရတာ ဝမ်းသာပါတယ်။ အစ်ကို့ကို အစ်ကိုတစ်ယောက်လို သဘောထားပါ"

"ဟုတ်ကဲ့ပါ - အစ်ကို။ ကျွန်တော့်ကိုလဲ ညီလေးအရင်းလို အောက်မေ့ပါ ခင်ဗျာ။ ဒီရဝေမြို့မှာ အသိဆိုလို့ ခုလို မမျှော်လင့်ပဲတွေ့ရတဲ့ အစ်ကိုက လွဲပြီး ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ မရှိပါဘူး"

"ဟာ - အဲဒီအတွက် မပူနဲ့။ စိတ်ချ - ညီလေး - စိတ်ချ။ အစ်ကိုက ညီလေးကို မြင်မြင်ချင်း ကိုယ့်ညီလေးအရင်းလိုပဲ ခင်တာပါ။ ဒါကြောင့် - ခဏအပြင်ထွက်ရင်း ညီလေးနဲ့ ဆိုင်ရှင်အချီအချ ပြောဆိုနေကြတာမြင်လို့၊ ဒီဆိုင် အကြောင်းသိတဲ့အတွက် အစ်ကိုထွက်လာပြီး ညီလေးဟာ ကိုယ့်မိတ်ဆွေပါလို့ပြော၊ တာဝန်ယူလိုက်တာပေါ့။ အစ်ကိုနဲ့က ဒီဆိုင်က လူရင်းတွေ ဖြစ်နေကြပြီလေ"

တောကျော်က ညွှန့်သည် ထိန်လင်းအောင်ကို ရှင်းပြလိုက်၏။

"စပ်စုတယ်တော့ မထင်ပါနဲ့ - အစ်ကို။ ကိုယ့်အစ်ကိုတစ်ယောက်အနေနဲ့ သိသင့်တယ်ထင်လို့ မေးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်ကွာ - မေးပါ၊ ဘာလဲ - မင်းမေးမယ့်မေးခွန်းတွေက အစ်ကိုက ဘယ်မှာနေသလဲ၊ ဘာအလုပ်လုပ်သလဲ၊ ဘာကိစ္စ ဒီဆိုင်ကို လာသလဲ ဆိုတာတွေ မဟုတ်လား"

ထိန်လင်းအောင်က တစ်ချက်မျှ ပြုံးရင်း -

"ဟုတ်တယ် - အစ်ကို၊ အစ်ကိုက ကျွန်တော်မေးမယ့် မေးခွန်းတွေ ကြိုသိနေတာပဲ၊ တန်တော့ - အစ်ကို အကြားအမြင်ရတယ် ဖြစ်ရမယ်"

ဟု ပြောရင်း ရက်လေဘယ်ကို တမြုံမြုံ စုပ်ချလိုက်သည်၊

ထိုအခါ တောကျော်က ခပ်ဟက်ဟက်လေး ရယ်လိုက်သည်၊

"အစ်ကိုနေတာက ဒီရဝေမြို့ရွာမှာပါပဲ၊ အလုပ်ကတော့ - ညီလေး သိအောင်ပြောရရင် - ဒီနယ်မြေ ဒီဒေသရဲ့ ထုံးစံအတိုင်း အခြေအနေအရ ကြည့်ပြီး ကြုံရာလုပ်ရတာပေါ့၊ ဒီဆိုင်လာရတာကတော့ ဒီဆိုင်မှာ ဦးနောက်ဆေးတယ်လေ၊ တစ်ခါတလေ ဦးနောက်ဆေးရင်း အလုပ်ဖြစ်တာတွေလဲ ရှိတယ်"

"ခုလို သိရတာ ဝမ်းသာပါတယ် - အစ်ကို"

"နေဦး - ငါ့ညီက ငါတော့ မေးပြီးပြီ၊ မင်းကကော ဘယ်မှာနေလဲ၊ ဘာအလုပ် လုပ်သလဲ၊ ဒီကို ဘာကိစ္စလာသလဲ၊ အလည်ပဲလား - ပြောဦးလေ"

တောကျော်က ပြန်မေးလိုက်သည်၊

"ကျွန်တော်က ဧရာဝတီတိုင်းဘက်ကပါ - အစ်ကို၊ အလုပ်အကိုင်ကတော့ အရင်က ရုံးတစ်ရုံးမှာ စာရေးအဖြစ် လုပ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ - ရတဲ့လခနဲ့ စားဝတ်နေရေးနဲ့ ဘယ်လိုမှ မမျှလို့ အလုပ်ကထွက်ပြီး အရောင်းအဝယ်လေး၊ ဘာလေး လုပ်ပါတယ်၊ ခုလဲ - အဲဒီကိစ္စအတွက် ဒီကိုရောက်လာတာပါ၊ အလည်သက်သက်တော့ မဟုတ်ပါဘူး၊ အလုပ်ကလေးအဆင်ပြေရင်လဲ လုပ်မယ်ပေါ့ - အစ်ကိုရာ"

ထိန်လင်းအောင်က သူရဝေမြို့ကို လာခဲ့ရသည့်အကြောင်း ရှင်းပြလိုက်၏၊

"နေဦး - နေဦး၊ ဒါဆို - မင်းက ဘာအလုပ် လုပ်မယ်လို့ စိတ်ကူးထားသလဲ၊ ဒီနေရာက ရုပ်ရှင်မင်းသားတို့ အဆိုတော်တို့တော့ လုပ်မရဘူးနော်၊



ဒီနေရာမှာက ကျားမြေပဲ"

တောကျော်က ထိန်လင်းအောင်ကို အကဲခတ်သလို ကြည့်ရင်းပြောလိုက်သည်၊ တောကျော်စကားဆုံးတော့ ထိန်လင်းအောင်က ပခုံးနှစ်ဖက် တွန့်လိုက်၍ သဘောကျစွာရယ်ရင်း -

"ကျွန်တော် သဘောပေါက်ပါတယ် - အစ်ကို၊ ကျွန်တော်ကလဲ ရုပ်ရှင်မင်းသားတို့၊ အဆိုတော်တို့ လုပ်ရအောင် လာတာမဟုတ်ပါဘူး၊ ငွေရမယ့် အလုပ်မှန်ရင် လုပ်မှာပါ"

ဟု ပြောလိုက်သည်၊

တောကျော်က ခေါင်းတဆတ်ဆတ်ညိတ်၍ ထိန်လင်းအောင်ကို ကြည့်နေလိုက်၏၊

အပြင်တွင် အတော်မှောင်နေချေပြီ၊ လသာရက်ဖြစ်သော်လည်း တဖြောက်ဖြောက်နှင့် ဝေနေအောင်ကျနေသော ထူထပ်သိပ်သည်းသည့် နှင်းမှုန်တို့အကြား လရောင်က ထင်လင်းပြတ်သားစွာ မထိုးဖောက်နိုင်သဖြင့် မပီဝိုးတဝါး နိုင်လှပေ၏၊

ဂျပန်လုပ် မီးစက်ကြီး၏ကျေးဇူးကြောင့် နှင်းမှုန်တို့အကြားမှ အလင်းရောင်ဖျော့ဖျော့ဖြင့် မြပုဏ္ဏမီကို မြင်နိုင်သေးသော်လည်း ညတစ်ချက်ထိုးလောက်တွင်မူ မြပုဏ္ဏမီက တိတ်ဆိတ်အိပ်မောကျစပြုလာပြီဖြစ်ပေသည်၊ သည်တော့မှ - တောကျော်နှင့် ထိန်လင်းအောင်လည်း ဆိုင်မှထွက်ခဲ့လေသည်၊

ထိုညက ထိန်လင်းအောင် တောကျော်၏အိမ်သို့ လိုက်ခွင့်ရခဲ့သည်၊ တောကျော်၏အိမ်မှာ မြပုဏ္ဏမီစားသောက်ဆိုင်နှင့် တစ်လမ်းသာခြားပြီး တောအုပ်ကလေးတစ်ခု၏အလယ်တွင် ရှိပေသည်၊ အိမ်က မမြင့်သော်လည်း သုံးပင်နှစ်ခန်းရှေ့နှံနောက်ဆောင်တွဲတို့နှင့် သားသားနားနား မြေထိုက်ကလေးဖြစ်၏၊

တောကျော်၏အိမ်က အိမ်သားဟူ၍ တောကျော်တစ်ယောက်သာရှိသဖြင့် လွတ်လွတ်လပ်လပ်ရှိပေသည်၊ ထိန်လင်းအောင် ရက်လေဘယ် အရှိန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် တစ်ရေးအိပ်ပျော်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိန်လင်းအောင် အိပ်ရာကနိုးတော့ နံနက် (၉) နာရီလောက်ပင် ရှိပေပြီ။ သို့သော် ထာဝစဉ် ဝေမှိုင်းနေတတ်သော တောင်စိုးတို့နှင့် နှင်းမှုန်တို့ကြောင့် နေကိုတော့ ကောင်းစွာ မမြင်ရပေ။

"အော် - ငါ့ညီ - နိုးပြီကိုး"

ထိန်လင်းအောင် အိပ်ရာက ထထချင်း တောကျော်က နှုတ်ဆက်လိုက်သည်။ ထို့နောက် -

"ငါ့ညီကို ဝမ်းသာစရာပြောရဦးမယ်"

ဟု ဆိုလိုက်သည်။

"ဟုတ်ကဲ့ - ပြောပါ - အစ်ကို"

"မင်း မနိုးခင် - ငါ - မင့်အတွက် အလုပ်သွားပြောတယ်၊ အဆင်ပြေတယ်ကွ၊ ဒီနေ့ပဲ - မင်း အလုပ်စ,ဝင်ရမယ်"

"ဘာအလုပ်လဲ - အစ်ကို"

"ငွေရမယ့်အလုပ်ပေါ့ - ငါ့ညီရာ၊ မင်းပဲ ငွေရမည့်အလုပ်မှန်ရင် လုပ်မယ်လို့ ငါ့ပြောတယ် မဟုတ်လား။ မင်းအလွှမ်းသင့်လို့ရတာမောင်၊ အလုပ်ရဖို့က မလွယ်ဘူး၊ လုပ်ငန်းရှင်သူဌေးက လူတိုင်းကို ယုံတာမဟုတ်ဘူး"

"ဝမ်းသာပါတယ် - အစ်ကို၊ အစ်ကို့ကို ကျေးဇူးလည်း တင်ပါတယ်"

ထိန်လင်းအောင်က ကျေးဇူးတင်စကားဆိုရင်း ကိုယ်လက်သန့်စင်ရန် အိမ်နောက်ဘက်သို့ ထွက်ခဲ့လေသည်။

. . . ☪ . . .

'ဘယ်သို့ပုံမှန်၊ ရှုံမြိုင်လေး'

သန့်စင်ခန်းက အိမ်နှင့်ကိုက် (၅၀) လောက် ဝေးပြီး နဘူးချုံတို့၏အလယ်တွင်ရှိကာ မိုးမခပင်ကြီးတွေက ပတ်ဝိုင်းထားလေသည်၊ အပြင်က သာမန်အားဖြင့် မမြင်ရချေ။ အမှတ်တမဲ့ မိုးမခတောကြီးနှင့် နဘူးချုံကြီးဟု သာ ထင်ရလေ၏။ အိမ်နှင့် သန့်စင်ခန်းသွားသော လမ်းလေးကတော့ ဖြူးနေ၏။

ထိန်လင်းအောင်လည်း ထိုလမ်းလေးအတိုင်း ခပ်ဖြည်းဖြည်း လျှောက်ခဲ့သည်။



သန့်စင်ခန်းရောက်ဖို့ ငါးလှမ်းစာလောက်အလိုတွင် မိုးမခပင်ကြီးနှစ်ပင်က သန့်စင်ခန်းသွားလမ်းလေး၏ တစ်ဖက်တစ်ချက်၌ ထီးတည်းကြီး ပေါက်လျက်ရှိသည်။ ထိန်လင်းအောင် ထိုသပြေကြီးတွေနား အရောက်၌ မထင်မှတ်စွာ ပြဿနာတစ်ခုနှင့် တိုးလိုက်ရ၏။

မိုးမခပင်ကြီး၏ ပင်စည်အောက်မှ ဘွားခနဲ လူနှစ်ယောက်ထွက်လာသည်ကို ဝေနေအောင် ကျနေသည့် နှင်းမှုန်တို့အကြားမှ ထိန်လင်းအောင် တွေ့လိုက်ရသောကြောင့်ဖြစ်၏။

"ဟေ့ကောင် - ရပ်စမ်း"

သူ့ဘယ်ဘက်မှ ထွက်လာသူက အမိန့်ပေးလိုက်သည်။ လက်ထဲမှာလည်း ကင်ဒိုဓားကို ကိုင်ထားသည်။ နှစ်ယောက်စလုံးမျက်နှာကိုလည်း မျက်နှာဖုံးတွေ စွပ်ထားကြ၏။ သို့သော် ကျန်တစ်ယောက်လက်ထဲ၌တော့ ဘာပစ္စည်းမှမပါ။

ထိန်လင်းအောင်က နှစ်ယောက်စလုံးကို တစ်ချက် အကဲခတ်ကြည့်လိုက်ရင်း ဗလာလက်သမားဘက် ခပ်ယိမ်းယိမ်းကပ်ပြီး ရှေ့တစ်လှမ်းတက်၍ မြင်းစီးသဏ္ဍာန် ခြေကိုကားကာ ရာခနဲ ပြန်လှည့်လိုက်သည်။ ထို့နောက် သတိအနေအထားနှင့် ရပ်လိုက်ကာ အသင့်အနေအထားလည်း ပြင်လိုက်၏။

"မင်း - ဘယ်ကကောင်လဲ"

ထိုသူက ထပ်မေးသည်။

"ငါ့ - ဘယ်ကကောင်ဖြစ်ဖြစ် - မင်းအလုပ် ဘာပါလဲ၊ မင်းနဲ့ ဘာဆိုင်သလဲ"

ထိန်လင်းအောင်က ပြန်ပြောလိုက်သည်။

ထိုအခါ ကျန်တစ်ယောက်က -

"အံမာ - ခေါင်းမာလှချည့်လား။ ဒီလောက်ခေါင်းမာချင်တဲ့ကောင် ချကွာ"

ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်ပင် ဓားသမားက ထိန်လင်းအောင်မျက်နှာနား ဓားကို ဝှီးခနဲနေအောင် ထပ်ကွန့်လိုက်သည်။ ထိန်လင်းအောင်က သတိရှိသူပီပီ ဖျတ်ခနဲ နောက်ကို တစ်လှမ်းပြန်ဆုတ်၍ ကိုယ်ကို မြေပေါ် ဒူးကွေးဝပ်ကာ အသာတိမ်းရှောင်လိုက်၏။ ကင်ဒိုဓားက သူ့ခေါင်းပေါ်မှ "ဝှီး" ခနဲ ကျော်သွားသည်။ ထိန်လင်းအောင်က အခွင့်အရေးကို လက်လွှတ်မခံ၊ သူ့ခေါင်းပေါ်မှ ကျော်သွားသည့် ထိုသူ၏ဓားနှင့် လက်ကို ခပ်ဆတ်ဆတ်ရိုက်ချလိုက်လေသည်။

ထိုသူ လည်ထွက်သွားသည်။ သို့သော် ထိုအချိန်တွင်ပင် နောက်တစ်ယောက်က ထိန်လင်းအောင်ကို လှမ်းကန်လိုက်သည်။ ကန်ချက်ကမြင်းပြီး နှစ်ဆင့်ကန်၊ သုံးဆင့်ကန်ဖြစ်သဖြင့် ထိန်လင်းအောင်နောက်ကို ခုန်ဆုတ်လိုက်၏။ သီသီလေး လွတ်သွားသည်။ ထိုသူကလည်း ခုန်လိုက်လာသည်။ နောက် - ထိန်လင်းအောင်၏မျက်နှာဆီကို ကန်ချက်တွေ တဝှီးဝှီးဝင်လာသည်။ ဒီတစ်ခါတော့ထိန်လင်းအောင်က မရှောင်တော့၊ ထိုသူ၏ခြေထောက်နှစ်ချက် ဆင့်တွတ်လိုက်သည်။ နောက် ချက်ချင်း နောက်သို့ ချာခနဲ ပြန်လှည့်ပြီး ထိုသူ၏ နောက်ကျောဘက်မှ ဘယ်ဘက်နံပါးကို ညာခြေနှစ်ဆင့် ဖော်ချလိုက်လေသည်။ ထိုသူလည်း ထိန်လင်းအောင်၏ ကန်ချက်ကို မရှောင်နိုင်ပဲ "အင့်" ခနဲ မြည်ကာ မြေပေါ်ဝုန်းခနဲ လဲကျသွားသည်။

ဒုတိယလူ မြေပေါ်လဲအကျ ဓားကိုင်သမားက သူ့ဘက်ပြန်လှည့်လာသည်။ ဓားကိုလည်း လေထဲ တဝှီးဝှီးယမ်းလိုက်သည်။

ထိန်လင်းအောင်က နောက်တစ်လှမ်းခုန်ဆုတ်ပြီး သတိကြီးစွာနှင့် ကြည့်နေလိုက်၏။

"ဟေ့ - ရပ်လိုက်စမ်း။ တော်ပြီ - ဒါဆို - သေရှာသွားပြီ"

အသံတစ်သံက သူ့နောက်ကျောဘက်မှ ထွက်လာသည်။ ဓားကိုင်သမားက ဓားကို တဝှီးဝှီး ဝေ့ယမ်းနေရာမှ ရုတ်တရက် ရပ်ပစ်လိုက်သည်။

ထိန်လင်းအောင် သတိထားကြည့်လိုက်တော့ မနေ့က တွေ့ခဲ့သည့် "မြပုဏ္ဏမီ" စားသောက်ဆိုင်ပိုင်ရှင် စိုင်းဝဏ္ဏဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရသည်။



စိုင်းဝဏ္ဏက သူတို့အနားထိအောင် လျှောက်လာပြီး ထိန်လင်းအောင့်နောက်ကျောကို လာပွတ်သည်။ ဒီတော့မှ - တောကျော်လည်း ရောက်လာသည်။

"တောကျော် - ခုအချိန်ကစ - သူ့ကို ငါ့အလုပ်ခန့်လိုက်ပြီ မင်းဟိုအထိ လိုက်ပို့လိုက်"

စိုင်းဝဏ္ဏက တောကျော်ကို အမိန့်ပေးလိုက်၏။ တောကျော်က -

"ကောင်းပြီ - စိုင်း"

ဟု ဆိုပြီး ခေါင်းညိတ်လိုက်သည်။

ဒီတော့မှ ထိန်လင်းအောင် အဖြေပေါ်သွားသည်။ အလုပ်ခန့်ဖို့အတွက် သူ့ကို စမ်းသပ်လိုက်ခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သူ့အလုပ်အတွက် စာမေးပွဲ ဖြေလိုက်ရခြင်းဖြစ်ကြောင်း သဘောပေါက်သွား၏။ ဒါဆို မနေ့ညနေက မြပုဏ္ဏမီ သူရောက်တော့ စိုင်းဝဏ္ဏနှင့် ညှို့ကြိုကောင်တွေက မျက်နှာစိမ်းဖြစ်နေသဖြင့် သူ့ကို လွယ်လွယ်အဝင်မခံပဲရှိစဉ် တောကျော် ပေါ်လာပြီး သူ့မိတ်ဆွေပါဟုပြောကာ ဆိုင်ထဲခေါ် မိတ်ဖွဲ့ တစ်ယောက်တစ်ပြန် စကားပြောဆိုခဲ့ကြသည်များကကော သူတို့ လုပ်ရိုးလုပ်စဉ်အတိုင်း တစ်ဖက်လှည့် အယုံသွင်း ထောက်လှမ်းခြင်းခံရသည်၊ ဖြစ်နိုင်ဘူးလား။

ထိန်လင်းအောင်က အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးလိုက်သည်။

ထိန်လင်းအောင်ကို ခန့်လိုက်သောအလုပ်က လုံခြုံရေးဝန်ထမ်းဖြစ်၏။ တောကျော်က လုံခြုံရေးဝန်ထမ်းတွေနေသော လိုင်းတွေ အရောက်လိုက်ပို့သည်။ နောက် - လုံခြုံရေးအရာရှိကိုထိန်လင်းအောင်အားအပ်ကာပြန်သွားသည်။

လုံခြုံရေးခေါင်းဆောင်က မျက်နှာကြောတင်းတင်းနှင့် ထိန်လင်းအောင်ကိုကြည့်၍ -

"ဒီနေရာက ရှုပ်ရှုပ်ယှက်ယှက်လုပ်ရင်တော့ အသက်တိုတတ်တယ်"

ဟု ခက်ခက်ထန်ထန်ပြောကာ ၎င်း၏ ခါးတွင်ချိတ်ထားသော ပွိုင့် ၄၅ ပစ္စတိုကြီးကို မသိမသာ လက်နှင့်ထောက်ပြလိုက်သည်။ ထို့နောက် ထိန်လင်း

www.burmeseclassic.com

အောင်အတွက် အမ် - ၁၆ သေနတ်တစ်လက် ကျည်အပြည့်နှင့်ထုတ်ပေးသည်။

…☪…

ထိန်လင်းအောင်တို့လုံခြုံရေးယူရသည်က ရေဝေမြိုင်ရွာကြီးနှင့် အတန်ငယ်ဝေးသည့် တောင်ကုန်းတောတန်းလေး၏အလယ် ဧက(၅၀)နီးပါးမျှ ကျယ်သော မြို့ကြီးအတွင်းရှိ အဆောက်အအုံကြီးတွေ ဖြစ်သည်။ ခြံကျယ်ကြီးထဲ၌ အဆောက်အအုံ သေးသေးကြီးကြီးတွေက ပလုံစီနေသည်။ အဆောက်အအုံတွေကိုအုတ်တံတိုင်းကြီးတွေ ခတ်ထားကာ အုတ်တံတိုင်းအပြင်တွင်တော့ ဆူးလိမ်သံကြိုးတွေကို ပတ်ကာထားသည်။

အပြင်လူ လုံးဝဝင်ခွင့်မရှိသောနေရာဖြစ်သည်။ သို့သော်ထိုအဆောက်အအုံတို့ဘေး၌ မြင့်မားသည့် တောင်ကုန်းတောင်တန်းကြီးတွေရှိသဖြင့် အဝေးက ကြည့်လျှင် ထိုအဆောက်အအုံတို့ကို လုံးဝမမြင်ရပေ။

ထိန်လင်းအောင် အလုပ်စဝင်သည့်နေ့က ထိန်လင်းအောင်နှင့် တာဝန်အတူတွဲကျသော လုံခြုံရေးဝန်ထမ်းတစ်ယောက်က အဆောက်အအုံကြီးများ၏နံဘေးရှိ ပတ်လမ်းမှ ကင်းလှည့်ကြရင်း -

"သတိတော့ရှိ - ကိုယ့်ဆရာရေ။ ကိုယ့်ဘက်က မသေချာရင် ဒီမှာက ဘယ်နေရာမှ ပါလို့မရဘူး။ အခြေအနေနဲ့ အချိန်အခါ ကြည့်တတ်တာက ကိုယ့်အတွက် ဘာမဆိုအောင်မြင်နိုင်တဲ့ လမ်းစပဲ"

ဟု ပဟေဠိစကားတွေကို ပြောသွားလေသည်၊ သို့သော် ထိန်လင်းအောင်က ထိုသူ ဘာပြောသွားသည်ကို သဘောပေါက်လိုက်သော်လည်း ယုံကြည်ရခက်ခဲသောနေရာဖြစ်သဖြင့် မသိလိုက်၊ မသိဘာသာပင် နေလိုက်လေသည်။


သို့သော်…။

ထိန်လင်းအောင်က စခန်း၌ ငြိမ်ထိုင်နေလေ့မရှိဘဲ ရောက်ပြီးနောက်တစ်နေ့ အလုပ်ဝင်ပြီးသည့် အချိန်မှစ၍ ရေဝေမြိုင်ရွာကြီးနှင့် ရေဝေမြိုင်ရွာကြီးအတွင်းရှိ ဈေးကြီးအတွင်းသို့လည်းကောင်း၊ ဈေးပတ်လမ်းတစ်လျှောက်ရှိ စားသောက်ဆိုင်၊ အဖျော်ယမကာဆိုင်များသို့လည်းကောင်း၊ ရေဝေမြိုင်၏ပတ်ဝန်းကျင်နေရာ အတော်များများသို့လည်းကောင်း လျှောက်သွားလေ့လာနေခဲ့ပေ၏။ ရေဝေမြိုင်၏ ရွာခံအတော်များများ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ စားပွဲထိုးများ၊ အထူးသဖြင့် - မြပုဏ္ဏမီ၏ ဝန်ထမ်းများ၊ ရေဝေမြိုင်သို့ ရောက်လာသော ကုန်သည်ပွဲစားများနှင့်လည်း အတော်အကျွမ်းဝင်ရင်းနှီးခဲ့ပေသည်။

သူမရောက်ဘူးသောနေရာ၊ မသိသော သူအတော်ရှားသော်လည်း သူကိုယ်တိုင် လုံခြုံရေးယူနေရသော အဆောက်အအုံကြီးထဲကိုတော့ တစ်ခါဖူးမျှ မရောက်ဘူးခဲ့ချေ။

အလုပ်ဝင်စက သူနှင့်အတူ တာဝန်တွဲကျသည့် လုံခြုံရေးဝန်ထမ်းကတော့ ထိုအဆောက်အအုံကြီးထဲ၌ လက်နက်သိုလှောင်ရုံကြီးတစ်ခုနှင့် စိတ်ကိုပြောင်းလဲစေသော စိတ်ကြွရူးသွပ်ဆေးဝါးများ ထုတ်လုပ်နေတာ

"
မြပုဏ္ဏမီပိုင်ရှင်
စိုင်းဝဏ္ဏဆိုသည်မှာ
ဒီမျက်နှာဖုံးရှင်လား။
ထိုသူသာ မျက်နှာဖုံးစွပ်
စိုင်းဝဏ္ဏဖြစ်လျှင် အစစ်က
မည်သူနည်း။
မည်သည့်နေရာသို့
ရောက်ရှိသွားသနည်း။
မျက်နှာဖုံးတွေကတော့
လိုသလို အသုံးချနိုင်ရန်
ပြုလုပ်ထားခြင်းဖြစ်၏။



www.burmeseclassic.com

ဖြစ်ကြောင်း၊ တစ်လ နှစ်ခါသုံးခါလောက် တစ်ဖက်နိုင်ငံသို့ လုံခြုံရေးဝန်ထမ်းတွေ အစောင့်အရှောက်ဖြင့် တင်ပို့နေကြောင်း၊ တစ်ခါတစ်ရံလည်း အခြားကုန်သည်ပွဲစားများက လာရောက်ယူငင်ကြကြောင်း။ သို့သော် ဤနေရာတွင်မဟုတ်ပဲ မြပုဏ္ဏမိမှာပင် ပြောဆိုအရောင်းအဝယ်ဖြစ်ကြကြောင်း ပြောပြသဖြင့် သိရှိထားခဲ့ပေသည်။

တစ်နေ့ ထိန်လင်းအောင် ညနေစောင်းအချိန် မြပုဏ္ဏမိဘက် လမ်းလျှောက်လာမိက် လမ်း၌ ထိုလုံခြုံရေး ဝန်ထမ်းနှင့် သွားဆုံသည်၊ ထိုသူက သူ့ကို ပြစရာရှိလို့ဆိုပြီး တစ်နေရာခေါ်ခဲ့သည်၊ သူကလည်း ဘာစကားမျှ မပြောပဲ လိုက်သွားသည်၊

ထိုသူ ဦးဆောင်ခေါ်ငင်ရာသို့ လိုက်ခဲ့ခြင်းဖြစ်၏၊ ထိုသူက မြပုဏ္ဏမိ နောက်ဘက်သို့ သူ့ကို ခေါ်ခဲ့သည်၊ ဆိုင်ကိုလွန်သည်နှင့် တောတန်းလေးတစ်ခုကို တွေ့ရသည်၊ တောတန်းလေးထဲ၌ ခပ်မှုန်မှုန် လမ်းလေးတစ်လမ်းရှိ၏၊ ထိုလမ်းလေးမှ သူတို့နှစ်ယောက် ခပ်သွက်သွက်လေး လျှောက်လာခဲ့ကြသည်၊ ဆယ်မိနစ်ခန့်လောက် လျှောက်မိကြသည်နှင့် တောင်ကတုံးလေးတစ်ခုကို တွေ့လိုက်ရသည်၊ ထိုသူက ထိုတောင်ကတုံးလေးအရောက်၌ သူ့ကို လက်ကာ၍အရျက်ပြလိုက်ပြီး တောင်ကတုံး၏အရှေ့ဘက်မှ ပတ်၍ အပေါ်သို့ တက်ခဲ့ကြ၏၊

တောင်ကတုံး၏ ထိပ်အလယ်တည့်တည့်တွင် ကျောက်တုံးကြီးတစ်တုံးကို တွေ့လိုက်ရသည်၊ ကျောက်တုံးကြီးကိုဖယ်လိုက်တော့ အောက်ဘက်ကိုဆင်းသော ကျောက်သားလှေကားထစ်ကလေးများကို တွေ့လိုက်ရပြန်၏၊ ထိုသူက ရှေ့မှ ဆင်းသွားသဖြင့် သူကလည်း ထိုသူနောက်မှ ကပ်လျက်လိုက်ခဲ့၏၊ လှေကားထစ်ပေါင်း (၂၀) ကျော်ကျော်လောက်ဆင်းမိလျှင် ဘွားခနဲ မြေအောက်အခန်းကြီးတစ်ခန်းကို တွေ့လိုက်သည်၊ ထိုအခန်း၏ နောက်ဘက်၌ သီးသန့်ခန်းတစ်ခန်းကို တွေ့လိုက်ပြန်သည်၊

အခန်းက အကျအနပြုလုပ်ထားသည့်အခန်း ဖြစ်သည်၊ အခန်းတစ်ခုလုံး ကတ္တီပါ မှိုင်းလုံးကော်ဇောကြီးကို ခင်းထားပြီး အခန်းထောင့်တွင် ခေါက်အိပ်စင်တစ်ခု ပြုလုပ်ထား၏၊ ခုတင်၏ မျက်နှာကြက်ဆီ ထိုးတက်



သွားရာ နံရံ၌ ကျောက်စီဓားနှစ်လက်ကို ကြက်ခြေခတ်အကျအနချိတ်ထားသည်၊ ဒီနေရာက စိုင်းဝဏ္ဏ၏ အပန်းဖြေအနားယူရာ၊

ထိန်လင်းအောင်က အစမှ အဆုံးတိုင် နားမလည်နိုင်စွာ လျှောက်ကြည့်နေ၏၊ ထိုသူ သူ့ကို သည်နေရာသို့ မည်သည့်အဓိပ္ပာယ်ဖြင့် ခေါ်လာခဲ့သည်ကို မတွေးတတ်အောင် ဖြစ်နေသည်၊ စဉ်းစား၍လည်း မရ၊

ထိုစဉ်ပင် ထိုသူက သူ့၌ အသင့်ပါလာသော သော့တစ်ချောင်းဖြင့် အခန်းနံရံရှိ အပေါက်လေးတစ်ခုထဲ ထိုးထည့်လိုက်၏၊

ကျွိခနဲမြည်ကာ အပေါက်ကပွင့်သွားသည်၊ အပေါက်ပွင့်သွားသည်နှင့် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ထိန်လင်းအောင် အံ့အားသင့်သွားသည်၊

"ဟဲ - ကိုယ့်ဆရာ - ကြည့်"

ဟုလည်း ထိုသူက ပြောလိုက်သည်၊

မြင်ကွင်းက အခြားမဟုတ်၊ စိုင်းဝဏ္ဏမျက်နှာနှင့် ချွတ်စွပ်တူအောင် ပြုလုပ်ထားသော မျက်နှာဖုံးများကို တွေ့လိုက်ရသောကြောင့်ဖြစ်၏၊ စိုင်းဝဏ္ဏမျက်နှာတူမျက်နှာဖုံးတွေက အများကြီး၊

ထိန်လင်းအောင် စဉ်းစားရခက်သလို ဖြစ်သွား၏၊

ဒါဆို - မြပုဏ္ဏမိပိုင်ရှင် စိုင်းဝဏ္ဏဆိုသည်မှာ ဒီမျက်နှာဖုံးရှင်လား၊ ထိုသူသာ မျက်နှာဖုံးစွပ် စိုင်းဝဏ္ဏဖြစ်လျှင် အစစ်က မည်သူနည်း၊ မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း၊ မျက်နှာဖုံးတွေကတော့ လိုသလို အသုံးချနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်၏၊ ဒါဆို ....၊

ဒါဆို - ဒါဆိုတွေက သူ့အတွေးကွန်ယက်ထဲ ရှားရဟတ်လို ရှာလည်လည်နေသည်၊

"နေဦး - ခင်ဗျား ဘယ်သူလဲ"

ထိန်လင်းအောင်က နားမလည်နိုင်စွာ ထိုသူ့ကို မေးလိုက်၏၊

"ကျွန်တော်က ဆရာ့အရိပ်ပါ - နံပါတ် (၂) ဆိုပါတော့"

ထိုသူ့အဖြေကြောင့် ထိန်လင်းအောင် ဝမ်းသာသွားသည်၊

"စကားဝှက်"

www.burmeseclassic.com

"ကျားသစ်နက်"

"အိုကေ"

ဟု ဆိုရင်း ထိန်လင်းအောင်က ထိုသူ့ကို အသိအမှတ်ပြုလိုက်၏။

အပြန်၌ ထိန်လင်းအောင်တို့ စိုင်းဝဏ္ဏပုံတူ မျက်နှာဖုံး ၂ ခုကို ယူခဲ့ကြ၏။ မျက်နှာဖုံးတွေက တကယ့်အသားအတိုင်း အပျော့စားတန်ဖိုးကြီး ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ဆံပင်နားရွက်အစုံပါသည့် မျက်နှာဖုံးများဖြစ်၏။ ထိုမျက်နှာဖုံးကို စွပ်လိုက်သည်နှင့် စိုင်းဝဏ္ဏနှင့် ခွဲမရအောင်တူပြီး တကယ့်စိုင်းဝဏ္ဏ ဖြစ်သွားတော့သည်။

. . . ☪ . . .

'ဘတစ်ပြန်ကျားတစ်ပြန်'

"ဟာ - ဒီပုံစံအတိုင်းဆို တကယ့်စိုင်းဝဏ္ဏပါပဲလား။ ခွဲမရဘူးဗျာ။ တကယ်ပဲ - တကယ်ပဲ"

စိုင်းဝဏ္ဏပုံတူ မျက်နှာဖုံးကို စွပ်ထားသည့် ထိန်လင်းအောင်ကို ကြည့်၍ နံပါတ်(၂)က ရီးကျူးလိုက်၏။ စိုင်းဝဏ္ဏက သဘောကျစွာ ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။ နောက် ဟက်ခနဲ ရယ်လိုက်၏။

"ကဲ - ဒီအတိုင်းပဲ ပြန်ကြစို့။ ဒါမှ - လမ်းမှာ မတော်တဆ တစ်ယောက်ယောက်နဲ့ တွေ့ရင် အန္တရာယ်ကင်းမှာ - မကောင်းဘူးလား"

ထိန်လင်းအောင်က မေးလိုက်သည်။ နံပါတ်(၂)က -

"ကောင်းတာပေါ့"

ဟု ထောက်ခံလိုက်၏။

"ဒါထက် - ဒီစခန်းကို နံပါတ်(၂)က ဘယ်လိုသိတာလဲ"

"ကျွန်တော် ဒီကိုရောက်တော့ ဒီနေရာကို စောင့်ရတဲ့သူက ကျွန်တော်နဲ့ ရွေးမရအောင်တူတယ်လေ။ အဲဒီလူဟာ စိုင်းဝဏ္ဏရဲ့ တူအရင်းလို့ပြောတယ်။ စိုင်းဝဏ္ဏအစစ်တော့ ဟုတ်ပုံမရဘူး။ လက်ရှိ စိုင်းဝဏ္ဏပဲဖြစ်မယ်။ ခပ်တိုတိုပြောရရင်တော့ ကျွန်တော် သူ့ကို လူစားလဲလိုက်တာဆိုပါတော့"

နံပါတ်(၂) က ရှင်းပြလိုက်သည်။



ထိန်လင်းအောင်က "ခင်ဗျားတော်တယ်" ဟု ပြောရင်း "သွားကြစို့" ဟုပြောလိုက်၏။ ထို့နောက် နှစ်ယောက်သား စကားတပြောပြောနှင့် တောင်ကုန်းလေးပေါ်က ဆင်းခဲ့ကြသည်။

လမ်း၌ လက်နက်ကိုယ်စီကိုင်ထားကြသည့် လုံခြုံရေးကင်းသမား(၂)ယောက်၊ (၃)ယောက်ကို တွေ့သော်လည်း စိုင်းဝဏ္ဏအထင်နှင့် မည်သည့်စကားမျှ မဆိုကြပဲ ရိုကျိုးစွာ လမ်းဖယ်ပေးကြသဖြင့် မည်သည့်အခက်အခဲမျှ မတွေ့ရဘဲ စခန်းရှိ လိုင်းခန်းသို့ ပြန်ရောက်ခဲ့၏။

နံပါတ်(၂)က တောင်ကုန်းလေးမှ ဆင်းပြီး တောတန်းလေးလွန်သည်နှင့် လမ်းခွဲသွားသည့်အတွက် ထိန်လင်းအောင်လည်း မျက်နှာဖုံးကိုချွတ်ကာ လိုင်းခန်းသို့ တစ်ယောက်တည်း ပြန်ခဲ့ခြင်းဖြစ်သည်။

လိုင်းခန်းက "လိုင်းခန်း" ဆိုသော်လည်း ရိုးရိုးသစ်သားဆောင်များ မဟုတ်ပဲ တစ်ယောက်နေ တိုက်ခန်းလေးများ ဆောက်လုပ်ထားသည့် တိုက်တန်းရှည်လေးဖြစ်သည်။ ခပ်ဝေးဝေးကကြည့်လျှင် မီးရထားတစ်စီး ရပ်ထားသည်နှင့်ပင်တူပေ၏။ မီးရထားတွဲကြီးလို့ အခန်းတွေက အစီအရီ တန်းနေကြသည်။

လုံခြုံရေးအဖွဲ့ဝင်များက ကိုယ့်အဆောင်နှင့်ကိုယ်နေကြရပြီး အဆောင်တိုင်းကိုယ်ပိုင်သော့များနှင့်ဖြစ်၏။ တာဝန်ချိန်ဖြစ်စေ၊ အပြင်ထွက်လျှင်ဖြစ်စေ ကိုယ့်သော့ကို ကိုယ်ခတ်ထားခဲ့ကြရလေသည်။

ထိန်လင်းအောင် အဆောင်ပြန်ရောက်တော့ အတော်ညဉ့်နက်ပေပြီ၊ အပြင်တွင် နှင်းတွေကဝေနေသည်။ သံလွင်ပင်နှင့် မိုးမခပင်တွေပေါ်ကို နှင်းတွေ တဖြောက်ဖြောက်ကျနေကြသည်။ အလွန်အေးစိမ့်လှသဖြင့် ထိန်လင်းအောင် ရက်လေဘယ်ကိုဖွင့်ကာ နှစ်ပက်လောက်ကို အရှိန်ပြေ တစ်ခါတည်း မော့ချလိုက်လေ၏။

အနည်းငယ် နွေးသလိုဖြစ်သွားမှ အပြင်မှပြန်လာသော အဝတ်အစားများကိုလဲရန် ကျောပိုးအိတ်ကို ဖွင့်လိုက်သည်။

သည်တွင် ထိန်လင်းအောင် မျက်လုံးမျက်ဆံပြူးသွားသည်။ သူနှင့် မကွာအမြဲပါလေ့ရှိသော ဒိုင်ယာယီ (မှတ်တမ်း)စာအုပ်လေးမှာ ကျောပိုး

www.burmeseclassic.com

အိတ်ထဲမှာ ကျန်ခဲ့သည်၊ ခါတိုင်းဆို - သည်စာအုပ်လေးက ကိုယ်နှင့်မကွာ ဒီနေ့မှ ရေချိုးပြီးပြီးခြင်း အပြင်ထွက်ခဲ့သည့်အတွက် ကျန်ခဲ့ခြင်းဖြစ်၏၊ ယခုတော့ - စာအုပ်လေးမရှိတော့ ပျောက်ရှင်းမလှ ပျောက်သွားသည်၊ အသက်တမျှ အရေးကြီးသည့် မှတ်တမ်းမှတ်ရာများ ရေးသောစာအုပ်ဖြစ်သဖြင့် အထူးတုန်လှုပ်ရင်း မျက်လုံးမျက်ဆံပြူးသွားခြင်းဖြစ်၏၊

အခန်းသော့လည်း မပွင့်၊ အခန်းလည်းခြေရာလက်ရာ မပျက်ဘဲ ပျောက်သွားခြင်းဖြစ်သဖြင့် ပိုမို၍လည်း အံ့ဩသွားရပေသည်၊ တွေးစရာရှိသည်က သည်သို့ဆိုလျှင် မူလပိုင်ရှင်၌ သော့တူတစ်ချောင်းရှိနေသောကြောင့်လား၊ ဒါမှမဟုတ် သူနှင့်နံပါတ်(၂)တို့လို သော့တူတစ်ချောင်းကြောင့်လား တွေးနေမိ၏၊ အဖြစ်က ဆန်းနေသဖြင့် တွေးလေရှုပ်လေဖြစ်လာသည်၊ မှတ်စုစာအုပ်က လျှို့ဝှက်စာများနှင့် မိမိနားလည်ရုံလောက် ရေးထား၍ တော်ပေသေးသည်၊

မည်သို့ဆိုစေ၊ သူ့အတွက် အန္တရာယ်က လက်တစ်ကမ်းအကွာတွင်ရှိလာပြီကိုတော့ ထိန်လင်းအောင် သဘောပေါက်လိုက်ပေသည်၊ သို့ကြောင့် လုပ်စရာရှိသည့်အလုပ်များကို အမှန်ဆုံးနှင့် အမြန်ဆုံးဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်လေ၏၊

ဆုံးဖြတ်ပြီးသည်နှင့် ချက်ချင်းပင် ဘယ်ဘက်လက် လက်သူကြွယ်၌ ဝတ်ထားသော လက်စွပ်မှ အထူးလျှို့ဝှက်ခလုတ်သေးသေးလေးကို ဖွင့်လိုက်သည်၊ ထို့နောက် စကားဝှက်များနှင့် -

"ကျားရဲမှ ခြသေ့၊ ကျားရဲမှ ခြသေ့"ဟု လက်စွပ်ကို ပါးစပ်နားကပ်ကာ လေသံလေးမျှနှင့် အော်လိုက်သည်၊

ထိုအခါ တစ်ဖက်မှလည်း -

"ခြသေ့မှ ကျားရဲ၊ ခြသေ့မှ ကျားရဲ၊ စည်တီး စည်တီး"ဟု ပြန်ပြောသံ အသံသဲ့သဲ့လေးက ထွက်လာ၏၊

"မိုးတွေရွာတော့မယ်၊ မိုးတွေရွာတော့မယ်၊ အုံ့လာပြီ - အုံ့လာပြီ"

ထိန်လင်းအောင်က ပြန်ပြောလိုက်သည်၊

"ထီးတွေ အဆင်သင့်ဖြစ်နေပြီ၊ ထီးတွေ အဆင်သင့်ဖြစ်နေပြီ"



တစ်ဖက်မှ အသံ -

"အိုကေ"

ထိန်လင်းအောင်က စက်ကို မပိတ်ဘဲ အရိပ်ဖြစ်သည့် နံပါတ်(၂)၊ ကျားသစ်နက်နှင့် ဆက်သွယ်လိုက်ပြန်သည်၊ နောက်နံပါတ်(၂)အား မြှုလုပ်ဆောင်ရွက်စရာများကို ညွှန်ကြားလိုက်သည်၊

ထိုအချိန်တွင်ပင် သူ့အခန်းမှ တံခါးခေါက်သံတစ်ခုက ထွက်လာ၏၊

"ခေါက် - ခေါက်"

"ဘယ်သူလဲ"

ထိန်လင်းအောင်က ပြန်မေးလိုက်၏၊

"ငါပါ - တောကျော်၊ ငါ့ညီအတွက် အရေးတကြီး တိုင်ပင်စရာကိစ္စရှိလို့ပါ"

အပြင်ဘက်မှ တောကျော်အသံကပေါ်လာသည်၊ ထိန်လင်းအောင်က အခြေအနေကိုကြည့်၍ ခဏအကြာ၌ တံခါးကို ဖွင့်ပေးလိုက်သည်၊

တံခါးပွင့်သွားသည်နှင့် တောကျော်က ဖြတ်ဆို အခန်းထဲဝင်လိုက်၏၊ လက်ထဲမှလည်း နီကာယ်ရောင်ပစ္စတိုလေးကို ကိုင်ထားသည်၊ ပစ္စတိုလေးက ထိန်လင်းအောင်၏ ဘယ်ဘက်ရင်အုံဆီ တန်းနေသည်၊

"ဒါက - ဘာသဘောလဲဗျ"

ထိန်လင်းအောင်က စိတ်ကို တည်ငြိမ်စွာထား၍ တောကျော်ကို မေးလိုက်သည်၊ အခန်းထောင့်၌ ထောင်ထားသည့် အမ်(၁၆)ကိုလည်း လှမ်းကြည့်လိုက်၏၊

"ဘာသဘောလဲဆိုတာ မေးစရာလိုသေးလို့လား - ကိုယ့်လူ၊ မင့်အကြောင်း မင်းအသိဆုံး မဟုတ်လား"

တောကျော်ကပြောရင်း "လက်မြှောက်ထားစမ်း"ဟု အမိန့်ပေးလိုက်၏၊

ထို့နောက် "မင်းခြေတွေလက်တွေကိုလည်း လှုပ်ရှားဖို့ မကြိုးစားနဲ့၊ အမ်(၁၆) ကိုလည်း အားမကိုးနဲ့၊ မင်းသေနတ်ထဲမှာ ဘာကျည်မှမရှိဘူး"ဟု ပြောလိုက်လေသည်၊

"နေပါဦး - ကျွန်တော့်အကြောင်းကျွန်တော်သိရအောင် ကျွန်တော်က ဘာတွေလုပ်နေလို့လဲ"

www.burmeseclassic.com

"မင်းဘာတွေလုပ်နေလို့လဲဆိုတာ မကြာခင် မင်းပြန်သိရမှာပါ၊ မင်းကို ငါပြောခဲ့တယ် မဟုတ်လား၊ ဒီနေရာက ကျားတွေချည်းပဲဆိုတာ"

"အဲဒါ - ဘာဖြစ်လဲ"

"ဘာဖြစ်သလဲဆိုတော့ - မင်းဘာဖြစ်တယ်ဆိုတာ ပြောရမှာပေါ့ကွာ၊ ရန်ကုန်၊ ပုဇွန်တောင်မှာ ဖြစ်သွားတဲ့ လူ(၄)ယောက်ကိုသတ်ပြီး စိန်တွေကို ဓားပြတိုက်ခဲ့တဲ့ ဓားပြလူသတ်မှုကြီးအတွက် လိုက်လံစုံစမ်းထောက်လှမ်းနေတဲ့ ဒုရဲမှူးလေးတစ်ယောက်ရောက်လာမည့်အကြောင်း ငါတို့က မင်းထက်ဦးအောင် သတင်းရခဲ့တယ်လေ၊ ဒါကြောင့် - မင်းရောက်လာတဲ့ညနေက မင်းကို ငါတို့က တန်ပြန်ထောက်လှမ်းခဲ့တာပဲ၊ မင်းပြောတဲ့နာမည်က ဇနေသား ထိန်လင်းအောင်၊ ဒါပေမဲ့ - နာမည်အစစ်က ဒုရဲမှူးလေး ကိုကိုနိုင်ဆိုတာ နောက်တော့ တို့သိရတယ်၊ ဟုတ်၊မဟုတ်ဆိုတာ မသေချာလို့ မင့်ကို ကြိုးရှည်ရှည်နဲ့ လှန်ထားခဲ့တာ၊ ဒါကို - မင်းက မင်းကိုယ်မင်း အဟုတ်ကြီး ထင်နေခဲ့တာမဟုတ်လား၊ မင်းကိုယ်မင်း လူလည်ကြီး ထင်နေခဲ့တာ မဟုတ်လား။

မင်းရဲ့ လှုပ်ရှားမှုတွေကို တို့ရဲ့အဖွဲ့သားတွေက မျက်ခြေမပြတ် ကြည့်နေခဲ့တာ၊ မင်းဘာတွေလုပ်တယ်၊ ဘယ်တွေသွားတယ် ဆိုတာကအစ ခရေစေ့တွင်းကျ သိတယ်၊ မင်းရောက်လာမှ တမူးဘက်ကနေ တစ်ဖက်နိုင်ငံကို ပို့မယ့်ပစ္စည်းတွေ တမူးမှာ အကုန် ရဲက ဖမ်းမိသွားတယ်၊ တခြားနေရာတွေမှာလည်း စစ်ကြောင်းတွေ၊ အဖွဲ့တွေနဲ့ တိုးပြီး တို့လူတွေ ခုတစ်လော ဆက်တိုက်ဆိုသလို အဖမ်းချည်း ခံနေရတယ်၊ ငါပြောတာတွေ မင်းငြင်းဦးမှာလား"

ဟု တောကျော်က အောင်နိုင်သူတို့၏လေသံဖြင့် ခပ်ကြွားကြွား ပြောလိုက်သည်၊

"ခင်ဗျားပြောတာတွေ - ကျွန်တော် ဘာမှနားမလည်ဘူး၊ ကျွန်တော့်နာမည် ကိုကိုနိုင်လည်း မဟုတ်ဘူး"

ထိန်လင်းအောင်က ပြန်ပြောလိုက်၏။



"အေး - မင်းဘာတွေငြင်းငြင်း၊ တို့မှာ အထောက်အထားတွေ ပြည့်ပြည့်စုံစုံ ရှိတယ်၊ ဒါတွေက ထားပါတော့လေ၊ မင်းသိအောင် ငါပြောလိုက်ရဦးမယ်၊ မင်းက မပြန်လမ်းကို သွားမယ့်သူဆိုတော့ ဒီစကားက မင်းပြောလည်း ဘာမှအန္တရာယ်မရှိနိုင်တော့ဘူး၊ နောက်ပြီး - ငါ့စကားကြားတာနဲ့ မင်းစိတ်ထဲမှာလဲ ယားကျိယားကျိဖြစ်ပြီးနောက်ဆုံးခရီးကို စိတ်မချမ်းသာ ဖြစ်သွားစေချင်တယ်၊

"ဒီလိုကွ - ကိုကိုနိုင်ရေ၊ မင်းလိုက်လံစုံစမ်းနေတဲ့ (၄)လောင်းပြိုင် လူသတ်မှုကြီးနဲ့ စိန်ဓားပြတိုက်မှုကြီးကို သူရသတ္တိပြောင်မြောက်စွာနဲ့ လုပ်ခဲ့တဲ့ သူဟာ ခု မင်းသိနေတဲ့ - စိုင်းဝဏ္ဏပဲ"

တောကျော်က ဆက်ပြောနေသည်၊

ထိန်လင်းအောင်က -

"အဲဒါတွေ ကျွန်တော် ဘာမှမသိဘူး၊ ကျွန်တော့်နာမည်လည်း ကိုကိုနိုင် မဟုတ်ဘူး၊ ထိန်လင်းအောင်ဗျ - ထိန်လင်းအောင်"

ဟု အော်ပြောလိုက်၏၊

"ဟား - ဟား - ဟား - ဟားဟားဟား - ဟားဟား - ဟားဟား"

တောကျော်က အားရပါးရ ရယ်လိုက်သည်၊ သူ့ရယ်သံက တိုက်ခန်းလေးအတွင်း ဟိန်းထွက်သွားသည်၊ ထို့နောက် -

"မင်းဟာမင်း ထိန်လင်းအောင်ပဲဖြစ်ဖြစ်၊ ကိုကိုနိုင်ပဲဖြစ်ဖြစ် နာမည်က အရေးမကြီးဘူး၊ ငါပြောမယ့်စကားတွေကို မင်းမသေခင် သိသွားဖို့ကသာ အဓိကဖြစ်တယ်၊ ငါပြောမယ် ဆက်နားထောင်" ဟု ဆိုကာ -

"တကယ်တော့ - စိုင်းဝဏ္ဏဆိုတဲ့နာမည်က ဒီရောက်မှ ကင်ပွန်းတပ်လိုက်တဲ့ နာမည်၊ မူလနာမည်က ဒေဝ၊ ဒီရဝေမြို့ကိုရောက်လာတော့ ဒီဒေသတစ်ဝိုက်မှာ နာမည်ကြီးနေတဲ့ ဗိုလ်စိုင်းဝဏ္ဏနဲ့ ဒေဝတွေ့တယ်၊ ဗိုလ်စိုင်းဝဏ္ဏဆိုတာ ဓားပြအဖွဲ့ကြီးတစ်ဖွဲ့ရဲ့ခေါင်းဆောင်ပေါ့၊ ဒေဝနဲ့ စိုင်းဝဏ္ဏတို့ ခင်ကြတယ်၊ ဒါပေမဲ့ - ဒေဝမှာ တန်ဖိုးမဖြတ်နိုင်တဲ့ စိန်တွေပါတယ်ဆိုတာ သိနေတဲ့ စိုင်းဝဏ္ဏက ဒေဝကို သတ်ပြီး စိန်တွေယူဖို့လုပ်တယ်၊ အဲဒီမှာ

www.burmeseclassic.com

ဒေဝရဲ့ညီအရင်းဖြစ်တဲ့ ဝေဒဆိုတဲ့ ငါကသိပြီး စိုင်းဝဏ္ဏကို လက်ဦးမှု ရယူသတ်ခဲ့တယ်။ နောက် – စိုင်းဝဏ္ဏနဲ့ ရုပ်ချင်း ခွဲမရအောင် တူတဲ့ ပလတ်စတစ်ဆာဂျရီရယ်လ်မျက်နှာဖုံးတွေလုပ်ပြီး ဒီနေ့အထိ စိုင်းဝဏ္ဏအဖြစ် နေရာယူလိုက်တာပဲ။ ဒီလောက်ဆိုရင်တော့ ရဲမှူးလေး ကိုကိုနိုင်၊ စိုင်းဝဏ္ဏ ခေါ်တဲ့ ဒေဝရဲ့အစွမ်းအစကို သိလောက်လို့ သေပျော်ပြီထင်ပါတယ်"

ဟု ဆက်ပြောလိုက်လေ၏။ သူ့စကား အဆုံးသတ်ပြီးသည်နှင့် တဟားဟားလည်း ဆက်လက်ရယ်မောလိုက်လေသည်။

သို့သော် – သူ့လက်ထဲက သေနတ်ကတော့ အဆုံးမသတ်၊ သူ့ရင်အုံဆီ ချိန်ထားဆဲ။ ထိန်လင်းအောင် မည်သို့ လုပ်ရမည်ကို အကြံထုတ်နေမိ၏။ ဒီနေရာက အရေးကြီးသောနေရာဖြစ်ပြီး အမှားမခံသော အနေအထားမျိုး ဖြစ်၏။ တစ်ချက်မှားလို့ကတော့ တစ်သက်စာ ပူလုံသွားမည်အမှန်ဖြစ်ပေသည်၊ ဒီတော့ – အမှားမခံရဲ့ ကျားရဲတစ်ကောင်လို မျက်တောင်မခတ်ပဲ တောကျော်ကို ကြည့်နေလိုက်သည်။ ထိုစဉ်ပင် သူဦးနောက်အတွင်းသို့ အသိဉာဏ်တစ်ခုက အလင်းတန်းကြီးလို ဖျတ်ခနဲ ဝင်လာသည်။ သို့ကြောင့်ပင် အချိန်မဆွဲဘဲ –

"ဟော့မှုလုပ်နဲ့"

ဟု တောကျော် ရပ်နေရာမှ တောကျော်ကို ကျော်၍ ကြည့်လိုက်ပြီး ရုတ်တရက် အော်လိုက်၏။ ထိန်လင်းအောင် အော်သံကြောင့် တောကျော် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်၊ သေနတ်ချိန်ရက်ဖြင့်နောက်ကိုမသိမသာ ပြန်ကြည့်လိုက်၏။

ထိန်လင်းအောင်က ထိုအခွင့်အရေးကို လက်လွှတ်မခံ။ လျှပ်တစ်ပြက် တောကျော်လက်ဖြင့် ကိုင်ထားသော သေနတ်ကို လှမ်းကန်ထည့်လိုက်သည်။ သေနတ်က အခန်းထောင့်သို့ လွင့်စဉ်သွားသည်၊ ထိုကန်ချက်နှင့် တစ်ပြေးညီတည်း တောကျော်၏ ရင်ဝနှင့်မေးဆီသို့ ဘယ်ညာလက်သီးနှစ်လုံးကို ပစ်သွင်းလိုက်၏။

ရုတ်တရက် တိုက်ကွက်ဖြစ်သဖြင့် တောကျော် ဘာမျှပြန်မလုပ်နိုင်ဘဲ ဝုန်းခနဲ အခန်းထဲ လဲပြိုကျသွားတော့သည်၊ ထိန်လင်းအောင်က လဲကျသွားသည့် တောကျော်၏ ပခုံးနှစ်ဖက်ဆီကို လက်ဝါးစောင်းနှစ်ချက်ဆီ ဆင့်ရုတ်



နှလိုက်၏။ တောကျော် လောကကြီးနှင့် အဆက်ပြတ်သွားသည်၊

ထိန်လင်းအောင်က သေချာလောက်မှ တောကျော်၏ ခြေလက်တို့ကို ကြိုးတုပ်၍ ပါးစပ်ထဲ အဝတ်ဆို့ကာ မျက်နှာကို အဝတ်စတစ်ခုနှင့် ဆီးပိတ်လိုက်သည်၊ နောက် – လွင့်စဉ်သွားသော ပစ္စတိုလေးကိုကောက်၍အိတ်ထဲ ထည့်လိုက်၏၊

ထို့နောက် သူ့မျက်နှာကိုစိုင်းဝဏ္ဏပုံတူ မျက်နှာဖုံးကောက်စွပ်ပြီး အခန်းကို သော့ခတ်၍ အပြင်သို့ထွက်ခဲ့လေ၏။

• • • ☪ • • •

'နောက်ဆုံးအောင်ပွဲ'

အပြင်ရောက်သည်နှင့် ထိန်လင်းအောင် သူနှင့်နံပါတ်(၂) ရောက်ခဲ့ကြသော တောင်ကုန်းလေးဆီ ထွက်ခဲ့သည်၊ ည ၂ နာရီလောက်ရှိပြီမို့ လောကကြီးက အိပ်မောကျနေပြီဖြစ်သည်၊ ပုရစ်မြည်သံ၊ ပုရစ်ဖူအကောင်ငယ်လေးများ၏ အော်သံ၊ နင်းစက်နင်းပေါက်တို့ တဖြောက်ဖြောက် ကျသံတို့မှအပ လောကကြီးက တိတ်ဆိတ်နေသည်၊

တောင်ကုန်းလေးရောက်သည်နှင့် ထိန်လင်းအောင် တောင်ကုန်းလေး ပေါ်တက်ခဲ့သည်၊ တောင်ကုန်းထိပ်ရှိ ကျောက်တုံးကြီးကို နံပါတ်(၂) လုပ်သလို ဘေးတွန်းဖယ်လိုက်၏၊ ကျောက်တုံးမရှိတော့သည်နှင့် လှေကားထစ်တွေပေါ်လာသည်၊ တောင်အတွင်းရှိ လျှို့ဝှက်ခန်းမှ မီးရောင်က ခပ်မှိန်မှိန်မှုလေး အပေါ်တက်လာသည်၊ အောက်သို့ ထိုအလင်းရောင်ဖြင့်ပင် ဆင်းကြီးစွာထားဆင်းခဲ့၏၊ အခန်းကျယ်ကြီးထဲရောက်တော့ တစ်ဖက်ခန်း ယောက်ျားတစ်ယောက်နှင့်မိန်းမတစ်ယောက်တို့၏ညတုတုခရောတာတာ အသံများနှင့် တခစ်ခစ်ရယ်မောသံများကို သဲ့သဲ့ကြားလိုက်ရ၏၊

ထိန်လင်းအောင် ခြေဖွနင်းကာ အခန်းပေါက်ကို ကွယ်၍ တစ်ဖက်ခန်းထဲ ချောင်းကြည့်လိုက်သည်၊

မှိန်ပျပျဆီ မီးရောင်ပြာလဲ့လဲ့လေးအောက်၌ အိပ်စင်ပေါ်ရှိ စိုင်းဝဏ္ဏအောင်နှင့် ဆယ့်ရှစ်နှစ်ရွယ် ကြွေရုပ်ကလေးလို ကြော့ရှင်းလှပလှသော အမျိုးသမီးငယ်လေးတစ်ယောက်ကို တွေ့လိုက်ရသည်၊

www.burmeseclassic.com

ထိန်လင်းအောင် တောကျော်ဆီမှ ယူခဲ့သည့် နီကာယ်ရောင်ပစ္စတိုလေးကိုထုတ်လိုက်သည်။ ထို့နောက် စိုင်းဝဏ္ဏဆီ ဖျတ်ခနဲ ပြေးကပ်လိုက်ပြီး သေနတ်နှင့် ထိုးချိန်လိုက်လေ၏။

"မသေချင် လက်မြှောက်" ဟုလည်း အမိန့်ပေးလိုက်သည်။ ရုတ်တရက် မမျှော်လင့်ပဲ ကြုံတွေ့လိုက်ရသောဖြစ်ရပ်ကြောင့် စိုင်းဝဏ္ဏ ကြက်သေသေသွားသည်။ ထိန်လင်းအောင်ကိုကြည့်ပြီးလည်း မျက်လုံးပြူးသွားသည်။ အံ့အားတသင့်ဖြစ်သွားသည်။ သူ့အတွက် လှုပ်ရှားချိန်လည်း မရလိုက်။

"စိုင်းဝဏ္ဏ - ခင်ဗျား - ခင်ဗျား မသေဘူးနော်"

ဟုလည်း အထစ်ထစ် အငေါ့ငေါ့ဖြင့် စိုးရိမ်တကြီး မေးလိုက်လေ၏။

ထိန်လင်းအောင် စိုင်းဝဏ္ဏကို ကြည့်ပြီး သဘောကျစွာ ရယ်လိုက်သည်။

"ငါ မသေပါဘူး - ဒေဝရယ်။ ငါ မသေပါဘူးကွ"

ဟုလည်း ခပ်ထေ့ထေ့လေး ပြောလိုက်လေသည်။ ထို့နောက် စိုင်းဝဏ္ဏ (ခေါ်) ဒေဝအနား တိုးကပ်သွားကာ အမှတ်တမဲ့ ၎င်း၏ လည်ပင်းဆီသို့ ဘယ်လက်ဝါးစောင်းခုတ်ချလိုက်၏။

စိုင်းဝဏ္ဏ (ခေါ်) ဒေဝလဲကျသွားသည်နှင့် ၎င်း၏ မျက်နှာတွင် စွပ်ထားသော မျက်နှာဖုံးကို ဆွဲခွာလိုက်လေသည်။

ထို့နောက် လက်နှစ်ဖက် ကြိုးတုပ်၍ ထိုအခန်းထဲတွင်ပင် အပြင်မှ အခိုင်အမာ သော့ခတ်ထားခဲ့ပြီး ပြန်ထွက်ခဲ့သည်။

ထိုစဉ်ပင် ရဝေမြိုင်နှင့် ခပ်လှမ်းလှမ်းရှိ လုံခြုံရေးများနေသည့် တိုက်ခန်း "လိုင်း" များနှင့် လက်နက်သိုလှောင်ရုံ၊ စိတ်ကိုပြောင်းလဲစေတတ်သည့် စိတ်ကြွရူးသွပ်ဆေးဝါးများ ထုတ်လုပ်ရာ အဆောက်အအုံကြီးများဆီမှ သေနတ်သံ၊ တိုက်ပွဲဖြစ်သံများကို ဆူညံစွာကြားလိုက်ရသည်။ အပြန်အလှန်ပစ်ခတ်သံများ ညံနေ၏။

ထိန်လင်းအောင် ခဏရပ်ကြည့်နေလိုက်သည်။ မကြာမီ ထိုအဆောက်အအုံကြီးများဆီမှ မီးခိုးလုံးကြီးများနှင့်အတူ မီးတောက်မီးလျှံများ ကောင်းကင်ဆီ ထိုးထွက်လာသည်ကို တွေ့လိုက်ရပြန်၏။

ထိန်လင်းအောင် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

လူအများကို ဒုက္ခပေးနိုင်သော အဆိပ်အိုးကြီးကို သုတ်သင်ပစ်လိုက်နိုင်သည်မဟုတ်ပါလား။

သူ့လုပ်ဆောင်ချက်အတွက် သူပီတိဖြစ်နေမိသည်။ သူ့အဖြစ်က သားရှေ့အိုးထမ်းလာသည့်အဖြစ်မျိုး လေးလောင်းပြိုင် လူသတ်မှုကြီးနှင့် စိန်တပြတိုက်မှုကြီးနောက်လိုက်ရင်း မူးယစ်ဝိုက်းကြီးတစ်ခုလုံးကိုပါ အမြစ်ပြတ်ချေမှုန်းလိုက်နိုင်သည်။ သည်အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေမိသည်။ ထိုစဉ်ပင် -

"ဝုန်း - ဝုန်း" ဆိုသည့် အသံကြီးတွေကို အဆက်မပြတ် အဆောက်အအုံကြီးတွေဘက်မှကြားလိုက်ရပြန်သည်။ လက်နက်သိုလှောင်ရုံကြီးတွေနှင့် မူးယစ်ဆေးဝါး စက်ရုံကြီးတွေ ပေါက်ကွဲ၍ တစ်စစီဖြစ်၊ တစ်မြွာကြွေမှုန်ကြသည့် အသံများဖြစ်၏။ အသံတွေ ခဲ့ပွတ်မှု။

တိုက်ပွဲက နံနက်ခင်းတွင်ပင် အောင်မြင်စွာ ပြီးဆုံးသွားချေပြီ။

တပ်မတော် စစ်ကြောင်းများနှင့် လုံခြုံရေးအဖွဲ့ဝင်များက ထိန်လင်း အောင်ကို လာရောက်နှုတ်ဆက်ကြသည်။

"ခုရုံမှူး ကိုတိုနိုင်ရဲ့ အောင်ပွဲပါဗျာ" ဟုလည်း ချီးကျူးပြောဆိုကြသည်။

နောက်တစ်နေ့၌ ထိုသတင်းက သတင်းစာများ၊ ဂျာနယ်များနှင့် မြန်မာ့အသံ စသော ရေဒီယိုအသံလွှင့်ဌာနတို့နှင့် တီဗွီဖန်သားပြင်များအပြင် အွန်လိုင်း၊ အင်တာနက်တို့ပါ မကျန် အကျယ်တဝင့် ရေးသား၍ ဂုဏ်ပြုဖော်ပြခြင်းခံရသော သတင်းအဖြစ် ပါရှိခဲ့လေတော့၏။

➤ နေဝင်းနီ

www.burmeseclassic.com

# မြွတ်သက်ကျော်

မြေအိုးနှစ်လုံးရဲ့

ရာဇဝင်



ဖက်ဆစ်အန္တရာယ်ကောင်များကို
မြန်မာမျိုးချစ်ရဲဘော်နှစ်ဦးက
သတ္တိရှိစွာ ပြောင်ပြောင်တင်းတင်း
စိန်ခေါ်အနိုင်ယူလိုက်ပုံမှာ ..

**မှန်မြည်နမ်း၊** ဘီလူးကျွန်း၊ ရေချောင်းဆုံမြို့နယ်သို့ ဖက်ဆစ်ဂျပန်များ ၁၉၄၃ - ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်၊ တနင်္လာနေ့တွင် စတင်ရောက်ရှိလာကြလေသည်။ အစောပိုင်းက ယခုရေချောင်းဆုံ အထက်တန်းကျောင်းအနီး ဘာသာခြားတစ်ဦး၏နေအိမ်တွင် ကင်ပေတိုင်ရုံးကို စတင်ဖွင့်လှစ်ခဲ့လေသည်။ ၁၉၄၄ - ခုနှစ်တွင် မဟာမိတ်များ မကြာခဏ လာရောက်ဗုံးကြဲနေသောကြောင့် ဂျပန်ကင်ပေတိုင်ရုံးကို ရေချောင်းဆုံရဲစခန်းအနီးရှိ ဘာသာခြား တစ်အိမ်သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်လေတော့သည်။

အသစ်ပြောင်းရွှေ့ဖွင့်လှစ်လိုက်သော ဂျပန်ကင်ပေတိုင်ရုံးမှာ သရက်ပင်များ အုပ်အုပ်ဆိုင်းဆိုင်း ရှိသောကြောင့် အတန်အသင့် လုံခြုံမှုကို ပေးနိုင်လေသည်။ ထိုဂျပန်ကင်ပေတိုင်ရုံး ရေချောင်းဆုံမြို့အတွင်းသို့ ရောက်ရှိလာပြီး မကြာမီ တို့ဗမာအစည်းအရုံးဝင်သခင်များ၊ အာရှလူငယ်အဖွဲ့ဝင်များကို ဂျပန်ကင်ပေတိုင်များက မျက်လုံးဒေါက်ထောက် ကြည့်လာကြပေတော့သည်။

www.burmeseclassic.com

ထို့ကြောင့် တို့ဗမာအစည်းအရုံးဝင်သခင်များနှင့် အာရှလူငယ်အဖွဲ့ဝင်များမှာ ကင်ပေတိုင်တောဝါကို အထူးသတိထား၍ လှုပ်ရှားနေကြရပေတော့သည်၊ အထူးသဖြင့် နာကာမူယာခေါ် ဂျပန်ကင်ပေတိုင် ဗိုလ်ပုတီးစိပ်၏ရန်ကို အထူးလေးထား၍ ရှောင်ကျဉ်နေရရှာတော့သည်၊

ဂျပန်ကင်ပေတိုင် နာကာမူယာသည် အသက်(၃၀)ခန့်ဖြစ်ပြီး အရပ်အမောင်းမှာ မနိမ့်မမြင့်ဖြစ်သည်၊ အမြဲတမ်းနီးပါး မြန်မာလို၀တ်ပြီး မြန်မာစကားကိုလည်း ကောင်းစွာပြောဆိုတတ်သူဖြစ်သည်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာအနှံ့သို့ လှည့်လည် သတင်းစုဆောင်းနေတတ်သူဖြစ်ပေသည်၊ လည်ပင်းတွင်လည်း ပုတီးတစ်ကုံးကို အမြဲဆွဲထားတတ်သောကြောင့် အရပ်က နာကာမူယာအား ဗိုလ်ပုတီးစိပ်ဟူ၍ ခေါ်တွင်ကြလေသည်၊

ရင်းကား အကောင်းပါးပြီး ရက်စက်တတ်လေသည်၊ လက်သံပြောင်လွန်းသောကြောင့် ဗိုလ်ပုတီးစိပ်ဟု ဆိုလျှင် သူမိုးမှအစ ဓားပြများအဆုံး ကြောက်လန့်ကြလေသည်၊ ထို့ကြောင့် တော်လှန်ရေးသမားများ၊ တို့ဗမာအစည်းအရုံးဝင်သခင်များ၊ အာရှလူငယ်အဖွဲ့ဝင်များကလည်း ဗိုလ်ပုတီးစိပ်၏ အန္တရာယ်ကို အထူးသတိထား ရှောင်ကွင်းနေကြခြင်း ဖြစ်ရှာတော့သည်၊

ထိုကဲ့သို့ သိုသိုသိပ်သိပ် နေသည့်ကြားမှ ချောင်းဆုံမြို့နယ် တို့ဗမာအစည်းအရုံးမှ နာယက ဆရာတော် ဦးနန္ဒသာရ၊ သခင်ကျော်ဖ၊ သခင်သာဟန်၊ သခင်စံမင်း၊ သခင်အုန်းခိုင်၊ သခင်တောင်ကျော် အစရှိသော တို့ဗမာအစည်းအရုံးဝင် (၁၁)ဦးအား ဂျပန်ကင်ပေတိုင်မှ ဖမ်းဆီးလိုက်လေတော့သည်၊ ထို့နောက် ၁၉၄၅ – ခုနှစ်၊ ဖေလိုင်လတွင် ဆရာတော်ဦးနန္ဒသာရ၊ သခင်ကျော်ဖနှင့် သခင်သာဟန်တို့ကို ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ တောလေချောင်းအရပ် တောစပ်တွင် ဂျပန်ကင်ပေတိုင်တို့မှ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ရှာတော့သည်၊

ကျန်သော တို့ဗမာအစည်းအရုံးဝင်၊ သခင်ရှစ်ဦးတို့အား ၁၉၄၅ – ခုနှစ် ဖေလိုင်လတွင် ပြန်လည်လွှတ်ပေးခဲ့သော်ငြားလည်း ကမာကေးကျေးရွာမှ



သခင်စံမင်း၊ သခင်အုန်းခိုင်၊ သခင်ချစ်ဖေတို့မှာ ဂျပန်များ နှိပ်စက်သောဒဏ်ကြောင့် ရွာပြန်ရောက်ပြီး (၂)လအကြာတွင် သွေးအန်ရောဂါဖြင့် ကွယ်လွန်ခဲ့ကြရပေတော့သည်၊

...●...

"တောက် – တွေ့ကြသေးတာပေါ့ – ပုတီးစိပ်ရာ"

အာရှလူငယ်အဖွဲ့ဝင် မောင်ကျော်၏နှုတ်များမှ မာကျောခက်ထန်သော တောက်ခေါက်သံနှင့်နာနာကြည်းကြည်း ကြုံးဝါးသံ ထွက်ပေါ်လာရှာသည်၊ ထို့ဗမာအစည်းအရုံးဝင်များ ရက်စက်စွာ အသတ်ခံ ညှဉ်းပန်းခံရသည့်သတင်းများက သူ့ရင်ကို ဓားထက်ထက်နှင့် ဆွသလို ခံရခက်နေရှာတော့သည်၊ ဒေါသအာဃာတနှင့် လက်စားချေလိုခြင်းများက သူ့တစ်ကိုယ်လုံးအား လောင်မြိုက်နေရှာတော့သည်၊

"စိတ်လျှော့ထား – မောင်ကျော်၊ အချိန်မရောက်သေးဘူးကွ၊ အနာကသွေးပြည်ပုပ်ကို ညှစ်ထုတ်တာတောင် ပြည်မှည့်တဲ့အချိန်ကို စောင့်ရသေးသာ၊ လက်နက်အာဏာနဲ့ ထင်တိုင်းကြဲနေတဲ့ ဖက်ဆစ်တွေကို တစ်ပြန်အစ်လှည့် လက်စားချေဖို့ကလည်း အချိန်ကို စောင့်ဖို့ လိုတာပေါ့ကွာ"

ခင်မောင်၏စကားများက မောင်ကျော်၏ ဒေါသနှင့် ခံစားချက်များကို မြှိုက်ဆွသည်သို့ ဖြစ်သွားစေတော့၏၊ ခင်မောင်၏ ပြေရာ ပြေကြောင်းစကားများက မောင်ကျော်အတွက် ဒေါသထွက်စရာ ဖြစ်သွားရှာတော့၏၊ မောင်ကျော်သည် ခင်မောင်၏အင်္ကျီကော်လံစကို ဒေါသတကြီး ဆုပ်ကိုင်ရင်း ခပ်ကြမ်းကြမ်း မေးမြန်းလေတော့သည်၊

"ဘာ – ဘာကွ – ခင်မောင်၊ အချိန်ကို စောင့်ရမယ် – ဟုတ်လား၊ ဘယ်အချိန်ထိ စောင့်မှာလဲ၊ နောက်ဘ၀ထိအောင်လား၊ ငါက နောက်ဘ၀ထိအောင်အချိန်ကိုထိုင်စောင့်မယ့်ကောင် မဟုတ်ဘူး၊ အချိန်ကိုဖန်တီးယူမယ့်ကောင်ကွ – နားလည်ထား"

www.burmeseclassic.com

“ဂျပန်ဗိုလ် ပုတီးစိပ်လည်း အနီးရှိ မြင်းခွေးထားသည့် အိမ်တစ်အိမ်မှ မြင်းတစ်ကောင်အား ကုန်းနှီးဆင်ရက်ရှုပြီး အမြန်စီးနင်းလိုက်ဖမ်းသော်လည်း မြင်းကိုသာ မိလိုက်ပြီး မြင်းစီးသွားသောဓားပြမှာ မြင်းနှင့်အတူ ပါမလာသောကြောင့် ဗိုလ်ပုတီးစိပ်မှာ အလွန်ဒေါသထွက်၊ ဦးနှောက်ခြောက်သွားပြီး ဓားပြစီးသွားသည့်မြင်းကို သေနတ်နှင့် ပစ်သတ်လိုက်လေတော့၏။



မောင်ကျော်၏ ဒေါသတကြီးတွန်းထိုးမှုကြောင့် ခင်မောင်မှာ မြေပေါ်သို့ ခွေခေါက်လဲကျသွားလေသည်။ ထိုအခါအနားတွင် ရှိနေသော မောင်စံဦးက ခင်မောင်နှင့် မောင်ကျော် ရန်ဖြစ်ကြပြီအထင်နှင့် ပြေးလာ၍ ဖြန်ဖြေလေတော့၏။

“ဟာ - အစ်ကိုတို့ကလဲ၊ ခုကတည်းက ကိုယ့်အဖွဲ့ဝင်အချင်းချင်း ရန်ဖြစ်နေရသတဲ့လားဗျာ။ ခုကတည်းက အချင်းချင်း မညီညွတ်ကြရင် အစ်ကိုတို့ ကျွန်တော်တို့ ဖက်ဆစ်ငပုတွေကို တာကယ်တမ်း တော်လှန်ကြတဲ့အခါ ဘယ်လိုလုပ်ပြီး တော်လှန်ကြမှာတုံးဗျာ။ မညီညွတ်တဲ့အင်အားစုတစ်ခုဟာ တောင်းနှုန်းတဲ့ရလာဒ်ကို ရတတ်တယ်လို့များ အစ်ကိုတို့ ကြားဖူးကြသလားဗျာ”

မောင်စံ၏စကားကို ကြားရသည့်အခိုက်တွင် တင်းမာနေသော မောင်ကျော်၏မျက်နှာပြင်မှာ ပြေလျှော့သွားသည့်နည်းတူ မြေပြင်ပေါ်တွင် လဲကျနေသော ခင်မောင်ကလည်း မြေပေါ်မှထပြီး ပေကျံနေသော ဖုန်နှင့်သဲများကို ခါချနေရင်း အဖြစ်အပျက်ကို ရှင်းလင်းပြောပြလေသည်။

“အစ်ကိုတို့ ရန်ဖြစ်နေကြတာ မဟုတ်ဘူး - မောင်စံဦးရဲ့ ဆရာတော် ဦးနန္ဒသာရနဲ့ တို့ဗမာအစည်းအရုံးဝင် သခင်တွေကို ဂျပန်ကင်ပေတိုင်က သတ်သွားတဲ့သတင်းကို ဒီကောင်ကြီး ကြားပြီး တအားဒေါသထွက်သွားတယ်၊ ပြီးတော့ - တို့ကျွန်းပေါ်က ကင်ပေတိုင်ဂျပန်တွေကိုလည်း သူ့နည်းသူ့ဟန်နဲ့ ရှင်းပစ်မယ်ပြောနေလို့ အစ်ကိုက အချိန်အခါ မရောက်သေးဘူး၊ စောင့်ပါဦးလို့ ပြောတာကို ဒီကောင်က အရမ်းစိတ်ဆိုးပြီး အစ်ကို့ကို တွန်းပစ်လိုက်တာပါ - ငါ့ညီရာ”

ခင်မောင်၏စကားဆုံးသောအခါ သူတို့၏စကားဝိုင်းမှာ ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ထိုအခိုက် တိတ်တဆိတ်သက်ပြင်းချသံနှင့်အတူ မောင်စံဦး၏ စကားသံက တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်ချေတော့၏။

“အင်း - တစ်ဖက်က ကြည့်တော့လည်း အစ်ကိုခင်မောင်ပြောတာ မှန်တာပါပဲ၊ ဒါပေမဲ့ - တစ်ဖက်က ကြည့်ပြန်တော့လည်း ကိုမောင်ကျော်ပြောတာမှန်တယ်။ ကျွန်တော်တို့ ကျွန်းပေါ်မှာ ဂျပန်အင်အားက သိပ်မရှိတော့ ဒီကောင်တွေကို ရနိုင်သမျှ ကိုယ့်ဘက်က ချေမှုန်းထားနိုင်ရင် ဒီကောင်တွေ ကျွန်တော်တို့ဘက်ကို အင်အားထပ်ပို့ပြီး ကျွန်တော်တို့ကို တိုက်ဖို့ ပြင်ဆင်ကြလိမ့်မည်၊ အဲဒီအခါ တစ်ဖက်စစ်မျက်နှာအတွက် အင်အားက လျော့သွားသိမ့်မယ်၊ ကျွန်တော်တို့ကလည်း ဒီကောင်တွေ လှုပ်လာရင် ငြိမ်နေလိုက်ကြတာပေါ့၊ ဒါဟာ - သူတို့ကို စိတ်ဓာတ်ရေးရာအရ ခြိမ်းခြောက်စစ်ဆင်ခြင်း အမျိုးမို့ ကောင်းတဲ့အစီအစဉ်တစ်ခုလို့ပဲ ကျွန်တော်ထင်တယ်ဗျ၊ ဒီတော့ - ကိုမောင်ကျော် - အစ်ကိုလှုပ်ရှားရင် ကျွန်တော့်ကိုပါ ခေါ်နော်”





www.burmeseclassic.com

မောင်စံဦး၏စကားကိုကြားသည့်အခါ ခင်မောင်သည် အံ့အားသင့်ဟန်နှင့် ရေရွတ်ပြောဆိုရှာတော့သည်။

"ဟာ - မင်းတို့ဟာက ဘယ်လိုလဲကွ။ တို့အဖွဲ့အစည်းကိုပါ ထိခိုက်လာနိုင်တယ် - စဉ်းစားကြဦးနော်"

"အေးကွ - အဲဒီအချက်ကတော့ ခင်မောင်ပြောတာ မှန်တယ်။ တို့အာရလူငယ်အဖွဲ့ကို မထိခိုက်ရလေအောင် အဖွဲ့က ငါ့နုတ်ထွက်စာတင်မယ်။ မောင်စံဦးလည်း အစ်ကိုနဲ့ လိုက်ပြီး စွန့်စားမယ်ဆိုရင် မင်းပါ နုတ်ထွက်စာတင်ပေတော့။ လောလောဆယ်တော့ မင်း ဆရာကြီး ဦးရွှေနဲ့ ဆရာကြီး ဦးမျိုးချစ်တို့ရဲ့မျိုးချစ်သိုင်းအဖွဲ့မှာ သိုင်းကစားတာပြန်လေ့ကျင့်နေပါ။ မတတ်သေးတာတွေကို ထပ်ပြီးသင်ယူထားပါ။ မြင်းစီး၊ သစ်ပင်တက်၊ ရေကူး၊ ရေငုပ် လေ့ကျင့်ထား။ အစ်ကိုတော့ အာရလူငယ်အဖွဲ့က နုတ်ထွက်ကြောင်း နုတ်ထွက်စာ သွားရေးတော့မယ်"

ပြောပြောဆိုဆို မောင်ကျော်က ခင်မောင်နှင့် မောင်စံဦးတို့အား ကျောခိုင်း၍ ထွက်ခွာသွားလေတော့သည်။

...●...

မောင်ကျော် အာရလူငယ်အစည်းအရုံးမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာတင်ပြီး တစ်ပတ်မျှ အကြာတွင် ဆရာတော် ဦးနန္ဒသာရ ပုန်းခိုနေသည့်နေရာအား ဂျပန်ကင်ပေတိုင်ကို လက်တို့သတင်းပို့ခဲ့သည်ဆိုသော ရွာတစ်ရွာမှ သူကြီးအိမ်အား ဓားရှည်တစ်လက် ကိုင်ဆောင်ပြီး ရှမ်းဘောင်းဘီဝတ် ခေါင်းပေါင်းကာ ခါးတွင် ဓားမြှောင်နှစ်လက် ထိုးထားသည့် တစ်ကိုယ်တော်ဓားပြတစ်ဦးက သူကြီးနှင့် သူကြီးကတော်တို့အား ကြိုးတုပ်နှိပ်စက်ပြီး အနကြမ်းစီးသွားကြောင်း သတင်းထွက်ပေါ်လာရှာတော့၏။

ယင်းသူကြီးအိမ်ကို ဓားပြတိုက်ရာတွင် သူကြီးအိမ်မှ တပည့်တပန်းများ၊ အိမ်သားများသာမက သူကြီးအိမ်တွင် မွေးထားသော ခွေးများကိုပါ အိပ်ဆေးကျွေးပြီး သူကြီးလင်မယားအား နှိပ်စက်သွားပါသည်ဟူသော ပါးစပ်သတင်းများ ထွက်ပေါ်လာခဲ့ရှာတော့သည်။

ထိုအချိန်မှစ၍ မကြာခဏပင် ရွာအသီးသီးမှ ဂျပန်အလိုတော်ရိသူကြီးများ ဂျပန်လက်ကိုင်တုတ်များ၏အိမ်များသို့ တစ်ကိုယ်တော် လူစွမ်းကောင်းဓားပြက အလှူခံ လာရောက်လေ့ရှိပြီး ဖုဇကာပုဏ္ဏားနှိပ်စက်ခံနှင့် ကကွက်ဆန်းများကို ကပြအသုံးတော်ခံသွားကြောင်း၊ ဘီလူးတျှန်း (ချောင်းဆုံမြို့နယ်) သားတို့ ဝမ်းသာပီတိဖြစ်စွာ ကြားကြရလေတော့၏။

ဂျပန်ကင်ပေတိုင် ဗိုလ်ပုတီးစိပ်မှာလည်း သူ၏ မွေးစားသားများကို တစ်ကိုယ်တော်လူစွမ်းကောင်းဓားပြနှိပ်စက်နေသော အဖြစ်အပျက်ကြောင့် ဒေါသအလွန်ထွက်ပြီး တစ်ကိုယ်တော်ဓားပြနှိမ်နင်းရေးအတွက် နေ့စဉ်ပင် တစ်ရွာဝင်၊ တစ်ရွာထွက် သတင်းထောက်လှမ်းနေရှာတော့၏။

သို့သော် အားမတန်မာန်လျှော့ပြီး အလိုက်အထိုက် ဂျပန်အား ဆက်ဆံနေကြရသော ကရင်၊ ဗမာ၊ မွန် စသည့်တိုင်းရင်းသားများမှာ မသိစကား တစ်လုံး ကိုင်ဆောင်ပြီးနေသောကြောင့် ကင်ပေတိုင် ဗိုလ်ပုတီးစိပ်မှာ ပို၍ အရှက်ထွက်လာပြီး တွေ့ရှိသမျှ လူတို့အား လက်ဝါးစောင်းနှင့် ဖနောင့်တ ချင်ကြီး ကျွေးလေတော့သည်။

တစ်ရက်တွင် ဆယ်ပလာဟူသော ရွာ၌ တစ်ကိုယ်တော် ဓားပြရောက်နေကြောင်း သတင်းကြားပြီး ဂျပန်တပ်စိပ်တစ်စိပ် သွားရောက်ဝိုင်းဝန်းကြသော်လည်း ဓားပြမှာ ဓားကျုက်တွင် လွှတ်ကျောင်းထားသည့် ကုန်းနီးမပါ ဘဲချည်ထားသည့်မြင်းတစ်ကောင်အား စီးနင်းထွက်ပြေးလေ၏။

ဂျပန်ဗိုလ် ပုတီးစိပ်လည်း အနီးရှိ မြင်းမွေးထားသည့် အိမ်တစ်အိမ်မှ မြင်းတစ်ကောင်အား ကုန်းနှီးဆင် ဇက်ခွပြီး အမြန်စီးနင်းလိုက်ဖမ်းသော် လည်းမြင်းကိုသာ မိလိုက်ပြီး မြင်းစီးသွားသော ဓားပြမှာ မြင်းနှင့်အတူ ပါမလာ သောကြောင့် ဗိုလ်ပုတီးစိပ်မှာ အလွန်ဒေါသထွက်၊ ဦးနှောက်ခြောက်သွား ပြီး ဓားပြစီးသွားသည့်မြင်းကို သေနတ်နှင့် ပစ်သတ်လိုက်လေတော့၏။

တစ်ကြိမ်ကလည်း လူမရှိသော လယ်တဲတစ်ခုတွင် ဓားပြနိုနေကြောင်း သတင်းရ၍ဂျပန်ကင်ပေတိုင်များ သွားရောက်ဖမ်းဆီးရာ လယ်ကွက်ထဲတွင် လွှတ်ကျောင်းထားသည့်မြင်းတစ်ကောင်အား ခုန်တက်စီးနင်းသွား ပျောက်ကွယ်သွားရချေတော့၏။

ထိုသို့သော အကြောင်းများကြောင့် ကင်ပေတိုင်ဗိုလ်ပုတီးစိပ်မှာ အလွန်ဒေါသထွက် မခံချိ မခံသာဖြစ်လာသည့်နည်းတူ အရပ်ထဲတွင်လည်း တစ်ကိုယ်တော်ဓားပြမှာ သေနတ်ပြီးကြောင်း၊ ကိုယ်ဖျောက်နိုင်စွမ်းရှိကြောင်း သတင်းကြီးလာရချေတော့သည်။

• • • • • •

"ဘယ်လိုလဲ - ဘီရုမာသူကြီးတို့၊ ဒီတစ်ကိုယ်တော် ဓားပြသတင်းတို့ဘာမှမကြားဘူးလား။ အဲဒီဓားပြ ဘယ်သူလဲဆိုတာ ဘယ်သူမှ သတင်းမပေးနိုင်ကြတော့ဘူးလား၊ မစုံစမ်းနိုင်ကြတော့ဘူးလား"

"စုံစမ်းတော့စုံစမ်းပါတယ် - မာစတာ၊ ဒါပေမဲ့ - အဲဒီဓားပြက ပေါ်ချင်တဲ့အခါ ပေါ်လာပြီး တစ်ခါတစ်ခါ သူ့ရဲ့လှုပ်မှုသတင်းဟာ ပျောက်ပြီး ငြိမ်ရျတ်သား ကောင်းနေတတ်ပါတယ်၊ တစ်ခါတလေတော့လည်း မထင်မှတ်တဲ့နေရာမှာ ပေါ်လာပြီး ဓားပြတိုက်တတ်ပါတယ်၊ ပြီးတော့ - အရပ်ထဲမှာဖြစ်နေတဲ့သတင်းကတော့ အဲဒီဓားပြဟာ သေနတ်ပြီးသလိုလို၊ ကိုယ်ဖျောက်နိုင်စွမ်းလည်း ရှိတယ်လို့လည်း ပြောနေကြပါတယ်၊ သူ ဘယ်သူလဲလို့ မေးလိုက်တဲ့အခါ ရွာသားတွေကလည်း မသိကြဘူးပဲ ဖြေနေကြလို့ သူ ဘယ်သူဆိုတာကို မှန်းဆမရနိုင်အောင် ဖြစ်နေကြပါတယ် - မာစတာ"

သူကြီးတစ်ဦး၏စကားကြောင့် ကင်ပေတိုင်ဗိုလ်နာကာမူယာ (ဗိုလ်ပုတီးစိပ်) မှာ မျက်နှာနီမြန်းပြီး ဒေါသထွက်သွားသည်၊ ထိုင်နေသော ကုလားထိုင်မှ ရုတ်တရက် ခုန်ထပြီး စားပွဲအား ဒေါသတကြီး လက်ဝါးစောင်းနှင့် ခုတ်လိုက်လေတော့သည်။



"ဘာ - သေနတ်ပြီးတယ်၊ ကိုယ်ပျောက်တယ် - ဟုတ်လား၊ ဒါ - ဘီရုမာနိုင်ငံပါ၊ မာစတာတို့ နိပွန်နိုင်ငံက ရှေးဟောင်း နင်ဂျာသူရဲကောင်း အကြွင်းအကျန်တွေဆိုရင် လက်ခံနိုင်သေးတယ်၊ ဘီရုမာနိုင်ငံက ဒီဘာတ်ကဲရိုး သူခိုးအစုတ်က ကိုယ်ပျောက်တယ်၊ သေနတ်ပြီးတယ်ဆိုတာကို လုံးဝလက်မခံဘူး၊ သေနတ်ပြီးရင် - သူ့ကို မာစတာရဲ့ ကင်ဒိုဓားနဲ့ ခုတ်မယ်၊ နောက်ထပ်ကိုယ်မဖျောက်နိုင်အောင် ဒီတစ်ခါတွေ့မှ မာစတာ သူ့ကို ကောင်းကောင်းဆုံးမမယ်၊ သူကြီးတို့ - သူ့သတင်းကို တိတိကျကျ ရအောင်စုံစမ်းပေးကြပါ"

"ဟုတ်ကဲ့ပါ - မာစတာ"

"ကောင်းပြီ၊ ဒါဆို - ဘီရုမာသူကြီးတို့ ပြန်နိုင်ပြီ"

ထိုနေ့မှစ၍ ကင်ပေတိုင်ဗိုလ်နာကာမူယာ (ဗိုလ်ပုတီးစိပ်) မှာ သွားလေရာသို့ ကင်ဒိုဓားတစ်ချောင်းကို ခါးတွင်ချိတ်ပြီး မြန်မာအဝတ်အစားများပင် ဝတ်ဆင်ခြင်းမပြုတော့ပဲ သွားလာလှုပ်ရှားနေသကဲ့သို့ တစ်ကိုယ်တော်ဓားပြသည်လည်း ယခင်ကကဲ့သို့ တစ်ကိုယ်တော် မဟုတ်တော့ပဲ အဖော်တစ်ဦးတို့နှင့်အတူ ဓားပြမတိုက်ခင် ကြိုတင်၍ အသိပေး အကြောင်းကြားလေ့ရှိ၏။ ဓားပြတိုက်ခံရမည့်သူများ ကြိုတင်စီမံထားကြသည့် လုံခြုံရေးအစီအမံများကိုလည်း ရအောင်ကျော်ဖြတ်ပြီး ဓားပြတိုက်တတ်လေတော့၏။

အထူးသဖြင့် ဂျပန်အလိုတော်ရိများ၊ ဂျပန်ဖက်ဆစ်လက်ကိုင်တုတ်များတို့ အထူးဦးစားပေး ဓားပြတိုက်တတ်သောကြောင့် ယခုအခါ ဂျပန်ဖက်ဆစ်ဘက်တော်သားများမှာ သူတို့အန္တရာယ်ကို သူတို့ တွေးကြောက်မှုပန်နေကြလေတော့၏။ ညအချိန်များတွင် တစ်နေရာတည်း အတည်တကျအိပ်ရဲကြတော့ပဲ နေရာများတွင် ပုန်းလျှိုးကွယ်လျှိုး အိပ်စက်နေကြရသောကြောင့် အိပ်ကောင်းခြင်း မအိပ်ရသောဒုက္ခနှင့် အကာလမရဏ ကျရောက်မည့်ဒုက္ခများကို ကောင်းစွာခံစားသဘောပေါက် နားလည်လာကြချေတော့၏။

• • • • • •

www.burmeseclassic.com

ယနေ့လည်း ချောင်းဆုံမြို့၏ အနောက်ဘက်ရှိ ရွာတစ်ရွာမှ ဂျပန်အလို တော်ရိ တို့ဗမာအစည်းအရုံးဝင်များ အသတ်ခံရမှုတွင် ပါဝင်ပတ်သက်နေ သည်ဟု နာမည်ကြီးနေသော သူကြီးတစ်ဦး၏အိမ်အား မားပြတိုက်မည်၊ သူကြီးအား ဗိုဝိန်ခြွေမည်ဟု အဓဲကြောင်းကြားထားသောကြောင့် သတင်းရ လျှင်ရချင်း ဂျပန်ကင်ပေတိုင်အရာရှိ ဗိုလ်နာကာမူယာ(ဗိုလ်ပုတီးစိပ်)က ထိုရွာသို့ သူ့လက်အောက်မှ ဂျပန်တပ်ကြပ်ကြီးတစ်ဦး ဦးစီးသော တပ်စု တစ်စုကို သူကြီး၏လုံခြုံရေးအတွက် စေလွှတ်ရန် ပြင်ဆင်ပြီး မှာကြားစရာ ရှိသည်များကို မှာကြားနေရှေတော့၏၊

ထိုတပ်စုထွက်သွားပြီး နာရီဝက်ခန့်ကြာတွင် စာတစ်စောင် ရောက်လာ သောကြောင့် ဗိုလ်ပုတီးစိပ်က ဖောက်ဖတ်နေ၏၊

စာထဲတွင် ခရိုင်သစ်ရွာ ဘုရားကြီးကုန်းရပ်(ယခင်အခေါ်)သချိုင်းထဲ၌ ဓားပြနှစ်ဦး ခိုအောင်းနေကြောင်းနှင့် သတ္တိရှိပါက ဗိုလ်နာကာမူယာ(ဗိုလ် ပုတီးစိပ်)ကိုယ်တိုင် အဖော်တစ်ဦးနှင့် အမြန်လာ၍ သုတ်သင်ရှင်းလင်းပါ ရန် အကြောင်းကြားသောစာ ဖြစ်နေရှေတော့သည်၊

ဆူပွက်နေသော ဒေါသ၊ ရန်သူအား ရှေ့မှုန်းပစ်ချင်သော ဆန္ဒ၊ ဘုန်းနိုး သူရဲကောင်းမာနများ နိုးထလာသော နာကာမူယာသည် သူ၏စိတ်အရှေ ဆုံး တပ်ကြပ် တာနကားအား ကင်ဒိုဓားတစ်လက်နှင့် လိုရမည်ရ ပစ္စတိုသေ နတ်တစ်လက် ယူဆောင်လာခဲ့ရန်ပြောပြီး စက်ဘီး တစ်ယောက်တစ်စီး စီးနင်းကာ ဘုရားကြီးကုန်းသချိုင်းဘက်သို့ ထွက်လာခဲ့လေတော့၏၊

သချိုင်းနားသို့ ရောက်သည့်အခါ စက်ဘီးကို သုသာန်အနီးရှိ ချစ်တီး ဘုရားကျောင်းရှေ့နားတွင် ထောက်ထားကာ သုသာန်ထဲသို့ သတိထားပြီး လှမ်းဝင်သွားကြလေတော့၏၊ သုသာန်အတွင်း၌ လေတိုးသံ၊ သစ်ရွက်သံ ကိုင်းချင်း ပွတ်တိုက်သံတို့မှလွဲ၍ တိတ်ဆိတ်နေရှေသည်၊ သက်ရှိတို့၏ အရိပ်အယောင်များကိုလည်း လုံးဝမတွေ့ရလေသောကြောင့် နာကာမူယာ (ဗိုလ်ပုတီးစိပ်) လှမ်းလက်စခြေလှမ်းများကို ရပ်တန့်၍ သချိုင်းထဲသို့ အထူး ဂရုစိုက်ပြီး အကဲခတ်ကြည့်ရှုလိုက်လေတော့သည်၊



နာကာမူယာ ခြေစုံရပ်လိုက်သောကြောင့် သူ့နောက်မှ ပါလာသော တပ်ကြပ်တာနာကားလည်း ခြေစုံရပ်ပြီး အကဲခတ်လိုက်လေသည်၊ ထိုအခိုက် နာကာမူယာက တာနာကားအား တစ်စုံတစ်ရာပြောမည့်ဟန်ပြင်လိုက်စဉ် သချိုင်းအုတ်ဂူနောက်ကွယ်မှ ရှမ်းဘောင်းဘီဝတ်ထားသော လူနှစ်ဦးဇက် ကြီးတောင်ဓားကိုယ်စီ လွယ်လျက် လှမ်းထွက်လာသည်၊

တာနာကားက ခါးမှ ပစ္စတိုထုတ်မည်ပြင်လိုက်စဉ် နာကာမူယာက သေ နတ်မသုံးပဲ ဓားကို ဓားချင်း ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားဟန်နှင့် တာနာကား အား ဂျပန်လို တစ်စုံတစ်ရာကို ပြောလိုက်ရှေသည်၊ ပြီးနောက် - ခါးမှ ကင်ဒို ဓားရိုးအား ခပ်ဖွဖွ လက်တင်ရင်း မေးမြန်းလိုက်ရှေသည်၊

"ဘီရုမာတို့ - ဘယ်သူတွေလဲ"

"ကျုပ်တို့ဟာ ခင်ဗျားအလိုရှိနေတဲ့ တစ်ကိုယ်တော်ဓားပြ၊ နောက်တော့ နှစ်ယောက်ဖြစ်သွားတဲ့ ဓားပြတွေပဲ"

"အခု - ဘီရုမာတို့ အဖမ်းလာခံတာလား"

"မဟုတ်ဘူး - ဗိုလ်ပုတီးစိပ်၊ ကျုပ်တို့လာတာ ခင်ဗျားကို သတ်ဖို့ပဲ၊ ကျုပ်ကိုလည်း နှစ်ယောက်ပဲ လာသလို ခင်ဗျားလည်း နှစ်ယောက်ပဲ လာတဲ့ အတွက် တရားပါတယ်၊ ခင်ဗျားလည်း စစ်သူရဲကောင်းတစ်ယောက်ဖြစ်တဲ့ အတွက် အတတ်နိုင်ဆုံး မျှမျှတတ ယှဉ်ပြိုင်လိမ့်မယ်လို့ ကျုပ်ယုံကြည်ပါ တယ်"

"ဘီရုမာတို့ - ကျုပ်တစ်ယောက်ထဲ သွားလာနေတာပဲ၊ လူပြတ်တဲ့နေ ရာမှာ ကျုပ်ကို လုပ်ကြံလိုက်ရင် ရရဲ့သားနဲ့၊ ဘာလို့ - ဒီနေရာကို ချိန်းရတာ လဲ"

"တစ်ယောက်ထဲ သွားလာနေတဲ့သူကို ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက်က ထွက်တိုက်ပြီး မနိုင်ရင် ကျန်တဲ့တစ်ယောက်က ထပ်ပြီး ထွက်တိုက်မိတဲ့အခါ နိုင်ရင်လည်း မကောင်း၊ ရှုံးလည်း အတွဲလိုက်ရခဲ့လွှတ်နိုင် လို့ တစ်ယောက် နှစ်ယောက်ချင်းယှဉ်ဖို့ ဒီကိုချိန်းရတာပါ၊ နောက်ပြီး - ခင်ဗျား ဘတ်ရှက်နဲ့ ကွယ်လွန်သွားရတဲ့အထဲမှာ ကျုပ်တို့ဘာသာရေးအရေးထွက်

www.burmeseclassic.com

အမြှုတ်ထားတဲ့ သံဃာတော်တစ်ပါးပါနေတာမို့ ဟိုမှာလှမ်းမြင်နေရတဲ့ စေတီနဲ့ တစ်ဆက်တည်းရှိနေတဲ့ ဒီသချိုင်းကို ချိန်းရတာပါ"

နာကာမူယာသည် တိုက်ပွဲစရန် အမူအရာဖြင့် တာနာကားအား အချက်ပြပြီး ကင်ဒိုဓားအား လျှပ်တစ်ပြက် ဆွဲထုတ်လိုက်ပြီး စုံကိုင်ကာ မိုးခုတ်လိုက်လေသည်။ ဓားပြအမည်ခံသူက ကိုယ်ကို ငုံ့တိမ်း၍ ဓားချက်ကို ရှောင်လိုက်သည်။ ထိုအခါ ဓားချက်ကို နာကာမူယာက ဝိုက်ဓားအဖြစ် ပြောင်းလဲလိုက်သည်။ ထိုအခါ ဓားကိုင်ဓားပြမှ ကျောတွင် လွယ်ထားသော ဝက်ကြီးတောင်ဓားကိုထုတ်၍ အောက်မှ ပင့်ကော်ပြီး ပယ်ထုတ်လိုက်သည်။ ဓားနှစ်လက်တို့ ထိတွေ့မိပြီး မီးပွင့်ကာ သံ၊ သံချင်း ထိခတ်သံများ ထွက်ပေါ်လာလေသည်။

နာကာမူယာက ဓားကို မိုး၍ခုတ်သည်။ တစ်ဖက်မှ ဓားကို မြှောက်၍ ဝိုက်၍ပယ်ထုတ်လေ၏။ နာကာမူယာက ဝိုက်၍ခုတ်သည်။ တစ်ဖက်မှ ထုတ်၍ ဓားဦးဖြင့် လှမ်းထိုး၏။ နာကာမူယာက ဓားကို စလွယ်သိုင်း၍ ခုတ်သည်။ တစ်ဖက်မှ ဓားဖြင့် ကွက်၏။

တစ်ချက်တွင် ရှမ်းဘောင်းဘီဝတ်လူမှ လူချင်းခွာပြီး တစ်ဖက်သို့အတိမ်းတွင် နာကာမူယာက ကင်ဒိုဓားဖြင့် ပြေး၍ ဝိုက်ခုတ်လိုက်လေသည်။ တစ်ဖက်လူမှ ဓားကို ထောင့်မှန်သဏ္ဌာန် ထိုး၍ခံလိုက်ပြီး ရုတ်တရက် ဓားကိုမြှောက်၍ စလွယ်သိုင်းပိုင်းလိုက်၏။ ထိုဓားချက်က နာကာမူယာအား ဝမ်းဗိုက်ပွင့်၍ သွားစေပြီး တစ်ဖက်မှ ဓားဖြင့် ထိုးဟန်ပြင်လိုက်စဉ် နာကာမူယာက ရှိသမျှအားဖြင့် အပေါ်မှ အောက်သို့ ဖြတ်ဝိုက်ကာကွယ်လိုက်စဉ် တစ်ဖက်မှ ဝိုက်ဓားကို သုံးပြီး နာကာမူယာ၏ လည်ပင်းကို ဖြတ်ချလိုက်လေသည်။

နာကာမူယာ လဲကျပြီး မကြာမီတွင် တပ်ကြပ် တာနာကားသည်လည်း ဝက်ကြီးတောင်ဓားကိုင်သူတစ်ဦး၏ အနိုင်ယူခြင်းကို ခံလိုက်ရလေသည်။ ရှမ်းဘောင်းဘီဝတ်နှစ်ဦးမှ ဂျပန်နှစ်ဦး သေ၊မသေကို သေသေချာချာ စစ်ဆေးပြီး အသက်မရှိကြောင်း သေချာမှ အကြီးလုပ်သူက စကားစသည်။

"ကဲ - မောင်စံဦး - ဂျပန်နှစ်ကောင်တော့ သေပြီ"

"ဒါဆို - ပြီးပြီပေါ့ - ကိုမောင်ကျော်"



"မပြီးသေးဘူးကွ။ တို့ရဲ့ဒုက္ခတွေ မဆုံးသေးဘူး"

မောင်ကျော်က ဆက်ပြောသည်။

"ဆရာတော် ဦးနန္ဒသာရနဲ့ တို့ဗမာအစည်းအရုံးဝင်သခင်တွေ အသတ်ခံရတော့ ငါတို့တွေ အနိုင်ယူခံရတဲ့ ခါးသီးတဲ့ ဒုက္ခနဲ့ ပြန်လှန်အနိုင်ယူလိုတဲ့ သောကတွေ ဖိစီးတာကို ခံခဲ့ရတယ်။ တို့ - အခုအနိုင်ရပြီး အနိုင်ယူရခြင်းဒုက္ခကို တို့တွေ ကြုံတွေ့ကြရတော့မယ်။ ဂျပန်တွေက တို့တွေကို မြေလှန်ရှာပြီး သုတ်သင်ကြတော့မယ်။ ဒီတော့ - တို့တွေအနိုင်ယူမခံရအောင် ခြေရာဖျောက်ကြရတော့မယ်။ လောကနိယာမအရ ကြံ့ကြံ့ခံနိုင်သူတွေသာ ကျန်ခံမယ်ဆိုတဲ့အသိ ခေါင်းထဲစွဲပြီး တို့တွေ ပုန်းရှောင်လိုက်ကြဦးစို့။ မင်းလည်း လွတ်မယ်ထင်တဲ့နေရာရာကို ရှောင်ပေတော့။ ငါလည်း လွတ်မယ်ထင်တဲ့နေရာ ရှောင်တော့မယ်။ ကဲ - ကဲ - သွားပေတော့ကွာ"

...●...

"အဲဒီနောက်တော့ကော - ဘ"

"အဲဒီနောက်တော့ - ဘလည်း ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေဘက်ကို ဖက်ဆစ်တော်လှန်ရေး မစမချင်း ရှောင်တိမ်းနေခဲ့တယ်"

"ဘရဲ့ ခေါင်းဆောင် ဦးမောင်ကျော်ကကော - ဘ"

"သူလား - သူက ကျိုက်ထီးရိုးတောင်တန်းတစ်လျှောက် ရသေ့ဝတ်နဲ့ လှည့်လည်တရားအားထုတ်ပြီး နောက်ပိုင်း ရဟန်းဝတ်သွားတယ်"

"ခုကော - ရှိသေးလား - ဘ"

"ဟိုတစ်လောက တို့ရဲ့မဟာကန်တော်ကြီးကျောင်းကိုကြွလာတဲ့ဘုန်းတော်ကြီး ဦးကောဝိဒ ဟာ သူပေါ့"

"သူ - ကိုယ်ပျောက်တယ်ဆိုတာကော တကယ်လား - ဘ"

"မဟုတ်ဘူးကွ။ သူက ဖြတ်ထိုးဉာဏ် သိပ်ကောင်းတယ်။ လယ်ကွင်းဘက်ခုကွယ်သွားရင် သူပျောက်၊ပျောက်သွားတာက အနီးနားမှာ ရှိနေနိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြာရိုးကြာရွက်နဲ့ ဗေဒါပင်တွေကို အကာအကွယ်ယူပြီး ရေအောက်မှာ ပုန်းတတ်သလို အနီးနားမှာ ထန်းပင်ရှိရင်လည်း ထန်းပင်ပေါ်တက်ပြီး ထန်းလက်တွေကြား ပုန်းတတ်တာကိုး၊ နောက်ပြီး - မြင်းစီးလည်း ကျွမ်းကျင်တော့ သေနတ်နဲ့ပစ်တဲ့အခါတိုင်း မြင်းပေါ်မှာ ဝပ်စီးလိုက်၊ မြင်းဘေးတစ်ရှောက် ခြေချိတ် လက်ချိတ်စီးလိုက်လုပ်လို့ ကျည်ဆန် မထိတာပါ၊ သေနတ်ပြီးတယ် ထင်တာပါ၊ တကယ်တော့ မပြီးပါဘူး၊ ကိုယ်လည်း မဖျောက်ပါဘူး"

"သူ - အိမ်မွေ့ရာတယ်ဆိုတာကော တကယ်လား - ဘ"

"သူ - အိပ်မွေ့ရာတယ် ဆိုတာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ - ဂါထာမန္တန်တွေနဲ့တော့ မဟုတ်ဘူး၊ ဆေးဝါးတွေကို အသုံးပြုတာပါပဲ၊ ဒါကလည်း နည်းလမ်းသိရင် အလွယ်လေးပါပဲ၊ ဒီဆေးဝါးနဲ့ အိပ်မွေ့ရာခြင်းအကြောင်းကို ဘယ်သူ့ကိုမှ မပြောဖို့ ဘဲကို မှာသွားတယ်၊ သိပ်လွယ်ပြီး သိပ်ထိရောက်လွန်းတော့ မသမာသူတွေလက်ထဲ ရောက်သွားရင် မလွယ်ဘူးလေ"

"တော်တော်ဉာဏ်ကောင်း သတ္တိရှိ ရဲရင့်ပြီး စွန့်စားရဲလိုက်တာ အားကျစရာပဲနော် - ဘ"

"အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးလာတဲ့အခါ ပြန်ပြီးသတ္တိပြတတ်တာ တို့မြန်မာတိုင်းရင်းသားတွေရဲ့ မဟုတ်မခံ ဇာတိမာန်စိတ်ဓာတ်ပါ၊ အဲဒီစိတ်ဓာတ်မျိုး သားတို့၊ သမီးတို့လည်း မွေးမြူသင့်တယ်"

အသက်(၇၀)ခန့်ရှိ ဘစံဦးမှ သူ၏မြေးကလေးများကို ဂျပန်ခေတ် သူ၏တွေ့ကြုံခဲ့ရသမျှကို ပြောပြနေခြင်း ဖြစ်သည်။

၁၉၈၉ - ခုနှစ်ခန့်တွင် ရှောင်းဆုံအရှေ့ ဘုရားကြီးကုန်းရပ်ကွက်၊ ဘုရားကြီးကုန်းသုသာန်နှင့် တွဲလျက်ရှိသော ဘုရားကြီးကုန်း ဝင်ဂလုံစေတီတော်၏ ဟောင်းနွမ်းနေသော အရှက်ခံတန်ဆောင်းအား အသစ်ဆောက်လုပ်ရန် ဖောင်ဒေးရှင်းလိုင်း တူးဖော်သည့်အခါ မီးသွေးခဲများ ပြည့်နေသည့် ဂျပန်စာများပါသည့် မြေအိုးနှစ်လုံးကို တူးဖော်ရရှိခဲ့ပါသည်။

ထိုမြေအိုးနှစ်လုံးသည် ရွှေအိုးနှစ်လုံးဖြစ်သည်၊ မထိုက်တန်သူများ တူးဖော်မိခြင်းကြောင့် မီးသွေးများ ဖြစ်သွားရသည်ဟု အချို့က ဆိုကြသည်။



တော်လှန်ရေးရဲဘော်ဟောင်းကြီး ဘစံဦးကမူ ထိုအိုးနှစ်လုံးသည် ဂျပန်တင်ပေတိုင် (ဗိုလ်ပုတီးစိပ်)နှင့် တပ်ကြပ် တာနာကားတို့၏ အရိုးအိုးများသာ ဖြစ်သည်ဟု ဆိုလေသည်။ ထိုအိုးတွင် ဂျပန်စာများလည်း ပါနေသောကြောင့် ဘစံဦးပြောသောအချက်မှာ ဖြစ်တန်ရာခြေရှိသည်ဟု ကောက်ချက်ချနိုင်သကဲ့သို့ ထိုအိုးများကသာ အကယ်၍ စကားပြောတတ်မည်ဆိုပါလျှင် ထိုသတ်ပွဲပြီး သူ့အကြောင်းကို တိကျစွာ ပြောပြနိုင်မည် ဖြစ်တော့သည်။

➤ မြတ်သတိကျော်


## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ခုန် မဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com



# အရှင်လတ်လတ်
# မီးရှို့သတ်လည်း

ပြည်သူ့ဘက်တော်သားတစ်ဦးကို
အပြစ်အရ တရားဥပဒေအတိုင်း မစီရင်ဘဲ
မိမိသဘောအလျောက် စီရင်ရာမှ ..

"ဒီနေ့ညမှာ နာမည်ကြီးဓားပြကြီးတစ်ယောက်ကို အရှင်လတ်လတ် မီးရှို့သတ်မယ်"

ဆိုတဲ့ တိုးတိုးတိတ်တိတ်နဲ့ ထွက်ပေါ်လာတဲ့သတင်းဟာ တစ်ဆင့်ပြီး တစ်ဆင့် လက်တို့ပြောရာက ဘုန်းကြီးပျံပွဲတော်တစ်ကွင်းလုံးအပြင် အနီးဝန်း ကျင်ရွာတွေကိုပါ တောမီးလို ပျံ့နှံ့သွားပါတယ်။

သတင်းစကား စပြီးကြားရပြီဆိုကတည်းက ကျွန်တော် မောင်ဘိုကြီး စိတ်အစဉ်ဟာ မမြင်မတွေ့မကြုံဘူးတဲ့ ဘုန်းကြီးပျံပွဲ အခင်းအကျင်း အဆန်း အကြယ်မြင်ကွင်းတွေကို တအံ့တဩနဲ့ ငေးမောကြည့်နေရာက ဓားပြကြီး တစ်ယောက်ဆိုတာ ဘယ်လိုပုံစံလဲ၊ ဘယ်သူတွေက ဘာကြောင့် မီးရှို့သတ်ရ တာလဲ၊ ဘယ်အချိန်လဲ၊ ဘယ်နေရာလဲ၊ မေးခွန်းတွေနဲ့အတူ ကိုယ်တိုင် မြင်တွေ့လိုစိတ်တွေ ခေါင်းထဲ စွဲနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပွဲခင်းတွေ၊ မဏ္ဍာပ်တွေ လျှောက်ကြည့်ရင်း နေရာတိုင်းလိုလိုမှာ ဒီသတင်းတွေချည်းပဲ ကြားနေရလို့ အကြောင်းစုံကို သိခွင့်ရလိုက်ပါတယ်။

ဇာတ်စင်နောက်ကျော ည(၉)နာရီ သိခွင့်မရပေမယ့် တုတ်၊ ဓား၊ သေနတ်နဲ့ ဆိတ်ကွယ်ရာမှာ မသတ်ပဲ ဘာကြောင့် လူသူပရိသတ် အထိတ်တလန့်ဖြစ်အောင် သတ်ချင်ကြတာလဲ၊ ဘယ်သူတွေက သတ်မှာလဲ၊ စစ်တပ်ကလား၊ စစ်ရဲကလား၊ ပုလိပ်အဖွဲ့အစည်းကလား၊ မေးခွန်းတွေက မောင်ဘိုကြီးခေါင်းထဲမှာ တန်းစီနေပါတယ်။

ည(၉)နာရီကျော်ရင်တော့ အကြောင်းစုံ သိခွင့်ရမှာပါ၊

...

မောင်ဘိုကြီး သိတတ်စ အရွယ်ထဲက "ဘုန်းကြီးသေတော့ ရွာကြေ" ဆိုတဲ့စကား ကြားဖူးပါတယ်။ ဘာကြောင့် ကြေရတာလဲဆိုတဲ့ သိလိုစိတ်တတော့ ခေါင်းထဲကကို ပျောက်လို့မရတာပါ၊

၁၉၆၀ - ခုနှစ်မတိုင်ခင် မောင်ဘိုကြီး အသက် ၁၄၊ ၁၅ နှစ်သားအရွယ် ရောက်တဲ့အခါ သိလိုတဲ့ဆန္ဒဟာ ကိုယ်တွေ့ကြုံလို့ ယုံလိုက်ရပါပြီ၊

ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ကတုတ်ရွာ၊ ကန်ညီနောင်ရပ်ကွက်၊ ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူပါတယ်။ ကြက်ပျံမကျ၊ စည်ကားသိုက်မြိုက်စွာ မြိမ့်မြိမ့်သဲ ကျင်းပပါတယ်။

ကြားဖူးနားဝရှိတဲ့အတိုင်း ရွာကြေတယ်ဆိုတာ ကန်ညီနောင်ရွာတင် ကြေတာမဟုတ်ပဲ၊ အနီးဝန်းကျင် ကျိုက်ဝတော၊ လက်ခုတ်ကွင်း၊ ကတုတ်ရွာမ၊ ဦးခေါင်းစု၊ ပျဉ်းမလွင်၊ ပန်းကိုင်ရွာတွေအပြင် မောင်ဘိုကြီးတို့ တောင်တော်သီရွာပါ ကြေကုန်တာပေါ့၊



ကတုတ်ဘူတာရဲ့အရှေ့ဘက်နဲ့ ပျံတော်မူတဲ့ ဆရာတော်ကျောင်းအနောက်ဘက်ကွင်းကျယ်ကြီးဟာ လယ်ကေ တစ်ရာကျော်လောက် ရှိပါတယ်။ ရွာတစ်ရွာကို မဏ္ဍာပ်တစ်လုံးထိုး အလှဆင် ဆိုင်းဝိုင်းထည့်၊ ဘုန်းကြီးဖုံပွဲလာ အယုတ် အလတ် အမြတ်မရွေး လူထုပရိသတ်ကို မဏ္ဍာပ်ရှင်း တစ်ရွာချင်း အပြိုင်အဆိုင် အသားဟင်းလျာစုံနဲ့ မိုးလင်းကာနေ မိုးစုန်းစုန်းချုပ်တဲ့ထိ ညှို့ခံကျွေးမွေး၊ အသံချဲ့စက် အသားကုန်ဖွင့်မှတော့ ကုန်ကျစရိတ်တွေ များပဲ နေပါတော့မလား။ ဒါကိုရည်မှန်းပြီး ပြောဆိုတာဖြစ်ကြောင်း သိခွင့်ရပါတယ်။

အသက်ကြီးလာမှ ဒီလိုမြင်ကွင်းမျိုး ကျိုက္ကဆံကွင်း ပြည်ထောင်စုပွဲ ပြည်နယ်တိုင်းပြခန်းတွေ၊ ဝန်ကြီးဌာနပေါင်းစုံပြခန်းတွေပဲ ရှိပါတယ်၊

ရွာစဉ်တိုင်းက ဒီလိုအခင်းအကျင်းတွေ အကုန်အကျခံပြီး အားတက်သရော လုပ်ကိုင်ကြတာကတော့ ပျံတော်မူတဲ့ဆရာတော်ဟာ သီလ၊ သမာဓိ၊ ညာဏ်ပြည့်စုံလို့ ရပ်ရွာအပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာထားလို့ ဘုန်းတန်ခိုး အရှိန်အဝါရှိလို့ ရမယ်ဆိုတာ သိခွင့်ရပါတယ်၊

မဏ္ဍာပ်တွေရဲ့ အလယ်ဗဟိုကွင်းထဲမှာ လောင်တိုက်ပြသာဒ်၊ ဘုံမြင့်၊ နတ်လမ်း၊ စကြာတွေ ဆောက်လုပ်ထားတာဟာ တကယ့်နတ်ဘုံနတ်နန်းအမှုပါ၊

ဒီလိုမြင်ကွင်းမျိုး ဒုတိယအကြိမ် မြင်ဖူးတာကတော့ နိုင်ငံတော်ဝိုက်းခေါင်းစုံ သံယာ့နာယကဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ကြီး ပျံလွန်တော်မူစဉ်က ဘုရားအေးကုန်းမြေမှာ မြင်ရတဲ့ အခင်းအကျင်းပါပဲ၊

ဘေးမဏ္ဍာပ်တွေမပါ၊ ဇာတ်သဘင်ပွဲမရှိလို့ ကန်ညီနောင်ဆရာတော် ပျံလွန်တော်မူစဉ်က မြင်ကွင်းနဲ့ယှဉ်ပြီး ရင်ထဲ ဟာတာတာကြီး ဖြစ်မိပါတယ်၊

ကန်ညီနောင်ရွာ၊ ဘုန်းကြီးပျံပွဲမှာ သူ့ခေတ်နဲ့သူ၊ နာမည်အကြီးဆုံး၊ ဈေးအမြင့်ဆုံးဖြစ်တဲ့ "ရတနာအေးမောင်ဇာတ်သဘင်" ကိုရအောင်ငှားရမ်းပြီး အသုံးတော်ခံစေပါတယ်။

ရွာစဉ်က ကုန်ကျစရိတ်များစွာနဲ့ မဏ္ဍပ်တွေ ဆောက်လုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ အလှည့်ကျ မဲပေါက်တဲ့နေ့မှာ နာရီပိုင်းနဲ့ ခွင့်ပြုတဲ့ ဆရာတော်ရဲ့ရုပ်ကလာပ်ကို ပင့်ဆောင်ပူဇော်တာ ဆိုင်းဝိုင်းကြီးနဲ့ ယှဉ်ကျူးတာလဲ ဖြစ်ပါတယ်။

. . . . . . .



# ၆၆

ဓားပြကြီးဆိုပေမယ့်
လူဆိုး လူမိုက် လူယုတ်မာကြီး
လို့တော့ မစွပ်စွဲသင့်ဘူးဗျာ။
ကျုပ်တို့မြန်မာတွေကို မတိုက်ပဲ
ချစ်တီးကုလားတွေ ကုတ်သွေးစုပ်
အင်္ဂလိပ်အလိုတော်ရိ
လူမျိုးခြားတွေကိုပဲတိုက်၊
တိုက်လို့ရတဲ့ငွေ၊ တိုက်လို့ရတဲ့
လက်ဝတ်ရတနာတွေ ထုခွဲပြီး
မရှိဆင်းရဲသားတွေကို
တိတ်တဆိတ် ထောက်ပံ့ဝေငှနေ
တဲ့ ဓားပြလူကောင်းကြီးပါ။



"နမြောလိုက်တာဟယ်"

"မရှိဆင်းရဲသားတို့တစ်တွေရဲ့အားကိုးရာ ရွှေတောင်ကြီးပြိုသွားသလို ခံစားရပါတယ်"

"ဖောင်တော်သီဂါတ်ကိုပို့ပြီး တရားဥပဒေအတိုင်းပဲ ဖြစ်စေချင်ပါတယ်"

"သတ်ချင်လည်း မမြင်ကွယ်ရာ သေနတ်နဲ့ ပစ်သတ်လိုက် – ပြီးရော"

"တုတ်၊ ဓား၊ လှံနဲ့ ထိုးခုတ်ရိုက်လို့မရ၊ သေနတ်နဲ့ ပစ်တော့လည်း ကျည်မထွက်လို့ဆိုပဲ"

"သေနတ်ပြောင်းများမှာ မီးနေသည်ထမီစကိုချည်၊ မုဆိုးဖိုထောက်နဲ့ ပစ်တာတောင် ကျည်မထွက်ဘူးတဲ့ဟဲ့"

ည(၉)ကိုးနာရီကျော်မှာ ရတနာပုံအေးမောင်ဇာတ်ခုံနောက်ကျော လူသတ်ကွင်းကိုအသွား၊ မောင်ဘိုကြီးကြားရတဲ့စကားသံတွေပါ၊ အစုံပဲ၊

ဧကဝက်လောက် ကျယ်ဝန်းတဲ့လူသတ်ကွင်းမှာတော့ အနိဋ္ဌာရုံမြင်ကွင်းကိုမျက်ဝါးထင်ထင် ရှုမြင်လိုတဲ့ပရိတ်သတ်တွေအုံခဲလို့နေတာကြောင့် မောင်ဘိုကြီးဟာ ကလေးဖီဖီ အတင်းတိုးဝှေ့ပြီး အတွင်းပိုင်း အရောက်ဝင်လိုက်ပေမယ့် လုံလောက်တဲ့ လ.အလင်းအရောင်မရတာကြောင့် အသတ်ခံရမယ့်ဓားပြကြီးကို သဲကွဲစွာ မမြင်ရပါဘူး၊

ပရိသတ်တွေရဲ့လက်နှိပ်ဓာတ်မီးအလင်းရောင်ကြောင့် ခြောက်ပေကျော်အမြင့်ရှိတဲ့ တိုင်ငုတ်မှာ ဓားပြကြီးကို ကြိုးတုပ်ချည်နှောင်ထားတာ [illegible]မကမ်းခုံတစ်လုံးပေါ်မှာ ဓာတ်ဆီလို့ ယူဆရတဲ့ ပုလင်းတွေ တင်ထားတာကိုတော့ ဝိုးတဝါး မြင်တွေ့ရပါတယ်၊

အသတ်ခံရမယ့်ဓားပြကြီးရဲ့နောက်ကြောင်းသတင်းစုံကို တစ်ယောက်တစ်မျိုး ပြောဆိုနေကြတဲ့ပရိသတ်ဆီက ကြားသိရပါတယ်၊ လူတိုင်းပိုလို [illegible]နဲ့ပြောတာသစ္စာ စုတ်သပ်နေကြပါတယ်၊

www.burmeseclassic.com

"ပဲခူးမြို့ဖေါ်က သစ်စက်သူဌေး ချစ်တီးကုလားကိုသတ်လို့"

ဆိုတဲ့စကားသံကြားရာ မော့ကြည့်လိုက်တော့ အသက်ခြောက်ဆယ် ကျော်အဘိုးကြီးနှစ်ယောက်အချင်းချင်း ပြောဆိုနေတာ မြင်တွေ့ရပါတယ်၊ ရှေ့မီနောက်မီအဘိုးကြီးတွေပါ "သက်ကြီးစကား သက်ငယ်ကြား" ထုံးကို နှလုံးမူပြီး နားစွင့်ထားပါတယ်၊

"တုတ်ပြီး - ဓားပြီး ချစ်ငွေကြီးတဲ့"

မောင်ဘိုကြီးနဲ့ မစိမ်းတဲ့နာမည်ဖြစ်နေလို့ ထိတ်လန့်တုန်လှုပ်မိပါ တယ်၊

"ဓားပြကြီးဆိုပေမယ့် လူဆိုး လူမိုက် လူယုတ်မာကြီးလို့တော့ မစွပ်စွဲ သင့်ဘူးဗျာ၊ ကျုပ်တို့ဗမာတွေကို မတိုက်ပဲ ချစ်တီးကုလားတွေ ကုတ်သွေး စုပ်၊ အင်္ဂလိပ်အလိုတော်ရိ လူမျိုးခြားတွေကိုပဲတိုက်၊ တိုက်လို့ရတဲ့ငွေ၊ တိုက်လို့ရတဲ့လက်ဝတ်ရတနာတွေ ထုခွဲပြီး မရှိဆင်းရဲသားတွေကို တိတ် တဆိတ် ထောက်ပံ့ဝေငှနေတဲ့ဓားပြလူကောင်းကြီးပါ"

"ကျုပ်ကြားဖူးတာတော့ ဓားပြတိုက်တာပဲ ကြားဖူးပါတယ်၊ လူသတ် တယ်လို့ မကြားဖူးဘူး"

"ချစ်တီးကုလားက သေနတ်နဲ့ ခုခံလို့ဆိုပဲ"

"ကျုပ်ကြားတဲ့သတင်းအရဆိုရင် အဲဒီအသတ်ခံရတဲ့ ချစ်တီးကုလား မိသားစုက ကျုပ်တို့ရွာ လက်နက်ကိုင်အဖွဲ့အစည်းနဲ့ သစ်ကိစ္စတွေ မကာင်း ရာ မကာင်းကြောင်းအပေးအယူရှိလို့ ဓားပြကြီးချစ်ငွေကိုမိရင်ပြီးတော့ သတ် ပေးရင် ဆုငွေတစ်သိန်းပေးမယ်လို့ သိရတယ်"

"နိုင်ငံတော်က ဆုငွေထုတ်ထားတယ် - ဟုတ်လား"

"နိုင်ငံတော်ကပေးတာ တစ်သောင်းလေ၊ ချစ်တီးကုလားမိသားစုပေး တာက တစ်သိန်း၊ ဒါကြောင့် - ဇောင်တော်သီဂါတ်ကို မအပ်တာပေါ့"



အဘိုးကြီးနှစ်ယောက်က အပြန်အလှန် ပြောဆိုနေဆဲမှာပဲ ပရိသတ် တွေ လှုပ်လှုပ်ရှားရှားဖြစ်သွားလို့ သတိထားကြည့်လိုက်တော့ ပြူစောထိး အမည်ခံထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းကခေါင်းဆောင်နဲ့ နောက်လိုက် သုံးယောက် အတွင်းပိုင်းကို ဝင်လာတာ တွေ့ရပါတယ်၊

"မမြင်ဘူးတဲ့လူတွေ ကြည့်ထားကြ"

ခေါင်းဆောင်ဖြစ်သူဟာ လင်းအားကောင်းတဲ့ လက်နှိပ်ဓာတ်မီးနဲ့ ဓားပြကြီးမျက်နှာကို ထိုးပြတယ်ဆိုရင်ပဲ မောင်ဘိုကြီးဟာ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတွေ ကွယ်ပျောက်ပြီး စိုးရိမ်စိတ်နဲ့ ဝိုင်းထဲ ပြေးဝင်ပြီး -

"လေးလေး"

"ဘိုဘို - မင်း ဘာလို့လိုက်လာတာလဲ"

အဖေ့ရဲ့အချစ်ဆုံးမောင်၊ မောင်ဘိုကြီးရဲ့အချစ်ရဆုံးသော ဦးလေးပါ၊ မောင်ဘိုကြီးဟာ လေးလေးရဲ့လက်ပေါ်မှာ ကြီးပြင်းခဲ့တာပါ၊ ဒါကြောင့် လေးလေးကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ပြီး လူသတ်သမားတွေကို -

"မသတ်ကြပါနဲ့ဗျာ၊ လေးလေးကို မသတ်ကြပါနဲ့"

"ဘိုဘို - ဖယ် - ဖယ် - တခြားနေရာကိုသွား"

"ကယ်ကြပါဦးဗျာ"

လူသတ်သမားတွေရော၊ ပရိသတ်ကိုပါ မောင်ဘိုကြီးအော်ဟစ်တောင်း ခံပါတယ်၊

"ဟဲ့ - ကောင်လေး - ဖယ်စမ်း၊ နင်ပါ သေချင်လို့လား"

လို့ ဟိန်းဟောက်ပြောဆိုပြီး မောင်ဘိုကြီးကို ဆွဲဖယ်ကြပါတယ်၊ မောင်ဘိုကြီး ဖြေလျှော့မပေးပဲ တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားပါတယ်၊

"ဖယ်လို့ပြောနေတယ်"

"ဘိုဘို - ဖယ်ပေးလိုက်စမ်း"

ရေ၊

www.burmeseclassic.com

"မဖယ်ဘူး - မလွှတ်ဘူး၊ လေးလေး - သားပါ အသေခံမယ်"

"လေးလေးကိုချစ်ရင် လေးလေးစကား နားထောင်"

တစ်သက်လုံး လေးလေးစကားကို မြေဝယ်မကျ နားထောင်ခဲ့ပေမယ့် အသက်အန္တရာယ်နဲ့ ကြုံတွေ့နေရပြီဖြစ်လို့ နားမထောင်နိုင်တော့ပါ။

"မသာ - သေချင်းဆိုးလေး"

"ကဲဟာ - ဗုန်း - ဗုန်း"

"ဟော့ကောင်တွေ - ငါ့တူကို မထိနဲ့နော်"

"ဖြန်း ..."

လေးလေး အော်ဟစ်တားမြစ်နေတဲ့ကြားကပဲ ပြုံးတေထီးတစ်ယောက်ရဲ့ လက်ပြန်ရိုက်ချက်ကြောင့် အသိစိတ်တွေ ပျောက်ကွယ်သွားပါတယ်။

...◆...

ဇာတ်တော်သီရှာပြင် အဖေ့ရဲ့လယ်စောင့်တဲ့ ရေမြေကွက်လပ်တလင်း ပြင်ဟာ အဘိုးနဲ့ လေးလေးတို့ရဲ့ ဇန်တို၊ ဇန်ရှည် မြန်မာ့သိုင်းသင်တန်းကွင်း လေ့ကျင့်ရေးကွင်းကြီးပါ။

အသက်ခြောက် ဆယ်အရွယ် ဂျပန်တော်လှန်ရေးရဲဘော်ဟောင်း အဘိုးရဲ့ သွက်လက် ဖျတ်လတ်တဲ့ ပြကွက်တွေ လှုပ်ရှားမှုတွေကို အံ့ဩ ချီးမွမ်းရသလောက် အချိန်တိုတိုနဲ့ ကျင့်သားရပြီး ရှေ့ကျွမ်း နောက်ကျွမ်း ပစ်ပြီး လေ့ကျင့်သင်ယူနေတဲ့ လေးလေးရဲ့ လှုပ်ရှားမှုကို ကြည့်ပြီး အားပါး တရဖြစ်ရလွန်းလို့ လက်ခုပ်လက်ဝါးတီးပြီး အော်ဟစ်အားပေးတဲ့ ပရိသတ် ကတော့ မောင်ဘိုကြီးတစ်ယောက်ထဲပါ။

လေးလေး ဒီလိုကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားတာများ အဘွားမြင်ရ တွေ့ရရင် ရင်ကျိုးမှာပါ။ ဘာကြောင့်ဆို - လေးလေးရဲ့ညာဘက်ခြေသလုံး၊ ကျောပြင်မှာ အမာရွတ်ကြီးတွေ ရှိပါတယ်။ အဲဒီအမာရွတ်ကြီးတွေကြောင့် လေးလေးညာခြေထောက်ဟာ လမ်းလျှောက်ရင် ဆတ်တောက် ဆတ် တောက်ဖြစ်နေတတ်သလို၊ ကျောပြင်ကအမာရွတ်ကြီးကြောင့် လေးလေး ရဲ့ လှုပ်ရှားမှုဟာ လေးလံ နေးကွေးနေပါတယ်။ ဒါကြောင့် အဘွားက လေးလေးကို ထင်းခွဲ၊ ရေခပ်၊ အိမ်အလုပ်တောင် မခိုင်းပါဘူး။

အဘိုးကတော့ မင်းသား ... ဘာမှလှုပ်ရှားမှုမရှိရင် အောက်ပိုင်းချို့ကိုယ် တစ်ပိုင်းသေပြီး လူညွန့်တုံးသွားလိမ့်မယ်လို့ ပြောဆိုပြီး သူ့ရဲ့ဖွတ်လုပ်တတ် တဲ့အကျင့်အတိုင်း သင်ပေးလို့ ခုဆို ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားနိုင်ပါပြီ။

"မင်းသား - အရင်ပုံစံနဲ့ အခု ပုံစံတူသေးလား"

"မတူတာမှန်ပေမယ့် - အမာရွတ်ကြီးတွေက ပျောက်သွားတာမှ မဟုတ် ဘဲတော်၊ မအေတစ်ယောက်အနေနဲ့ စိတ်ချမ်းသာနိုင်ပါ့မလား"

"အေး - ငါပြောချင်နေတာ ကြာပြီ၊ မင်းသားရဲ့ အမာရွတ်ကြီးတွေဟာ သောက်ချိုးပီသတဲ့ အမှတ်တံဆိပ်ကွ၊ လူသားဆန်တဲ့ ဆုလာဘ်တွေကွ၊ ဘင်္နည်းစရာ မဟုတ်ဘူး၊ ဝမ်းသာဂုဏ်ယူစရာ၊ ချီးမွမ်းစရာဆုတံဆိပ်တွေ အဖြစ် မှတ်ယူရမယ်ကွ"

"အဘိုးပြောတာ မှန်ပါတယ်"

အဘိုးခိုင်းလို့ လေးလေးဟာ မောင်ဘိုကြီးကို အဖော်ပြုပြီး ဦးခေါင်းစု ရွာက ကြွေးတောင်းပြီးအပြန် လမ်းခုလတ်တစ်နေရာမှာ လယ်စောင့်တဲ ထင်လုံး မီးဟုန်းဟုန်းတောက်လောင်နေပါတယ်။ မီးရှိန်က ပြင်း၊ လေက ကြမ်း၊ အနီးအနား ရေမရှိသောကြောင့် တဲပိုင်ရှင်တွေတောင် ကိုယ်လွတ် ရုန်း ပြေးရပါတယ်။

မျက်စိအောက်မှာတင် လေတစ်ချက်ဝေ့လိုက်ချိန်မှာတော့ နွားတင်း ကုပ်တိုကူးစက်လောင်ကျွမ်းတဲ့အခါ "ဘော - ဘဲ" ဆိုတဲ့ မရိုမခန့် စံ ... နေ တဲ့ နွားအော်သံတွေကြားလို့ လေးလေးဟာ နွားတင်းကုပ်ထဲ ပြေးဝင်၊





www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခါးနဲ့ နွားချည်ကြိုးတွေ ခုတ်ဖြတ်ပေးနိုင်လို့ ခိုင်းနွားကြီးလေးကောင်နဲ့ နွားမသားအမိရဲ့အသက်ဇီဝိန် ကယ်တင်နိုင်ခဲ့ပါတယ်။

တဲရှင်တွေတောင် မစွမ်းဆောင်နိုင်တဲ့ စွန့်စားမှုမျိုးနဲ့ ကယ်တင်ပေးတဲ့ လေးလေးကိုယ်တိုင်ကတော့ နွားတင်းကုပ်အမိုးပေါ်က မီးလောင်ပြုတ်ကျတဲ့ သစ်တိုသစ်စတွေကြောင့် ညာခြေသလုံးနဲ့ ကျောပြင်မှာ မီးလောင်ဒဏ်ရာရခဲ့ခြင်း ဖြစ်ပါတယ်။

အဘိုးရဲ့ မိဘမေတ္တာ၊ စေတနာကြောင့် လေးလေးဟာ လူစဉ်မီ ယောက်ျားပီသတဲ့လူတစ်ယောက် ဖြစ်နေပါပြီ။ မြန်မာ့သိုင်းပညာမှာလည်း ဆရာတစ်ဆူလို တတ်ကျွမ်းနေပါပြီ။

လေးလေးရဲ့လှုပ်ရှားမှု၊ လေးလေးရဲ့စိတ်ဓာတ်ကို အားကျလွန်းလို့ လေးလေးလိုပဲ သင်ပေးပါလို့ အဘိုးကို အကြိမ်ကြိမ်တောင်းဆိုပေမယ့် အဘိုးရဲ့မရိုးတဲ့အဖြေကတော့ -

"ငါ့မြေး ငယ်ပါသေးတယ်ကွာ။ အရွယ်ရောက်တော့ သင်ပေးမှာပေါ့"

လို့ပဲ ဖြေတတ်လွန်းလို့ တစ်ရက်မှာတော့ စိတ်ပေါက်ပေါက်နဲ့ -

"သားအရွယ်ရောက်တဲ့ထိ အဘိုးမသေပဲ စောင့်ပေးမှာလား"

လို့ ပြောမိပါတယ်။ အဘိုးဟာ ပြုံးပြုံးကြီးနဲ့ မောင်ဘိုကြီးကို ပွေ့ဖက်ပြီး နှစ်သိမ့်စကား ဆိုပါတယ်။

"လူဆိုတာ သေမျိုးတွေပဲကွာ။ အဘိုးသေတော့လည်း သားရဲ့လေးလေးက ဆက်သင်ပေးမှာပေါ့"

လေးလေးကလည်း အာမခံလို့ မောင်ဘိုကြီးဟာ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာနဲ့ ရည်ရွယ်ချက် ထားခဲ့ပါတယ်။ အရိုန်ရှိသရွေ့ အဘိုးကိုယ်တိုင် စီမံပေးတဲ့ လက်ဖွဲ့၊ အဘိုးကိုယ်တိုင် ဂါထာ၊ မန္တရား၊ အင်းကွက်နဲ့ စီရင်ထားတဲ့ အဆောင်၊ အဘိုးကိုယ်တိုင် အုန်းငှက်ပျောပွဲနဲ့ နကွတ်ဖမ်းပြီး ဆေးမင်ထိုးပေးလို့ တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ် လှံနဲ့ထိုးလို့ မနာမကျင်၊ ဒဏ်ရာမရ၊ သွေးမထွက်တဲ့မြင်ကွင်းတွေ စွဲလမ်းပြီး အိပ်မက်သံသရာရှည်ခဲ့ပါတယ်။



မောင်ဘိုကြီးရဲ့အိပ်မက်တွေဟာ လက်တွေ့ဖြစ်မလာပါဘူး။

အဘိုး ခရီးထွက်ရင်း သေဆုံး၊ လေးလေးကလည်း ကျိုက်စကောသူနဲ့ အိမ်ထောင်ကျသွားလို့ ဆုံတုံးနောက် သျှောင်ပါရင်း အဆက်အသွယ်ပြတ်တော့တာပါပဲ။

တွေ့မယ့်တွေ့တော့ ဘယ်လိုမှစဉ်းစားလို့မရတဲ့အခြေအနေနဲ့ တွေ့ဆုံခြင်းပါ။

"ငါ့နိုင်ငံတော် - ငါ့နိုင်ငံသား - ငါ့လူမျိုးရဲ့အသက်အိုးအိမ်စည်းစိမ်ကို တိုင်းတစ်ပါးသားက ကျူးကျော်စော်ကားခံရခြင်းမှတစ်ပါး ငါ့ရဲ့သိုင်းပညာရပ်ကို အသုံးမပြုပါ"

လေးလေးကိုယ်တိုင် နှုတ်ထွက်ပြီး ကတိပြု သစ္စာဆိုခဲ့တာတွေကို ဖောက်ဖျက်ကျူးလွန်လိုက်လို့များလား လေးလေးရယ်။

•••🔔•••

"ကလေးကို မထိခိုက်ပါစေနဲ့"

"ခင်ဗျားတို့ မတရား မလုပ်ပါနဲ့"

"မတရားတာ ကျုပ်တို့ လက်ဝိုက်ကြည့်နေမှာ မဟုတ်ဘူးနော်"

အသံတွေကြားနေရပါတယ်။ မောင်ဘိုကြီး အသိကို စုစည်းလိုက်ပါတယ်။

"ဟော့ - ဘာဝင်လုပ်တာလဲ"

"ပရိသတ်တွေ ရုတ်ရုတ်သဲသဲနဲ့ ဝင်းထဲ ဝင်လာပါတယ်။ မောင်ဘိုကြီးကို ဝင်လုကြတာပါ"

"ဒိုင်း"

"မဆိုင်သူ မကပ်နဲ့၊ အလောင်းချင်း ထပ်သွားမယ်နော်"

ခေါင်းဆောင်ဖြစ်သူဟာ ခြောက်လုံးပြူးနဲ့ ပစ်ဖောက်တာမြင်ရလို့ ပရိသတ်တွေ ပြန်ထွက်သွားပါတယ်။

www.burmeseclassic.com

"တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတယ်ဆိုတာ မင်းတို့ကို လက်တွေ့ပြချင်လို့တွဲ၊ အေးအေးဆေးဆေးကြည့်ကြ၊ ဘာနဲ့ပြီးပြီး - မီးရှို့သတ်လို့မသေတဲ့ မသာရယ်လို့တော့ မရှိပါဘူးကွာ - ဟား - ဟား - ဟား"

"ဟား - ဟား - ဟား"

ပြူစောထီးတွေရဲ့အပြုအမူ၊ အပြောအဆိုတွေဟာ ပရိသတ်ကို စော်ကားသလိုပါပဲ၊ မထီမဲ့မြင်ပြုရာလည်း ကျပါတယ်၊

"ကြည့်ရဲအောင်ကြည့်ထားကြ၊ နောက်ထပ်မင်းတို့တွေ တစ်သက်လုံး မြင်ရမှာ မဟုတ်ဘူး"

လို့ ပြောဆိုပြီး အဆစ်ပိတ် ဝါးရင်းတုတ်နဲ့ လေးလေးခေါင်းကို ဖြောင်းခနဲ ရိုက်ချလိုက်ပါတယ်၊ မောင်ဘိုကြီး လန့်ပြီးတုန်ခါသွားပေမယ့်လေးလေးကတော့ အသံတစ်ချက် ထွက်မလာပါဘူး။

"မင်းတို့ မြင်ပြီနော်"

လို့ ပြောဆိုပြီး ဓားကိုင်ထားတဲ့ အဖွဲ့ဝင်တစ်ယောက်ကို မေးငေါ့အချက်ပြလိုက်လို့ ဓားကိုင်လူသတ်သမားဟာ သူ့ရဲ့ငှက်ကြီးတောင်ဓားကို ဓားအိမ်က ဆွဲချွတ်ပြီး -

"ယား"

"ထောက် - ခုတ်"

လို့ အော်ဟစ်ပြီး လေးလေးခေါင်းကို တစ်ချက်ခုတ်၊ ရင်ဘတ်ကို တစ်ချက်ထိုးလိုက်ချိန်မှာတော့ မောင်ဘိုကြီး အမလေးဗျလို့ ထိတ်လန့်ပြီး အော်မိလိုက်သလို ပရိသတ်ဆီက ဟင် - ဟာ လို့ အော်သံတွေလည်း ကြားရပါတယ်၊

"ဒီမှာမြင်လား၊ ဒါ - ဘာလဲ"

"-- -- --"

ပရိသတ်ကို မေးပေမယ့် ဖြေကြားသူ မရှိပါဘူး။

"ဒါ - ဘာလဲလို့ မေးနေတယ်လေ"



"လှံ"

တစ်ဦးတည်းက ကြောက်လန့်ပြီး ဖြေလိုက်တဲ့အသံပါ၊

"ဟုတ်တယ် - လှံ၊ ပေါ့ပေါ့သေးသေးလှံတော့ မဟုတ်ဘူး၊ ဂျပန်တော်လှန်ရေးတုန်းက ဖက်ဆစ်ဂျပန်တွေကို အလောင်းချင်း ထပ်သွားအောင် ထိုးသတ်ခဲ့တဲ့လှံ"

လို့ ပြောဆိုပြီး အဖွဲ့ဝင်တစ်ယောက်ကို ပေးလိုက်ပါတယ်၊

လှံသမား ခြေလှမ်းတွေနောက်ဆုတ်နေချိန်မှာလေးလေးရဲ့ခြေထောက်တွေ ခါယမ်းနေပါတယ်၊ ကြောက်ရွံ့တုန်လှုပ်လို့မဟုတ်ပဲ တင်းတင်းကြပ်ကြပ်ချည်ထားတဲ့ မောင်ဘိုကြီးကို ထိုးမှာ စိုးရိမ်ပြီး ခါထုတ်နေတာပါ၊ မရတဲ့အဆုံးမှာတော့ မောင်ဘိုကြီးကို ကန်ထုတ်လိုက်ပါတယ်၊

လွင့်စဉ်သွားတဲ့ မောင်ဘိုကြီးကိုတော့ ပြူစောထီးအဖွဲ့ဝင်နှစ်ယောက်ဟာ ဘယ်ညာနှစ်ဖက်ညှပ်ပြီး ပရိသတ်ထဲကို ဆွဲခေါ်သွားပါတယ်၊ မောင်ဘိုကြီး ရုန်းပါတယ်၊ လူကြီးနှစ်ယောက်အားကိုတော့ ယှဉ်လို့မရပါဘူး။

"ထိုး"

ခေါင်းဆောင်အမိန့်အရ လေးလေးဗိုက်ကို ချိန်ရွယ်ပြေးထိုးလိုက်ပါတယ်၊ အင့်ခနဲ တစ်ချက်ကြားရလို့ မှိတ်ထားတဲ့မျက်လုံးကို မဝံ့မရဲနှင့် ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ လေးလေးဟာ ပရိသတ်ကြီး မြင်သာအောင် ခေါင်းယမ်းပြတာ လက်နှိပ်ဓာတ်မီးတွေ ဝိုင်းထိုးထားတဲ့အလင်းရောင်နဲ့ မြင်ရပါတယ်၊

"တုတ်၊ ဓား၊ လှံ လက်နက်နဲ့ မရလို့ဆိုတာ မြင်ပြီနော်"

အဖွဲ့ခေါင်းဆောင်ဟာ ပြောပြောဆိုဆိုနဲ့ သူ့ခါးမှာထိုးထားတဲ့ ခြောက်လုံးပြူးကို ဆွဲထုတ်၊ ဆုံလည်ကို ကစားပြီး ကျည်ဆန်တွေ ထည့်ပါတယ်၊ အသားလွတ် မိုးပေါ်ကို ထောင်ပြီး တဒိုင်းဒိုင်းနဲ့ သုံးချက်ဆင့် ပစ်ပါတယ်၊ သူ့ရဲ့ကျည်စစ် ကျည်မှန်နဲ့ တကယ်ပစ်တော့မယ်ဆိုတဲ့သဘောပါ။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်ရဲ့ခြောက်လုံးပြူးပြောင်းဝလေးလေးရဲ့နဖူးကို ချိန်ရွယ်ပြီး မောင်းခလုတ်ကို ဖြုတ်ချလိုက်တဲ့အခါ -

"ချောက်"

"ချောက်"

"ချောက်"

သုံးချက်လုံး တစ်ချက်မှ မထွက်ပါဘူး။

ပရိသတ်ရဲ့မလိုမုန်းပွားတဲ့မျက်လုံးတွေ မြင်တွေ့ရသလို ခံပြင်းဒေါသသံတွေလည်း ကြားရပါတယ်။ ဘယ်သူမှ အန်တုရဲသူ ထွက်မလာပါဘူး။ ပြူးစောထီးတွေရဲ့သေနတ်ပြောင်းဝကို ကြောက်လန့်ကြလို့ပါ။

"တစ်နယ်လုံး ဆိုးသွမ်းတိုက်ခိုက်နေတဲ့ လူဆိုး လူမိုက် ဓားပြကြီးကို မသေ့သေတဲ့နည်းနဲ့ သတ်ရတော့မှာပါ။ အဲဒီတော့ - နောက်ဆုံးနည်းဖြစ်တဲ့ အရှင်လတ်လတ်မီးရှို့သတ်တာလေးကိုတော့ ပြရတော့မှာပေါ့"

လို့ စကားဆိုပြီး အဖွဲ့ခေါင်းဆောင်ကိုယ်တိုင် သူ့တပည့်တစ်ယောက်နဲ့ ခံပေါ်က ဓာတ်ဆီပုလင်းသုံးလုံးကိုဖွင့်ပြီး လေးလေးခေါင်းပေါ်ကနေ လောင်းချလိုက်ပါတယ်။

မောင်ဘိုကြီးဟာ ပြူးစောထီးနှစ်ယောက် ဆုပ်ကိုင်ထိန်းချုပ်ထားတဲ့ လက်ထဲကပဲ ရုန်းကြည့်ပါတယ်။ ကြိုးစားရုန်းကန်မှုဟာ အရာမရောက်ပါဘူး။

ခေါင်းဆောင်လုပ်သူဟာ သစ်သားမီးခြစ်ထဲက မီးခြစ်ဆံချောင်းတွေကို တစ်ချောင်းဆွဲထုတ်လိုက်ပြီး မီးခြစ်ဖာဘေးက ယမ်းပြားကို ပွတ်တိုက်ပြီး ခြစ်လိုက်၊ လင်းခနဲ တောက်သွားတဲ့မီးခြစ်ဆံချောင်းကို ပစ်ထုတ်လိုက်၊ နောက်တစ်ချောင်း နောက်တစ်ချောင်း ထပ်ထပ်ပြီး ခြစ်ပြလိုက်၊ ပစ်ထုတ်လိုက်နဲ့ လုပ်နေပါတယ်။

မီးခြစ်ဆံတစ်ချောင်းလောက်များ လေးလေးအနားကျသွားရင် ဝုန်းခနဲ တောက်လောင်သွားမှာဖြစ်လို့ မောင်ဘိုကြီးရဲ့ရင်ခုန်သံတွေဟာ တဒိန်းဒိန်း မြည်နေပါတယ်။



"ချစ်ဇွေ"

"ဘာလဲကွ"

"မင်း - ဘာပြောစရာရှိလဲ၊ ဘာမှာစရာရှိလဲ"

"ဘာမှမရှိဘူး"

"မင်းက ငါးစင်ရိုင်းမျိုးပဲကွ၊ သေတာတောင် ဆူးတောင်ကားပြီးသေသယ်ကောင်၊ အသံကတော့ မာမာပဲ"

"ကဲ - ဘုရားအာရုံပြု"

အဖွဲ့ခေါင်းဆောင်ရဲ့အသံ၊ အပြုအမူ၊ အသုံးအနှုန်းဟာ ရက်စက်ယုတ်ဆလွန်းပါတယ်၊ သွေးအေးလွန်းတဲ့လုပ်ဆောင်ချက်တွေက အပြစ်မဲ့ ပြည်သူတွေ ဘယ်နှယောက်များ သတ်ပြီးပြီလဲ မပြောတတ်တော့ပါ။

"ဂျစ်"

"ဂျစ်"

စောစောက လင်းခနဲ လက်ခနဲ တောက်လောင်တဲ့မီးခြစ်ဆံချောင်းတွေဟာ သုံးလေးချောင်း ဆက်ခြစ်လို့လည်း မီးမတောက်တော့ပါ၊ အကယ်၍များ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း လင်းခနဲ လက်ခနဲ မီးပွင့်သွားအချိန်ဟာ လေးလေးရဲ့နောက်ဆုံးနလုံးခုန်ခြင်းပါပဲ၊

"ဟိတ် - ရပ်လိုက်စမ်း"

ပရိသတ်ကြီးကို တွန်းတိုးတိုက်ခိုက်ပြီး လူသတ်ကွင်းထဲ ဝင်လာတာကတော့ ဘုန်းကြီးပျံပွဲတစ်ကွင်းလုံးကို ထိန်းချုပ်ကွပ်ကဲထားတဲ့ သာသနာပိုင်ဆရာတော်နဲ့ တပည့်သံဃာဆယ်ပါးလောက်ပါ၊

"ဗိုလ်စိုးစိုး"

"ဘုရား"

ဆရာတော်ရဲ့ ခက်ထန်မှုမရှိသော်လည်း မာကြောတဲ့လေသံကြောင့် ပြူးစောထီးခေါင်းဆောင် ဗိုလ်စိုးစိုးဆိုသူဟာ ရိုကျိုးစွာနဲ့ လက်အုပ်ချီပြီး ဖြေလိုက်ပါတယ်၊

www.burmeseclassic.com

"ချစ်ငွေကြီးအသက်ကို ဘုန်းကြီးအလှူခံတယ်"

"တင်ပါ့ဘုရား၊ လှူပါတယ်၊ ဒါပေမဲ့ - အရှင်ဘုရားသဘောနဲ့ လွှတ်ပေး လို့တော့ မရပါဘူး"

"ဘုန်းကြီးသိတယ် - ဗိုလ်စိုးစိုး၊ မင်းက သခင်အားရကျွန်ပါးဝတဲ့ကောင် ပဲ၊ ချစ်တီးကုလားတွေရဲ့ လာဘ်လာဘတစ်ခုထဲနဲ့ တရားဥပဒေအတိုင်း ရဲ့ လက်ကို မအပ်ပဲ၊ မင်းသဘောနဲ့မင်း လုပ်နေတာ၊ မင်းကိုယ်တိုင်က နိုင်ငံ တော်ကို တာကွယ်စောင့်ရှောက်ပါမယ်လို့ ကတိခံပြီး လက်နက်ကိုင်ထား ပေမယ့် မင်းဟာ သစ္စာဖောက်ပဲ"

ဗိုလ်စိုးစိုး တုန်လှုပ်ချောက်ချားစွာနဲ့ ဆရာတော်ကို လက်အုပ်ချီထားပါ တယ်၊

"မင်းဟာ ဂျပန်တော်လှန်ရေးမှာ သတ္တိရှိရှိနဲ့ တိုက်ပွဲတွေ တိုက်ခဲ့တဲ့ ကိုယ့်သမိုင်းကိုမှ ကိုယ်မထောက်၊ ငွေမက်၊ အာဏာမက်လုပ်ရပ်တွေဟာ ရှုံရာစက်ဆုပ်စရာတွေပဲ - ဗိုလ်စိုးစိုး"

"ချစ်ငွေဟာ မင်းတို့ အင်္ဂလိပ်အလိုတော်ရိနဲ့ အပေါင်းပါ တပည့်လက် သားတွေရဲ့အကျိုးကို ဆောင်တာလား၊ တို့တိုင်းရင်းသား မရှိဆင်းရဲသား တွေရဲ့အကျိုးကို ဆောင်တာလား - မင်း ဖြေစမ်း"

"ဖြေလေကွာ"

ဗိုလ်စိုးစိုး ရေငုံနှုတ်ပိတ်နေပါတယ်၊

မောင်ဘိုကြီးအပါအဝင် ပရိသတ်တွေရဲ့ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း တုန်လှုပ်ချောက်ချားခြင်းတွေဟာ ဆောင်းလေနဲ့အတူ လွင့်မျောသွားပါပြီ

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ချစ်ငွေမှာ အပြစ်ရှိတာမှန်တယ်၊ သူ့အပြစ်ကို တရားဥပဒေနဲ့ ဆုံးဖြတ်မယ်"

လို့ မိန့်ကြားကြီး တပည့်သံဃာတွေက လေးလေးကို တုပ်နှောင်ထား တဲ့ကြိုးတွေကိုဖြေပြီး ဆွဲခေါ်သွားပေမယ့် တရားဥပဒေအရ အရေးယူခံရမည့် မှာဖြစ်လို့ ညတွင်းချင်းပဲ လုံလောက်တဲ့သံဃာအစောင့်အရှောက်နဲ့ ဖော် တော်သီဂါတ်တဲ(ရဲစခန်း)ကို ပို့လိုက်ပါတယ်၊



လွတ်လပ်ရေးရပြီးစ ပါလီမန်ခေတ် လက်နက်ကိုင် မြူစောသီးတွေ အာဏာရှိသလို၊ ရဟန်းသံဃာတွေလည်း တန်ခိုး အရှိန်အဝါ ကြီးစွာ ရှိကြပါ တယ်၊

ရဟန်းသံဃာအခြံအရံတွေနဲ့ လိုက်ပါသွားတဲ့မြင်ကွင်းကို ငေးမောရင်း မောင်ဘိုကြီးရဲ့မျက်စိထဲမှာတော့ မီးဟုန်းဟုန်းတောက်လောင်နေတဲ့ နွား တင်းကုပ်ထဲက နိုင်းနွားကြီးလေးကောင်နဲ့ နွားသားအမိ မီးလွတ်ရာ ပြေး ထွက်လာတဲ့ပုံရိပ် ထင်ဟပ်နေပါတယ်၊

➤ ရှစ်ခွင်တော့ဘ်(ဓောင်တော်သီ )

တ ဥ ရှိ ရှား ထို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော
တမူများ၌ အချို့တာမူရှင်များသည် ဆက်သွယ်ရန်
နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊
ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ
ရှိပါသဖြင့် တာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊
ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တာမူခနှင့် လက်ဆောင်တအုပ်
ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန်
ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားသော
တောင်သူတောင်သားတို့၏ ဘဝ
သာမန်နေထိုင်မကောင်းဖြစ်သည်ကို
ဖုတ်ဝင်သည်ဟုဆိုကာ လက်လွှတ်စပယ်နေမှုကြောင့်
နောက်ဆုံးတွင် ..

**မြခင်** တစ်ယောက် အလျင်စလို ပြေးလာခဲ့သည်။ မောရမှန်းမသိ၊ ကြောက်ရမှန်းမသိ၊ ခြေလှမ်းကိုသာ သွက်နိုင်သမျှမြန်စေသည်။ သူ သွားရမည့်နေရာမှာ ရွာဦးရှိ ရေဆိပ်သို့ ဖြစ်သည်။ မြခင်နေသည့်အိမ်နှင့် ရွာဦးရေဆိပ်သည်နှစ်ဖာလုံနီးနီးအကွာအဝေးဖြစ်သည်။ထိုမြခင်သူပြေးလာခဲ့သည့်လမ်းသည် ရွာလယ်လမ်းမဟုတ်။ ရွာ့အပြင် ပင်လယ်ကမ်းခြေ ရေစပ်လမ်းဖြစ်သည်။

ခြေကုန်တင်ကာ အားစိုက်ပြေးလာခဲ့ရသည်။ ခြေဖဝါးအောက်တွင် သဲနန်းများကို ထိမိသလို ရွှံ့မြေရေစပ်စပ်တို့ကလည်း ခြေလှမ်းကို နှောင့်နှေးစေသည်။ မည်သည့်အရာကိုမှ မြခင် ဂရုမစိုက်နိုင်၊ ပြေးသည့်အရှိန်ကို မလျှော့နိုင်၊ ရောက်ချင်ဇောနှင့်မြန်နိုင်သမျှမြန်အောင် ပြေးနေသည်။ မြခင်နေသည့် ခမင်းနွယ်ရွာ၏ အပြင်လမ်းသည် ကျယ်ပြန့်သော သဲနန်းသောင်ပြင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်၊ မြင်းသမား၊ ငါးပိသမားတို့၏ ငါးပိလှန်းစင်၊ မျှင်သမားများ၏ ငါးပိလှန်းစင်၊ ပုစွန်လှန်းစင်၊ ငါးကွန်းရှပ်ပိုင်ရှင်ကြီးများ၏ ငါးခြောက်လှန်းစင်တို့သည် ယခုလို ရေကျချိန်ဆိုလျှင် ရွာအနီးကပ်တွင် ရှိသလို၊ ကျန်ရစ်ခဲ့ပြီး ရေတက်ချိန်ဆိုလျှင် မြစ်လယ်ခေါင်သို့ ရောက်နေသည့်ပမာ မြင်ရသည်။

မြခင် ပြေးနေရင်းက မြင်ရလေမလားဆိုသည့်အသိနှင့် ရွာဦးရေဆိပ်သို့ လှမ်းမျှော်ကြည့်သည်။ ဝေဝေဝါးဝါးပင် မတွေ့ရ၊ မမြင်ရ၊ နေဝင်ရီတရော ဖြစ်နေပြီ၊ အဆီးအတားမရှိ၊ တစ်ပြေးညီ၊ တစ်ဖြောင့်တည်း ထိုးထွက်နေသော အုန်းပင်တို့သည် မိုးကောင်းကင်သို့ ထိလုဘနန်း ထင်ရသည်၊ ဆည်းဆာရိပ်တွင် အပင်တို့မှာ နေ၏အရောင်တွင် မှုန်မှုန်မှိုင်းမှိုင်း တွေ့နေရသည်၊ ထို့ပြင် တနစို၊ လမုနှင့် ဓနိပင်တို့မှာလည်း ပင်လယ်ရေတွင်းမှ ဖောက်ထွင်းထိုးထွက်လာသည့်ပမာ။

ပြေးလာရင်းက ရွာဦးရေဆိပ်ရှိရာသို့ နားစွင့်ထားသည်၊ တောင်ဘက်မှ လေသည်၊ မြောက်ဘက်သို့ စွတ်ထိုးကာ တဟူးဟူးတိုက်နေသည်၊ လေထဲတွင် ပျံ့လွင့်ပါလာသော တံငါသမားတို့၏ ငါးဖမ်းလှေ၊ ဂါးလှေစက်သံကို ခပ်ပါးပါးလေး ကြားရသည်၊ ပြေးရင်းက မောလည်း မောသည်၊ ရင်လည်း ခုန်သည်၊ ခြေလှမ်းကို မရပ်မနားပိ၊ နှုတ်ခမ်းနစ်လွှာကို ဟ,ထားရသည်၊ ပြေးလာရင်းက ဟင်းလင်းပွင့်နေသော ပါးစပ်ပေါက်သည် အမောဒဏ်ကြောင့် ဟောဟဲဖြစ်နေသည်၊ ရင်ထဲတွင် သောကအပူမီးသည် မြခင်အား မီးမြှိုက်ခံရသလို၊ တစ်ကိုယ်လုံး ပူလောင်ဆူပွက်နေသည်၊

. . . . . .

ဂါးစက်သံနှင့်အတူ ရွာဦးရေဆိပ်မှ လူသံ၊ ဆူသံ၊ ညံနေသည်ကို ကြားပြေလာသည်၊ လူတစ်သိုက်၏အော်သံ၊ ဟစ်သံ၊ ရေရွှတ်သံတို့ ဖြစ်သည်၊ တဖြည်းဖြည်းနှင့်ကြီးမားပြင်းထန်သော ကြောက်မက်ဖွယ်ရှိသော ပင်လယ်မြင်း၏လှိုင်းတံပိုးများသည်မာန်စောင်သောကျားတစ်ကောင်၏ဟိန်းဟောက်ခြင်းမျိုးပမာ၊ မြခင် ကြားရသည်၊ တဖြည်းဖြည်းနှင့် ရေဆိပ်သို့ ရောက်လာသည်၊ မြခင်၏ မျက်စိထဲတွင် မည်သူကိုမှ မမြင်၊ ဟိုဟိုသည်သည်ကိုသာ ရှာဖွေကြည့်သည်၊

"ဟဲ့ - မြခင် - လာ - လာ"

အသံကြားရာသို့ခေါင်းလှည့်ကြည့်လိုက်သည်၊ ဘထွန်းအောင်၏မိန်းမ အရီးငွေလှ ဖြစ်သည်၊ အရီးငွေလှသည် မြခင်နှင့်ဆိုလျှင် သွေးရင်း တော်စပ်သည်၊ မြခင်၏အဖေ ဦးတက်လှုနှင့် မောင်နှမဝမ်းကွဲဖြစ်သည်၊ ယခု ဓမင်းရွာမှာပင် အခြေချကာ ငါးဖမ်းလုပ်ငန်း တံငါဘဝနှင့် နေကြသူတွေ ဖြစ်သည်၊

"ဘယ် - ဘယ်လိုများ ဖြစ်ရတာလဲ - အရီးရယ်"

"ငါလည်း ကြားကြားချင်း ညည်းဆီကို တောက်ထွန်းကို လွှတ်ပြီး အကြောင်းကြားခိုင်းရတာ ..."

အရီးငွေလှသည် အသက်ငါးဆယ်ကျော်အရွယ်၊ ဝိန်ဝိန်ပါးပါး၊ အရပ်မြင့်မြင့်၊ အသားညိုညိုဖြစ်သည်၊ ကွမ်းသီးဖက်ဆေးပေါ့လိပ်ကို လက်တွင် ကိုင်ထားသည်၊ မီးညှိလက်စ ဖြစ်သည်၊

"သိပ်ပြီး အဏ်ရာက ပြင်းသလား၊ မပြင်းသလားဆိုတာ ငါလည်း မသိသေးဘူး၊ အေးမောင်ရဲ့ဂါးက ညနေပိုင်းက ပြန်ဝင်လာတော့ ညည်းယောက်ျားသတင်းကို ပြောပြတာပဲ"

"ဘယ်လိုဖြစ်တာလဲ ဟင်၊ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ကြတာလား"





www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ပင်လယ်ပြင်ကို အားထားကာ ငါးရှာ၊ သားရှာသူတွေအတွက် တော်တော်လေး အန္တရာယ်ကြီးလှသည်။ လှိုင်းလေကြမ်းလာလျှင် ဘုရားတ.ရသည်။ မိုးသက်မုန်တိုင်းကြမ်းလာလျှင်အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်ရသည်။ ထို့ပြင် ကြီးမားလှသော ရေသတ္တဝါတို့၏ ဘေးမှလည်း သတိကြီးစွာ ထားပြီး ရှောင်ရှားရသည်။ ငါးမော်တော်ထက်မှ ပင်လယ်ထဲသို့ ခြေချော်၊ လက်ချော် ကျသွားမည်ကိုလည်း သတိထားရသည်။ ထိုအထဲတွင် အဆိုးအရွားဆုံးမှာ လုသားအချင်းချင်း လုပ်ဖော်ကိုင်ဖက် အချင်းချင်း ဝန်တိုမစ္ဆရိယစိတ်နှင့် အန္တရာယ်ပြုခြင်းက ပိုပြီးကြောက်စရာကောင်းသည်။

ပင်လယ်ပြင်ကြီးထဲတွင် ငါးလုပ်သားအချင်းချင်း ထိုးခုတ်တိုက်ခိုက်ကြခြင်း၊ ငါးတစ်စင်းနှင့် တစ်စင်းယှဉ်ပြိုင်တိုက်ခိုက်ကြခြင်း၊ ငါးမော်တော်တစ်စင်းထဲတွင်အတူတူလုပ်ကိုင်နေရာမှ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ၊ အုပ်စုဖွဲ့ကာ တစ်ဦး၏အလစ်ကို တစ်ဦးက အခွင့်ကောင်းယူပြီး ပင်လယ်ထဲသို့ ရိုက်ချတတ်ခြင်းနှင့် မိုးသက်မုန်တိုင်း ကျရောက်လာသည့် အခြေအနေတွင် မိမိရန်သူအား ကိစ္စတုံး ချောက်ချက်တတ်ကြသည်။ ထို့ကြောင့်ပင် မြခင်က ယောက်ျားဖြစ်သူအတွက် စိုးရိမ်ပြီး မေးရခြင်းဖြစ်သည်။ မြခင်၏ယောက်ျား သက်မောင်သည် လူကြောင့်စိတ်တို ဖြစ်သည်။ မဟုတ်မခံစိတ်နှင့် ဟော်ဟောဒိုင်းဒိုင်းသမားဖြစ်သည်။ သူမှန်လျှင် ဘယ်သောအခါမှ ခေါင်းငုံ့မခံ။ အလုပ်ကိုလည်း ဖိဖိစီးစီးလုပ်တတ်သည်။ ငါးပိုင်ရှင်တို့က လက်မလွှတ်နိုင်သော ငါးဦးစီးတစ်ဦး ဖြစ်သည်။

...



"ကဲ - မြခင် - ခဏနေဦး။ ဟိုမှာ ဘသင်းငါးလှေတစ်စင်း ဝိုက်လာလို့ အလုပ်သွားလုပ်လိုက်ဦးမယ်"

တဖြည်းဖြည်း မိုးလင်း၍ပြလာသည်။ မြခင်သည် ရေစပ်ထိပ်တည်နေရာတွင် ရပ်နေသည်။ ယခုလို ဆောင်းဦးပေါက်ရာသီမှ စပြီး ဆောင်းလယ်၊ ဆောင်းနှောင်းရာသီတစ်လျှောက်လုံးတွင်ပင်လယ်ငါးသလောက်များအထိ အမိများလေသည်။ လှေတိုင်းတွင် မြင်မကောင်း၊ ရှုမကောင်းအောင် ငါးများ တင်းကျွမ်းပြည့်သိပ်ပါလာပြီး လေအသင့်တွင် တစ်ရွာလုံး ငါးညှီစော်နံတော့သည်။

"ဟေး - ရောက်ပြီလား။ ငါးတွေ အများကြီးပါလား"

ငါးလှေတွင် ငါးတွေ အပြည့်ပါလာသည်။ ငါးအလုပ်သမားများသည် ညှီစော်ရွှဲရွှဲ၊ ဆားငန်ရည် အလူးလူးနှင့် ငါးထက်မှ ငါးများကို တောင်းများတွင် ထည့်ကာ ရေစပ်ပေါ်သို့ ထမ်းတင်ကြရသည်။ ငါးနောက်လိုက် အလုပ်သမားတို့သည် ပုဆိုးတိုတို၊ အင်္ကျီဗလာ၊ ပခုံးပေါ် အဝတ်စပိုင်း တင်ပြီး ထမ်းတောင်းကြီးများ ထမ်းကာ ရေစပ်ပေါ်သို့ အပြေးအလွှား တင်ကြရသည်။ တုန်းဘောင်သည် ငါးညှီရေ၊ ဆားငန်ရေတို့နှင့် စိုရွှဲကာ ညစ်ပတ်ပေရေနေသည်၊ ပင်လယ်ထဲတွင် တစ်ညလုံး ငုတ်တုတ်မိုးလင်းခဲ့ကြရသူတွေ၏ဘဝ၊ ဆိုင်း၊ လေဒဏ်ကို မှုမတတ်၊ ရှုမတတ်ခံစားခဲ့ရသူတွေ။ ထို့ကြောင့် ထိုသူတို့၏အမူအရာ အပြောအဆိုများသည် ပြေပြစ်မှု မရှိကြချေ။ မှန်ကုပ်ကုပ်၊ အောက်သိုးသိုး၊ အပေါက်ဆိုးဆိုးအသွင် ရှိကြသည်။ ငါးတောင်းများကို ရေစပ်တွင် ချရာတွင် နေရာမှားပြီး မရှုပ်ရန် ငါးပိုင်ရှင်တို့ သတိထား စောင့်ကြပ်ကြည့်နေရသည်။

အလုပ်သမားများသည် ပင်ပန်းလှသည်။ အားအင်ကုန်ခန်းကာ နွမ်းလှယ်ပိုင်သည့်အသွင် ဖြစ်နေသည်။ အလေးချိန်၊ လေးဆယ်ကျော် ငါးသယ်

www.burmeseclassic.com



# ၆၆

သေချာပြီ–သေချာပြီ
အစိုးရဲ့ ပရိုဂျက်ကြီးကို
သူ အစွပ်မခံတာ
အဲဒါမကောင်းဆိုးဝါး ကပ်နေလို့၊
ဒီနွားကိုယ်က
သက်မောင် မဟုတ်တော့ဘူး၊
ဖုတ်–ဖုတ်ဝင်နေတာ။

နီးယါးရှိသည့် ငါးတောင်းကြီးများကို အံခဲကာ ရောက်ရှိနေသော ကုန်းပေါ်ပေါ်မှ မကျမပြုအောင် မရမက ကုပ်ကတ်ထမ်းပိုးကြရသည်၊

"မြခင်ရေ–ယေား–မြခင်–မြခင်"

ငါးတောင်းတွေ ချပြီး ဆယ်မိနစ်ခန့်အကြာတွင် စောင်ပုခက်ကို လှုပ်ယောက် ထမ်းကာ ကုန်းပေါင်မှ တက်လာရင်း မြခင်အား လှမ်းခေါ်လိုက်သည်၊ လှအုပ်ကြီးရပ်နေသည့်အနားသို့မြခင်ရောက်လာသည်၊ စောင်ပုခက်ထဲတွင် ရှိသူက မြခင်၏လင်ယောက်ျား သက်မောင် ဖြစ်သည်၊

"ကိုသက်မောင်–ကိုသက်မောင်–သူ–သူ–ဘာဖြစ်တာလဲ ဟင်"

စောင်ပုခက်နားတွင် မြခင်ထိုင်လိုက်သည်၊ သက်မောင်သည် မြခင်အား မမြင်ဖူးသလို ကြည့်နေသည်၊ မျက်နှာနှင့် ပါးနှစ်ဖက်တို့တွင် ညိုမည်းနေသော အကျိရာ၊ ဖူးရောင်နေသော မျက်လုံးနှစ်ဖက်တို့ကို မြခင် မြင်ရသည်၊

"သူ–ဘာဖြစ်တာလဲ ဟင်၊ ဘာဖြစ်တာလဲလို့"

"မပြောချင်ပါဘူး ဟာ၊ အလယ်ကျွန်းပေါ်မှာ ခဏနားနေတုန်း ဘယ်အချိန်က ထွက်သွားလဲ မသိဘူး၊ ထန်းပင်ပေါ်ရောက်နေပြီ၊ အဲဒီအမြင့်ကနေ ခြေချော်ပြီး လိမ့်ကျတာ၊ ငါတို့လည်း သူကျလာတာကို သိတာနဲ့ အပြေးသွားကြတာ၊ သတိမရဘဲ မေ့နေတယ်၊ ဒီလောက်မြင့်တဲ့အပေါ်က ကျပြီး ခေါင်းတွေ ဘာတွေမကွဲဘဲ မျက်နှာက အကျိရာလေးပဲ ရတယ်၊ အခု–လေ့ထဲက ဆင်းလာခါနီးမှ သူ သတိရလာတာ …"

အတောင်နှစ်ဆယ်လောက်ရှိသော အမြင့်မှ ကျလာပြီး မကျိုးမပဲ့၊ သွေးမထွက်ဘဲ မျက်နှာက အကျိရာလေးသာ ရသည်ကို ဝိုင်းပြီး ကြည့်နေသူတွေက အမျိုးမျိုးထင်ကြေးပေးကြသည်၊

"ဝူး–ဝူး–ဝရီ–ဝရီ"

ပုခက်ထဲမှ သက်မောင်က စကားထ.ပြောသည်၊ ပီပီသသ မရှိ၊ ဒေါသနှင့် ဖါနေသည်၊

"ဟဲ့–ဟဲ့–သူ့မျက်လုံးကိုကြည့်ကြည့်၊ မျက်တောင့်နီကြီးနဲ့ ပြူးပြီးကြည့်နေတယ်၊ ကြက်သီးထ.လိုက်တာ"

"ဟုတ်ပါရဲ့–စကားပြောတာကလည်း အသံကြီးက ဘာသံလဲ မသိဘူး"

သက်မောင်မျော မည်သူတွေက သူ့ကို ဘယ်လိုပဲပြောပြော သူက ဘာမှမသိ၊ မြခင်ကို လက်ညှိုးထိုးပြီး စကားလုံး မသဲမကွဲ အော်ပြောလိုက်၊ ငိုလိုက် ဖြစ်နေသည်၊

"မြခင်–အခြေအနေမဟန်ဘူးနဲ့တူတယ်၊ ညည်း–သူ့ကို ရွာထဲပြန်ခေါ်သွားတော့ မဖြစ်ဘူးနော်"

"ဟုတ်တယ်အေ့–ဒီလောက်မြင့်တဲ့ထန်းပင်ပေါ်က ကျတာ၊ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်ပါ့မလဲ"

www.burmeseclassic.com

"ဒီအပြင်မှာပဲ တဲထိုးပြီး ပိုင်းစောင့်ကြတာပေါ့၊ အခု - လူစုလူဝေးနဲ့လာတော့မှ စကားထ,ပြောတာ စဉ်းစားစရာပဲ"

အားလုံးက တစ်ယောက်တစ်ပေါက် ပိုင်းပြောကြသည်။ မြခင်မျှာ ငိုရှိုက လွဲ၍ မည်သို့မျှ တုံ့ပြန်စကား မပြောနိုင်၊ လူနာကလည်း ဖွားဖွားဝါးဝါးနှင့် မျက်ထောင့်နီကြီးဖြင့် ဝေ့ကြည့်ကာ ဟိုလူ့လက်ညှိုးထိုး၊ သည်လူ့လက်ညှိုးထိုးနှင့် ပါးစပ်မှလည်း သွားရည်တများများ ထွက်နေသည်၊

"ကဲ - ကဲ - ဒီလိုပဲ ထိုင်ကြည့်မနေနဲ့၊ တဲလေးတစ်လုံးလောက်တော့ ပိုင်းပြီး ထိုးပေးရအောင်။ မြခင်လည်း စောင့်ပြီးကြည့်လို့ရတာပေါ့"

"အိုတော် - သူတစ်ယောက်ထဲ ဖြစ်ပါ့မလား။ ညဘက်ရောက်လာရင် အခြေအနေက နေရဲပါ့မလားလို့ ..."

"မြခင် - ရော့ - အဲဒါ - ငါ့ကို ရွာဦးကျောင်းက ဆရာတော် ဦးသုမင်္ဂလ ပေးထားတဲ့ ပရိတ်ကြိုး၊ သက်မောင်ရဲ့လည်ပင်းမှာ စွပ်ပေးလိုက် ..."

အရီးငွေလှ အနားရောက်လာပြီး သူ့လည်ပင်းမှ ပရိတ်ကြိုးကို ဖြုတ်ပြီး မြခင်အား ပေးလိုက်သည်၊ မြခင်လည်း ပရိတ်ကြိုးကို ယူပြီး သက်မောင်၏ လည်ပင်းကို စွပ်ပေးရန် ပြင်လိုက်သည်။

"သွား - သွား - မဝါနဲ့ - မဝါနဲ့"

အသံအက်အက် ကွဲရှရှ၊ မပီမသ အသံနှင့် အော်ဟစ်ပြီး မြခင်ပရိတ်ကြိုး စွပ်တာကို အစွပ်မခံ၊ လက်ကြမ်းကြီးနှင့် တအားတွန်းလိုက်သည်၊

"သေရောပြီ - သေရောပြီ - အရီးရဲ့၊ ပရိတ်ကြိုးကို သူ အစွပ်မခံတာ အဲဒီ မကောင်းဆိုးဝါးကပ်နေလို့၊ ဒီစန္ဒာကိုယ်က သက်မောင်မဟုတ်တော့ဘူး ဖုတ် - ဖုတ် ဝင်နေတာ"

"ဖုတ်ဝင်ရင် အဘထွန်းရွှတ်တဲ့ ဂါထာကို ရွတ်လိုက်ပါလား"



"အေး - အေး - အဲဒီဂါထာ ကျုပ်သိတယ်။ တဲ - မြခင် - နင်ဖယ်၊ ငါ ရွတ်ပေးမယ်"

အနားရှိ အောင်ဖေက မြခင်အား ဖယ်ခိုင်းစေကာ လှုပ်ကို ကိုင်မ,ပြီး ခေါင်းနားမှာ ထိုင်စေပြီး ဂါထာကို ရွတ်တော့သည်၊

"ဥုံ စတုဒီသာ၊ သီလဝန္တံ၊ ဗျက္ခ ယက္ခ၊ မဟိ သကာံ၊

မနုဿဟတ္ထိ၊ အဿစောရာနိ၊ သပ္ပေါရာဇာ၊ သီဟောဒီပိ၊

ဒုရေ ဂစ္ဆော"

ပါးစပ်မှ မနားတမ်းရွတ်ပြီး သက်မောင်၏မျက်နှာကို လက်နှင့် သပ်သပ်ချလေသည်၊

"ဟာ - ကွာ - သွား - သွား - ဘာရေလဲ"

အောင်ဖေအား ရုတ်တရက် ခြေထောက်နှင့် လှမ်းကန်လိုက်သည်၊

"အဲဒီထဲဝင်တဲ့ မကောင်းဆိုးဝါးက တော်တော်ကြီးလိမ့်မယ်၊ အောင်ဖေဂါထာရွတ်တာ လက်မခံဘူး"

"မြခင်တော့ ညဘက်ဆို ဒုက္ခပဲ"

"ဒီလိုလုပ်ပါလား၊ အခု - အချိန်လည်း ရှိသားပဲ၊ မြို့နယ်ဆေးရုံကို ပို့ရအောင်၊ ဒါမှ အစိုးရဆေးရုံဆိုတော့ မင်းအာဏာစက်အတွင်းမှာ ဖြစ်တော့ သူ နေနိုင်မှာမဟုတ်ဘူး"

"ဟုတ်တယ် - ဟုတ်တယ်၊ အဲဒါ ပိုကောင်းတယ်၊ မြအေး - မင်းလှည်းသွားကောက်လိုက်၊ ဒီကောင်ကို ဆေးရုံပို့မယ်"

အားလုံး တိုင်ပင်ထားသည့်အတိုင်း သက်မောင်အား လူသုံးယောက် ချုပ်ကိုင်ပြီး လှည်းပေါ် တင်ပြီး မြခင်ကိုပါ ခေါ်ကာ ဆေးရုံသို့ ကြသည်၊

• • • ▲ • • •

www.burmeseclassic.com

ဆေးရုံသို့ ရောက်သည့်အခါတွင် သက်မောင်သည် မျက်လုံးအိမ်မှ မျက်ရည် တွေတွေစီးကျလာသည်။

"တွေ့လား - တွေ့လား။ မင်းရဲ့အာကာစက်ထဲ ဝင်လာတော့ သူပြေးရ တော့မယ်လေ။ ကြောက်လို့ မျက်ရည်ကျတာ ..."

သက်မောင်အား ခုတင်တစ်ခုပေါ်တွင် ထားပြီး တာဝန်ကျဆရာဝန်၊ ဆရာမတွေအား အကျိုးအကြောင်းပြောပြသည်။ တာဝန်ကျဆရာဝန်မှာ သဘောကောင်းသည်။ သေသေချာချာ နားထောင်သည်၊ နားကြပ်နှင့် ခန္ဓာကိုယ်အား စမ်းသပ်သည်၊ ဆရာဝန် စမ်းသပ်သည်ကို မျက်လုံးပြူးပြီးကြည့်ကာ သွားရည်တများများကျနေသောပါးစပ်မှ ဝူးဝူးဝါးဝါးနှင့် စကားတွေပြောနေသည်၊ သက်မောင်သည်ငြိမ်ပြီးကြည့်နေသည်၊ ကောကြာလျှင် အသံကုန်အော်ဟစ်လာသည်၊ နားမခံသာအောင် အသံနက်ကြီးဖြင့် အော်ပြီး ရုန်းကန်ကာ လက်၊ ခြေကအစ လှုပ်ရှားနေသည်၊ ဆရာဝန်မှော လူနာသက်သာစေရန် အိပ်ဆေးထိုးပေးသော်လည်း မငြိမ်၊ ညနေစောင်းလောက်တွင် အသက်ထွက်သွားတော့သည်၊

"တွေ့လား - အဲဒါ မင်းအာကာစက်ပိုင်တဲ့နေရာမို့ မကောင်းဆိုးဝါး အကောင် ကြာကြာမနေနိုင်တော့တာပေါ့"


"သက်မောင်ရဲ့ခန္ဓာကိုယ်ထဲက ဖုတ်ကောင် ထွက်သွားပြီ"

"အဲဒါ - ဖုတ်ဝင်တယ် မခေါ်ပါဘူး - ဦးလေးတို့ရယ်၊ အမြင့်က ကျပြီး ပထမ (Cerebral Concussion) ခေါ်တဲ့ သတိတစ်ချက် လစ်သွားတယ်၊ နောက်သတိပြန်ရတယ်၊ တဖြည်းဖြည်းနဲ့ ဦးနှောက်ထဲ သွေးယိုလာပြီး အဲဒီသွေးယိုတဲ့ဒဏ်ရာနဲ့ လူနာ ကယောင်ကတမ်း သောင်းကျန်းလာတယ်၊ နောက်ဆုံးတော့ (Cerebral Hae Monhage) ခေါ်တဲ့ ဦးနှောက်ထဲ သွေးယိုတဲ့ရောဂါနဲ့ ဆုံးရတာပါ"



အသက်မရှိတော့သည့် ချစ်လင်၏ ရုပ်အလောင်းကို စေ့စေ့ကြည့်ရင်း မြင့်၏ မျက်လုံးအိမ်မှ မျက်ရည်တွေ စီးကျလာသည်၊

➤ မြမြငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

တစေထောင်အောင်ပုနှင့်
ပါးရဲကွင်းမှ

ဇာတိဂုဏ်

'စုန်း' နှင့် 'မှဆိုး' တို့ကိုတော့ လူသိများကြပါသည်။
အခြားမှဆိုးတစ်မျိုးဖြစ်သော 'တစေထောင်' ကိုတော့
လူသိနည်းမည်ထင်ပါသည်။
ကျွန်ုပ်တို့၏အညာဒေသ မြေလတ်ပိုင်းတွင်တော့
တစေထောင်ဆိုသည့်ပုဂ္ဂိုလ်များ ရှိခဲ့ကြပါသည်။
သို့သော် နည်းပါးလွန်းသည်ဟု ဆိုရပါမည်။
(၂၅)မြို့နယ်ပိုင်သောမကွေးတိုင်းဒေသကြီးတွင်
လက်ရှိရှာတွေ့ပါသော်
လက်တစ်ဖက်မျှပင်ပြည့်မည်မထင်ပါ။



အညာဒေသတောထဲတွင်
ဒေသအခေါ် ငှက်စုန်းများကို
ဖမ်းဆီးစီးပွားရှာရသည့်လူတစ်ယောက်၏
ဘဝ၊ အခက်ခဲ၊ ဝေဒနာတို့ကို
ဖတ်ရှုရမည် ...

ပန်းချီ ဒိုင်းဝေမွန်လင်း

www.burmeseclassic.com

ငုံး၊ ရှဉ့်၊ ခါ၊ ကြွက်၊ ပွး၊ ပုတတ်၊ ဖွတ်၊ ကြောင်၊ ယုန်၊ ရကြွက်၊ ဖား၊ ဘုတ်၊ ဓွေ့၊ ဖား၊ ပျား၊ ပသံ အစရှိသည့် သားကောင်ငယ်များကို ဖမ်းဆီးရာ၌ မည်သည့်အကောင်မျိုးကိုမဆို အများတကာထက် ပိုမိုအောင် ဖမ်းဆီးနိုင်စွမ်းရှိခြင်းနှင့် အကောင်မရွေး ဖမ်းဆီးတတ်သော အတတ်ပညာနှင့် ပြည့်စုံသောသူဖြစ်မှသာလျှင် ထိုသူ၏နာမည်ရှေ့မှ "တထောင်" ဘွဲ့တပ်၍ ခေါ်ဝေါ်ခြင်းပြုကြကုန်၏၊ ဓွယ်စုံတတ်စွမ်းနိုင်ရန် မလွယ်ကူသဖြင့်လည်း "တထောင်" ဆိုသည့်အမည်သည် ရှားပါးခြင်းနှင့် လူသိနည်းခြင်း ဖြစ်ပေသည်။

ဓကွေးမြို့ သိင်္ဂီရိရပ်ကွက်တွင် "တထောင်အောင်ပု" ဆိုသူ ရှိခဲ့ဖူး၏၊ သူနေသောအိမ်သည် ကျွန်ုပ်၏အိမ်နှင့် နှစ်အိမ်မျှသာ ခြား၏၊ တောတောင်ထဲတွင်သာ အချိန်ကုန်သည်ကများသဖြင့် သူ့ကိုအိမ်၌မြင်တွေ့ရခဲ၏၊ သူ၏အလုပ်သည် လ,ရာသီတို့ကို ရွေးချယ်ရန်မလို၊ အချိန်အခါမရွေး တစ်မျိုးမဟုတ်တစ်မျိုး အလုပ်ဖြစ်နေလေ့ရှိ၏၊ တစ်ခါတစ်ရံမျှသာ နှစ်ရက်သုံးရက်မျှ အိမ်၌ အနားယူလေ့ရှိ၏၊ ထိုသို့အနားယူသောအချိန်မျိုးတွင် ကိုအောင်ပုသည် ကျွန်ုပ်တို့လမ်းထဲ၌ရှိသော လူငယ်လေးများအား သူ၏တောတွင်းအတွေ့အကြုံများကို အားရပါးရ ပြောပြလေ့ရှိပါသည်။

သူ၏ဇနီးသည် မအေးလှဖြစ်သည်၊ သူတို့တွင် သားသမီး မထွန်းကားကြပေ၊ ထို့ကြောင့် သူတို့လင်မယားသည် ကျွန်ုပ်တို့လူငယ်လေးများအား ခင်မင်ရင်းနှီးစွာ ဆက်ဆံလေ့ရှိပါသည်၊ သူတို့၏အိမ်တွင် ကိုအောင်ပု၏တထောင်လုပ်ငန်းသုံးပစ္စည်းများဖြင့် ပြည့်ကြပ်လျက်ရှိ၏၊ ငုံးအိမ်၊ ခါအိမ်၊ ရှဉ့်အိမ်၊ ယုန်ထောင်ပိုက်၊ ဓွေ့ထောင်အိမ်၊ ကြွက်ထိုးမှိန်း၊ ငါးဖင်းထိုးစူးဝါး၊ ငုတ်မှုတ်သော ပြောင်းဝါး၊ ဒူးလေး၊ ကြောင်ထောင်မောင်း စသဖြင့် များပြားလှသော တထောင်လုပ်ငန်းသုံးပစ္စည်းများကြောင့် သူတို့လင်မယားပင်လျှင်



ကျဉ်းမြောင်းစွာ နေရာယူထားရ၏၊ အိမ်ရှေ့အစီ၌ရှိသော ဝါးကွပ်ပျစ်တစ်ခုသာလျှင် ရှင်းရှင်းလင်းလင်းရှိနေသည်၊ ကျွန်ုပ်တို့ လူငယ်များသည် စုပြုံ၍ ထိုကွပ်ပျစ်ကလေးပေါ်တွင် ထိုင်ကြပြီး ကိုအောင်ပုပြောပြသော တောတွင်းအတွေ့အကြုံများကို နားထောင်ကြရပါသည်၊ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ မအေးလှမှ သဒ္ဓါထက်သန်စွာ ချည့်ခ်ကျွေးမွေးသော ငုံး၊ ဖား၊ ပုတတ် အစရှိသည့် စားကောင်းသောက်ဖွယ်များကို စားကြရသဖြင့် ကိုအောင်ပုပြောပြသည်များကို နားထောင်ဖြစ်ကြခြင်းပင်။

တစ်နေ့သ၌ ကျွန်ုပ်တို့လူငယ်များသည် ကိုအောင်ပုပြောပြသော တထောင်အတွေ့အကြုံများကို နားထောင်နေစဉ် အိမ်ရှေ့သို့မြင်းလှည်းတစ်စီးဆိုက်ရောက်လာပြီး မြင်းလှည်းပေါ်မှ လူနှစ်ယောက်သည် ကိုအောင်ပု၏အိမ်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာပါသည်၊ သူတို့၏အသက်မှာ (၃၀) ကျော်နှင့် (၄၀)နီးပါးခန့်ရှိမည်ဖြစ်ပြီး ခေါင်းတွင်လည်း တဘက်ဖြင့် ခေါင်းပေါင်းထားကြ၏၊ ထိုသူများကို ထိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့က နေရာကျဲပေးလိုက်ပါသည်၊ သူတို့သည် ဝါးကွက်ပျစ်တွင် ဝင်၍ထိုင်လိုက်ကြပြီး ခေါင်းမှ တဘက်များကို ချွတ်၍ ချွေးသုတ်လိုက်ပါသည်၊ အသက်(၄၀)နီးပါးရှိသူက -

"ဒါ - တထောင်အောင်ပုအိမ်၊ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် - ကျွန်တော်က တထောင်အောင်ပုပါ၊ ခင်ဗျားတို့က ဘယ်က လာကြတာလဲ"

"မန်ကျည်းသုံးပင်ရွာက လာတာပါ၊ ရေခော်ကြီးရွာက ဘကြီးဖိုးသုန်က နေရာကိုရော၊ တထောင်ကြီးအကြောင်းကိုရော သေချာပြောပြပြီး လွှတ်လိုက်တာပါ"

www.burmeseclassic.com

"ကျွန်တော်က ဦးဖိုးသုန်နဲ့ အလွန်ရင်းနှီးပါတယ်၊ ဟဲ့ - အေးလှရေ"

အလိုက်သိသော မအေးလှက မီးဖိုချောင်ထဲသို့ သွား၍ ပုရစ်ကြော်တစ်ပန်းကန်ယူလာပြီးနောက် တည်ခင်းဧည့်ခံခြင်းပြုပါသည်၊ ထိုစဉ်မှာပင် ကျွန်ုပ်၏အဖေလည်း ရောက်လာပြီးနောက် ဝါးကွပ်ပျစ်အစွန်းတွင် ဝင်ထိုင်လိုက်ပါသည်၊ ကိုအောင်ပုအိမ်သို့ လူစိမ်းဧည့်သည်များ ရောက်လာလျှင် အဖေရောက်လာလေ့ရှိ၏၊ ကိုအောင်ပုသည် ရောက်ရှိလာသော ဧည့်သည်များအား -

"အဲဒီရွာအထိတော့ ကျွန်တော် မရောက်ဖူးဘူး၊ ရေခေါ်ကြီးနဲ့ ဘယ်လောက်ဝေးသေးသလဲ၊ နောက်ပြီး - ဘာကိစ္စအတွက် ကျွန်တော့်ဆီကို လာခဲ့ကြတာလဲ"

"ရေခေါ်ကြီးကနေ ဟိုဘက်ကို သုံးမိုင်လောက် သွားရပါတယ်၊ ကျွန်တော်တို့ လာခဲ့ရတာက ဟိုဗျာ - ပြောကောင်းလား မသိဘူး၊ ၄က်စုန်းလို့ ပြောကြတာပဲ၊ ည(၈)နာရီလောက်ကနေပြီး မိုးလင်းခါနီးအထိ မပြတ်တမ်း အော်နေကြတာပဲ၊ ပြတ်သွားရင် ခဏပဲ၊ အခုလိုဖြစ်လာတာ ခြောက်လလောက်ပဲ ရှိသေးတယ်၊ လူတွေ ပြောကြတဲ့အတိုင်းလည်း တွေ့ကြုံနေကြရတော့ တစ်ရွာလုံး ကြောက်ကြောက်လန့်လန့်ဖြစ်ကုန်ကြပြီ၊ ပြီးခဲ့တဲ့ငါးရက်လောက်က ရွာကို ဦးဖိုးသုန်ရောက်လာလို့ စကားစပ်မိကြပြီး စာတောင်ပြီး ဆီကို ရောက်အောင်လာခဲ့တာပါ"

"ခင်ဗျားတို့ ပြောချင်တာကို ကျွန်တော်သိပါတယ်၊ သိပ်ပြီးတော့ အယူသည်းတာ မကောင်းဘူးထင်တယ်၊ ဦးဖိုးသုန်တို့၊ ဦးဖိုးယုန်တို့နဲ့ ဘယ်လိုသိတာလဲ"

"ကျွန်တော်တို့နဲ့ဆိုရင် ဆွေမျိုးတော်ပါတယ်၊ ဦးဖိုးယုန်ရဲ့အိမ်နားမှာ ကျွန်တော့်ညီမအရင်းတစ်ယောက်အိမ် ရှိပါတယ်"

"ဒါဆို - ကိုဖိုးယုန်နဲ့ ခင်ဗျားတို့နဲ့ ရင်းနှီးသလား"

မဆီမဆိုင် ဝင်မေးသူက အဖေဖြစ်နေသည်၊ ကိုအောင်ပုသည်ပင်လျှင် ရုတ်တရက် မှင်တက်မိသွားပြီး -

"ဆရာလှ - ထူးထူးဆန်းဆန်းပါလား၊ ဦးဖိုးယုန်နဲ့ သိသလား"

"အေး - သိတယ်ကွ၊ ဟိုတစ်လောက မကွေးကိုလာရင်း ငါနဲ့တွေ့လို့ ချုမြင်းတစ်ကောင်ကို နိုင်းဖြစ်အောင်ကျင့်ပေးဖို့ အပ်သွားတယ်၊ စရန်ပါ ပေးသွားတာ၊ နောက်ပြီး - သူ့တောင်ယာတွေက သိပ်အရေးကြီးနေလို့ လူတစ်ယောက်လွှတ်ပြီး လာယူလည့်ပါလို့ မှာသွားတာ၊ ငါ့မှာ လွှတ်ရမယ့်လူ၊ စိတ်ချရမယ့်လူ ရှာမရလို့ အခက်တွေ့နေတာနဲ့ အတော်ဖြစ်သွားတယ်၊ မင်း အဲဒီကို သွားမယ်ဆိုရင် ငါ့သားကို ထည့်လိုက်ချင်တယ်၊ မင်းနဲ့ဆိုရင် ငါစိတ်



တောတွင်းသုံးရေနံဆီမီးခွက်အကြီးတစ်လုံးကို ရေနံဆီ အပြည့်ထည့်ထားပါ၊ တောသုံးသံမီးပုံးကြီးတစ်လုံးရယ်၊ ပစ်စောင်သုံးထည်ကို အိုးမည်းများများသုတ်ထားပါ၊ သုံးတင်းဆန့်တဲ့ ဥန်နီအိတ်နှစ်လုံးလည်း ရှာထားပါ၊ နောက်ပြီး - ဝါးသံ(အခေတ်ဝိတ်ဝါး) တစ်ချောင်းကို ခြောက်ပေတစ်ဖြတ်၊ ငါးပေတစ်ဖြတ်၊ လေးပေတစ်ဖြတ် ဖြတ်ထားပါ၊

www.burmeseclassic.com

ချပါတယ်၊ ကျောင်းပိတ်ရက်လည်း ဖြစ်နေလို့ပါ၊ မင်းတို့အပြန်ကျရင် ကိုဖိုးယုန်ဆီက မြင်းကို ဝင်ယူခဲ့ကြပေါ့၊ သိပ်မကြာဘူးမဟုတ်လား"

"ဩော် - ဒါကြောင့် ဝင်မေးတာကိုး၊ သွားဖြစ်ရင်လည်း သိပ်မကြာပါဘူး၊ နှစ်ရက် သုံးရက်ပါပဲ၊ ဒီကောင့်အတွက်တော့ စိတ်ချပါ၊ ဟေ့ - သိုက်ဖွားလိုက်မှာလား"

"ကိုအောင်ပုကြီးနဲ့ဆိုရင် လိုက်မှာပေါ့ဗျာ"

ကျွန်ုပ်အဖေ၏နာမည်မှာ ဦးလူဖြစ်သည်၊ မြင်းများကို လေ့ကျင့်ပေးခြင်း၊ ဆေးကုပေးခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများဖြင့် အသက်မွေးသူဖြစ်ပြီး ရပ်ကွက်ထဲတွင် ဩဇာညောင်းသူတစ်ဦး ဖြစ်ပါသည်၊ ကျွန်ုပ်မွေးဖွားစဉ်က ဗေဒင်ဆရာ ဦးစစ်ခွေးဆိုသူက ကျွန်ုပ်အား သိုက်ဖွားဟု ပြောခဲ့သဖြင့် ကျွန်ုပ်၏နာမည်ရင်းကို မဖော်ကြဘဲ အရပ်ထဲတွင် သိုက်ဖွားဟု ခေါ်ကြသည့်သာများ၏၊ ဦးစစ်ခွေးဆိုသူသည် ခြေထောက်တစ်ဖက် မသန်ပေ၊ ခြေတစ်ဖက်ကို ဒရွတ်ဆွဲလျက်နှင့် မြို့ထဲတွင် လှည့်ပတ်သွားလာပြီး ဗေဒင်ဟောသူဖြစ်၏၊ တစ်ခါမေးလျှင် တစ်မတ်မျှသာ ပေးရ၏၊ ယခု အသက်(၆၀)ကျော်(၇၀) ခန့်ရှိသော မကွေးသူ၊ မကွေးသားမှန်လျှင် ဦးစစ်ခွေးကို သိကြမည်သာဖြစ်၏၊ ထိုစဉ်အခါက ကျွန်ုပ်သည် အလယ်တန်းပညာသင်ခါစမျှသာ ရှိပါသေးသည်၊ ကိုအောင်ပုထံ ရောက်ရှိလာသော ညှိသည်နှစ်ယောက်သည် ခေတ္တမျှ စောင့်ဆိုင်းနေပြီး စကားပြတ်သွားသည်နှင့် ဘကြီးလူက -

"တထောင်ကြီးရယ် - တစ်ရွာလုံး ကြောက်လန့်နေကြလို့ပါ၊ လိုက်ခဲ့ပါနော်"

"ဦးဖိုးသန်က လွှတ်လိုက်တာမှဆိုရင် ကျွန်တော် လိုက်ရမှာပါ"

"တထောင်ကြီးအတွက် အစစ အရာရာ အဆင်ပြေအောင် ကျွန်တော်တို့တစ်ရွာလုံးက ဆောင်ရွက်ပေးကြမှာပါ၊ အဲဒီအကောင်တွေရဲ့အသံကို



ကြားရရင် တစ်ရွာလုံးပျော်ကြမှာပါ၊ အရင်တုန်းကလို တစ်ခါတစ်ရံမှာ ကြားရတာမျိုးဆိုရင် ကိစ္စမရှိပါဘူး"

"ပြီးခဲ့တဲ့နှစ်က ခင်ဖျားတို့ရွာနဲ့ မလှမ်းမကမ်းဝေးတဲ့နေရာတစ်ခုမှာ တောမီးလောင်ခဲ့လိမ့်မယ်၊ အဲဒီလိုဖြစ်ပြီးမှ ဒီအကောင်တွေ များလာတာဖြစ်မယ်၊ အရင်တုန်းကဆိုရင် ဇွက်စုန်းသံကို တစ်ခါတစ်ခါမှ ကြားတာမဟုတ်လား"

"ဟုတ်တယ်ဗျ - ဟုတ်တယ်၊ မနှစ်က တောင်ယာမှာ ဒိုက်ပုံမီးရှို့ရင်းကတွေးစက်ပြီး တောမီးလောင်သွားတာ တော်တော်များတယ်၊ တထောင်ကြီးပြောတာ မှန်တယ်ဗျ၊ ကဲ - ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့၊ တထောင်ကြီးတို့လာရင် အဆင်ပြေအောင်လို့ ငွေငါးဆယ်တော့ လက်ခံပေးပါ၊ ကျွန်တော်တို့ အချိန်မီအောင် ပြန်ပါမယ်၊ ရွာကလူတွေလည်း ဝမ်းသာရတာပေါ့၊ ကျွဲသိုးချောင်ရွာရဲ့အနောက်တံခါးဝနားက အိမ်မှာ တထောင်ကြီးတို့လာဖို့ နားလည်စီစဉ်ပေးခဲ့ပါမယ်၊ ကျွန်တော်တို့ ဘာတွေလုပ်ထားရမှာလဲ၊ မှာစရာရှိရင် မှာလိုက်ပါ၊ သေသေချာချာ မှာတဲ့အတိုင်း ဆောင်ရွက်ပေးပါမယ်"

"ကဲ - ဒီလိုမှဆိုလည်း မနက်ဖြန်ကျရင် ကျွန်တော်တို့ လာခဲ့ပါ့မယ်၊ ခင်ဖျားတို့ကြိုတင်ပြီးလုပ်ထားချင်ရင်တော့ ပြောပါမယ်၊ တောတွင်းသုံးရေနံဆီမီးခွက်အကြီးတစ်လုံးကို ရေနံဆီ အပြည့်ထည့်ထားပါ၊ တောသုံးသံမီးပုံးကြီးတစ်လုံးရယ်၊ ငါးစပ်စောင်သုံးထည်ကို အိုးမည်းများများသုတ်ထားပါ၊ သုံးတင်းဆန့်တဲ့ ဂုန်နီအိတ်နှစ်လုံးလည်း ရှာထားပါ၊ နောက်ပြီး ဝါးသဲ(အဆစ်ပိတ်ဝါး)တစ်ချောင်းကို ခြောက်ပေတစ်ဖြတ်၊ ငါးပေတစ်ဖြတ်၊ လေးပေတစ်ဖြတ် ဖြတ်ထားပါ၊ လက်ရဲဇက်ရဲ သတ္တိကောင်းတဲ့လူနှစ်ယောက်လည်း လိုမယ်"

www.burmeseclassic.com

"အားလုံးကို အဆင်သင့်ဖြစ်အောင် စီမံထားနိုင်ပါ့မယ်၊ ဒီအကောင်တွေ ရွာပေါ်မှာ စပြီးအော်ကတည်းက လူအသေအပျောက် များလာတယ်ဆိုပြီး တစ်ရွာလုံးကြောက်ကြောက်လန့်လန့်ဖြစ်နေကြလို့ပါ၊ လာဖြစ်အောင်တော့ လာခဲ့ပါ၊ တဲထောင်ကြီးကိုပဲ အားကိုးစရာ ရှိပါတော့တယ်"

"စိတ်ချလက်ချသာ ပြန်နိုင်ကြပါ၊ မနက်ဖြန် စောင့်နေပါ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ - ကျွန်တော်တို့ ပြန်မယ်"

ဧည့်သည်များပြန်သွားကြပြီးနောက် အဖေလည်းမြင်းလှည်းမောင်းရန် အချိန်ကျပြီမို့ အိမ်သို့ ပြန်သွားပါသည်၊ သိပ်မကြာပါ၊ ကျွန်တော်တို့ လူငယ်များလည်း အိမ်သို့ ပြန်ကြပါတော့သည်၊ ကျွန်ုပ်တစ်ယောက်သာလျှင် ကျန်ခဲ့တော့၏၊ ကျွန်ုပ်က ကိုအောင်ပုအား မေးမြန်းလိုသဖြင့်တမင်တကာနောက်ချန်နေခဲ့ခြင်း ဖြစ်ပါသည်၊ ဧည့်သည်များပြန်သွားသည်နှင့် ကိုအောင်ပုသည် နီဆီဘူးခွံတစ်ခုအား ကတ်ကြေးဖြင့် ကိုက်ဖြတ်နေပါသည်၊ ကျွန်ုပ်က -

"ကိုအောင်ပု - သူတို့ပြောတဲ့ ငှက်စုန်းဆိုတာ ဘယ်လိုအကောင်မျိုးလဲ၊ သူတို့အော်တာနဲ့ လူသေတယ်ဆိုတာ တကယ်လားဗျာ"

"သိုက်ဖွား - တစ်ခါတလေ ညဘက်မှာ ဂီးခနဲ အော်သွားတဲ့ငှက်သံကို ကြားဖူးတယ်မဟုတ်လား၊ အဲဒီအကောင်တွေကို ငှက်စုန်းလို့ခေါ်တယ်၊ တချို့ကျတော့ ငှက်ဆိုးတဲ့၊ နောက်ပြီး - သေမင်းတမန်ကောင်လို့လည်း ခေါ်ကြသေးတယ်၊ မင်းမြင်ဖူးတဲ့ ဇီးကွက်နဲ့ ဆင်ဆင်တူတယ်၊ ဒါပေမဲ့ - ဇီးကွက်ထက်ကြီးတယ်၊ ခွန်လောက်ရှိတယ်၊ လူသေတယ်ဆိုတာကတော့ သူ့အသံနဲ့သူ သတ်မှတ်ကြတာပါကွာ၊ ယုံတဲ့နေရာတွေရှိသလို၊ မယုံတဲ့နေရာတွေလည်း ရှိတာပါပဲ၊ ကဲ - တို့မကွေးမှာကျတော့ အဲဒီအကောင်တွေ အော်အော်သွားတာကို ကြားနေရတာပဲ၊ ဘာဖြစ်တယ်လို့ ဘယ်သူပြောကြလို့လဲ၊ သူ့သဘာဝနဲ့ အော်တာပဲ နေမှာပါကွာ"



"သူတို့ရွာက တစ်ရွာလုံး ကြောက်နေတာဆို"

"အော်သံတွေ များလွန်းလို့ ရှိမှာပါကွာ"

ကိုအောင်ပုသည် စကားပြောရင်းဖြင့် နို့ဆီဘူးခွံသံပြားလေးအား ကတ်ကြေးဖြင့်ကိုက်၍ ပြုလုပ်ထားသော ကိရိယာလေးနှစ်ခုမှာ ပြီးသွားလေပြီ၊ အနည်းငယ်ကြီးသော ကိရိယာလေးအား ပါးစပ်ဖြင့် တေ့၍ မှုတ်လိုက်ရာ -

"ဂီး - ဂီး - ဂီး - ဂီး"

အံ့ဩဖွယ် ကောင်းလှ၏၊ ထိုငှက်စုန်းသံနှင့် လုံးဝတူညီနေသည်ကို တွေ့ရပါသည်၊ နောက်တစ်ဖန် အနည်းငယ်ငယ်သော ကိရိယာလေးအား ထပ်မံမှုတ်လိုက်ရာ -

"ဂဲ - ဂဲ - ဂဲ - ဂစ် - ဂစ် - ဂစ် - ဂစ်"

ဤတစ်ကြိမ်တွင်တော့ အသံနှစ်မျိုး ထွက်လာပါသည်၊ ကျွန်ုပ်က -

"ကိုအောင်ပု - ဒီတစ်ခါတော့ အရင်အသံလောက် အသံမကြီးဘူး၊ အသံလည်း ကျစ်သွားတယ်၊ နောက်ပြီး - နှစ်မျိုးထွက်လာပါလား"

"ပထမမှုတ်တဲ့အသံက ငှက်အလတ်တွေအသံကွ၊ မှုတ်မှ အဲဒီအသံထွက်တယ်၊ စုပ်လိုက်တဲ့အခါကျတော့ ဒုတိယထွက်လာတဲ့ ငှက်ငယ်အသံဖြစ်သွားတယ်၊ အကြီးနဲ့မှုတ်လို့ စောစောက ထွက်လာတဲ့အသံက ငှက်အကြီးတွေရဲ့အသံပဲ၊ ရော့ကွာ - နှစ်ခုလုံး ယူသွားပြီး ဝါလွယ်အိတ်ထဲကို ဆော့မှတ်ရရ ထည့်ထားလိုက်ပါ၊ ငါ စွေ့ထောင်အိမ်ပြင်လိုက်ဦးမယ်"

သူသည် အိမ်တွင် နားသည်ဆိုသော်လည်း အလုပ်များသူဖြစ်ပါသည်၊ တစ်ခုမဟုတ်တစ်ခု ပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်းများဖြင့် အလုပ်များသူ ဖြစ်၏၊ သူ၏တထောင်လုပ်ငန်းသုံးပစ္စည်းများမှာလည်း များပြားပေစွ၊ သူ၏လွယ်အိတ်ကတော့ ကိုယ်နှင့်မကွာ အမြဲတမ်းပါသည်သာ၊ ကွမ်းအစ်ငယ်လေး

www.burmeseclassic.com

တစ်လုံးနှင့် အခြားတောက်တိုမည်ရပစ္စည်းများကို ထိုလွယ်အိတ်ဖြင့်ထည့်၍ဆောင်ယူလေ့ရှိပါသည်၊ ငှက်သံတုပစ္စည်းလေးနှစ်ခုအား လွယ်အိတ်ထဲသို့ ထည့်ပေးပြီးနောက် ကျွန်ုပ်လည်း အိမ်သို့ ပြန်ခဲ့ပါတော့သည်။

• • • ✷ • • •

ကိုအောင်ပုအား ကံကောင်းနေသူဟု ပြောရပါမည်၊ ဧည့်သည်များပေးသွားသော ငွေ(၅၀)ကျပ်မှာ ထိုခေတ်ထိုအခါက အသွားအပြန် လမ်းစရိတ်မှုမက အတော်များများပင်ပိုနေသေး၏၊ မကွေးနှင့်မင်းဘူးသယ်ယူပို့ဆောင်သော အောင်ဝင်းသိန်းနှင့် အောင်ဝင်းသန်းမော်တော်စီးခသည်ပင်လျှင် တစ်မတ်မျှသာ၊ တစ်နာရီခန့် ဧရာဝတီမြစ်ကို ကူးရ၏၊ အဖေ မြင်းလှည်းမောင်း၍ရသောတစ်နေ့ဝင်ငွေမှာ(၁၀)ကျပ်ထက်မပို၊ ထို့ကြောင့်ကံကောင်းသည်ဟု သတ်မှတ်မိခြင်းဖြစ်၏၊ သို့နှင့် နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့သည် ခရီးထွက်ခဲ့ကြပါတော့သည်၊ မင်းဘူးဘက်ကမ်းရှိ ကျွဲသိုးမြောင်ရွာမှ ဧည့်သည်များ စီစဉ်ပေးခဲ့သော နွားလှည်းဖြင့် သွားကြခြင်းဖြစ်၏၊ မန်ကျည်းသုံးပင်ရွာသို့ နံနက်(၁၁)နာရီခန့်တွင် ရောက်ပါသည်၊ ရွာသူရွာသားများက ရွာတံခါးဝမှ ကြိုဆိုနေကြသည်ကို တွေ့ရ၏၊ ပျူပျူငှာငှာရှိကြပြီး ဧည့်ဝတ်ကျေပွန်လှပါသည်၊ ကျွန်ုပ်တို့ရွာသို့ရောက်၍ခဏအနားယူ၊ နောက် နံနက်စာ ထမင်းစားကြပါသည်၊ ထမင်းစားပြီး ရေနွေးကြမ်း ဝိုင်းဖွဲ့ကြ၏၊ ငါးဖန်းမီးကင်ခြောက်နှင့် ဆိတ်သားကြွပ်ကြွပ်ကြော်မှာ စား၍မြိန်လှသည်။ ကိုအောင်ပုအား ရွာသူရွာသားများက လာရောက်မိတ်ဆက်ကြပါသည်၊ ကျွန်ုပ်တို့အား လာခေါ်ကြသူနှစ်ယောက်တွင် အကြီးလူမှာ ကိုအောင်သိန်းဖြစ်၍ အငယ်လူမှာ ကိုဘအေး ဖြစ်သည်၊ သစ်ဝါးပေါများသောဒေသဖြစ်သဖြင့် တစ်ရွာလုံးလိုလို အိမ်ကြီးရခိုင်များကိုသာ မြင်တွေ့ရ၏၊ ရေနွေးကြမ်းဝိုင်းတွင်လည်း လူအတော်များများ စုံလင်စွာ ရှိနေကြသည်၊ ကိုအောင်ပုက -

"ကိုအောင်သိန်း - ကျွန်တော် မှာထားတာတွေ ပြည့်စုံပြီလား"

"ပြည့်စုံပါပြီ - ဆရာတောင်ကြီး၊ သတ်ရဲ ဖြတ်ရဲ လက်ရဲ ဇက်ရဲရှိတာကတော့ ဒီရွာထဲမှာ လူရွတ်ကြီးနှစ်ယောက်ပဲ ရှိတယ်၊ သူတို့ကို ထည့်ပေးလိုက်မှာပါ၊ ကိုဘမောင်နဲ့ ကိုဖိုးလုံးတဲ့၊ သူတို့က လူကြမ်းကြီးတွေ"

ထိုစဉ် အသက်(၄၀)ကျော်ခန့် အမျိုးသမီးတစ်ယောက်က -

"ဟဲ့ - အောင်သိန်း - ကိုဖိုးလုံးက ထမင်းစားပြီးကတည်းက သစ်ခုတ်ထွက်သွားပါလား၊ ညနေမှ ပြန်ရောက်မှ ညဘက်ဆိုရင်တော့ လိုက်နိုင်ပါတယ်"

"ဘယ်တောဘက်ကို သွားခုတ်တာလဲ"

"နင့်ယောက်ဖက ပြောမရပါဘူး၊ သစ်ပေါတယ်ဆိုပြီး ပရဲကွင်းကို သွားလေရဲ့"

"အစ်မယောက်ျားက တော်တော်ခွတိုက်တဲ့လူပဲ - ဆရာတောင်ကြီးရေ၊ အဲဒီပရဲကွင်းကပေါ့၊ ဟိုအကောင်တွေ ထွက်,ထွက်လာတာ၊ ပြီးခဲ့တဲ့ လေးသလောက်က ဒီရွာက မိန်းကလေးတစ်ယောက် မျှစ်ချိုးသွားရင်း ခေါင်းမူးသို့ ဆိုပြီး ပြန်လာတာ၊ အိမ်ပဲ ရောက်ပါတယ်၊ ခဏနေပြီး သေတော့တာပဲ၊ အဲဒီပရဲကွင်း(ပါးရဲကွင်း)က သစ်ဝါးလည်း ပေါတယ်၊ မှိုတို့၊ မျှစ်တို့လည်း ပေါတယ်၊ ရွာနဲ့လည်း သိပ်မဝေးဘူး၊ တစ်မိုင်ခွဲလောက်ပဲ သွားရတာ၊ အဲဒီနေရာကိုမသွားဝံ့ကြတော့၊ ပိုပြီးပေါများနေတာပေါ့ဗျာ၊ များများလိုချင်၊ လွယ်လွယ်ကိုချင်ရင်တော့ ခံရမှာပဲ၊ အခုလည်း ကိုဖိုးလုံး သွားပြန်ပြီ၊ ဒီရွာတလွှား အဲဒီကွင်းကို ဘယ်သူမှ မသွားတာ ကြာပါပြီ"





www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကိုအောင်ပုက အနည်းငယ် စဉ်းစားဟန်ပြုလျက် –

"အဲဒီပရဲကွင်းက ဘယ်လောက်ကျယ်သလဲ"

"အဲ – ဆယ်ဧကကျော်ကျော်လောက်တော့ ရှိမယ်ထင်တယ်"

"ဘာဖြစ်လို့ ပရဲကွင်းလို့ ခေါ်ကြတာလဲ"

"စစ်ဘေးစစ်ဒဏ်ခံခဲ့ကြရတုန်းက ရှင်းလူမျိုးတစ်စု အဲဒီတောအုပ်မှာ စစ်ပြေးရင်း နေသွားခဲ့ဖူးတယ်၊ ရှင်းအမျိုးသမီး အပျိုလေးတွေရဲ့မျက်နှာပေါ်မှာ မင်တွေ ပြည့်နေအောင် ထိုးတဲ့နေရာဖြစ်လို့ ပရဲ(ပါးရဲ)ကွင်းဆိုပြီး ခေါ်ခဲ့ကြတာတဲ့"

"ရွာကနေသွားရင် အသွားအပြန်ဆို ဘယ်လောက်ကြာမလဲ"

"အလွန်ဆုံးကြာမှ တစ်နာရီခွဲ၊ နှစ်နာရီပေါ့ဗျာ"

"ကဲ – ကိုအောင်သိန်း – ခင်ဗျားနဲ့ ကိုဘအေးနဲ့ လိုက်ခဲ့ဗျာ၊ အခုပဲ ကျွန်တော်တို့ ပရဲကွင်းကို သွားကြမယ်၊ အလုပ်လုပ်ရမယ့်နေရာကိုလည်း တင်ကြိုပြီး ရွေးထားရမယ်၊ တောတောင်ရဲ့အနေအထားကိုလည်း လေ့လာထားဖို့လိုတယ်"

ကျွန်ုပ်ကလည်း မရောက်ဘူး မမြင်ဘူးသည်များကို တွေ့မြင်လို၍ –

"ကိုအောင်ပု – ကျွန်တော်လည်း လိုက်ခဲ့မယ်ဗျာ"

"ဒီကလေးကတော့ လုပ်ပြီ၊ ကဲ – ကဲ – လိုက်ခဲ့ပါဗျာ"

ကျွန်ုပ်တို့ရွာမှ ထွက်ခွာလာသောအချိန်သည် ညနေ(၃)နာရီခန့်ရှိပြီး ပရဲကွင်းအစပ်သို့ ရောက်ရှိသွားချိန်မှာ ညနေ(၄)နာရီကျော်နေပြီဖြစ်၏။ ကိုအောင်ပုသည် တောတောင်အနေအထားကို လှည့်ပတ်ကြည့်ရှုပြီးနောက် သူနှစ်သက်သော နေရာတစ်ခုကို သတ်မှတ်လိုက်ပါသည်၊ ထိုနေရာမှာ ဝါးရုံချုံ ပေါင်းချုံများ ကပ်လျက်ပေါက်နေသောနေရာ ဖြစ်၏၊ ဝါးရုံချုံများ၏ရှေ့တွင် ကေဝက်ခန့် ကွင်းပြင်တစ်ခုရှိနေသောနေရာ ဖြစ်ပါသည်၊ ဝါးရုံချုံနှင့် (၁၅)



ပေခန့်အကွာတွင် ငုတ်တစ်ငုတ် စိုက်လိုက်ပြီးနောက် –

"ဒီအကောင်တွေက ညမျက်စိ သိပ်ကောင်းတာ၊ နောက်ဘက်က ခိုးလာရင် မမြင်ရအောင်လို့ ချုံကွယ်တဲ့နေရာကိုယူရတာ၊ လွှပ်လွှပ်ရှားရှားပဲ ဖြစ်ဖြစ်၊ လှုပ်ဖြစ်ဖြစ်၊ သားတောင်ကြီးပဲဖြစ်ဖြစ် မြင်သွားရင် အော်သံပေးပြီး ဝေးတဲ့နေရာကို ပျံသွားတာပဲ၊ အဲဒီအခါမှာ တွေ့တဲ့အကောင်ရဲ့အော်တဲ့ အသံက အစ်သံပါတယ်၊ အဲဒီအသံကြားရတဲ့အကောင်မှန်သမျှ အဝေးကို ပျံပြေးကုန်ကြရော၊ ဒါကြောင့် အကွယ်လည်း ယူထားရတာ၊ စောင်တွေကို အိုးမည်းသုတ်တာကလည်း ဘာမှမရှိသလိုဖြစ်အောင်လို့ လုပ်ရတာ၊ အတတ်နိုင်ဆုံးငြိမ်ငြိမ်နေမှလည်းဖြစ်မှာ၊ ထိုင်နေတဲ့လူကလည်း မရပ်ရဘူး၊ မတ်တတ်ရပ်နေတဲ့လူကလည်း မထိုင်ရဘူး၊ မှောင်နေပေမယ့် သူတို့မြင်ကွင်း အပြောင်းအလဲဖြစ်သွားရင် အဝေးကို ပြေးဖို့ အစ်သံပေးပြီး ပျံပြေးကြတော့တာပဲ"

ထိုအခါတွင် ကိုဘအေးက အံ့ဩသောပုံစံဖြင့် –

"ဆရာတောင်ကြီး – မသိလို့မေးတာပါနော်၊ ရှေ့က ကွင်းပြင်ကြီး ဖြစ်နေတော့"

"ခြော် – အဲဒါက သူတို့ကို မြူဆွယ်ဖို့ နေရာပေးတာဗျ၊ သူတို့က သူတို့ မျိုးနွယ်ရဲ့အဖော်ခေါ်သံကြားရရင် တွေ့အောင်ရှာကြတော့တာပဲ၊ အဲဒီကွင်းဘက်ကပဲ လာစရာရှိအောင်လို့ ဒီနေရာကို ရွေးရတာ၊ နောက်ပြီး – သူတို့ရဲ့ မျက်စိက မီးရောင်နဲ့ တွေ့သွားရင် ဘာကိုမှ မြင်တော့တာ မဟုတ်ဘူး၊ အသံနဲ့ပဲ ရှာကြတယ်၊ တခြားတိရစ္ဆာန်တွေလည်း သူတို့လိုပါပဲ၊ မီးရောင်ကို မြင်ရင် မမြင်တော့ဘူး၊ ငြိမ်ပြီး အသံကိုပဲ နားစွင့်ကြတယ်၊ ဒီနေရာနဲ့ ဒီငုတ်ကလေးကို သေချာမှတ်ထားရမှာ၊ ညကျရင် ဒီနေရာကို ပြန်ရှာရမှာ"

"စိတ်ချပါ – ကျွန်တော်တို့က ဒီမြေမှာ မွေး၊ ဒီမြေမှာ ကြီးတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ည(၉)နာရီလောက် ရောက်အောင်လာကြမယ် - ပြန်ကြစို့"

•••★•••

သို့ဖြင့် ကျွန်ုပ်တို့ ပြန်ခဲ့ကြတော့၏။ ကျွန်ုပ်အဖို့ နေဝင်လုဆဲဆဲ သဘာဝ ရေမြေတောတောင်၏ သာယာလှပနေပုံကို ကြည့်ရှုငေးမော ခံစားခဲ့ရသည်မှာ များစွာကြည်နူးစရာပင်။ နွားရိုင်းသွင်းချိန် (နေဝင်ပြီးစ) တွင် ရွာသို့ ပြန်ရောက်ကြ၏။ ကျွန်ုပ်တို့ ပြန်ရောက်၍ ထိုင်ရုံမျှသာ ရှိသေး၏။ ရွာလယ်လမ်းမှ နွားလှည်းတစ်စီး ဝင်လာပြီး လှည်းပေါ်တွင် ပက်လက်လိုက်ပါလာသူသည် သူ၏ခြေဖမိုးအား ကိုင်လျက် နာကျင်စွာ အော်ဟစ်နေသည်ကို တွေ့ရ၏။

"အောင်မယ်လေးဗျ - နာလှချည်ရဲ့။ မခံနိုင်ဘူးဗျ - ကျွတ် - ကျွတ်"

ထိုအခါ ကိုဘအေးက -

"ဟော - အဲဒါ - ဖိုးလုံးအသံပါလား။ ဒီကောင် - ပရဲကွင်းဘက်ကို သွားတာပဲ။ ပိုးထိလာတာတော့ မဖြစ်ပါစေနဲ့။ အရင်တစ်ယောက်လို မဖြစ်ပါစေနဲ့"

ထိုစဉ်မှာပင် ကိုအောင်သိန်း၏ အစ်မတော်စပ်သူ အရေးတကြီး ရောက်ရှိလာပြီး -

"ဟဲ့ - အောင်သိန်းရဲ့ အရေးထဲမှာ အရာပေါ်ပြီ။ ကိုဖိုးလုံး - တောဂုဏ်ခြေများကြီး အကိုက်ခံရလို့။ တွင်ခုတ်ဖို့ ဟိုဘက်ရွာကိုသွားတာ။ ဆရာကြီးဦးစံတင်က စရီးထွက်သွားတယ်တဲ့။ ကိုဖိုးလုံး - အဲဒီကင်းကို ရိုက်ပြီး ယူလာတာ။ ဆင်ကောင်လောက်ရှိမယ်။ ကျော်ရင်ကျော်ဖို့ပဲ။ မင်းဘူးဆေးရုံရောက်အောင် ခံပါ့မလားမသိဘူး။ ဘယ်လိုလုပ်ကြမလဲ - အဟင့် - ဟင့် - ဟီး"

ကိုအောင်သိန်းက ပြောပြောဆိုဆိုဖြင့် ငိုနေသော သူ၏ အစ်မဖြစ်သူအား -



"အစ်မရယ် - ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ မင်းဘူးဆေးရုံကိုသာ မြန်မြန်ရောက်အောင် ပို့ဖို့ စီစဉ်ကြတော့တာပေါ့"

ထိုအခါ နွားလှည်းမောင်းလာသော ရွာသားက -

"ဒီလိုဆိုရင် လှည်းဖြုတ်မနေတော့ဘူး။ ဒီလှည်းနဲ့ပဲ တစ်ခါတည်း သွားလိုက်ကြတာပေါ့၊ သူ့ကိုကိုက်တဲ့ကင်းကို ကျုပ် သေချာတိုင်းကြည့်ပြီးပြီ၊ လယ်တောင်ပြည့်တယ်ဗျ။ ကဲ - ဒါဆို - ပစ္စည်းတွေ ပြင်ကြ၊ သွားရအောင်"

သူတို့ပြောနေသော ဆင်တောင်နှင့် လယ်တောင်ဆိုသည်မှာ ကျွန်ုပ်တို့ အသုံးပြုနေသော (၁၈ လက်မ) ရှိသည့် ကိုက်တောင် မဟုတ်ပေ။ ဘုရား၊ ဇေတီများတွင် အသုံးပြုသော သံတောင်မှာ (၂၄ လက်မ) ရှိ၍ တောတောင်များတွင် အသုံးပြုသော ဆင်တောင်မှာ (၂၈ လက်မ) ရှိ၏။ လယ်ယာမြေများအတွက် အသုံးပြုသော လယ်တောင်မှာ (၃၂ လက်မ) ရှိသည်ကို နောင်တွင် ကိုအောင်ပု ရှင်းပြသဖြင့် သိရှိခဲ့ရ၏။ တွင်ခုတ်သည် ဆိုသည်မှာလည်း အဆိပ်ရှိသောသတ္တဝါအကိုက်ခံရလျှင် အကိုက်ခံရသော နေရာအား ပုလင်းကွဲဖြင့် ကြက်ခြေခတ်ခွဲ၍ ကျွဲချိုကို အသုံးပြုလျက် အဆိပ်များကို စုပ်ထုတ်ခြင်းဖြစ်၏။ ဝါးဆစ်၊ ပုလင်းတို့ဖြင့်လည်း မီးကို အသုံးပြု၍ အဆိပ်ထုတ်ကြ၏။ ခွဲထားသော ဒဏ်ရာနေရာတွင် ဆီမီး၊ ဖယောင်းမီးတို့ကို တင်၍ ဝါးဆစ်သို့မဟုတ် ပုလင်းအဝကျယ်ဖြင့် အုပ်၍ ဖိလိုက်သောအခါ မီးငြိမ်းသွား၏။ ဝါးဆစ် (သို့) ပုလင်းအတွင်း ရှိလေသည်။ မီးတွင် ပါဝင်သွားသဖြင့် ဟာသွားသောနေရာသို့ အဆိပ်သွေးများ ဝင်ရောက်လာခြင်းဖြစ်၏။ ဆေးရုံသွားရန် ပစ္စည်းများ ပြင်ဆင်နေစဉ် ကိုအောင်ပုက ကိုအောင်သိန်းအား -

"ကိုဖိုးလုံးအသက် ဆေးရုံအထိရောက်အောင် ကျုပ် ကူညီချင်ပါတယ်၊ အာမခံမယ်ဆိုရင်ပေါ့ဗျာ၊ မင်းဘူးမကလို့ မကွေးအထိပဲ သွားသွားပါ"

"ဟာ - ဒီလိုဆို ကူညီပါ - တထောင်ကြီးရယ်၊ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုဖိုးလုံးကို ဟိုဝါးကွပ်ပျစ်ပေါ်မှာချ၊ ပြီးတော့ - လူအားနဲ့ ချုပ်ပေးထားရမယ်၊ ခဏပါပဲ၊ နောက်ပြီး - ကျွန်တော့်ကို ဟင်းလျာအိုးရယ်၊ သခွားသီးနနတစ်လုံးရယ်၊ ဆားလက်တစ်ဆုပ်ရယ်၊ ကြေးဖလားတစ်လုံးရယ်၊ ကတ်ကြေးတစ်လက်ရယ် မြန်မြန်ရှာပေးပါ"

အော်ဟစ်လျက်တစ်မျိုး၊ ညည်းညူလျက်တစ်ဖုံဖြစ်နေသော ကိုဖိုးလုံးအား လှည်းပေါ်မှ မိုင်းချကြလျက် ကွပ်ပျစ်ပေါ်တွင် ရွှေ့ထားလိုက်ပါသည်၊ သိပ်မကြာပါ၊ မှာထားသောပစ္စည်းများ ပြည့်စုံစွာ ရောက်ရှိလာကြ၏၊ ကိုအောင်ပုသည် ကြေးဖလားအား ဘယ်ဘက်လက်ဝါးပေါ်တွင် တင်ထားပြီး ညာဘက်လက်ဖြင့် ကတ်ကြေးအား အသွားဘက်မှ ကိုင်ကာ ကိုဖိုးလုံး၏ နားအနီးသို့ကပ်လျက် ကြေးဖလားကို တီးလေတော့၏၊

"ဒင် - ဒင် - ဒင် - ဒင်"

"အား - မခံနိုင်ဘူးဗျ၊ ပိုနာလာတယ်ဗျ - တောက် - ကျွတ် - ကျွတ်"

ကိုဖိုးလုံးသည် ပိုနာလာသည်ဟု ပြောလျက် ပိုမိုရုန်းကန်လာ၏၊ ကိုအောင်ပုကလည်း ကတ်ကြေးအနောင့်ဖြင့် ကြေးဖလားကို ပိုမိုတီးခတ်လျက် -

"နိုင်အောင်သာ ချုပ်ထားကြ၊ ခဏနေရင် သက်သာလာပြီ၊ သိပ်ရုန်းမှာ မဟုတ်တော့ဘူး၊ တစ်ယောက်ဒီကိုလာ၊ ကျွန်တော်တီးသလို မပြတ်အောင် တီးပေး၊ ညောင်းရင် - လူလဲပြီးတော့ တီး"

ကိုအောင်ပုက ကြေးဖလားနှင့်ကတ်ကြေးအား လူတစ်ဝင်လာသူကိုပေးပြီးနောက် ဟင်းလျာအိုးကိုယူ၍ သခွားသီးအညှာဘက် လက်နှစ်လုံးခန့် အကွာမှ လှီးဖြတ်လိုက်၏၊ ၎င်းနောက် လှီးဖြတ်ထားသော မျက်နှာပြင်တစ်ခုလုံးကို ဆားများ ပြည့်အောင်ပုံ၍ လက်ဖြင့် ဖိဖိပေး၏၊ ၎င်းနောက် ကိုဖိုးလုံး၏ ခြေဖမိုးပေါ်ရှိ အကျရာပေါ်တွင် ဆားသိပ်ထားသောဘက်မှ သခွားသီးကို တင်၍ ဖိကိုင်ထားလိုက်၏၊ ခဏအကြာတွင် ရွာသားတစ်ယောက်ကိုခေါ်၍ သခွားသီးကို ဖိ၍ကိုင်ထားရန် ပြော၍ လူချင်း လဲလိုက်၏၊ သူကတော့ သူ့လွယ်အိတ်ထဲမှ ကွမ်းအစ်ကိုထုတ်လျက် ကွမ်းယာပြီးစားနေရင်း စောင့်ကြည့်နေပါသည်၊ (၁၀)မိနစ်ခန့်အကြာတွင် ကိုဖိုးလုံး၏ အော်ဟစ်ညည်းညူသံမှာ ကျဲကျဲလာတော့၏၊ (၁၅)မိနစ်ခန့်တွင်တော့ ညည်းညူသံမှုသာ ကျန်တော့၏၊ ထိုအချိန်တွင် ကြေးဖလားကို လူချင်းလဲ၍ တီးခတ်ပါသည်၊ နောက်ထပ်(၁၅)မိနစ်ခန့်အကြာတွင် ကိုဖိုးလုံးသည် ညည်းညူသံမှုပင် မပြုတော့ပဲ ငုတ်တုတ်ထထိုင်လျက် စကားပြောတော့၏၊

"ကျွန်တော် - နေနိုင်သွားပြီဗျ၊ သိပ်မနာတော့ဘူး"

ထိုအခါမှ ကိုအောင်ပုသည် သခွားသီးကို သွားယူ၍ လူအများရှေ့တွင် ပြလိုက်ပါသည်၊ ပြီးထားသော သခွားသီးမျက်နှာပြင်တစ်ခုလုံး ညိုမည်းနေသည်ကို တွေ့ရှိကြရတော့၏၊ ၎င်းနောက် ကိုအောင်ပုက -

"ကဲ - ဆေးရုံကို သွားလို့ရပါပြီ၊ ဘယ်ဆေးရုံကိုပဲသွားသွား၊ အသက်မီနိုင်တင်မကပါဘူး၊ ကျော်တောင်နေပါစေ့မယ်၊ ကျုပ် အာမခံပါတယ်"

"ဆရာတောင်ကြီး - ကျွန်တော် အခု သက်သာနေပါပြီ၊ မသွားချင်တော့ဘူး၊ မသွားရင်ဖြစ်မလား၊ ဖြစ်မယ်ဆိုရင်တော့ မသွားတော့ဘူး - ဆရာတောင်ကြီး"

"အဲဒါတော့ - ကျွန်တော် အာမ,မခံနိုင်ဘူး၊ သွားစရာရှိတာကိုတော့ သွားသာသွားပါ၊ ကျွန်တော်က အဆိပ်ဖြန့်တာ နေးသွားအောင်နဲ့ နည်းသွားအောင်ပဲ လုပ်ပေးနိုင်တာပါ၊ သွားတာက မမှားဘူးပေါ့ဗျာ"

"ဟုတ်ကဲ့ပါ - သွားပါ့မယ်၊ ဆရာတောင်ကြီးရဲ့ကျေးဇူး ကြီးလှပါတယ်ဗျာ"





www.burmeseclassic.com

www.burmeseclassic.com

"သွားသာသွားလိုက်ပါဗျာ၊ သူတို့ ဆေးစစ်ကြည့်လို့ ဘာမှအန္တရာယ် မရှိတော့ဘူးဆိုမှ ပြန်လာတော့ မများဘူးပေါ့။ ကျွန်တော်တို့လည်း အလုပ် သွားစရာရှိသေးတယ်။ ကဲ - ကိုအောင်သိန်း - ကျွန်တော်တို့ထမင်းစားကြရ အောင်၊ ပြီးရင် - အချိန်ကိုက် တောထဲသွားကြမယ်။ အားလုံး အဆင်သင့် ဖြစ်ပြီးပြီလား"

"အားလုံး အဆင်သင့်ပါပဲ - တာတောင်ကြီး"

•••★•••



မည်သည့်အရပ်က ပျံလာမှန်းမသိရသော ငှက်စုန်းတစ်ကောင်သည် မီးပုံးရှေ့ရှိ ဝါးငုတ်ပေါ်တွင် နားမလိုပြုလုပ်ပြီးမှ မနားတော့ပဲ ဝါးငုတ်အပေါ် (၂)ပေခန့်အကွာတွင် ပျံသန်းနေတော့၏။ ပျံသန်းနေသော်လည်း နေရာမရွေ့ တောင်ပံနှစ်ဖက်ကတော့ လျှင်မြန်စွာ လှုပ်ရှားနေ၏။ မျက်စိနှစ်လုံးမှ စိမ်းပြာရောင်များဖြာလျက် မီးပုံနောက်ဘက်ဆီသို့ ငြိမ်လျက်ပျံသန်းရင်းမှ စူးစူးစိုက်စိုက် ကြည့်နေတော့၏။ တောင်ပံခတ်သံမှာလည်း ညင်သာလှ၏။



သို့ဖြင့် ကျွန်ုပ်တို့သည် စီစဉ်ထားကြသည့်အတိုင်း ထမင်းစားကြပြီး နောက် တောထဲသို့ သွားခဲ့ကြသလို၊ ကိုဖိုးလုံးတို့လည်း မင်းဘူးဆေးရုံသို့ သွားရန် လှည်းဖြင့် ရွာမှ ထွက်ခွာသွားကြတော့၏။ ကျွန်ုပ်အား ရွာတွင် ထား ခဲ့ရန် ဖြစ်သော်လည်း အလွန်လိုက်ချင်လွန်းနေသော ကျွန်ုပ်ကို လိုက်ခွင့်ပြု ခဲ့ပါသည်။ ကိုအောင်ပုက ကျွန်ုပ်အား အပေါ့ပါးဆုံးတာဝန်ကို ပေး၏။ ဖမ်း ဆီးသတ်ဖြတ်ပြီးသော ငှက်စုန်းများကို (၃)တင်းဆံ့သော ဂုန်နီအိတ်ထဲသို့ ထည့်ရန်ပင် ဖြစ်၏။ လက်ရဲဖက်ရဲဆိုသူများကား ထိုရွာမှ လူရွတ်ကြီး ဘိုဘမောင်ဆိုသူဖြစ်၏။

ကျွန်ုပ်သည်ကိုအောင်ပု၏လွယ်အိတ်ကိုလွယ်၍သံမီးပုံးတစ်ခုကိုသာ ဆွဲ၍ သယ်ဆောင်ခဲ့ရ၏။ ကျွန်ုပ်တို့သည် သတ်မှတ်ထားသောအချိန်တွင် သတ်မှတ်ထားသောနေရာသို့ တန်းတန်းမတ်မတ်ရောက်ခဲ့ကြ၏။ ရောက် သည်နှင့် ချုံတန်းများကို နောက်ဘက်တွင် ကာလျက်ထားပြီး ကိုအောင်ပု သည် သူ၏အစီအစဉ်ကို စတင်ပြုလုပ်ပါတော့သည်။

ဝါးတုတ်တစ်ချောင်းကို မြေပေါ်တွင် (၄)ပေခန့်ကျန်အောင်ထား၍ စိုက်လိုက်ပါသည်။ ထိုဝါးငုတ်တွင် လေးထောင့်သံပုံးအား မျက်နှာစာတစ် ဖက်လှပ်ထားသည့်မီးပုံးကို နိုင်မြဲအောင် ချည်နှောင်လိုက်၏။ မီးပုံးထဲသို့ ...ဘာတွင်းသုံး ရေနံဆီမီးခွက်အကြီးစားကိုထည့်၍ မီးထွန်းညှိလိုက်ပါ ...သည်။ အလင်းရောင်သည် မီးပုံး၏ ရှေ့တည့်တည့်တွင်သာရှိ၏။ တစ်ဖက် ... လှပ်ထားလျက် သုံးဖက်ပိတ်ထားသော မီးပုံးဖြစ်ပြီး မီးရောင်ဘက်မှ ...ထားသော သံပြားကို အပေါ်ဘက်တွင် အမိုးသဖွယ် လှန်ထားသော ...ကြောင့် အပေါ်ဘက်တွင်လည်း မီးရောင်မရှိပေ။ မီးပုံးချိတ်ထားသော ...တ်၏ရှေ့ (၄)ပေခန့်အကွာတွင် (၃)ပေခန့်မြင့်အောင် ဝါးငုတ်တစ်ငုတ် ... စိုက်ပြန်ပါသည်။ ကိုအောင်ပုသည် ဝါးငုတ်(၂)ခု၏အနေအထားကို ...ကောင်း၊ မီးရောင်၏အနေအထားကိုလည်းကောင်း ချိန်ဆပြုပြင်

www.burmeseclassic.com

ပြန်ပါသည်၊ သူ၏စိတ်ကြိုက်အနေအထားရသောအခါ အလုပ်စရန် မျက်ရိပ်ပြလိုက်ပါသည်။

•••✱•••

ကျွန်ုပ်တို့အားလုံး အိုးမည်းသုတ်ထားသော ငါးစပ်တောင်ကြီးများကို တစ်ကိုယ်လုံး လုံခြုံအောင် မြှုပ်ထားကြရပါသည်။ မျက်နှာမျှသာ လှပ်ထားရ၏။ မတ်တတ်ရပ်ရသူကတော့ ကိုဘမောင်၊ မီးပုံး၏အောက်ခြေ နောက်ဘက်တွင်ထိုင်နေသော ကိုအောင်ပုက လက်ဖြင့် တို့လိုက်ချိန်တွင် သူ၏ လက်ထဲတွင်ကိုင်ဆောင်ထားသော (၄)ပေခန့်ရှိဝါးရင်းတုတ်ဖြင့်ငှက်စုန်းကို ရိုက်ချရန်ဖြစ်၏။ ရိုက်ရုံသာဖြစ်၏။ မတ်တတ်ရပ်ကို မပြင်ရပေ၊ ကျွန်ုပ်က သူတို့နှစ်ယောက်၏ကြားတွင် နောက်ဘက်မှ ထိုင်ရ၏။

ကိုဘမောင်ရိုက်ချလိုက်သော ငှက်စုန်းအသေကို သံချိတ်ဖြင့် မီးရောင်ထဲမှ မှောင်နေသော ကျွန်ုပ်တို့ဘက်သို့ ဆွဲယူပြီးနောက် ဝုန်နီအိတ်ထဲသို့ ထည့်သွင်းရန်ဖြစ်၏။ ကျွန်ုပ်တို့အားလုံး ကိုယ်ယူထားသည့်နေရာနှင့်လုံး ကို မပြောင်းကြရန် ကိုအောင်ပုမှ အထူးမှာကြားထားပြီးဖြစ်၏၊ ငှက်စုန်းများ၏မျက်စိများသည် သူတို့မြင်ထားသော ပုံရိပ်ပြောင်းလဲသွားလျှင် အဝေးသို့ ပျံသန်းထွက်ပြေးသွားသည်ဟုလည်း ပြောပြထားပြီးဖြစ်၏။ မီးပုံးရှေ့ရှိ မီးရောင်ကွက်ကွက်အလယ်၌ ငှက်စုန်းနားရန် ပြုလုပ်ထားသော ဝါးငုတ်မှတစ်ပါး ဘာမျှမရှိချေ၊ ကိုအောင်ပုသည် မီးပုံး၏ အောက်ခြေ နောက်ဘက်မှ ထိုင်လျက်ဖြင့် အသင့်ယူဆောင်လာသော ငှက်ကြီး ကိရိယာကိုယူ၍ ပါးစပ်ဖြင့် မှုတ်လျက် အသံပေးတော့၏။

"ဂီး-ဂီး-ဂီး-ဂီး-ဂီး"



ထိုအခါတွင် မည်သည့်အရပ်က ပျံလာမှန်းမသိရသော ငှက်စုန်းတစ်ကောင်သည် မီးပုံးရှေ့ရှိဝါးငုတ်ပေါ်တွင် နားမလိုပြုလုပ်ပြီးမှ မနားတော့ပဲ ဝါး ငုတ်အပေါ်(၂)ပေခန့်အကွာတွင် ပျံသန်းနေတော့၏။ ပျံသန်းနေသော်လည်း နေရာမရွေ့၊ တောင်ပံနှစ်ဖက်ကတော့ လျင်မြန်စွာ လှုပ်ရှားနေ၏၊ မျက်စိနှစ် လုံးမှ စိမ်းပြာရောင်များဖြာလျက် မီးပုံနောက်ဘက်ဆီသို့ ငြိမ်လျက်ပျံသန်း ရင်းမှ စူးစူးစိုက်စိုက်ကြည့်နေတော့၏။ တောင်ပံခတ်သံမှာလည်း ညင်သာ လှ၏။

"ဖလပ်-ဖလပ်-ဖလပ်-ဖလပ်"

ကိုအောင်ပုက လက်တို့လိုက်သည်နှင့် ကိုဘမောင်က အားဖြင့် ရိုက်ချလိုက်၏။

"ဒုတ်"

"ဘုတ်"

ကိုဘမောင် ရိုက်ချလိုက်သဖြင့် အောက်သို့ပြုတ်ကျလာသောငှက်စုန်းကို ကျွန်ုပ်က သံချိတ်ကို အသုံးပြု၍ ဆွဲယူလိုက်ပြီး ဝုန်နီအိတ်ထဲသို့ ထည့် သွင်းလိုက်၏။ တစ်ဖန် ကိုအောင်ပုက ငှက်သံပြုပြန်သည်။

"ဂီး-ဂီး-ဂီး-ဂီး"

"ဖလပ်-ဖလပ်-ဖလပ်"

"ဒုတ်"

"ဘုတ်"

ဤသို့နှင့်နင် တစ်ကောင်ပြီးတစ်ကောင် ရိုက်ချလိုက်၊ ဆွဲယူ၍ထည့် လိုက်နှင့် (၁)နာရီခန့်တွင် ပထမဝုန်နီအိတ်သည်ပြည့်သွားတော့၏။ ငှက်ကြီး များ အလာကျဲသွားသောအခါ ကိုအောင်ပုသည် ငှက်လတ်သံနှင့် ငှက်ငယ် သံတို့ကိုဆက်လက်ပြုလုပ်ပြန်ပါသည်။ ကျွန်ုပ်အဖို့ကားများစွာစိတ်မတောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေပေတော့၏။ လိုက်လာမိခဲ့သည့်အတွက်လည်း ကိုယ့်ကိုယ်ပင် အပြစ်တင်ရတော့၏။ ညနေခင်းမှ ကြည်နူးစွာ ခံစားခဲ့ရသော တောတောင်အလှများမှာ ယခုအချိန်တွင် ရင်နင့်စရာဖြစ်နေရပေပြီ။ ညဉ့်နက်ပိုင်း (၂) နာရီခန့်တွင်တော့ ဒုတိယဂုန်နီအိတ်မှာလည်း ပြည့်သွားပေပြီ။ ထိုအခါတွင်တော့ ကိုအောင်ပုသည် သူ၏ဝက်မြည်သံများကို ရပ်ဆိုင်းလျက် အလုပ်သိမ်းလိုက်တော့၏။ ပစ္စည်းများကို သိမ်းဆည်းစုစည်းလိုက်ပြီးနောက် မီးပုံးကို မြေကြီးပေါ်တွင် ချထားလျက် မီးရောင်အောက်တွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။ ကိုအောင်ပုက ဝက်ရုန်းများကိုထည့်၍ စည်းထားသော ဂုန်နီအိတ်ကိုမှီ၍ ကွမ်းယာစားရင်း အနားယူလိုက်၏။ ကိုဘမောင်ကတော့ အခြားဂုန်နီအိတ်ကိုမှီ၍ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိပြီး ဖွာရှိုက်နေ၏။ ကျွန်ုပ်က စောင်များကို လုံးထွေး၍ အမှီပြုရင်း နားနေလိုက်၏။ စကားစပြောသူကတော့ ကိုဘမောင် ဖြစ်၏။

"တခေါင်ကြီးကို မပြောဝံ့လို့ဗျ၊ နောက်အိတ်တစ်လုံး မရိုက်ခင်တုန်းက တော်ရှင်နေတာ၊ ကျုပ်လည်း အစကတော့ ဒီအကောင်တွေကို အလွန်မုန်းတာ၊ ဒါပေမဲ့ - အခုလိုကျတော့ ရိုက်ရင်း ရိုက်ရင်း သနားလာတယ်"

"ရှိစေတော့ - ကိုဘမောင်၊ ဒီအကောင်တွေကို ရွာကျရင် စားချင်တဲ့လူတွေကို ဝေပေးလိုက်ပါ၊ ခင်ဗျားတို့ ကြောက်လန့်နေကြတဲ့ ဒီဝက်ဆိုးတွေ နောက်ဆိုရင် သိပ်မကြားရတော့ပါဘူး"

"အဲဒါမှပဲ - ကျုပ်တို့ ရွာကလူတွေ စိတ်ချမ်းသာကြရတော့မှာ၊ ဒီအကောင်တွေကို သေမင်းတမန်တွေဆိုပြီး တစ်ရွာလုံး မုန်းပြီးကြောက်နေကြတာဗျ"

"ဒါကတော့ - ကိုဘမောင်ရယ် - နတ်ကို ယုံတဲ့လူကိုမှ နတ်က ကိုင်လို့ရတာဗျ၊ မယုံတဲ့လူကိုတော့ ကိုင်မရဘူးတဲ့၊ ပွင့်ဖြူအနောက်ဘက် မိုင်နှံ



ဆယ်လောက်ဝေးတဲ့ရွာတွေမှာ ဒီနေရာထက်တောင် များပါသေးတယ်၊ သူတို့အရပ်ဒေသကျတော့ အယူမရှိတော့ ဘာမှမဖြစ်ကြပါဘူးဗျာ၊ ဒီအကောင်တွေကို သူတို့အရပ်ဒေသက ဖလံဖြူလို့ ခေါ်ကြတယ်၊ ကဲ - (၂) နာရီလောက်ညောင်းခဲ့ကြတော့ ဒီအတိုင်းပဲ ခဏမှေးကြရအောင်၊ တုံးခေါက်ချိန်လောက်ဆိုရင် ကိုအောင်သိန်းလှည်း ရောက်လာမှာပဲ"

"တခေါင်ကြီးတို့နှစ်ယောက်ပဲ မှေးကြပါ၊ ကျွန်တော် စောင့်နေပါ့မယ်"

•••★•••

ကိုအောင်ပု မှေး,မမှေးကိုတော့ မသိပါ၊ ကျွန်ုပ်ကတော့ မှေးရင်းဖြင့် အိပ်ပျော်သွား၏။ ရွာမှ လှည်းရောက်လာသဖြင့် နှိုးမှသာ ကျွန်ုပ်နိုးတော့၏။ ကိုအောင်သိန်း၏လှည်းပေါ်တွင် ပစ္စည်းများကို တင်ဆောင်၍ ရွာသို့ ပြန်ခဲ့ကြ၏။ ရွာသို့ပြန်ရောက်သောအခါ မိုးမလင်းသေးချေ။ ကျွန်ုပ်တို့သည် အသင့်ရှိနှင့်သော ရေနွေးကြမ်းနှင့် အမြည်းများကို အဆာပြေစားသောက်ကြပြီး လျှင် အိပ်လိုက်ကြတော့၏။ ကျွန်ုပ် အိပ်ရာမှနိုးသောအခါ နံနက် (၁၀) နာရီပင် ကျော်နေပေပြီ။ ကိုအောင်ပုကတော့ ရေနွေးကြမ်းဝိုင်းတွင် ထိုင်လျက်၊ ရောက်ရှိလာကြသော ရွာသူရွာသားများအား ဧည့်ခံ၍ စကားပြောနေသည်ကို တွေ့ရ၏။ ကျွန်ုပ် မျက်နှာသစ်ပြီးသောအခါ ကိုအောင်ပုက -

"ဟော့ - သိုက်ဖွား - မင်းကြိုက်တဲ့အမြည်းတွေ ပြည့်လို့၊ ပြီးရင် - လာကွာ"

ဗိုက်ဆာနေသည်နှင့် အတော်ပင် ဖြစ်သွား၏။ ရေနွေးကြမ်းဝိုင်းတွင် ဝင်၍စိတ်ကြိုက်စားသောက်လိုက်ပါသည်၊ ရေနွေးကြမ်းဝိုင်းအနီး၌ရပ်ထား သော လှည်းနှစ်စီးပေါ်တွင် ပစ္စည်းမျိုးစုံတို့ဖြင့် ပြည့်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

သူတို့အရပ်ဒေသမှထွက်သော မှိုခြောက်၊ မျှစ်ခြောက်၊ ဂုပ်ရုတ်စောင်၊ လွယ်အိတ်၊ ပဲစုံ၊ ဆီး နှမ်း စသည်တို့ကို ရွာသူရွာသားများမှ စုပေါင်း၍ လှည်းပေါ်တွင် တင်ပေးထားကြခြင်းဖြစ်သည်။ ကိုအောင်သိန်းအစ်မဖြစ်သူက -

"ဟဲ့ - အောင်သိန်း - ဒီလှည်းနှစ်စီးကို ကျွဲသိုးခြောင်ရွာအရောက် မောင်းပို့ပေးလိုက်၊ လေ့တစ်စီး အပြတ်ငှားပြီး မကွေးဘက်အထိ အရောက်ပို့ပေးလိုက်ပါ၊ မကွေးဘက်ကျရင် မြင်းလှည်းနှစ်စီး ထပ်ငှားပြီး တထောင်ကြီးအိမ်အထိ အရောက်ပို့ပေးလိုက်ပါ၊ ရေဘော်ကြီးရွာကို လူကြုံနဲ့ မှာထားတယ်၊ မကွေးဘက်ပို့မယ့်မြင်းကို ယူပြီး လှည်းလမ်းက စောင့်ဖို့ ပြောထားတယ်၊ တထောင်ကြီး လမ်းကြုံရင် ဒီရွာကို ဘယ်အချိန်မဆို ဝင်လာခဲ့ပါနော်၊ တစ်ရွာလုံးက တထောင်ကြီးကို ကျေးဇူးတင်နေကြပါတယ်"

ကိုအောင်ပုသည် ရွာသူရွာသားများအပေါ် အလွန်အားနာသွားပုံ ရပါသည်။

"တော်ကြပါတော့ဗျာ၊ များလွန်းနေပါပြီ၊ ရွာသားတွေကို အရပ်နိုင်းလိုက်ပါတော့"

သို့သော် မရပ်ကြပါ၊ နွားလှည်းနှစ်စီးပေါ်တွင် ပြည့်မောက်လုနီးနီးဖြစ်နေရိုန်ကျမှ ရပ်သွားကြတော့၏၊ ကျွန်ုပ်တို့လည်း အရှိန်မီပြန်နိုင်ရန်အတွက် နံနက်စာကို အချိန်စော၍ စားလိုက်ကြပါသည်၊ ၎င်းနောက် ကိုအောင်သိန်းနှင့် ကိုဘအေးတို့မောင်းနှင်သော နွားလှည်းနှစ်စီးဖြင့် ပြန်ခဲ့ကြပါသည်၊ ရေဘော်ကြီးရွာမှ ပို့လာသောမြင်းကိုလည်း လမ်းမှာပင် တွေ့ရသဖြင့် တစ်ခါတည်း ယူဆောင်ခဲ့ပါသည်။ နွားလှည်းများပေါ်တွင် ပြည့်ကြပ်နေသဖြင့် လူစီးရသည်မှာပင် ကပ်သီးကပ်သပ်၊ မြင်းကိုတော့ ပါးချပ်ကြိုးအား လှည်းရုံတိုင်



တွင် ချည်၍ ဆွဲခေါ်လာခဲ့ပါသည်၊ ကျွန်ုပ်သည် ကိုအောင်ပုအား -

"ကိုအောင်ပုကြီး - ကံကောင်းနေပါလား၊ ဒီဟာတွေဆိုရင် လေးလလောက်စားရင်တောင် ကုန်မှာမဟုတ်ဘူးဗျာ"

"အေးကွ - သိုက်ဖွားရ၊ ဟိုတစ်လောက ကိုစစ်ခွေးကြီး လမ်းသွားရင်း ဒရွတ်ဆွဲနေတဲ့ သူ့ခြေထောက်ကို ပုလင်းကွဲရှသွားတာနဲ့ လမ်းမသွားနိုင်ဘဲ ဈေးနားမှာထိုင်နေတာ၊ ငါနဲ့တွေ့တော့ ငါက သူ့ကို ဆိုက်ကားငှားပြီး ဆေးခန်းကို လိုက်ပို့ပေးလိုက်တယ်၊ ဆေးခန်းက အပြန်မှ ငါ့ရဲ့မွေးလ၊ ခုနှစ်တွေမေးပြီး ဗေဒင်တွက်ပေးတယ်ကွ၊ ငါ့မှာ ရတနာပုံကိန်းဆိုက်နေတယ်လို့ ဟောလိုက်တယ်၊ အခုလိုဆိုတော့ မှန်သားပဲနော်"

"ဦးစစ်ခွေးကြီးက သနားစရာပါဗျာ၊ ခြေထောက်တစ်ဖက် မကောင်းဘဲနဲ့ တစ်မြို့လုံး လျှောက်သွားပြီး ဗေဒင်ဟောရတာ၊ သူ ကျွန်တော့်ကို ပြောပြတာရှိတယ်၊ မြသလွန်ဘုရားစောင်းတန်းမှာ လူတွေ အမောပြေထိုင်နားဖို့ ကျောက်ခုံတစ်ခုံ လှူမှာတဲ့၊ သူ့ရှာဘူးနဲ့ စုနေတာ တစ်ဝက်လောက် ရပြီတဲ့၊ တော်တော်ဖွဲ့ကြီးကြီးနဲ့ လှူဖို့လုပ်နေတာ"

"ဟာ - ငါ အကြံရပြီ၊ ဦးစစ်ခွေးကို ထပ်ပြီး ပူဇော်မယ်ကွာ၊ သူလှူမယ့် ကျောက်ခုံဖိုးကို လိုသမျှ ငါဖြည့်ပေးလိုက်မယ် - မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ - ကိုအောင်ပုကြီးရာ"

*(ဦးစစ်ခွေး လှူခဲ့သော ကျောက်ခုံသည် ယခုတိုင် မြသလွန်ဘုရားစောင်းတန်း၌ ရှိနေပါသေးသည်)*

ကျွန်ုပ်တို့ နွားလှည်းများ ထုံးတောင်အနီးသို့ ရောက်သောအခါ မင်းဘူးမှပြန်လာသော ကိုဖိုးလုံး၏လှည်းကို တွေ့ရ၏၊ ကိုဖိုးလုံးကိုယ်တိုင် နွားလှည်း

www.burmeseclassic.com

မောင်း၍ ပြန်လာခြင်းဖြစ်သည်၊ ထိုနေရာတွင် နွားများကို ခေတ္တအနားပေးရင်း နွားလှည်းများကိုရပ်၍ စကားပြောကြတော့၏၊ ကိုဖိုးလုံးက -

"တာထောင်ကြီး - တာထောင်ကြီး - ခင်ဗျားပေးတဲ့အသက်ပဲ ရှိပါတော့တယ်ဗျာ၊ အဆိပ်က အလွန်ပြင်းသတဲ့ဗျ၊ ဒါပေမဲ့ - အဆိပ်တွေက နှလုံးကို မရောက်လို့ သူတို့လည်း အံ့ဩနေကြတယ်၊ ဆေးထိုးစရာတောင် မလိုလို့ တားဆေးပေးပြီး ပြန်လွှတ်လိုက်တယ်ဗျ"

ကိုဖိုးလုံးက စကားဆုံးသည်နှင့် နွားလှည်းပေါ်မှဆင်း၍ မြေပြင်တွင် ထိုင်တာ ကိုအောင်ပုအား ရှိခိုးပါတော့သည်၊ ကိုအောင်ပုက -

"ကြုံကြိုက်လို့ ကိုယ်သိတာနဲ့ တိုက်ဆိုင်လို့ အကူအညီပေးတာပဲဗျာ၊ ဒီလောက်ကြီး မလိုပါဘူး၊ ထပါတော့ဗျာ"

ကိုဖိုးလုံးသည် မြေပြင်မှထ၍ -

"တာထောင်ကြီး - ရွာကို နောက်တစ်ခေါက် လာဖြစ်အောင်တော့ လာခဲ့ပါနော်"

"အလုပ်ကိစ္စနဲ့ ကြုံကြိုက်ရင်တော့ ရောက်လာမှာပါ၊ ကဲ - ရွာကလူတွေ စိတ်ချမ်းသာသွားအောင် ပြန်ပေတော့၊ ကျွန်တော်တို့လည်း မကွေးဘက် ကူးနိုင်အောင် ပြန်ရမှာမို့ မောင်းတော့မယ်"

ကိုအောင်သိန်းက ရှေ့မှ လှည်းဖြစ်နေသဖြင့် နင်တံဖြင့် နွားများကို တို့ပေးလိုက်သည်၊ ကျွန်ုပ်တို့ နွားလှည်းများသည် ညနေ(၄)နာရီခန့်ပင် နွားသိုးမြောင်ရွာသို့ ရောက်၏၊ မကွေးဘက်သို့ကူးရန် လှေငှားနေစဉ် ကျွန်ုပ်၏မြင်းကိုလည်း ထိုရွာတွင် အပ်နှံထားခဲ့ရန် စီစဉ်ရလေသည်၊ (၃)ရက်တစ်ကြိမ် ပို့ပေးသော ဖက်ဟုခေါ်သည့် ရေယာဉ်အား စောင့်ပြီး မြင်းကို တင်၍ကူးရမည်ဖြစ်၏၊ အပြန်လမ်းကား အောင်မြင်စွာဖြင့် ပြီးမြောက်ခဲ့သည်ဟု ဆိုရပါမည်၊



မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့၏ဘဝတ်လိုက်ကျော်ကြီး တာထောင်အောင်ပု ကတော့ အိမ်တွင် နားနေမည့်သူမဟုတ်ဘဲ တောထဲ တောင်ထဲတွင်သာ သွားရောက်ပျော်ပါးနေမည့် တောတွင်းပျော်တစ်ယောက် ဖြစ်နေပါလိမ့်မည်၊ ။

> ဓာတ်ဝင်းလင်းမျိုးမြင့်အောင်


## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းညတစ်ညမှာ

ညီအစ်မသုံးယောက် နေအိမ်ထဲတွင် ရှိနေစဉ်

ရုတ်တရက်ခြေသံကြားလိုက်ရာမှ ...

**စွင့်ထားသော** ပြတင်းပေါက်မှနေ အပြင်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်တော့ အပြင်လောကကြီးတစ်ခုလုံး ပိတ်ပိတ်ပိန်းမည်းအောင် မှောင်လျက်ရှိ၏။ ကျွန်မအကြည့်တွေကို ပြန်ရုတ်လိုက်ပြီး ဒူးပေါ်တွင် မေးတင်ရင်း ဘိုဟိုသည်သည်ကို လျှောက်တွေးကာ တစ်ယောက်တည်း ရှောက်ရှားနေမိသည်၊ သွပ်မိုးပေါ်သို့ ရင်ထိတ်ဖွယ် ကျဆင်းနေသော မိုးစက်မိုးပေါက်သံတွေကလည်း တဖြိုးဖြိုး တဖြောက်ဖြောက် ...၊ လျှပ်စီးတွေကလည်း မှောင်မိုက်နက်ရှိုင်းသော ကောင်းကင်ပြင်ကျယ်တွင် တစ်ချက်တစ်ချက် ဒိုး ဒိုးဒေါက်ဒေါက် ...၊ ထိုအလင်းရောင်လျှပ်တစ်ပြက်တွင် ပတ်ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်များ မိုးထဲ လေထဲ ယိမ်းနွဲ့လှုပ်ယမ်းနေပုံကို မြင်တွေ့ရသည် ၇ာအရွေ့တစ်ခု မြူးထူးပျော်ပါးနေသလိုမျိုး ခံစားမိလိုက်ရ၍ အသွေးထဲ၊ အသားထဲတပင် စိမ့်ခနဲ အေးသွားမိသည်။ အို ... ကြောက်စရာ ကောင်းလွန်းလှချေ

အမှောင်ထုကို ထိုးထွင်းကာ တစ်ကိုယ်တည်း အားမာန်အပြည့်နှင့် နှံ့အနံ့လင်းဖြာနေရရှာသော အခန်းအလယ်မှ ဖယောင်းတိုင်ငယ်လေးတစ်ခုအား

www.burmeseclassic.com

သို့တိုးကာ ကျွန်မ အားကိုးရှာလိုက်မိသည်။ ဟုတ်သည် … ကျွန်မ အမှောင်ထုကို ကြောက်သည်။ အမှောင်ထဲတွင် ပရလောကသားတို့ ပျော်ပါးကျက်စားကြလိမ့်မည်ဟု ကျွန်မ ယုံကြည်နေမိသောကြောင့် ဖြစ်၏။ လေအဝှေ့၌ ဘေးဘယ်ညာ ယိမ်းနွဲ့နေရရှာသော ဖယောင်းတိုင်မီးရောင်လေးကို စိုက်ကြည့်ကာ ကျွန်မ ကြောက်လန့်စိတ် ကင်းစေရန် ကြိုးစားနေမိသည်။

အမှန်တော့ - ကျွန်မ ရောက်ရှိနေသည်မှာ ဇင်းကျိုက်မြို့လေးသို့။

ကျွန်မဖခင်က ဇင်းကျိုက်ဇာတိဖြစ်သဖြင့် ဖေဖေနှင့်အတူ ဆွေတွေမျိုးတွေဆီသို့ မိသားစုအလည်အပတ်လာခြင်းဖြစ်သည်။ ဇင်းကျိုက်မြို့လေးက အင်မတန်သာယာလှပသော ချစ်စဖွယ်မြို့လေးတစ်မြို့။ ခြေတံရှည်အိမ်ကြီးအိမ်ကောင်းတွေနှင့် ခန့်ထည်သည့်မြို့။ နို့ပေမဲ့ - ထိုချစ်စဖွယ်ခန့်ထည်သောမြို့လေး၏ မိုးသည်းညသည် ရန်ကုန်ရှိ ကျွန်မအိမ်၏မိုးသည်းညထက် အဆတစ်ရာမက ချောက်ချားဖွယ် ကောင်းလွန်းလှ၏။

ယခုည မိုးရွာမည်မှန်း မသိသဖြင့် ကျွန်မတို့ညီအစ်မသုံးယောက်တည်း အဒေါ်အိမ်၌ ကျန်ရစ်ခဲ့ကာ ညနေစောင်းအချိန်တွင် ဖေဖေ၊ မေမေနှင့် ဒေါ်ဒေါ်တို့မှာ အဘွားရှိရာ တစ်ဖက်ရပ်ကွက်ဆီသို့ ထွက်ခွာသွားကြပြီးခါမှ မိုးကသည်းသည်းထန်ထန် ရွာချတော့သည်။ မွန်ပြည်နယ်မိုးမှာ တစ်ခါတစ်ရံ အတော်ဆိုး၏။ မိုးရေ အတော်များ၏။ ပတ်ဝန်းကျင်မှ ကွမ်းသီးပင် အုန်းပင် အချို့ယိမ်းနွဲ့လှုပ်ယမ်းနေပုံကို ငေးကြည့်ရင်း ကျွန်မစိတ်ထဲ တစ္ဆေသရဲတွေများလားဟူ၍ပင် မှတ်မှားလာမိသည်။ ပြောရလျှင် - နေရာစိမ်း၊ ဒေသစိမ်းဆိုတော့ နဂိုကတည်းက အသည်းငယ်သည့်ကျွန်မ တိုး၍ပင် အူကြောက်နေမိခြင်းဖြစ်မည်။

အဒေါ်အိမ်က ခြေတံရှည်ပျဉ်ထောင်သွပ်မိုးအိမ်။ လှေကားမှတက်တက်ချင်း အခန်းကိုကြည့်ရသည်မှာ ကျွန်မစိတ်ထဲ နွေးထွေးလုံခြုံသည်ဟုမထင်။ အဘယ့်ကြောင့်ဆိုသော် - ထိုအခန်း၌ အကာအရံကို ပုံဖော်ထားသောပွတ်လုံးတိုင်များဖြင့် ကာရံထားသောကြောင့် အတွင်းမှ အပြင်သို့ ထိုပွတ်လုံးတိုင်ကြားမှတစ်ဆင့် တိုးလျှိုပေါက် အတိုင်းသား မြင်နေရသည်။ နောက်ပြီး



ရန်ကုန်မြို့တိုက်ခန်းတွေလို တစ်အိမ်နှင့်တစ်အိမ် နီးနီးနားနား မဟုတ်။ ယခုလို မိုးသည်းထန်နေချိန်ဆိုလျှင် အော်ခေါ်လို့ပင် ကြားမည်မထင်။ ကျွန်မမြင်တွေ့ရသော အိမ်ပြင်ဆင်မှုတွေ၊ အိမ်တည်ရှိပုံတွေနှင့် ကွာခြားနေခြင်းက ကျွန်မကို ပိုလို့ပင် ထိတ်လန့်ချောက်ချားစေသည် မဟုတ်ပါလား။

အဒေါ်တို့အိမ်တွင် နဂို၌ မိသားစုဝင် ငါးဦးရှိသော်လည်း မိုးရာသီဖြစ်၍ လယ်ယာကိုင်းကျွန်းလုပ်သူတို့ထုံးစံအတိုင်း အလုပ်များလျက် ရှိကြတာမို့ ဦးလေးနှင့် ဝမ်းကွဲမောင်လေးတို့မှာ ကောက်စိုက်သမ လယ်ကူလီတွေကို စီမံညွှန်ကြားရန် လယ်ထဲသို့ ဆင်းသွားကြပြီဖြစ်သလို၊ ကျန်အစ်မတစ်ယောက်တလည်း အဘွားကို စောင့်ရှောက်ရန် အဘွားအိမ်သို့ ရောက်နေခြင်း ဖြစ်သည်။ သို့ဖြစ်၍ အဒေါ်အိမ်တွင် ကျွန်မတို့ညီအစ်မနှစ်ယောက်နှင့် အစ်မဝမ်းကွဲတစ်ယောက်သာ ကျန်ရစ်ခဲ့ရတော့၏။

ဪ … ကျန်ရစ်သူနှစ်ယောက်မှာလည်း အားမကိုးရ။ မိုးရွာ၍ မီးပျက်သွားကတည်းက ဖယောင်းတိုင်မီးတစ်တိုင်ထွန်းကာ ကြမ်းပေါ်ဖျာခင်းပြီး နှစ်ယောက်သား မတိုင်ပင်ဘဲ လှဲအိပ်သွားလိုက်ကြတာ ကျွန်မကိုပင် အားမနာ၊ ကျွန်မမှာ အပြင်ကိုလည်း ကြည့်ချင်၊ တစ္ဆေသရဲမြင်မှာလည်း ကြောက်နှင့် အစ်ယောက်တည်း စိတ်တွေ ယောက်ယက်ခတ်နေမိရဲ့။

…………

နောက်တစ်ခု ရှိသည်မှာ ကျွန်မ အမိကအကြောက်တတ်ဆုံးအရာမှာ အမှောင်ထုပင် ဖြစ်၏။ အမှောင်သည် မင်္ဂလာမရှိသော ကြောက်မက်ဖွယ်ကောင်းသောအသွင်ကို ဆောင်သဖြင့် ကျွန်မသည် အမှောင်ထဲတွင် တစ်ခါမှ မနေကြည့်ဘူးချေ။ အိမ်၌ မီးပျက်လျှင် ချက်ချင်းပင် လျှပ်စစ်အားသွင်းအုပ်ဆောင်းလေးငါးခုကို တစ်ပြိုင်တည်း ထွန်းထားတတ်ပြီး မိသားစုဝင်တစ်ယောက်ယောက်၏အနားတွင် ကပ်နေတတ်သူ၊ ထိုသို့သောသူလို့သည်း ကျန်အစ်မနှစ်ယောက် အိပ်စက်နေချိန်တွင်ပင် ကျွန်မတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်း ဖယောင်းတိုင်မီးငယ်လေးအလင်းဖျော့ဖျော့နှင့်သွေးပျက်နေမိသည်။ ထိုအခိုက် -

"အမလေး - လုပ်ကြပါဦး"

ဖယောင်းတိုင်မီးက ဟုပ်ခနဲငြိမ်းသွားသောကြောင့် ကျွန်မပတ်ဝန်းကျင် တစ်ခွင်လုံးအမှောင်ထုကကြီးစိုးသွားသည်။ ကျွန်မကြိုးစားပြီးအလင်းရောင် ကို ရှာဖွေပေမယ့် ကျွန်မ ပတ်လည်မှာ အမှောင်ပင်လယ်ပြင်ကြီးသာ။ သို့ကြောင့် ကျွန်မ ကြောက်လန့်ရောက်ရှားစွာ အော်ဟစ်လိုက်မိခြင်း ဖြစ်၏။

ကျွန်မအော်သံကြောင့် ကျွန်မပတ်ဝန်းကျင်မှလူများ လှုပ်ရှားသွားကြ သည်။ ခြေသံသဲ့သဲ့ကြားလိုက်ရသည်။ နိုပေမဲ့ - အလင်းရောင် မရမချင်း ကျွန်မမျက်လုံးတွေကို ကျွန်မ ဖွင့်မကြည့်ဟု ဆုံးဖြတ်ထားသောကြောင့် ဘယ်သူရယ်၊ ဘယ်ဝါရယ်မှန်း ကျွန်မ မသိရ။ ခဏအကြာတွင် မီးခြစ်ခြစ် သံနှင့်အတူ ဖယောင်းတိုင်မီးအလင်းရောင်ပျပျက အခန်းအလယ်သို့ဖြာကျ လာသည်။ ထိုအခါမှ ကျွန်မမျက်လုံးကို မသိမသာ ချောင်းကြည့်မိတော့ ကျွန်မအခ်မဝမ်းကွဲ မရှိုဖြစ်နေလေ၏။

"ဟဲ့ - နှင်းဖြူ - ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ အော်လိုက်တာလဲ"

မရှိုစိတ်ပူဇောနှင့် ကျွန်မလက်မောင်းကိုလှုပ်ကာ အသည်းအသန်မေး သည်။ ကျွန်မက ဘာပြန်ဖြေလို့ဖြေရမှန်းမသိ၍မရှိုကိုသာအူကြောင်ကြောင် နှင့် ငေးကြည့်နေမိသည်။ ထိုစဉ် ခပ်လှမ်းလှမ်းတွင် လဲအိပ်နေသော ကျွန်မ အခ်မလည်း မနေသာတော့ဘဲ အိပ်ချင်မူးတူးနှင့် ထလာကာ -

"ဖယောင်းတိုင်မီး သေသွားလို့ ကြောက်ပြီး အော်လိုက်တာနေမှာပေါ့"

သူက တစ်အိမ်တည်းနေသည့် အခ်မအရင်းခေါက်ခေါက်ဆိုတော့ ကျွန်မအကြောင်း အတွင်းသိ အစင်းသိပေါ့။ ကျွန်မလည်း မထူးတော့ပါဘူး ဟုတွေးကာ ခေါင်းကို ညိတ်ပြလိုက်တော့ သူပြန်လှဲချလိုက်ပြီး တစ်ဖက်သို့ စောင်းကာ ပြန်အိပ်သွားသည်။



"မလတ် - မလတ် - မအိပ်ပါနဲ့လား။ နှင်းဖြူ - ကြောက်လို့ပါ။ လာပါ - ညီအခ်မတွေဇီနားမှာ စုထိုင်ပြီး စကားလေး၊ ဘာလေး ပြောတာပေါ့။ လာပါ အိပ်ပါနဲ့တော့"

ကျွန်မလည်း မီးအလင်းရောင်အားကိုးနှင့် ရှေ့နည်းနည်းတိုးကာ သူ့ ဘင်ပါးကိုပုတ်ခတ်နှိုးလိုက်၏။ သူက တအင်းအင်းနှင့်ညည်းနေသော်လည်း ကျွန်မရဲ့အဆက်မပြတ်ပုတ်ခတ်နှိုးမှုကြောင့် မထချင်၊ ထချင်နှင့် ထလာ သည်။ မရှိုလည်း ပြန်မအိပ်ရတော့၍ ဖယောင်းတိုင်မီးကို စားပွဲပေါ်ချကာ နံရံတွင် ကျောမှီလိုက်ပြီး ကျွန်မ ဘာတွေစီမံဦးမလဲဆိုတာကိုသာ စောင့် ဆိုင်းနေတော့သည်။

ညက တိတ်သထက် တိတ်၊ ဆိတ်သထက် ဆိတ်လာပေမယ့် မိုးသံက တော့မစဲသေး။ ညသည်သူ့ဘာသာသူနက်နဲတည်ငြိမ်စွာတိတ်ဆိတ်ငြိမ်ဝပ် နေသလို မိုးကလည်း သည်းသည်းမည်းမည်း ရွာကောင်းနေဆဲ၊ လျှပ်ပန်း တွေက လက်တောက်နေဆဲ၊ နှစ်ယောက်လုံးက အိပ်ချင်မူးတူးဖြစ်နေဆဲ မို့ ကျွန်မကပဲ စကားစလိုက်၏။

"ဟို - ဇာတ်လမ်းအကြောင်း ပြောကြမယ်လေ၊ ဟာသဇာတ်လမ်း ဘစ်ပုဒ်ပုဒ်ပေါ့၊ ဒါပေမဲ့ - နှင်းဖြူက အပြောမကောင်းဘူး။ မလတ် - မလတ် အပြောကောင်းတယ်၊ မလတ် - စ,ပြော"

ကျွန်မက ထိုသို့ စကားစ,ပေးလိုက်တော့ အခ်မလတ်က မပြောချင် ပြောချင်နှင့် -

"ငါ့ပြောခိုင်းလို့ကတော့ ငါက သရဲအကြောင်းပဲ ပြောမှာ ..."

"အာ - နှင်းဖြူ ကြောက်ပါတယ်ဆိုမှ မလတ်ကလဲ၊ သရဲဇာတ်လမ်း တော့ မပြောပါနဲ့၊ တခြားဇာတ်လမ်းလေး ပြော - နော် - နော်လို့"

"ဒါဆို - အီးဇာတ်လမ်း ပြောပြမယ်"

"ဟင် - ဘာတုံး အီးဇာတ်လမ်းဆိုတာ"

ကျွန်မ၏ အူတူတူအမေးကြောင့် မလတ်က အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးတွေကို ပေကလပ် ပေကလပ် လုပ်လိုက်ရင်း -



www.burmeseclassic.com

www.burmeseclassic.com

"မသိ နားထောင်ပေါ့ဟဲ့၊ ဒီလို – တစ်ခါက လူပုလေးတစ်ယောက် ရှိသတဲ့၊ တစ်နေ့ – သူက ငှက်ပျောသီးမွှေးတစ်လုံးကို ကောက်ရတော့ အရမ်းဝမ်းသာသွားတာပေါ့၊ သူမှ ငှက်ပျောသီးမစားဘူးတာ၊ မြင်တောင်မြင်ဖူးတာမှတ်ဘူး၊ ဒါနဲ့ – သူက တွေးတယ်၊ အင်း – ငါ ဒီငှက်ပျောသီးကို ငါ ပုံမပျက်အောင် စားရမယ်ဆိုပြီး၊ ဒါပေမဲ့ – ငါ့ခေါ်ဒါလူပုတွေလည်း ငှက်ပျောသီးဆိုတာ ပြားပြားလား၊ ဝိုင်းဝိုင်းလုံးလုံးလား၊ တွေ့ဖူးကြမှာ မဟုတ်ဘူး၊ ဒီတော့ ဒီငှက်ပျောသီးကို ငါ ပုံမပျက်အောင် စားရမယ်ဆိုပြီး အလုံးလိုက်မျိုချလိုက်ရော"

"နေဦး – နေဦး – သူက ဘယ်ဒေသက လူပုမို့လို့ ငှက်ပျောသီး မမြင်ဘူးရတာလဲ"

ကျွန်မက လက်ပေါက်ကပ်ပြီး မေးလိုက်တော့ မလတ်က မျက်စောင်းကြီး ပေထိုးလိုက်ပြီး ပြန်အော်သည်၊

"ဟဲ့ – ပုံပြင်ပါဆိုနေမှ၊ ငါ ဘယ်သိမလဲ၊ ဆက်ပြောရမှာလား၊ မပြောရဘူးလား၊ သူများတကာ အီပ်ချင်ရတဲ့ကြားထဲ"

"ပြောပါ – ပြောပါ – နှင်းဖြူက နှောက်တာပါ – ဆက်ပြော"

ကျွန်မတို့နှစ်ယောက် ပြောဆိုနေတာတွေကိုကြည့်ကာ မချိုကတော့ ပြုံးနေလေရဲ့၊ မလတ်က သူ ဘယ်ကကြားလာမှန်းမသိသော ဇာတ်လမ်းကို ဆက်ပြောလေသည်၊

"လူပုလေးက ငှက်ပျောသီးကို အလုံးလိုက်မျိုချလိုက်တော့ သူ့ဗိုက်ကြီး တောင့်သွားတာပေါ့၊ ရင်ပြည့်လို့ တောင့်တာမျိုး မဟုတ်ဘူးနော်၊ သူ့အရိုးလေးက တံတောင်တောင်မပြည့်ဘူးလေ၊ ငှက်ပျောသီးကလည်း အရှည်ကြီးဆိုတော့ ဗိုက်ထဲမှာ တောင့်တောင့်ကြီးဖြစ်နေတာပေါ့"

"ဟင် – အစာမချေတော့ဘူးလား"

"ကြော် – ပုံပြင်ပါဆိုနေမှဟယ်၊ ဒါနဲ့ – သူ အိမ်ကို မြန်မြန်ပြန်တယ်၊ အိမ်နားရောက်ခါနီးမှ သူ့ဗိုက်နာလာတယ်၊ ဗိုက်နာတဲ့အကြောင်းအရင်းက ဝမ်းသွားချင်လို့ပေါ့ဟာ၊ ဒါနဲ့ – သူ အပင်တစ်ပင်အောက်မှာ ဝမ်းသွားဖို့ပြင်လိုက်တဲ့အချိန် ရုတ်တရက် သူ သတိရလိုက်တာက ငှက်ပျောသီးကြီးကို ပုံမပျက်အောင် ဝမ်းသွားရမယ်ပေါ့၊ ဒါမှ – အပေါင်းအသင်းတွေကို သူ ငှက်ပျောသီးဆိုတဲ့အသီးကြီး စားဖူးကြောင်းလည်း ကြွားရ၊ သူတို့လည်း ငှက်ပျောသီးမြင်ဖူးပြီးသားဖြစ်၊ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် တယ်တော်တဲ့ငါပါလားလို့ တွေးရင်း ငှက်ပျောသီး ပုံမပျက်အောင် သတိထားပြီး ဝမ်းသွားနေတာပေါ့"

"ဝေါ့ – ရွံစရာကြီး"

"ပေါက်ပေါက်ရှာရှာ – ညစ်ပတ်တယ်"

"နှင်းဖြူ – နင်ပဲ ဇာတ်လမ်းပြောဆိုလို့ ငါ ကြားဖူးတဲ့ပုံပြင် ပြောပြတာနော် – ဟွန်း၊ ကဲ – ကဲ – ဆက်ပြောမယ်၊ ဒါပေမဲ့ – လူပုလေးခမျာ ကံမကောင်းရှာပါဘူးကွယ်၊ ငှက်တစ်ကောင်က လေထဲပျံလာရင်း သူ ဝမ်းသွားတာကို တွေ့သွားပြီး ဝမ်းတွေ ရှင်းရှင်းပြောရရင်တော့ အီးအီးပေါ့ဟာ၊ အဲ့ဒါတွေလို့ ထင်ဘဲ၊ ဟာ – ငှက်ပျောသီးကြီးပဲဆိုပြီး သူ့နောက်က အပင်ပေါ်က အသီးတစ်လုံးပေါ်မှာနားရင်း စောင့်နေလေရဲ့၊ သူပါလို့ပြီးလည်းပြီးသွားရော လူပုလေး အရမ်းကို ကျေနပ်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငှက်ပျောသီးကသူ မျိုချလိုက်တဲ့အတိုင်း ပုံမပျက် ဗိုက်ထဲက ပြန်ထွက်လာတာကို တွေ့ရလို့ပေါ့ဟာ၊ ဒါနဲ့ – သူ့ငုံ့ကြည့်နေတုန်း အပေါ်ကငှက် နားနေတဲ့အသီးက ဖြုတ်ခနဲ ကြွေပြီး လူပုလေးအပေါ်တည့်တည့်ကိုပြုတ်ကျလာပါရောဟယ်၊ ဘာဖြစ်သွားတယ်ထင်လဲ၊ ထန်းသီးပြုတ်ကျတဲ့အချိန်နဲ့ လူပုလေး သူ့အီးငှက်ပျောသီးပေါ်ကို ဝမ်းလျားထိုးကြီး လဲသွားတော့တာပဲ၊ တစ်ကိုယ်လုံးလည်း ပေတူးစိန်လို့၊ လူပုလေးခမျာ နာတာကိုတောင် သတိမရဘဲ ကြုံကြုံပါအောင် ငိုရင်း ငါ့ ပုံမပျက် ပါထားရတဲ့ ငှက်ပျောသီးလေးလို့အော်ရင်း အပေါ်ကသီးကန်းကိုလည်း လှမ်းဆဲတာပေါ့၊ အဲ့ဒီကနေ ဟိုစကားပုံဖြစ်သွားတာပဲ ဘာတဲ့ဟာ – ဟို – ကြော် – ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် ဆိုတာလေ"

"အမလေး – စကားပုံတော့ ပျက်ပါပြီ"

ကျွန်မက မလတ်ကို လှမ်းနှောက်လိုက်သည်၊ ထိုစဉ် မချိုတစ်ယောက်အိပ်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်၊ သူ့မျက်နှာမှာ ဝေဒနာတစ်ခုတစ်ခု





www.burmeseclassic.com

www.burmeseclassic.com

ကို ခံစားနေရဟန်ဖြင့် တုန်လှုပ်နေသည်ကို ဖယောင်းတိုင်မီးရောင်အောက်တွင် မြင်တွေ့လိုက်ရ၍ ကျွန်မ မေးလိုက်မိ၏။

"မချို - ဘာဖြစ်လို့လဲ"

"ဟို - မချို - စောစောကတည်းက ဗိုက်နာနေတာ၊ လူပုလေး ဗိုက်မနာခင်ကတည်းက မချိုက ဗိုက်နာနေတာ၊ ညီမလေး - ပုံပြင် ဆက်နားမထောင်ဖြစ်မှာစိုးလို့၊ မချို - အိမ်သာသွားတက်လိုက်ဦးမယ်"

"အာ - နင်းဖြူလည်း လိုက်ခဲ့မယ်၊ လာ - မလတ်လည်း လိုက်ခဲ့"

"မလိုက်ပါနဲ့၊ မချို - သွားရဲပါတယ်"

"မချိုသွားရဲပေမယ့် - နင်းဖြူက ဒီအိမ်ရှေ့မှာ နစ်ယောက်တည်း မနေရဲဘူး၊ လာ - မလတ်ရော"

နောက်ဆုံး နင်းဖြူကို မနိုင်တာကြောင့် နောက်ဖေးကို သုံးယောက်လုံး တစ်သီတစ်တန်းကြီး ထွက်ခဲ့ကြသည်။

...✿...

အိမ်တည်နေပုံကနောက်ဖေးခန်းတွင်အိမ်သာ၊ရေချိုးခန်း၊မီးဖိုချောင်ဆက်လျက်တည်ရှိပြီး မီးဖိုခန်းမှ လှမ်းကြည့်လျှင် လေှကားနှင့် တည့်တည့်ဖြစ်သည်၊ အလယ်၌ ထမင်းစားခန်း ခြားလျက်ရှိသော်လည်း တံခါးတွေဖွင့်ထားသောကြောင့် တည့်တည့်ကြီးမြင်နေရသဖြင့် လူလာလျှင် မီးဖိုချောင်ကပင် လှမ်းကြည့်နိုင်သည်။

မလတ်က မီးဖိုချောင်နှင့် အလယ်ခန်းကြား လမ်းစုလတ်ရှိ ခုံမြင့်လေးတွင်ထိုင်လျက် ငိုက်လို့နေသည်၊ တွေးကြည့်လိုက်တော့ သူ့လည်း အပြစ်တင်လို့မရ၊ သူ့ခမျာလည်း တစ်နေကုန် ရှိရှိသမျှအလုပ်တွေကို ဝိုင်းကူလုပ်နေတတ်သူဖြစ်၍ ပင်ပန်းနေလေတော့မည်၊ အိမ်သာတွင်းမှ မချို၏အသံလည်း မကြားရ၍ ကျွန်မ၏ တစ်ယောက်တည်းဟူသော ခံစားမှုက သိမ်ငယ်မှုအဖြစ် ပြောင်းလဲကာ ချောက်ချားသလိုလို၊ ထိတ်လန့်သလိုလို တုန်လှုပ်ယင်ယင် ဖြစ်လာပြန်သည်။



"ဟဲ့ - နင်းဖြူ - နင် ဘာကိုကြောက်နေတာလဲ၊ လောကမှာ မရှိတာတွေ ကြောက်နေရတယ်၊ ကြောက်စရာတစ်ခြားသားမှုကို မလိုတာ"၊ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်သည့်အနေဖြင့် ထိုသို့တွေးနေစဉ် -

"ရှပ် - ရှပ်"

ဟူသော လေတိုးသံလိုလို၊ ခြေသံလိုလို အသံတစ်သံကို ကြားလိုက်ရသည်၊ စိတ်ထင်တာများလား၊ အသံက အိမ်ရှေ့လှေကားပေါ်မှ တစ်စုံတစ်ယောက် တက်လာသောအသံမျိုး၊ နားထောင်နေစိုက် အသံက ပျောက်သွားသည်၊ သရဲတစ္ဆေတော့ မဖြစ်နိုင်ဟု ကိုယ့်ကိုယ်ကိုယ် အားပေးမိပေမယ့် မျက်လုံးတွေက လှေကားဆီကို လှမ်းမကြည့်ရဲ၊ မတော် ပုတ်လောက်စရာ ကိုယ်၊ လင်ကွင်းလောက်မျက်လုံးကြီးတွေနဲ့ တစ္ဆေကြီးက ကျွန်မကို လျှာ အန်းလန်းထုတ်ပြနေမှဖြင့် - သေပါပြီနော်၊

"နင်းဖြူ - ညီမလေး - ညီမလေး - ကြောက်နေလား၊ မချို ရှိတယ်နော်၊ မကြောက်နဲ့ - သိလား"

တော်ပါသေးရဲ့၊ အတွင်းခန်းထဲမှမချိုက အပြင်တွင် အသံတိတ်နေတာကြောင့် ကျွန်မ ကြောက်နေမည်စိုး၍ လှမ်းအသံပြုလိုက်ခြင်းဖြစ်သည်၊

"မ - မကြောက်ပါဘူး - မချို၊ မလတ် - မလတ် - ထ ထပါဦးဆို"

မချိုကို ပြန်ပြောလိုက်ပြီး တစ်ဆက်တည်း မလတ်ကို အတင်းလှုပ်နှိုးလိုက်တော့ မလတ်ခမျာ တအင်းအင်း အသံပြုရင်း မျက်လုံးတွေကိုပွင့်သည် အထိ ဖွင့်ကြည့်ပြီး -

"အင် - ဘာတုံး၊ နင်ကလည်း ဘေးမှာ ငါရှိနေတာပဲ၊ ဒါတောင် ကြောက်နေတာပဲလား"

"မဟုတ်ဘူး - အိမ်ရှေ့မှာ လူတစ်ယောက် တက်လာသလို အသံကြားလိုက်တယ်၊ ဟော်ကြာ - သူခိုးတွေ၊ ဘာတွေ ဖြစ်နေမယ်"

ကျွန်မက ထိုသို့ပြောလိုက်ပေမယ့် မလတ်က ယုံပုံ မရ၊ ကျွန်မဘာသာ ကျွန်မ စိတ်ချောက်ချားကာ ကြားချင်တာ ကြားနေခြင်းဟု ယူဆနေပုံပေါ်



www.burmeseclassic.com

www.burmeseclassic.com



# ၆၆

ငါအိပ်နေတုန်း
ငါ့မျက်နှာကို
လေတိုးသလို ခံစားမိတယ်။
ငါ့မှည်း ပြတင်းပေါက်တွေ၊
တံခါးတွေ ဖွင့်ထားလို့
လေတိုးတာနေမှာပါလို့
တွေးပေမယ့် လေက
တစ်ကိုယ်လုံးကို တိုးတာ
မဟုတ်ဘူး။ မျက်နှာတစ်နေရာ
တည်း ကွက်ပြီးတိုးနေတာ။
ပြောရရင် တစ်ယောက်ယောက်က
ပါးစပ်နဲ့ မှုတ်နေသလိုမျိုးပဲ။

"နင်ကလည်း ဒီမှာ သူခိုးမရှိဘူး၊ ည(၁၁)နာရီ၊ (၁၂)နာရီအထိ ဒီလိုပဲ တံခါးတွေ မပိတ်ဘဲ ထားကြတာပဲ၊ ဘယ်မှာ သူခိုး ခိုးခံရတယ် ကြားဖူးလို့လဲ"

"အာ - မလတ်က ဒီမှာနေဖူးတာမှတ်လို့၊ သူခိုးဆိုတာ ရှိချင်ရှိနိုင်တာပဲ တော်ကြာ - နင်းဖြူတို့ရှိလျက်သားနဲ့ အဖေါ်တို့အိမ် သူခိုးတက်ခိုးခံလိုက်ရရင် မကောင်းဘူး။ လာ - သွားကြည့်ရအောင်"

မလတ်က နားအေးပြီးရောဟု တွေးလိုက်သလား မပြောတတ်၊ ဘာမျှ ထပ်အတွန့်မတက်တော့ဘဲ ရှေ့က ကော့တော့တော့ဖြင့် ထွက်သွားသော လှေကားဆီသို့ လျှောက်သွားသည်။ နင်းဖြူလည်း ကြောက်ကြောက်နှင့် မလတ်နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာလိုက်၏။

"ဟဲ - ကြည့် - ဘာမှမရှိဘူး။ နင့်ဘာသာ ကြောက်ပြီး ကြားချင်တာကြား နေတာ၊ တော်ပြီ - ငါလည်း မတတ်နိုင်တော့ဘူး။ အိပ်တော့မယ်"



ပြောပြောဆိုဆိုနှင့် စောစောက ခင်းထားသောဖျာပေါ်တွင် ခွေခွေလေး လှဲချကာ ခေါင်းအုံးနှင့် ခေါင်းမထိခင်ကပင် အိပ်ပျော်သွားလေတော့သည်၊ နင်းဖြူ - သူနှံဘေးမှာ ထိုင်နေရကောင်းမလား၊ အို - သတိလက်လွတ်အိပ် ပျော်နေတဲ့ သူ့ဘေးတွင် ထိုင်နေမည့်အစား မချိုရဲ့အိမ်သာဘေးမှာရပ်ရင်း မချိုရဲ့အိမ်သာဘေးမှာရပ်ရင်း မချိုနဲ့ စကားပြောနေတာကမှ ကောင်းဦးမယ် ဟုတွေးကာ မီးတိုင်လေးကို ကိုင်လျက် နောက်ဖေးဆီသို့ ခပ်သုတ်သုတ် ပြေးသွားလိုက်သည်၊ အမှောင်ထုသည် ကျွန်မ၏နောက်ကျောတွင် စိတ် ချောက်ချားဖွယ် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့တော့သည်၊

အိမ်သာမှ မချိုထွက်လာပြီဖြစ်ပေမယ့် အိမ်ရှေ့ဆီသို့ ပြန်မလာဖြစ် သေး၊ မချိုက လူကြီးတွေ ပြန်လာလျှင် ဗိုက်ဆာနေမည်စိုး၍ မီးအလာကို စောင့်တော့ဘဲ ထင်းမီးနှင့် ထမင်းအိုးတည်နေသောကြောင့် ကျွန်မနံဘေး တွင် ထိုင်ကြည့်နေမိသည်၊ အချိန်ကလည်း ည(၇)နာရီကျော်လောက်သာ ရှိသေးတော့ လူကြီးတွေ စားသောက်မလာလျှင် အိမ်တွင် အဆင်သင့် ဖြစ်နေစေရန်ဖြစ်၏၊ ထိုစဉ် ဖျာတွင် အိပ်ကျန်ခဲ့သောမလတ်တစ်ယောက် ဘယ်လိုက ဘယ်လို နိုးလာသည်မသိ၊ နောက်ဖေးဆီသို့ ခပ်သွက်သွက် လျှောက်လာလေ၏၊

"ဟဲ့ - နင် - နင်တို့ မပြီးကြသေးဘူးလား"

"ဪ - မစု အိမ်သာသွားချင်လို့လား၊ သွားလေ - ချိုထွက်လာတာ ကြာပါပြီ၊ ထမင်းအိုးလေး တည်နေလို့"

"အာ - မဟုတ်ဘူး၊ ငါ့မေးတာက နင်တို့ အိမ်ရှေ့ကို မလာကြသေးဘူး လား"

မလတ်၏မျက်နှာက ဖရိုဖရဲနှင့် တစ်စုံတစ်ခုကြောင့် ထိတ်လန့်နေပုံရ သည်၊ ကျွန်မလည်း အခွင့်သာသွား၍ ပိုင်ပိုင်ကြီး နက်ချလိုက်၏၊

"ဘာလဲ - တစ်ယောက်တည်းနေရတော့ အသည်းငယ်လာတယ် ဆုတ်လား၊ ဟွန်း - သူလည်း ကြောက်တတ်ရဲ့သားနဲ့များ၊ ကိုယ်ချင်းစာ စာနာတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ – ငါက နင့်လို အသားလွတ်ကြောက်နေတာ မဟုတ်ဘူး၊ ခုဟာက တစ်မျိုးကြီးမို့လို့"

"ဟင် – ဘာဖြစ်လို့လဲ – မစု၊ ဘာတွေ့ခဲ့လို့လဲ"

မလတ်၏ပုံစံကိုကြည့်ပြီး မချိုကပါ မနေနိုင်တော့ဘဲ ထိုသို့ဝင်မေးလိုက်သည်၊ ဟုတ်တော့လည်း ဟုတ်သည်၊ မလတ်က တော်ရုံတန်ရုံ ထိတ်တတ်လန့်တတ်သူတော့ မဟုတ်၊ ခု – ဘာများဖြစ်လို့ပါလဲဟူ၍ ကျွန်မလည်း သိချင်သွားမိသည်၊

"ဘာဖြစ်ရမှာလဲ၊ စောစောက ငါအိပ်နေတုန်း ငါ့မျက်နှာကို လေတိုးသလို စံစားမိတယ်၊ ငါလည်း ပြတင်းပေါက်တွေ၊ တံခါးတွေ ဖွင့်ထားလို့ လေတိုးတာနေမှာပါလို့ တွေးပေမယ့် လေက တစ်ကိုယ်လုံးကို တိုးတာမဟုတ်ဘူး၊ မျက်နှာတစ်နေရာတည်း ကွက်ပြီးတိုးနေတာ၊ ပြောရရင် – တစ်ယောက်ယောက်က ပါးစပ်နဲ့ မှုတ်နေသလိုမျိုးပဲ၊ ဒါပေမဲ့ – ငါလည်း အရမ်းအိပ်ငိုက်နေတော့ မျက်လုံးတွေကို ဖွင့်မရဘူး၊ ခဏနေတော့ – လေတိုးတာရပ်သွားပြီး ငါ့ဘေးကနေ လျှောက်သွားတဲ့ခြေသံကြီးကို နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတယ်၊ ငါလည်း ခေါင်းနားပန်းကြီးပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ ဘေးမှာ ဘယ်သူမှ မရှိဘူး၊ အလင်းရောင်မရှိပေမဲ့ အမှောင်ထဲမှာ လူတစ်ယောက်ယောက်သာ ရှိနေရင် ငါ မြင်ရပါတယ်၊ ခုဟာက ဘယ်သူမှကို မရှိတာ၊ ကဲ – အမလေးနော် – ဒုက္ခပါပဲ ဟယ်"

မလတ်စကားကြောင့် ကျွန်မ ကြောက်လွန်းလို့ နေစရာမရှိအောင် ဖြစ်သွားမိသည်၊ မျက်နှာပြင်တစ်ခုတည်းသို့ လာရောက်တိုးတိုက်သောလေနှင့်ဘေးမှ ဖြတ်လျှောက်သွားသောခြေသံကျယ်ကြီး၊ မလတ်နေရာမှ ကျွန်မသာဆိုလျှင် အသက်ပင် ထွက်သွားနိုင်သည်၊

"ဒါ – ဒါ – ဒါဆို – သရဲခြောက်နေတာပေါ့နော် – ဟုတ်လား – ဟုတ်လား မချို၊ ဒုက္ခပဲ – သ – သ – သရဲလား မသိဘူး"

ကျွန်မရဲ့အမေးကြောင့် မချိုအဖြေရခက်သွားပုံရသည်၊ ခေါင်းကိုဆံပင်တွေ ပွသည်အထိ ခပ်ပြင်းပြင်းကုတ်ရင်း –



"မချိုလည်း မပြောတတ်ပါဘူးကွယ်၊ တစ်ခါမှ ဒီလိုမကြုံဖူးသေးပါဘူး"

"ဒါဆို – သူခိုးလည်း ဖြစ်နိုင်တာပဲ၊ ခုမှ – ငါစဉ်းစားမိတယ်၊ စောစောက ရုတ်တရက်ကြီးဆိုတော့ ခေါင်းပူပြီး မတွေးမိဘူး၊ သွား – တံခါးမကြီးကို မြန်မြန်ပိတ်လိုက်"

မလတ်ဆီမှ ထိုစကားသံကို ခပ်တိုးတိုးကြားလိုက်ရခြင်းဖြစ်သော်လည်း ကျွန်မခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုမျိုး ထိတ်လန့်တုန်လှုပ်သွားရသလို မလတ်၏အပြုအမူအပေါ်လည်း နားမလည်နိုင်ဖြစ်သွားမိသည်၊ မချိုက မလတ်ခိုင်းသည့်အတိုင်း အသံတိတ်ပြုမူနေစဉ် ကျွန်မက မလတ်ကို အသည်းအသန်မေးရတော့သည်၊

"မလတ် – ဘာတွေလုပ်နေတာလဲ၊ သရဲပဲဖြစ်ဖြစ်၊ သူခိုးပဲဖြစ်ဖြစ် နင်းဖြူတို့ တံခါးဖွင့်ထားမှ ထွက်ပြေးလို့ရမှာပေါ့"

"ဟဲ့ – ထွက်ပြေးလို့ ဖြစ်မလား၊ သူခိုးဆိုရင် ပစ္စည်းတွေ ပါသွားမှာပေါ့၊ သရဲဆိုရင်တော့ ဘာကြောက်စရာလဲ"

အမလေးလေး – ပြောရက်လိုက်တာ၊ သတ္တိတွေ ကောင်းနေလိုက်တာများ ကျွန်မမှာတော့ နေစရာမရှိ၊ ဘယ်မှလည်း မသွားရဲ၊ ဆိုးလိုက်သည့်ဘဝ၊

"မစု – ချို တံခါးပိတ်ပြီးသွားပြီ၊ မစုက ဘယ်လိုထင်လို့လဲ"

"ချိုစဉ်းစားကြည့်၊ ချိုတို့တစ်အိမ်လုံးက ဟင်းလင်းပွင့်ကြီး၊ အခန်းရယ်၊ ဘာရယ် သတ်သတ်မှတ်မှတ် သိပ်မရှိဘူး၊ ဒီမီးဖိုချောင်နဲ့ လေ့ကားနဲ့ ဂ... ည့်တိုးလျှိုပေါက်၊ ညှေ့ခန်းနစ်ခန်းကလည်း တိုးလျှိုပေါက်၊ ဘုရားခန်းနဲ့ ချို... အိပ်တဲ့နေရာကလည်း ဗီရိုကြီးတစ်လုံးပဲ ခြားတယ်၊ ဒီတော့ – ဒီသူခိုးပုန်း... ...ဆိုလို့ ဘယ်နေရာပဲ ရှိလဲ"

"ဩော် – ချို သိပြီ၊ မေမေနဲ့ ဖေဖေတို့အခန်း"

"ဟုတ်တယ် – ချို၊ စောစောက ငါတို့တွေ စုအိပ်နေတဲ့နေရာက ဒေါ်ဒေါ်... ...အခန်းရှေ့မဟုတ်လား၊ ဒီတော့ – သူခိုးက ဒေါ်ဒေါ်တို့အခန်းထဲ ဝင်သွား... ...ပဲ ဖြစ်ရမယ်"

www.burmeseclassic.com

"ဒါဆို - ချိုတို့ ဘာလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ၊ ဒီသူခိုးကို ဖမ်းရမှာပေါ့"

မလတ်၏ အားကြိုးမာန်တက်ပြောနေသောအသံကြောင့် ကျွန်မ ပိုလို့ပင် စိတ်ညစ်သွားမိသည်။ မချိုကတော့ သူ့ဝသီအတိုင်း ခပ်အေးအေးပင်၊ ကျွန်မစိတ်ထဲတော့ သူခိုးဟု မထင်၊ သူခိုးက မလတ်၏မျက်နှာကို ဘာလုပ်ဖို့ လေနင့် မှုတ်နေမည်နည်း။

"လာ - မိနှင်း - နင်က နောက်မှာနေ၊ မချိုက အလယ်မှာနေ၊ ငါ ရှေ့ဆုံးက သွားမယ်"

တကယ့်တကယ်တမ်း ရှိတက်ကြတော့ မိန်းမသားတွေပဲ၊ မကြောက်ရှိပ့်မလား။ အခန်းနား နီးလာလေ၊ မလတ်ရဲ့ခြေလှမ်းတွေ နှေးလာလေ၊ မချိုရဲ့ခြေတွေ ယိုင်လာလေ၊ ကျွန်မအသားတွေ တုန်လာလေ။ ဩော် - ကြောက်စိတ်၊ ကြောက်စိတ်။ ထိုစိတ်ကြောင့် ကျွန်မအသက်ရှူသံတွေ ကျယ်လောင်လာရပြီ၊ ကျွန်မရင်ခုန်သံတွေလည်း အာဖရိကဗုံသံတွေလိုလို ဆူညံနေပြီ။

"မလတ် - မကြည့်ပါနဲ့တော့၊ မလတ်လည်း ကြောက်နေတာပဲဟာ။ ထား - ထားလိုက်ပါ။ သူခိုးဆိုရင်လည်း လူကြီးတွေလာမှ ဝင်ကြည့်တာပေါ့။ နင်းဖြူတို့ တံခါးနားမှာပဲ သွားထိုင်နေရအောင် ..."

. . . ✤ . . .

ကျွန်မက အခန်းနားရောက်မှ ဆွယ်တရားဟောကြည့်သေးသည်။ မလတ်က သူကိုယ်တိုင် မကြောက်မဟုတ် ကြောက်နေသည်။ ကြောက်ပေကလည်း တစ်ချက်မဟုတ် နှစ်ချက်တောင်၊ တစ်ချက်က အမှန်ပင် သူခိုး... နေလျှင် မိန်းမသားသုံးဦးတည်းမို့ ရင်ဆိုင်တွေ့ပါက ဒုက္ခများမည်ကို ... ရသလို နောက်တစ်ချက်က သူခိုး မဟုတ်ဘူးဆိုလျှင် ...။ ထိုအချက်ကို ... မလတ်က ကျွန်မလောက် ကြောက်လိမ့်မည် မဟုတ်၊ နို့ပေမဲ့ - မလတ်... စိတ်ကတစ်မျိုး ... သူ့စိတ်ကို သူလက်မခံတတ်၊ သူ့ခံစားချက်ကို သူ လျှော...



...ထားတတ်သည်။ ပြဿနာတစ်ခုကို အဖြေရှာရမှ ကျေနပ်သည်၊ သို့ကြောင့်လည်း -

"အပိုတွေ မပြောနဲ့၊ ငါ - ငါ - မကြောက်ဘူး၊ ငါ - ဝင်ကြည့်မယ်၊ နင်ကြောက်ရင် နေခဲ့"

မလတ်က ဖယောင်းတိုင်ကိုကိုင်လျက် အခန်းတံခါးကိုဖွင့်ကာ ဝင်သွားသည်။ မချိုက အပေါက်ဝတွင်နေရင်း အတွင်းအပြင် ကျွန်မတို့ညီအစ်မအတွက် ကိုယ်ရံတော်သဖွယ် ရပ်လျက်ရှိသည်၊ ကျွန်မကတော့ ညီအစ်မချင်းအားမကိုးရဟုဆိုလျှင်ဆိုတော့ အထဲအထိတော့ လိုက်မကြည့်ရဲ၊ ကျွန်မအသားတွေ တဆတ်ဆတ်တုန်ကာ ကြောက်ရွံ့နေပါပြီ။

"ဟာ ..."

ခဏပါပဲ၊ မလတ် ဟာခနဲအော်လိုက်ပြီး ပြန်ပြေးထွက်လာသည်၊ သူ့မျက်နှာကို ကြည့်ရသည်မှာ ဝေခွဲမရသော၊ နားမလည်နိုင်သော ခံစားချက်အရောယှက်နေပုံမျိုး။

"ဘာ - ဘာ - ဘာတွေ့ခဲ့လို့လဲ"

ကျွန်မက ထိတ်ထိတ်လန့်လန့်မေးလိုက်ရင်း ခြေထောက်ကိုလည်း ...တ်ပြေးရန် လှေကားဆီသို့ ဦးတည်ထားမိသည်၊ မလတ်က ကျွန်မကို ခပ်...တွေတွေကြည့်လိုက်ပြီး -

"ဘာမှမတွေ့ခဲ့ဘူး"

မလတ်၏အဖြေကြောင့် ကျွန်မ သက်ပြင်းငွေ့ငွေ့ချလိုက်ပြီးမှ ...ခင်းနားပန်းကြီးသွားရပြန်သည်။

"ဒါ - ဒါဆိုရင်"

"အေး - ငါလည်းမပြောတတ်ပါဘူးဟာ၊ အဒေါ်တို့အခန်းက ငါတို့ရန်ကုန်...တွေလို ပုန်းစရာနေရာလည်း မရှိဘူးဟ၊ အခန်းက အရှင်းကြီးပဲ၊ ဗီရိုမှ...တစ်လုံးရှိတယ်၊ စောင်တွေ၊ ခေါင်းအုံးတွေ ထပ်ထားတာ ရှိတယ် - ဒါပဲ...ခန်းလုံး ပုန်းစရာနေရာ တစ်ကွက်မှကို မရှိဘဲ ဘာကိုမှ မတွေ့ခဲ့...ပဲ ပျောက်နေသလားတော့ မပြောတတ်ဘူး"

www.burmeseclassic.com

မလတ်၏ထပ်ဆင့်အဖြေက ကျွန်မအတွေးကို ပေါင်းသင်ပေးလိုက်သလို ပိုလို့ပင် ရှင်သန်ကြီးထွားလာမိသည်။

"ကိုယ်ပျောက်လူဆိုမှတော့ သရဲပဲရှိတာပေါ့၊ စောစောကလည်း နင်းဖြူ လှေကားနားမှာ အသံကြားပါတယ်လို့၊ အခု - မလတ်လည်း ကြားတယ်ဆိုတော့ ပိုသေချာသွားပြီပေါ့၊ မချို - နင်းဖြူတို့ကို တခြေခြောက်နေပြီထင်ပါတယ်"

ကျွန်မ ပြောလည်းပြော၊ ကြောက်လည်းကြောက်လာ၍ အသံတွေတုန်လာမိသည်၊ မလတ်က မကြောက်နဲ့၊ ဘုရားစာသာရွတ်ဟု ခပ်တိုးတိုးပြောရှာ၏၊ မချိုခမျာလည်း ယခင်က မကြုံဖူးပါဘူးဟူ၍သာ တွင်တွင်ပြောရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေလေ၏၊

"ဟယ်တော် - ဒုက္ခပါပဲ"

"ဘာ - ဘာဖြစ်လို့လဲ - မချို"

"ထမင်းအိုးပေါ့၊ ထမင်းအိုး တူးပြီလား မသိဘူး၊ မချို - သွားကြည့်လိုက်ဦးမယ်"

"မချိုတစ်ယောက်တည်း မသွားနဲ့၊ နင်းဖြူတို့လည်း လိုက်ခဲ့မယ် - လာ မလတ်"

ထုံးစံအတိုင်း ကျွန်မတို့ တသီတတန်းကြီး သွားရပြန်သည်၊ လက်နီးတို့ အလျင်အမြန်ယူပြီး ထမင်းအိုးအဖုံးကို ဖွင့်လိုက်ပြီး ယောက်မနှင့် မွှေသည်၊ ကံကောင်းထောက်မစွာဖြင့် ထမင်းအိုးက တူးမသွားသေး၊ မချို ထမင်းအိုးကို မွှေလိုက်၊ ဖုံးလိုက်လုပ်နေစဉ် ဇာတ်လမ်းက စ,လာပြန်သည်၊

"ဝုန်း ..."

အတွင်းခန်းထဲမှတစ်စုံတစ်ခုပြုတ်ကျသွားသောအသံဖြစ်၏၊မကြောက်တတ်သော မချိုပင် လန့်ပြီး ယောက်မ လွှတ်ကျသွားသည်၊ ကျွန်မမှာ ခြေရာစရာနေရာ မရှိတော့၊ ကြောက်လွန်းလို့ ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်၊ မလတ်ကတော့ ဘုရားစာကို ခပ်ကျယ်ကျယ် အော်ရွတ်လိုက်၏၊

"အား - ကျွတ် - ကျွတ် - သေပါပြီဗျာ"



ဘုရား - ဘုရား - ယောကျ်ားတစ်ယောက်၏အသံ၊ ထိုအသံကို ကြားလိုက်သည်နှင့် မချိုက လွှတ်ကျသွားသော ယောက်မကိုပင် ပြန်မကောက်တော့ဘဲ အတွင်းခန်းထဲသို့ လျင်မြန်စွာ ပျောက်သွား၍ ကျွန်မတို့လည်း ချို၏နောက်သို့ လိုက်လာခဲ့သည်၊ မချိုကို ကြည့်ရသည်မှာ စောစောကနှင့်တော့၊ ဒေါနှင့်မောနှင့်ဖြစ်နေ၍ အပမှီသွားလေပြီလားဟု ကျွန်မ တွေးလိုက်မိသေးသည်၊

မချိုက ဒေါ်ဒေါ်တို့အခန်းထဲသို့ ဝင်သွားသောကြောင့် ကျွန်မနေရာ၌ပင် ပုံလျက်ကျန်ရစ်ခဲ့သည်၊ စောစောက မိန်းမသုံးယောက်တည်းရှိသောအိမ်တွင် ယောကျ်ားတစ်ယောက်၏အသံကို ကြားလိုက်ရ၍ ကျွန်မ အံ့အားသင့်သွားမိသော်လည်း ကြောက်လန့်စိတ်ကိုတော့ ဖျောက်မရသေး၊ ဘယ်လိုဖြစ်လို့ ယောကျ်ားတစ်ယောက်ရဲ့အသံက ရောက်နေရတာလဲ၊ ထိုအော်သံကို ကြားသည်နှင့် ဘာကြောင့်များ မချို ထိုသို့ပြောင်းလဲသွားပါလိမ့်၊ ထိုအခိုက် အတွင်းခန်းထဲမှ နင်မှန်း သိတယ် ထင်ပြီးသားဟူသော မချို၏အသံကို ကြားလိုက်ရသဖြင့် ကျွန်မ အနည်းငယ် စိတ်သက်သာရာရသွားသည်၊ သာအကြာတွင် အခန်းတံခါး ကျွီခနဲပွင့်လာပြီး အတွင်းထဲမှ လူနှစ်ယောက်ထွက်လာသည်ကို ဗယောင်းတိုင်မီးဖြင့် တွေ့မြင်လိုက်ရလေတော့သည်၊

. . . . . .

"ဒီမှာ - မစုရေ၊ မစုတို့ မောင်လေးပေါ့ - ခအောင်လေ၊ ဘယ်အချိန်ကတည်းက ရောက်နေသလဲ မသိဘူး"

မချိုက ထိုသို့မိတ်ဆက်ပေး၍သာ ကျွန်မတို့မောင်ဝမ်းကွဲလေး ခအောင်အောင်မှန်း သိလိုက်ရသည်၊ ထိုသို့ပြောတော့ ကျွန်မတို့မောင်နမတွေကို အမှ တွေ့ဆုံဖူးကြသူတွေဟု ထင်မှတ်ကောင်း ထင်မှတ်သွားလိမ့်မည်၊ မှတ်ပါ၊ ကျွန်မတို့ ထိုမောင်ငယ်လေးနှင့် မနှစ်ကပင် ဖင်းကျိုက်တောင်ထွက်ခဲ့သေးသည်၊ ယခု မမှတ်မိရခြင်းအကြောင်းရင်းမှာ သူ့တစ်ကိုယ်လုံး မီးသွေးဖုံးဆိုသလို တစ်ကိုယ်လုံး မည်းတူးနေသောကြောင့် ဖြစ်၏၊

www.burmeseclassic.com

"ဟဲ့ - ဘယ်လိုဖြစ်တာလဲ - အောင်အောင်၊ တစ်ကိုယ်လုံး မည်းတူးနေပါလား၊ လယ်ထဲဆင်းတာ ဒီလောက်အသားမည်းသလား"

"အာ - အစ်မကလည်း နောက်တော့မယ်၊ လယ်ထဲဆင်းလို့မည်းတာမဟုတ်ဘူး၊ အိုးမည်းတွေ သုတ်ထားလို့ မည်းနေတာ"

အောင်အောင့်အဖြေကြောင့် ကျွန်မတို့နစ်ယောက် နားမလည်နိုင်ဖြစ်သွားရသည်၊ မရှိကတော့ သူ့မောင်အကြောင်း သိနှင့်ပြီးသားမို့ သူ့အပြောစကားကို နားထောင်မနေတော့ဘဲ မီးဖိုချောင်တွင် ထမင်းသွားချက်နေလေသည်၊

"ဘာဖြစ်လို့ သုတ်ထားရတာလဲ - ကိုအောင်ရဲ့"

"ဟီး - ဟီး - လယ်ထဲကို ဒီနေ့ပြန်ရောက်လာတဲ့ မချိုသူငယ်ချင်း မိုးမြင့်က ပြောတယ်၊ မင်းအမျိုးတွေ လာလည်တယ်ဆိုလို့ ကျွန်တော် လယ်ထဲကပြန်တက်လာတာ၊ အဘွားအိမ်ကို ဝင်ခဲ့သေးတယ်၊ အမေက အိမ်မှာ မင်းအစ်မတွေချည်းပဲ - ကြောက်နေဦးမယ်၊ ပြန်တော့ဆိုလို့ ကျွန်တော် အိမ်ပြန်လာခဲ့တာ၊ အိမ်နားရောက်မှ စဉ်းစားမိတာက မနင်းဖြူက သရဲအရမ်းကြောက်တတ်တယ်လေ၊ အဲ့ဒါ - နောက်ရင် ကောင်းမလားလို့ - ဟီး၊ အဲ့ဒါကြောင့် အိမ်ပေါ်မတက်ခင် အောက်ထပ်ကွပ်ပျစ်ပေါ်မှာ အကျီကို ချွတ်ထားခဲ့ပြီး ဟိုတစ်နေ့က အလှူလုပ်တုန်းက ငှားလိုက်တဲ့ မိုးပြဒယ်အိုးဖင်က အိုးမည်းတွေကို တစ်ကိုယ်လုံးသုတ်ပြီး တိတ်တိတ်လေး တက်လာပြီးခြောက်တာ၊ ဟီး - ဟီး - မစုလွင်တို့၊ မနင်းဖြူတို့ တော်တော်ကြောက်သွားကြတယ်မဟုတ်လား"

အောင်အောင်က ထိုသို့ပြောတော့မှ စောစောက ကျွန်မ ကြောက်ခဲ့သမျှကို ပြန်တွေးပြီး ပြုံးမိလိုက်သည်၊ ဟုတ်ပါရဲ့ - ကျွန်မ တော်တော်ထိတ်လန့်ခဲ့ရသည် မဟုတ်လား၊

"နေပါဦး - စောစောက ငါအဲ့ဒီအခန်းထဲ ဝင်ရှာပါသေးတယ်၊ နင် - ဘယ်နားမှာ ပုန်းနေတာလဲ"

"ဪ - မစုလွင်က ကျွန်တော်တို့အိမ်အထာကို သိမှမသိဘဲ၊ အခန်းတအရှင်းကြီးဆိုတော့ မစုလွင်က ဘယ်သူမှ ပုန်းမရဘူးလို့ထင်ပြီး အသေအချာရှာဘဲ ပြန်ထွက်သွားလို့ ကျွန်တော် ပုန်းနေတာကို မြင်မသွားတာ၊ ကျွန်တော်က နံရံပေါ်က သစ်သားဘောင်ပေါ်တက်ပြီး အိမ်မြှောင်လို ကပ်နေတာလေ - ဟဲ - ဟဲ၊ အမှောင်ထဲမှာဆိုတော့ အမည်းကို တွေ့မသွားဘူးပေါ့ဗျာ၊ ဘာဆိုးချင်တော့ - မလတ် ပြန်ထွက်သွားလို့ နောက်ချင်ဇောနဲ့ ပြန်အဆင်းမှာ ခြေချော်ပြီး ပြုတ်ကျတော့တာပဲ - နာလိုက်တာ"

ထိုအခါမှပဲ မစုလွင်လည်း သူ အသေအချာမရှာခဲ့မိသည့်အဖြစ်ကိုတွေးကာ ပြုံးသွားတော့သည်၊ ပြောရလျှင် သူကိုယ်တိုင်လည်း တစ္ဆေသရဲ ခြောက်လှန့်လေသလားဟု နင်းဖြူကဲ့သို့ပင် ရှူးကြောင်ကြောင် တွေးမိခဲ့သေးသည်၊

"ကောင်စုတ်လေး - နင် စ.လို့ ငါ့မှာ နလုံးရောဂါ ရတော့မလားပဲ၊ နင့်ကို ဒေါ်ဒေါ်ပြန်လာရင် တိုင်ပြောရမယ်"

ကျွန်မက စောစောက ကြောက်ခဲ့သမျှအတွက် အရှက်ပြေ ပြောလိုက်ရသည်၊ အောင်အောင်ကတော့ သူ့ဝသီအတိုင်း စနောက်ပြီးလို့ ရန်တွေ့ခံရချင်လည်း လျှာလေးထုတ်ပြကာ အပြုံးမပျက်ချေ၊ ဒုပေနာဝပေဖြစ်သည်၊

ဘာပဲပြောပြော၊ ထိုနေ့ညသည် ကျွန်မအတွက်တော့ အမှတ်ရချင်စရာညတစ်ညပါပေ၊ ထိုသို့ အောင်အောင်၏ကျီစယ်ခြောက်လှန့်မှုကို ခံရပြီးကတည်းက အမှောင်ကိုတွေ့လျှင် ထိုအဖြစ်အပျက်လေးကို သတိရမိတာကြောင့် ယခုအခါ၌ ကျွန်မ အမှောင်ကိုမကြောက်တတ်တော့ပါ၊ တစ်ခါတစ်ရံ၌ အမှောင်၏နောက်တွင် ဟာသဆန်ဆန်ဖြစ်ရပ်ဆန်းတွေ ရှိနေတတ်သည် မဟုတ်ပါလား၊

စေတနာ ရှေ့ထားလျက်

➤ ဝါဦးနှင်းဆီ

www.burmeseclassic.com



မောင်မြတ်ဦး

# မတူညီ၏ကွဲပြားခြင်းနှစ်ခု ဆုံမှတ်

အမှောင်လောကနှင့်
အလင်းလောကကြားရှိ မတူညီသောဘဝနှစ်ခု
အားပြိုင်ရာမှ အမှောင်ထဲမှ ဖခင်တစ်ယောက်၏
ခံစားချက်၊ မေတ္တာတရားကို ဖတ်ရှုရမည့် ..

**မတူညီ** ကွဲပြားနေသည်ဆိုသော်လည်း ထိုမတူညီကွဲပြားမှုသည် ထာဝရ ချည်းပြိုင် မဟုတ်။

တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာတွင် "ဆုံမှတ်" တည်ရှိစမြဲ မှန်သည်။

ဝိုလ်ကြီးဖေယျနှင့်အင်ခွန်နော်တို့သည်အမြင်မတူ၊ သဘာဝမတူသူများ ဖြစ်သည်၊ အရှေ့နှင့် အနောက်၊ ဘယ်တော့မှ ဆုံမှတ်မရှိနိုင်ဟု ယူဆကြသည်။

သို့သော်၊ ထိုနှစ်ဦးသည် ဆုံမှတ်တစ်ခု၌ ဆုံကြသည့်အခါ ... ဆုံမှတ်တစ်ခုတွင် ဆုံကြပြီးသည့်နောက်တွင်မူ။

...၁...

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးဖေယျုဟု သူ့အား ခေါ်သော်လည်း သူသည် "ဗိုလ်အဆင့်သာ ရှိသူ"၊ တပ်စုမှူးတစ်ဦးဆိုသော် တပ်မတော်၏စဉ်လာအတိုင်း "ဗိုလ်ကြီး" ဟု ခေါ်ခြင်းဖြစ်သည်။

တစ်ခုရှိသည်က သူတို့တပ်စုတစ်ခုလုံးက ချစ်ခင်သည်။ တပ်စုတွင်သာမဟုတ်၊ တပ်ခွဲတစ်ခွဲလုံးကလည်း ချစ်သည်။ သူကလည်း ရဲဘော်တို့ကို ချစ်သည်၊ ရင်ဝယ်ထားသားနယ် ချစ်သည်၊

ပြီးတော့ - သူက စစ်မြေပြင်တွင်၊ စစ်ပွဲအတွင်း၌ ရန်သူကို မီးနယ် နေနယ်ကျင့်သူဖြစ်သော်လည်း စစ်ပွဲအပ၌ အမြဲတမ်း ရန်သူ၊ မိတ်ဆွေ မခွဲခြားပဲ ရေလိုလလိုကျင့်သူတည်း။

သူသည် အဝေးကိုငေးကြည့်ရင်း သက်ပြင်းချလိုက်သည်၊ ညကအဖြစ်ကို သူ မမေ့နိုင်၊ ညက သူတို့တပ်စု ရွာပျက်၌ စခန်းချသည်၊ တစ်ည နားသည်၊

ပြဿနာက ဒီမှာ စသည်၊

အိမ်ပျက်တွင် ရဲဘော်တွေ မအိပ်ရ၊ စောင်ခေါင်းမြီးခြုံပြီဆိုလျှင် စောင်ကို ဆတ်ခနဲ ဆွဲယူသည်၊ ပထမတစ်ဦးကိုတစ်ဦး နောက်နေဟန်ဟု ထင်သည်၊ တစ်ဦးနှင့်တစ်ဦး မယုံကြည်ကြ၊ နောက်နေ၊ ပြောင်နေသည်ဟု ထင်ခဲ့သည်၊

တကယ်တော့ မဟုတ်၊ ပရလောကသား၏နှောင့်ယှက်မှုမှန်းသိသွားသည်၊ ကင်းသမားတစ်ဦးကလည်း ပြောသည်၊

"မပြောချင်ပါဘူး - ဗိုလ်ကြီးရယ်၊ ကိုယ်တွေ့မဟုတ်ရင် ယုံစရာမရှိဘူး၊ တရုပ်ရုပ်နဲ့ လျှောက်လာတာ၊ ကျွန်တော့်နားရောက်တော့ ရပ်သွားတယ်"

ဒီအဖြစ်က ကင်းသမားတစ်ဦးတည်း ကြုံမည်မဟုတ်၊

ကင်းသမားတိုင်း ကြုံရသည်၊ ရဲဘော်တစ်ဦးတည်း မဟုတ်၊ ညကကင်းသမားတိုင်း ကြုံခဲ့ရသည်၊

ညက ဒီအကြောင်း ဘယ်သူမှ မပြောကြ၊

"မင်းတို့ ညကတည်းက ပြောရော့ပေါ့ကွာ" ဆိုတော့ -

"ညက ပြောလို့ဘယ်ဖြစ်မလဲ၊ ဒီအကြောင်း ဗိုလ်ကြီးသိရင် တစ်ညလုံး အိပ်မှာမဟုတ်ဘူး၊ ဒါကြောင့် - မပြောတာပါ - ဗိုလ်ကြီး"

ဟု ရှင်းပြသည်၊

သည်အကြောင်း သိတော့ သူ့ရဲဘော်တွေကို အနားပေးချင်သည်၊ တစ်ညလုံး ပရလောကနှိပ်စက်လို့ အိပ်ရမှာ မဟုတ်ဘူး၊ ခက်သည်က နားခွင့် မပေးနိုင်၊

ဒီညမတိုင်မီ ပွိုင့် (၄၂၀၀)အရောက် သွားရမည်၊ ပွိုင့်(၄၂၀၀)တွင်ရှိသည့် ကေအိုင်အေစခန်းကို မနက်မိုးသောက်ချိန်တွင် စခန်းသိမ်းတိုက်ပွဲဆင်နွှဲရမည်၊

ထို့ကြောင့် ဗိုလ်ကြီးဖေယျုက -

"မင်းတို့ ညက အိပ်ရေးပျက်ကြလို့ အနားပေးချင်တယ်၊ ဒါပေမဲ့ - ပေးလို့မရဘူး၊ ဒါကြေ. ၃် - တို့မနက်ပိုင်း ထမင်းစားချိန် ကင်းရှည်၊ ကင်းတိုသမားတလွဲလို့ ကျန်သူ အချိန်လု အနားယူကြမယ်၊ နားချိန်၊ အချိန် (၃)နာရီပေးမယ်၊ နံနက်(၁၁)နာရီမှာ ဂိုထွက်မယ်"

ဟု ပြောသည်၊ စာနာတတ်သည့် ဗိုလ်ကြီးအား ရဲဘော်တွေက ပို၍ကြည်ညိုကြသည်၊ လေးစားကြသည်၊ ဗိုလ်ကြီးစကားကို တစ်သဝေမတိမ်း သိုက်နာသည်၊

ကင်းတို ကင်းရှည်သမားမှအပ ကျန်ရဲဘော်များ အနားယူကြသည်၊ ပြီးလျှင် - နံနက်(၁၁)နာရီထိုးသည်နှင့် သူ ခရီးဆက်ကြသည်၊

...၁၄...

နံနက်(၁၁)တွင် ထွက်ခဲ့သည့် စစ်ကြောင်းသည် တစ်တောဝင် တစ်တောင်တက်နှင့် ညနေ(၅)နာရီ(၃၀)မိနစ်၌ ပွိုင့်(၄၂၀၀)တောင်ခြေနားသို့ ရောက်သည်၊ အလင်းရောင် အားမရှိတော့၊ ပွိုင့်(၄၂၀၀)တောင်ကုန်းသည် မြန်မာယ်ပိတ်ပေါင်း ထူပြောသည်၊ တောင်ခြေ၌ ခေတ္တနားပြီး မိုးချုပ်သည်နှင့် - စစ်ကြောင်း စ,ထွက်သည်၊ ညစာထမင်းပါ ချက်ပြီးသဖြင့် နားပြီးသည်

www.burmeseclassic.com

ညလှုပ်ရှားမှု စပြီ။

ညလှုပ်ရှားမှုသည် သတိထားရ၏။ ပွိုင့်(၄၂၀၀)တောင်ကုန်းပေါ်ရှိ စခန်းအား သိမ်းရန်ဖြစ်သဖြင့် ရန်သူ သတိမထားမိစေရန် လှုပ်ရှားရသည်။

တောင်ကမ်းပါးလမ်းသည် ချော်နေသဖြင့် သတိထားရသည်။ တစ်ဦးကိုတစ်ဦး အနီးကပ်ထိန်းချုပ်စနစ်ကျင့်သုံးရ၏။ အမှောင်ထဲ၌ ခရီးနှင်ရာတွင် တစ်ဦး၏ဦးထုပ်နောက်မှ အဖြူကွက်ကိုကြည့်ပြီး ခရီးနှင်ရသည်။

အဆင့်ဆင့် သတင်းပို့စနစ်ဖြင့် သတင်းပေး အချက်ပြရသည်။ နားလိုက်၊ ခရီးဆက်လိုက်နှင့် ချီတက်ရသည်။

ပွိုင့်(၄၂၀၀)တောင်ကုန်းစခန်းနှင့် မနီးမဝေးသို့ နံနက်(၃)နာရီအချိန်၌ ရောက်သည်။ ခေတ္တနားကြသည်။ နံနက် လင်းအရုဏ်တက်ချိန်၌ စခန်းသိမ်းတိုက်ပွဲဆင်ရန် အစီအစဉ်ရှိသည်။



၆၆

တောင်ကြောလမ်း
နားသို့အရောက်
မြင်ကွင်းတစ်ခုကို
မြင်လိုက်ရသည်။ သစ်ပင်တစ်ပင်
အောက်တွင် သွေးသံရဲရဲနှင့်
လဲကျနေသည့် မိန်းကလေးတစ်ဦး။
သူ့ရင်ခွင်မှာငိုနေသော
ကလေးငယ်။



စခန်းသိမ်းရမည်ဖြစ်သဖြင့် ခေတ္တနားကြသည်။

အချိန်တို့ တရွေ့ရွေ့ကုန်ခဲ့သည်။

အရုဏ်ကျင်း၍ အလင်းရောင် ကျူးဝင်စ။

တပ်မတော်မှ စခန်းသိမ်းတိုက်ပွဲ စသည်။

"ဒိုင်း - ဒိုင်း"

"ဒက် - ဒက်"

"ဝုန်း"

ပစ်ခတ်သံတွေ ဆူညံသွားသည်။ ရန်သူတို့ကို မမျှော်လင့်သည့်အချိန်၌ဝင်ရောက်ပစ်ခတ်သဖြင့် ရန်သူတို့ ဝရုန်းသုန်းကား ဖြစ်ကုန်သည်။

"တက်"

"ပစ်"

"ဒိုင်း - ဒိုင်း"

"ဒက် - ဒက်"

"အား - ဟင်း"

သေနတ်သံ၊ ညည်းညူသံတွေ ဆူညံနေ၏။ ပုံးဆန်ထိမှန်သဖြင့် ယာယီစခန်းတဲအချို့ မီးစွဲလောင်နေပြီ။ ထို့ကြောင့် ဝရုန်းသုန်းကား ပြေးလွှားနေသည့်မြင်ကွင်းတို့ကို မြင်ရသည်။

တပ်မတော်က ကျည်ကာယူပြီး ရှေ့သို့ တက်ခဲ့သည်။

"တောင်ကြောလမ်းထိ ရှင်းမယ် - တက်"

တပ်စိပ်မှူး၏အသံ။ ရဲဘော်များက အဟုန်ပြင်းစွာ စခန်းတွင်းသို့ ပြေးခဲ့သည်။ ရဲဘော်အချို့နှင့်အတူ ဗိုလ်ကြီးက တောင်ကြောလမ်းနားထိ တက်ရှင်းသည်။

တောင်ကြောလမ်းနားသို့အရောက် မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည်။ သစ်ပင်တစ်ပင်အောက်တွင် သွေးသံရဲရဲနှင့် လဲကျနေသည့် မိန်းကလေးတစ်ဦး။ သူ့ရင်ခွင်မှာငိုနေသော ကလေးငယ်။



www.burmeseclassic.com

www.burmeseclassic.com

"ရှေ့ဆက်နှင့် - ငါ အမျိုးသမီးနဲ့ ကလေးကို ကြည့်လိုက်မယ်"

ဗိုလ်ကြီးက အမိန့်ပေးပြီး သွေးအိုင်ထဲ၌ လဲကျနေသည့် အမျိုးသမီးနှင့် ငိုနေသော ကလေးငယ်နားသို့ ခပ်သွက်သွက်သွားသည်။

"အို"

ဗိုလ်ကြီးဇေယျ စိတ်မကောင်းဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးသည် အသက်မရှိတော့။ ဗိုလ်ကြီးဇေယျ ကလေးကို ပွေ့ချီလိုက်သည်။

"စခန်း ကွင်းရှင်း - ကင်းရှည် ထွက်"

တပ်မတော်က စခန်းကို သိမ်းလိုက်နိုင်ပြီ။

...၃၄...

စခန်းကို သိမ်းလိုက်နိုင်သလို အားလုံးကို သိရသည်။ သေဆုံးသွားသည့် အမျိုးသမီးက ကရင်လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်မှူးအင်ခွန်နော်၏ချစ်ဇနီး ဂျာလု ဖြစ်သည်။

ဗိုလ်မှူး အင်ခွန်နော်နှင့် ဇနီး ဂျာလုတို့ ဆုတ်ခွာရင်း ဂျာလု ကျည်ထိ ရခြင်းဖြစ်သည်။ ဗိုလ်ကြီးဇေယျ၏တပ်စုမှ တရကြမ်း ဝင်တိုက်သဖြင့် အိုင် ဒေအ တပ်သည် ဝရုန်းသုန်းကားဖြစ်ကာ ဂျာလုနှင့် အင်ခွန်နော် တွဲ ပုံရသည်။

အင်ခွန်နော်သည် ဇနီးသေဆုံးသွားသည်ကို သိမှ သိပါစ။ မျက်စိ နှင့် ကျန်ခဲ့သည့်ကလေး၏ အနာဂတ်ကိုတွေးရင်း ရင်လေးရသည်။ တ ကို ဥပက္ခာမပြုရက်။

ကလေး သေကံမရောက်၊ သက်မပျောက်သည်ကို အင်ခွန်နော် သိ မဟုတ်။ အကြောင်းကြားချင်သော်လည်း အကြောင်းမကြားနိုင်။ ထို့ကြော ဗိုလ်ကြီးဇေယျက ကလေးကို သူ ထိန်းသိမ်းရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် စစ်ဆင်ရေး မပြီးမီ သူ့တပ်ရင်းသို့ ပြန်ရသည်။ တပ်ရင်း ပြန်ရောက်လျှင် ကလေးအား အမွေစား၊ အမွေခံဖြင့် ဇနီးနှင့် တိုင်ပင်ကာ မွေးခဲ့သည်။

ကလေးက ငယ်သေးသဖြင့် ဖခင်ရင်း၊ မိခင်ရင်း ဟုတ်၊ မဟုတ်မသိ၊ ဗိုလ်ကြီးဇေယျနှင့် ဇနီးတို့က သွေးရင်းသားရင်းနှယ် ချစ်ခင်သကဲ့သို့ ကလေး ကလည်း မိခင်၊ ဖခင်ရင်းနှယ် ခင်တွယ်နေပြီ။

သူတို့ဘဝက ပျော်စရာ၊ ပြည့်စုံသည့်ဘဝ။

...၃၄...

ကလေးကို "နန်းရတီ" ဟု အမည်ပေးခဲ့သည်။ ကလေးကို မွေးကြိုထားနိုင် ပြီ။

ထိုစဉ် ဗိုလ်ကြီးဇေယျတို့ဇနီးမောင်နှံကြားသို့ သောကပင်လယ် ဝေ ည့် အဖြစ်အပျက်တစ်ခု ရောက်ရှိခဲ့သည်။ အခြားမှုမဟုတ်၊ တပ်ရင်း ဗိုလ်မှူးအင်ခွန်နော် ရောက်လာခဲ့သည်။

သတင်းအရ အလင်းဝင်ပြီး သမီးဖြစ်သူကို ပြန်ယူရန် ရောက်လာခြင်း သည်ဟု သိရင်း ဗိုလ်ကြီးဇေယျ တုန်လှုပ်သွားသည်။

"အင်ခွန်နော် - သူ့သမီး လိုချင်လို့ ရောက်လာတာလား။ ဒါ - ဘယ်လို မလဲ၊ ဒီကိစ္စက မဖြောင်းသာတဲ့ကိစ္စပဲ၊ ဒါ - ဘာလုပ်ရမလဲ"

သူ့အတွေးနှင့် စဉ်းစားမိသည်။

ဤကဲ့သို့ပင် စခန်းသိမ်းတိုက်ပွဲ၌ တပ်မတော်၏ထိုးစစ်ကြောင့် ဝရုန်း ကား ဆုတ်ပြေးရသဖြင့် ဇနီးနှင့်သမီးက တစ်လမ်း၊ သူက တစ်လမ်း သွားခဲ့သည်။ ထိုတိုက်ပွဲ၌ ဇနီးဖြစ်သူ ကျဆုံးသွားကြောင်း ကျန်ရစ်သော သမီးကိုမူ တပ်မတော်စစ်ကြောင်းမှ ဗိုလ်ကြီးတစ်ဦးမှ ခေါ်ယူသွား ကြောင်း သိရသည်။

လောလောဆယ်မူ သမီးကို မည်သို့ဆက်သွယ်ရမည်မသိ၊ သမီး ည်း လှမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အင်ခွန်နော်သည် ယုံကြည်ချက်ကြောင့် ဤဘဝသို့ ရောက်ခဲ့သော်လည်း ဖနီးဆုံး၊ သမီးနှင့် ရှင်ကွဲ,ကွဲသည့်အခြေအနေနှင့် ကြုံရသောအခါ စိတ်ဓာတ်တွေ ပျက်ပြားခဲ့သည်။

ထို့အတူ ဗမာစစ်သားတစ်ဦးက ခေါ်ယူသွားသည့်အတွက် သမီးအတွက် ပူပန်ရပြန်သည်။ ထို့ကြောင့် သုံးနှစ်ခန့်အကြာတွင် အင်ခွန်နော်ယုံကြည်ချက်ကို ကျောခိုင်းရန် ဆုံးဖြတ်ပြီး အလင်းဝင်ခဲ့သည်။

ဗိုလ်ကြီးဖေယျနှင့် တွေ့နိုင်ရန် ကြိုးစားခဲ့သည်။ ယခု ဗိုလ်ကြီးဖေယျနှင့် တွေ့ရပြီ။

အလျင်ကမူ အင်ခွန်နော်ရင်ထဲ၌ ဗိုလ်ကြီးဖေယျသည် ဗမာတစ်ဦးဖြစ်သည်၊ အကြောင်းကြောင်းကြောင့် မိမိသမီးကို မွေးစားခဲ့သော်လည်း သားသမီးလို အမှန်တကယ်ချစ်မည်ဟု မထင်ခဲ့။

သို့သော် တပ်သို့ ရောက်ပြီး ကြားရသည့်သတင်းကြောင့် သူ့ရင်ထဲ တစ်မျိုးဖြစ်သွားသည်၊ ဗိုလ်ကြီးဖေယျတွင် သမီးတစ်ဦးရှိသော်လည်း မိမိသမီးလို့လည်း သမီးရင်းနှယ် ချစ်ကြောင်း၊ နှစ်ဦးစလုံး မှုကြိုထားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထားတော့ - ဗိုလ်ကြီးဖေယျနှင့် တွေ့ပြီ။

"ကျွန်တော်အင်ခွန်နော်ပါ - ဗိုလ်မှူးအင်ခွန်နော်ဆိုပါတော့။ ကျွန်တော်အခု ဘာကြောင့် ဗိုလ်ကြီးဆီ ရောက်လာတယ်ဆိုတာ ဗိုလ်ကြီး သိလောက်ပါပြီနော်"

ဟု ပြောတော့ သူ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဟုတ်ကဲ့ - သိပါတယ် - ဗိုလ်မှူး၊ နန်းရတီကိုတွေ့ဖို့လာတာမဟုတ်လား"

ဟု ပြောသည်။

"ဟုတ်ကဲ့ - ပြောရရင် တွေ့ဖို့ဆိုတာနဲ့ မလုံလောက်ပါဘူး - ဗိုလ်ကြီး ပြည့်ပြည့်စုံစုံပြောရရင် ကျွန်တော့်သမီးကို ကျွန်တော့်ရင်ခွင်ထဲမှာ ပြန်ထားဖို့ပါ"



"ဒါဟာ - ဖြစ်သင့်တဲ့ကိစ္စပါ - ဗိုလ်မှူး၊ ဒါပေမဲ့ - ကျွန်တော့်အတွက် ကြေကွဲစရာအဖြစ်ဖြစ်မှာပါ။ ဝမ်းနဲ့မလွယ်ခဲ့လို့သာ မပတ်သတ်ဘူးလို့ ပြောရင် ပြောနိုင်ပေမယ့် သံယောဇဉ်အမျှင်ကြိုးကတော့ ကျွန်တော့်နှလုံးသားမှာ ရစ်နှယ်နေပြီဆိုတာ ဗိုလ်မှူး ယုံပါ။ ဒါကြောင့် - သမီးနန်းရတီကို ကျွန်တော့် အမွေစား၊ အမွေခံသမီးအဖြစ် တရားဝင်မွေးစားပြီးပြီမို့ ကျွန်တော်ပေးနိုင်ဘူးလို့ ဖခင်ရင်းဖြစ်တဲ့ ဗိုလ်မှူးကို ကျွန်တော် ပစ်ပစ်ခါခါ မပြောရက်ပါဘူး၊ ဒါပေမဲ့ - သမီးနန်းရတီကို ပေးလိုက်ရရင် ကျွန်တော်တို့ဖနီးမောင်နှံရင်ထဲက နှစ်မြှာအသည်းကို တစ်ခြမ်းပဲ့ပေးလိုက်ရမှာ အမှန်ပဲဆိုတော့ ပြောပါရစေ"

ညှိုးငယ်နေသော ဗိုလ်ကြီးဖေယျနှင့် ကြေကွဲဖွယ် ခံစားချက်စကားသံကို ကြားရတော့ ဗိုလ်မှူး အင်ခွန်နော်ကိုယ်တိုင် စိတ်မကောင်း။ အပေါ်စီးယူတတ်သည့် မြန်မာစစ်ဗိုလ်တစ်ဦးဟု မပြောရက်ပြီ၊

သူ သက်ပြင်းချလိုက်၏။

...၁၄...

ဗမာစစ်ဗိုလ်၊ ဗိုလ်ကြီးဖေယျနှင့် ကေအိုင်အေဗိုလ်မှူးဟောင်း အင်ခွန်နော်တို့နှစ်ဦးသည် အဝေးကို ငေးမောကြည့်ရင်း ကျောက်ရုပ်လို ရပ်နေကြသည်၊

ထိုစဉ် တပ်ရင်းကျောင်းကြိုကား သူတို့နှင့် မနီးမဝေး၌ ရပ်လာ၏၊ ကားမှ ချစ်စဖွယ်ကလေးငယ်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဆင်းလာသည်၊

"ဖေဖေ - ဖေဖေ"

ချစ်စဖွယ်ကလေးမလေးနှစ်ဦး ဗိုလ်ကြီးဖေယျထံသို့ အပြေးရောက်လာသည်၊ ဗိုလ်ကြီးဖေယျက "သမီး - သမီး" ဟု တုံ့ပြန်ပြီး ကြင်နာစွာ ပွေ့ချီလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်နှစ်ဦးအနက် တစ်ဦးတွင် စပယ်တင်မှဲ့ကလေး ရှိသဖြင့် မိမိသမီးဟု သိလိုက်သော်လည်း ကလေးမကလေးကမူ ဗိုလ်မှူးအင်ခွန်နော်အား ဖခင်မှန်းမသိ၊

"ဖေဖေ - ဒီဦးက ဘယ်သူလဲ ဟင်"

ငေးကြည့်နေသော ဗိုလ်မှူးအင်ခွန်နော်အား ကြည့်ကာ "နန်းရတီ" က မေးလိုက်သည်၊ ဗိုလ်ကြီးဖေယျက "သမီးနန်း - သူက" ဟု ဆိုစဉ် ဗိုလ်မှူးအင်ခွန်နော်က -

"နေပါစေ - ဗိုလ်ကြီး - မပြောပါနဲ့"

ဟု ပြောသဖြင့် ဗိုလ်ကြီးဖေယျ အံ့ဩသွားသည်၊ ဗိုလ်မှူးအင်ခွန်နော်က -

"ဦးက မင်းဖေဖေရဲ့မိတ်ဆွေပါ၊ သမီးက သမီးဖေဖေကို ချစ်လား"

ဟု မေးလိုက်သည်၊

"ချစ်ပါတယ် ရှင့်"

ဟု နန်းရတီက ပြောသည်၊ ဗိုလ်ကြီးအင်ခွန်ခနော်က နှုတ်ခမ်းကွန်ရုံပြုံးလိုက်သည်၊ ပြီး - ဗိုလ်ကြီးဖေယျဇနီးအား ကြည့်ပြီး "ညီမကြီး - ကလေးတွေကို ခေါ်ရင် ခေါ်သွားပါ" ဟု ပြောသည်၊ ဗိုလ်ကြီးကတော်က -

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ"

ဟု ပြောပြီး - "သမီးတို့ ကော်ဖီသောက်ဖို့ သွားစို့" ဟု ပြောပြီး ကလေးနှစ်ဦးလက်ကို ဆွဲလိုက်သည်၊ နန်းရတီက မိခင်လက်ကို ဆွဲပြီး "ဖေဖေရော လာလေ" ဟု ပြောသည်၊

"သမီးတို့ စားနှင့်ပါ၊ ဖေဖေ - လိုက်ခဲ့မယ်"

"ဒါဆို - သမီးတို့ သွားပြီနော်"

တို့နောက် ညီမနှစ်ဦး လက်တွဲပြီး ပြေးသွား၏၊ ဗိုလ်မှူးအင်ခွန်နော်သည် ကြည့်ရင်း သက်ပြင်းချလိုက်၏၊ ပြီးမှ "သမီးကလေးကို မြင်လိုက်ရတော့ သူ့အမေ ဂျာလုကို ပြေးသတိရသလို ဗိုလ်ကြီးကိုလည်း အရမ်းလေးစားသွားမိပါတယ်" ဟု ပြောသည်၊



"ခင်ဗျာ"

ဗိုလ်ကြီးဖေယျ အံ့ဩသွားသည်၊ ဗိုလ်မှူးအင်ခွန်နော်က ပြုံး၍ဗိုလ်ကြီးဖေယျလက်ကို ဆုပ်ကိုင်လိုက်သည်၊

"ဟုတ်တယ် - ဗိုလ်ကြီး၊ ကျွန်တော် - ဒီကိုရောက်လာတာ သမီးကိုတွေ့ဖို့၊ ခေါ်ဖို့ပါ၊ ပြီးတော့ - သမီးကို ဒီလိုအခြေအနေမျိုးနဲ့ တွေ့ရလိမ့်မယ်လို့လည်း မထင်ဘူး၊ ခုလိုအခြေအနေမျိုးနဲ့ မြင်လိုက်ရတော့ ဝမ်းသာရသလို ဗိုလ်ကြီးတို့ဇနီးမောင်နှံကိုလည်း လေးစားသွားမိတယ်၊ ဗိုလ်ကြီးတို့ဟာ ခမ္တာရှင်တွေပါ၊ သမီးဘဝကို အလင်းရောင်တွေ ပေးနေတယ်ဆိုတာလည်း ယုံသွားတယ်၊ ဒါကြောင့် - ကျွန်တော်ဟာ ဖခင်တစ်ဦးအနေနဲ့ သမီးဘဝကို အမှောင်ထဲ ဆွဲမသွင်းချင်တော့ဘူး၊ အဲဒီလိုပဲ ဗိုလ်ကြီးတို့ဇနီးမောင်နှံ ရင်ကိုလည်း ကျွန်တော် မခွဲချင်ဘူး"

"ခင်ဗျာ"

"ဟုတ်တယ် - ဗိုလ်ကြီး၊ ရှင်းရှင်းပြောရရင် ကျွန်တော်ဟာ သမီးကိုခေါ်နိုင်လာခဲ့ပေမယ့် အခု မခေါ်ရက်တော့ဘူး၊ ဖခင်တိုင်းဟာ သားသမီးအနာဂတ်ကို အလှဆင်ဖို့ ကြိုးစားနေတာပါ၊ အခု - သမီးရဲ့အနာဂတ်မှာ အလင်းရောင်တွေ ရှိနေပြီမို့ ကျွန်တော် အမှောင်မချချင်ဘူး - ဗိုလ်ကြီး၊ ကျွန်တော် သမီးကို ခေါ်မသွားတော့ပါဘူး၊ သမီးအနာဂတ်ဟာ ဗိုလ်ကြီးတို့ဇနီးမောင်နှံရဲ့ အရိပ်အောက်မှာ ရှင်သန်နေတာ ကျွန်တော်သိသွားပြီမို့ ကျွန်တော် မိုက်မဲမှုအတွက် မဆန်ချင်တော့ပါဘူး၊ ခုအချိန်မှာ သမီးဟာ ဗိုလ်ကြီးတို့ဇနီးမောင်နှံကို အဖေ၊ အမေလို့ ထင်နေတာကို ကျွန်တော် မဖျက်ချင်တော့ပါဘူး၊ သို့သော် တစ်ခုတော့ သတိကမ္ဘာတည်သရွေ့ တည်ပါစေ၊ သမီးကို "ဒီမှာ သမီး - သမီး - သမီး၊ အဖေရင်းဟာ အဖေပါ၊ ဗိုလ်ကြီးတို့ဟာ မိဘရင်း မဟုတ်ပါဘူး" လို့ မပြောစေတော့ပါဘူး၊ ကျွန်တော် ကျေနပ်ပါတယ်၊ ကျွန်တော် သွားမယ် - ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဗိုလ်ကြီးအင်ခွန်နော်က ရင်ထဲရှိသမျှပြောပြီး ဗိုလ်ကြီးဇေယျ၏ လက်ကိုတင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။ ပြီးနောက် - ဗိုလ်မှူးအင်ခွန်နော် ရှာခန် လှည့်ကာ ထွက်သွားသည်။

ဗိုလ်ကြီးဇေယျ ကျောက်ရုပ်လို။

စင်စစ်မူ မတူညီ ကွဲပြားနေသူနှစ်ဦး ဆုံမှတ်တစ်ခု၌ ဆုံတွေ့ခဲ့ပြီး မေတ္တာတရားနှင့် ငြိမ်းချမ်းသွားခဲ့ပြီ မဟုတ်လား။

➤ အောင်မြတ်ဦး

**စာမူရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

## စားဒကာရာဖြင့် သေဆုံးသွားသော
## လူသတ်မှုတစ်ခုအတွက် စာအသွားအလာများက
## မည်သို့မည်ပုံ သက်သေဖြစ်ရမည်ကို ..

**မြို့နယ်ဆရားရုံး**တွင် တရားသူကြီး ဦးဗဓုဋ္ဌထံသို့ ဦးထိန်အောင် ရုတ်တရက် သေဆုံးမှုတွင်သက်သေခံပစ္စည်းအဖြစ် သက်သေခံစာများကို တင်ပြထားသည်။

သက်သေခံစာ (၁)

မိုးပုလဲရိပ်သာ

ဦးလှမောင်ရှင့်

ကျွန်မ၏ယောက်ျားက တရေးနိုင်း၍ အကြောင်းကြား ရေးပို့လိုက်ရပါသည်။ သူက ရှင့်ကို နက်ဖြန် တိုက်ခန်းအရောင်းအဝယ်ကိစ္စအတွက် တရှောင်တတမ်းများကို တစ်ပါတည်းယူဆောင်လာနိုင်းပါသည်။ လောလောဆယ်မှာ သူဖျားနေသောကြောင့် ရှင်နှင့်အတူ အိမ်အရောင်းအဝယ်ကိစ္စ မသွားရောက်နိုင်ပါသဖြင့် အိမ်သို့ဝင်လာရန် တရေးနိုင်းခြင်းဖြစ်ပါသည်။

သင်၏မိတ်ဆွေ

ဂျူးဂျူးလှိုင်



သက်သေခံစာ (၂)

မိုးပုလဲရိပ်သာ

ဦးလှမောင်ရှင့်

ကျွန်မ ယောက်ျားက ရှင်ဆောင်ရွက်ပြီးသည့်ကိစ္စကို သိချင်၍ အိမ်ကို လာခဲ့ပါဦးတဲ့။ အိမ်အရောင်းအဝယ်ကိစ္စ အဆင်ပြေ၊မပြေကို သိလိုပါသဖြင့် ရှင့်ကို အကျိုးအကြောင်းလာပြီး ပြောပါရန် တရေးနိုင်းခြင်းဖြစ်ပါသည်။

သင်၏မိတ်ဆွေ

ဂျူးဂျူးလှိုင်

...✓...

သက်သေခံစာ (၃)

မိုးပုလဲရိပ်သာ

ဦးလှမောင်ရှင့်

ခုရေးလိုက်တဲ့စာက ကျွန်မ ယောက်ျားက ရေးနိုင်း၍ ရေးခြင်းမဟုတ်ပါ။ ကျွန်မရဲ့ကိုယ်ရေးကိုယ်တာကိစ္စ တိုင်ပင်စရာရှိ၍ ဖြစ်ပါတယ်။ ကျွန်မအခုလို ဘာကြောင့် ရေးရလည်းဆိုတာ ရှင်လည်းသိမှာပါ။ မနေ့က ကျွန်မတို့အိမ်မှာ လင်မယားချင်း စကားများနေတုန်း ရှင်ရောက်လာခဲ့တာနဲ့တိုးလို့ အမြင်မတော်၍ ရှင်က ကျွန်မဘက်မှ ကာကွယ်ပြောဆိုခဲ့တာ မှန်ပေမယ့် ဒီလို ဝင်မပြောသင့်ဘူးလေ။

ကျွန်မတို့ လင်မယားက ဒီလိုပဲ အမြဲတမ်း စကားများ ရန်ဖြစ်နေကြပါတယ်။ ဒါပေမဲ့ - မနေ့ကတော့ ခါတိုင်းလို မဟုတ်ပဲ တော်တော်ပြင်းပြင်းထန်ထန်အခြေအတင် စကားများခိုက်ရန်ဖြစ်ပွားခဲ့ကြတာပဲ။

ရှင်က သူ့အလုပ်မှာနိုင်းထားတဲ့ ကိုယ်စားလှယ်ဆိုတော့ သူ့ကို ဝင်ပြီး ဘာလန်ကဆန်ပြောတော့ ဘယ်ကြိုက်ချင်ပါ့မလဲ။ ကျွန်မတောင် အံ့ဩသွားမိတယ်၊ ရှင်က ကျွန်မကို ငဲ့ညှာပြီး ကြားက ဝင်ပြောလိုက်တော့ သူ့ဒေါ်

www.burmeseclassic.com

တော် ဒေါသဖြစ်သွားတယ်။ ရှင့်ကို အလုပ်ဖြုတ်လိုက်မလားတောင် ကျွန်မ ဖြင့် စိုးရိမ်သွားမိတယ်။ ရှင်ကလည်း ဘုမသိဘမသိ ဝင်မပြောသင့်ဘူး။ ကျွန်မကတော့ သူ့ဒဏ်ခံနေရတာ ရိုးနေပြီ။

ကျွန်မကလည်း ရှင့်ဘက်က ပူပန်မိနေတယ်။ နောက်ဆို ကျွန်မတို့ စကားများရန်ဖြစ်နေရင် ဝင်မပါနဲ့နော်။ ရှင်က ကျွန်မထက် (၂)နှစ်လောက်ပဲ ပိုကြီးတော့ မိချောင်းမင်း ရေခင်းပြသလိုဖြစ်နေတယ်။ မှတ်ထားနော်။ ရှင် ခုလိုမျိုး ဝင်မပါစေချင်လို့ သတိပေးထားရတာ သိပ်စိတ်ပူတာပဲ။

သင်၏ရင်းနှီးသောမိတ်ဆွေ

ဂျူးဂျူးလှိုင်

…/…

သက်သေခံစာ (၄)

မိုးပုလဲရိပ်သာ

ဦးလှမောင်ရေ

ရှင် ကျွန်မဆီကို ပို့လိုက်တဲ့ စာကိုဖတ်ရပါတယ်။ ကျွန်မဆီကို စာမရေး နဲ့နော်။ အဲဒီစာကို သူမြင်သွားခဲ့ရင် မိုးမီးလောင်သွားမယ်။ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်မတို့အပေါ် အထင်လွဲသွားလိမ့်မယ်။ ခုတောင် ကျွန်မ စာဖတ် နေတုန်း သူ အိမ်ပြန်လာတာနဲ့ ကြုံကြိုက်နေလို့ မနည်းဖုက်ထားရတယ်။

ရှင့်စာက မိတ်ဆွေအချင်းချင်း ရေးတဲ့စာဖြစ်ပေမယ့် သူ့ကိုတော့ ပေး ဖတ်လို့ မဖြစ်ဘူး။ သူက သိပ်သဝန်တိုတတ်တဲ့လူကြီး။ ကျွန်မကို မသင်္ကာ သလိုလို မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်နေပြီး တောင်မေးမြောက်မေး လုပ် နေသေးတယ်ဆရာ။

ရှင့်ဆီက စာမှန်းသိသွားရင် ရှင့်ကို ဘာဖြစ်လို့ သူ့မိန်းမဆီကို စာရေး ခဲ့ရတာလည်းဆိုပြီး ဒေါ်ပွနေဦးမယ်။ သူက စိတ်ဆတ်တယ်။ စိတ်တိုတတ် တယ်။ ရှင် သူရောင်းခိုင်းထားတဲ့ တိုက်ခန်းကိစ္စ အဆင်ပြေအောင် လုပ်ပေး



လိုက်ဦးနော်။ ရှင်က အိမ်ပွဲစားတွေထဲမှာ ထက်ထက်မြက်မြက်နဲ့ သွက်သွက် လက်လက်ရှိတယ်လို့ ထမင်းဝိုင်းမှာ တစ်ခါတလေ ချီးကျူးပြောနေခဲ့သေး တယ်။

ရှင်ရေးလိုက်တဲ့ စာနဲ့ပတ်သက်ပြီး ပြောရဦးမယ်။ ကျွန်မဆီကို နောက် ထပ် စာမရေးရဘူးနော်။ ပြောသာပြောရတယ် စိတ်မကောင်းပါဘူးရှင့်။ ရှင့်ကို စာမရေးပါနဲ့လို့ ခုလို တားရတာ ရှင်လည်း သိမှာပါ။ ကျွန်မ ရှင့်စာကို လက်ထဲမှာ သိမ်းမထားရဲလို့ မီးရှို့ပစ်လိုက်ပြီ။ ကျွန်မကို စိတ်မဆိုးပါနဲ့နော်။ တောင်းပန်ပါတယ်။

သင်၏

ဂျူးဂျူးလှိုင်

…/…

သက်သေခံစာ (၅)

မိုးပုလဲရိပ်သာ

အစ်ကိုလှမောင်

ရှင်လည်း ပြန်သွားရော ကျွန်မလည်း စာရေးချင်စိတ်ပေါက်လာတာနဲ့ တကောက်ရေးတာပဲ။ ရှင် မနေ့တုန်းက အိမ်ကိုလာတာများ အိမ်ကလူကြီး သိသွားရင် အရမ်းစိုးရိမ်လိုက်ရတာ အမောပဲ။ နောက် အဲလို အိမ်ကို မလာခဲ့ နဲ့နော်ရှင်။

ရှင်ကတော့ လမ်းကြုံတုန်း ဝင်လာတယ်ပဲပြောပြော၊ အဲဒီလိုမျိုး အခွင့် အရေးတော့ မကြုံစေပါနဲ့နော်။ သူသာ သိသွားလို့ကတော့ ကျွန်မကို သတ် မှာသိလား။ ကျွန်မဖြင့်တွေးပြီး ရင်တွေ တုန်လိုက်တာ။

ရှင်လာတာကို ဝမ်းလည်းသာတယ်။ ဝမ်းလည်းမသာဘူး။ ရှင်လာတဲ့ အချိန်တုန်းက အိမ်မှာ ဘယ်သူမှမရှိပဲ ကျွန်မတစ်ယောက်တည်းရှိနေသေး ပျင်းပျင်းနဲ့ အိပ်နေခဲ့တာလေ။ အပြင်က တံခါးခေါက်သံကြားလို့ ထသွား

www.burmeseclassic.com

www.burmeseclassic.com

ညှေ့သည်များ လာတာလည်းဆိုပြီး အိပ်ရာက တံခါးဖွင့်ကြည့်တော့မှ ရှင်ဖြစ်နေတယ်၊

ရှင် ခုလို အချိန်မှာ ရောက်လာခဲ့တာ ကျွန်မ အရမ်းဝမ်းသာသွားတာပဲ၊ ဒါပေမဲ့ စိတ်ထဲကတော့ ခပ်ကြောက်ကြောက်ရယ်၊ ရှင်က အိမ်အရောင်းအဝယ်ကိစ္စလုပ်ရင်း လမ်းကြုံလို့ ဝင်လာတာဆိုပေမယ့် သူမရှိတုန်း ရှင်လာသွားတာ မကောင်းပါဘူး၊ ဘာဖြစ်လို့လည်း ဆိုတော့ ရှင်လည်း သိပါတယ်နော်၊ ရှင့်ကို မလာပါနဲ့လို့ ပြောသာပြောရတယ် ရှင်လည်း သိမှာပါ၊

ရှင်ရေ... ကျွန်မအတွက်ရှင်က ဘာဖြစ်လို့များစိတ်ပူပန်နေရတာလည်း သူက အသက်ကြီးနေပေမယ့် ကျွန်မနဲ့ ပေါင်းသင်းလာတာ ငါးနှစ်လောက်ရှိနေပြီ၊ ကျွန်မဘဝက ငွေကြေးချမ်းသာတဲ့ မုဆိုးဖိုကြီးကို လက်ထပ်ပေါင်းသင်းနေရတာ၊ ရှင်က သူစိမ်းပဲ၊

ဘာဖြစ်လို့ ကျွန်မကို စိုးရိမ်နေရမလဲ၊ ရှင်က သူ့ကိုသွားပြီး ပြဿနာမရှာပါနဲ့နော်၊ ရှင်ပဲ အလုပ်ပြုတ်သွားပြီး ဒုက္ခရောက်နေမယ်၊ ကဲ ... စာရေးရတာ ရှည်သွားပြီ တော်ကြာ သူ့အလုပ်က ပြန်လာတော့မှာဆိုတော့ ရေမိုးချိုးဖီးလိမ်းပြီး စောင့်ကြိုနေရဦးမယ်၊

ရှင် မနေ့က ရုံးကို အချိန်မီပြန်ရောက်သွားရဲ့လား၊ ရှင့်ကို နိုင်းလိုက်တာ ဘယ်လျှောက်ဝင်နေလို့နောက်ကျရတာလည်းဆိုပြီး ဆူပူကြိမ်းမောင်းနေဦးမယ်၊ ရှင် ဝင်သွားတဲ့နေရာသာ သိသွားလို့ကတော့ ပြဿနာအကြီးအကျယ်တက်တော့မှာပဲ၊ ရှင့်ဆီက အခြေအနေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူးဆိုမှပဲ ကျွန်မ သက်ပြင်းချနိုင်တော့တယ်၊

သင်၏

ချူးချူးလှိုင်

... ...



သက်သေခံစာ (၆)

မိုးပုလဲရိပ်သာ

ကိုကိုမောင်

ကိုကို နောက်ထပ်မလာရင် ကောင်းမယ်နော်၊ မလာပါနဲ့လို့ ပြောပေါင်းလည်း များနေပြီ၊ ဒါလည်း ရောက်လာတာပဲ၊ ဒီတစ်ခါတော့ အတည်ပြောတာပါနော်၊ ကိုကို ဒီကိုလာလာနေတာ ကျွန်မအိမ်က လူကြီးမိသွားမှာ သိပ်စိုးရိမ်တာပဲကွယ်၊ ဒါပေမဲ့ - ဒီပြင်အကြောင်းကလည်း ရှိသေးတယ်လေ၊

ကျွန်မတို့ ဇာတ်လမ်းကို ဒီမှာပဲ တစ်ခန်းရပ်ကြရင် ကောင်းမယ်နော်၊ ဒီနေ့ကစပြီး တစ်ယောက်နဲ့တစ်ယောက် မတွေ့ဆုံကြပဲ နေကြရအောင်ကွယ်၊ ကျွန်မကို မေ့ပစ်လိုက်ပါတော့ ကိုကိုရယ်၊ ကိုကိုက ကျွန်မထက် အသက်နှစ်နှစ်ပဲ ကြီးတာ ဆင်ခြင်စဉ်းစားသင့်ပါတယ်၊

ကိုကို့ အသက်ကို သိနေလို့ အံ့ဩနေလား၊ အိမ်က လူကြီးက ကိုကို့ အသက်ကို ပြောပြထားလို့ သိနေတာပေါ့၊ ကိုကိုဟာ ကျွန်မထက် နှစ်နှစ်လောက်ကြီးတယ်၊ သူနဲ့က ဆယ့်ငါးနှစ်လောက် ငယ်တယ်လို့ ပြောထားတာ သိနေတာပေါ့၊ ကိုကိုက အခု သုံးဆယ်ကျော်နေပြီ၊ ကျွန်မက သုံးဆယ်လောက်ပဲ ရှိသေးတာ၊ ခန့်မှန်း မိတာပေါ့၊


ကိုကိုက အိမ်ထောင်သာမရှိသေးတာ အတွေ့အကြုံကတော့ တော်တော်ရှိပြီး ဝါရင့်နေတယ်နော်၊ ကိုကို အဲလိုလာလာဆိုးနေတာနဲ့ ကျွန်မလည်း သိပ်အနေခက်တာပဲ၊ ကျွန်မကို မေ့ပစ်လိုက်ပါ ကိုကိုရယ်၊ ကျွန်မရဲ့ အနမ်းတွေပေါ့၊ ကျွန်မကတော့ ကိုကို့ကို သတိရတိုင်း လွမ်းတိုင်း ကိုကို့ ဓာတ်ပုံလွှာကိုပဲ တရေးရေးမြင်ယောင်နေတော့တာပဲ၊

ဪ ... ပြောရဦးမယ်ကိုကို၊ အိမ်က ဘိုးတော်ကြီးက နက်ဖြန် သူ့ အတိဆွေမျိုးတွေဆီ ခရီးသွားစရာရှိတယ်တဲ့၊ သူမြို့ကို တစ်ညအိပ်လောက်သွားမှာဆိုတော့ ဟိုမှာ အဲ့ထွေအထူးကိစ္စရှိလို့ နေမှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com

**66** ပထမဆုံး မနေ့က ခင် ကိုကို့ကို ပြောပြလိုက်တဲ့ အစီအစဉ်တွေကို ဒီစာရေးပြီး အတည်ပြုချင်လို့ပါ။ ခင်တော့ အိမ်ကလူကြီးကို ဘယ်လိုလုပ် စွန့်ခွာထွက်သွားရက်ပါ့မလဲ။ ခင့်အတွက် တစ်နေ့တစ်လုံး ရွှေဥ ဥပေးနေတဲ့ငန်းကြီးကို တစ်မနက်နဲ့ သတ်စားပစ်လို့ မဖြစ်သေးဘူးလေ။



ဒီတော့ ကိုကိုလာချင်လာခဲ့ဦးလေ၊ အိမ်မှာပဲ ထမင်းစားသွားနော်။ ကျွန်မ ချက်ပြုတ်စီမံပေးထားမယ်လေ၊ အဲဒီတော့မှ အေးအေးဆေးဆေး စကားတွေ ပြောဆိုကြရင်း တွေ့ကြတာပေါ့။ လာဖြစ်အောင်တော့ လာခဲ့ရ မယ်နော်၊ ကိုကို့ကို ကျွန်မ လက်ရာ ရှယ်ချက်ကျွေးချင်လို့ပါ၊ ကိုကိုက တစ်ကိုယ်တည်းသမားဆိုတော့ ဆိုင်က ထမင်းဟင်းပဲ နေ့စဉ် စားနေရတာ ကျွန်မ ချက်ကျွေးတဲ့ ထမင်းဟင်းစားပြီး လျှာလည်သွားမှာ မြင်ယောင်သေး တယ်၊ ကျွန်မ အစ်ကို့ကို အကြိုက်ပြုစုပါ့မယ်။



ကိုကို တစ်ယောက်တည်း ဒုက္ခရောက်နေတာ မကြည့်ရက်ပါဘူး ကွယ်၊ ကျွန်မတို့ နှစ်ယောက်ရဲ့ နှုတ်ဆက်ခွဲခွာခြင်း အထိမ်းအမှတ်ပွဲလေး ပေါ့၊ နှုတ်မဆက်ခင် သုစရိပ်မြုံလေးမှာ အတူတူနဲ့ ပျော်လိုက်ကြရအောင် လောပဲ မနေနဲ့နော် ဒါပဲ။

သင့်ထာဝရ

ဂျူးဂျူးလှိုင်

…/…

**သက်သေခံစာ (၇)**

မိုးပုလဲရိပ်သာ

အချစ်ဆုံးကိုကို

ကိုကိုရယ် . . . ခင်တော့ အရမ်းချစ်မိနေပြီ၊ အိမ်က လူကြီး မနေ့က ဘက်ပြန်ရောက်လာတယ်၊ ဘာရည်ရွယ်ချက်နဲ့လည်း မသိဘူးဆရာ၊ မြန်မှာ ငှက်ကြီးတောင်မားတစ်ချောင်းပါလာတယ်၊ သူ့အဘိုး အမွေပေး ခဲ့တဲ့ နယ်ချဲ့တော်လှန်ရေးမှာ သုံးစွဲခဲ့တဲ့ သမိုင်းဝင်မားကြီးလို့ ပြော ယ်၊ အိမ်ရှေ့ဧည့်ခန်းထဲမှာ အမှတ်တရ ချိတ်ဆွဲထားချင်လို့ ယူလာခဲ့ တဲ့။

ခုလည်း သူ ညနေတိုင်း သွားသောက်နေကျ အရက်ဆိုင်ကို ထွက်သွား န်း ဒီစာကို ရေးလိုက်ရတာပဲ၊ အချစ်ဆုံး ကိုကိုရေ – သိပ်ချစ်မိနေတာပဲ ဒီနေ့ ဘာဖြစ်မှန်းကို မသိဘူးကွယ်၊ ကိုကို့ကို သိပ်ချစ်တာပဲဆိုတဲ့ စကား တွေပဲ တဖွဖွ ရွတ်ဆိုနေမိတယ် သိလား။

မနေ့က ကိုကိုနဲ့ ခင်တို့ အချစ်ကြမ်းပုံမျိုးတော့ သိပ်ရင်ခုန်မိတာပဲ ကွယ်၊ ကိုကိုလူဆိုးနော်၊ နောက်ကို အဲလိုမျိုးထပ်မဆိုးရဘူး – ဆရာ သေချာချာ မှတ်ထားနော်၊ မနေ့က သူ့စားဖို့လည်း ချက်ရပြုတ်ရတာ

www.burmeseclassic.com

တစ်မျိုး၊ သူက နောက်ကနေ ကလေးဆိုးကြီးလိုပဲ လာရှုပ်နေတာ၊ သိပ်ကဲ တာပဲကွယ်၊

သူ့အယုအယ အကြင်နာတွေအောက်မှာ မိန်းမောနစ်မျောနေမိတာ ကံကောင်းလို့ ချက်ထားတဲ့ ဝက်သားဟင်းတူးတော့မလို့ ကံကောင်းသွားတယ်၊ နောက် အဲဒီလိုဆိုးနေပုံမျိုးတော့ ကြောက်တယ်ဆရာ၊ ခင် ဖြင့် အသည်းတုန်၊ အူတုန်လို့ အရုက်သည်းမိတယ်၊ အချစ်လဲ သည်းမိတယ်၊

ဒါပေမဲ့ ကိုကို့ကို အရင်ထက် ပိုတောင်ချစ်အားပိုသွားမိတယ်၊ ကိုကိုက ခင့်ကို အကြွေပန်းမိုး ရန်ပြယ်ရိုန်ကျရင် စွန့်ပစ်သွားမှာကိုပဲ စိုးရိမ်နေမိတယ်၊ မနေ့က ကိုကိုနဲ့တွေ့ရင်ပြောချင်နေတဲ့စကားတွေကို အကုန်မပြောဖြစ်ခဲ့ဘူး၊ သူ့ဆိုးနွဲ့နေတာနဲ့ပဲ လိုက်လိုက်ဖို့ မောသွားတာပဲ၊ မနေ့က ရုံးကို တန်းတန်း မတ်မတ်ပြန်ရဲလား၊ ကိုကိုနော် - ကွယ်ရာမှာ ခြေမများရဘူးနော်၊

သင့်ထာဝစဉ်

ဂျူးဂျူးလှိုင်

. . . / . . .

### သက်သေ၁စာ (၁)

မိုးပုလဲရိပ်သာ

အချစ်ကိုကိုရေ

ခုရေးတဲ့စာကို သေသေချာချာ ဖတ်ပြီး စိတ်ကို ဆုံးဖြတ်ချက်ပေးနိုင် အောင် ပြင်ဆင်ထားနော်၊ ဒီစကားကို ပြောပြချင်နေတာ ကြာပြီ၊ ကိုကို့ ရဲ့တိုင်းကိုကို ဆိုးနေတာနဲ့ ပြောရမယ့်အကြောင်းအရာမရောက်ပဲ ဦးတည် ချက် ပျောက်ပျောက်သွားတယ်၊

ဒီလိုပါ ကိုကိုရယ် . . .

ပထမဆုံး မနေ့က ခင် ကိုကို့ကို ပြောပြလိုက်တဲ့ အစီအစဉ်တွေကို စာရေးပြီး အတည်ပြုချင်လို့ပါ၊ ခင်တော့ အိမ်ကလူကြီးကို ဘယ်လိုသာ စွန့်ခွာထွက်သွားရက်ပါ့မလဲ၊ ခင့်အတွက် တစ်နေ့တစ်လုံး ရွှေဥဥပေးနေ ငန်းကြီးကို တစ်မနက်နဲ့ သတ်စားပစ်လို့ မဖြစ်သေးဘူးလေ၊

ကိုကိုနဲ့ အတူနိုးရာလိုက်ခဲ့ဖို့ ပြောပေမယ့် ဘယ်လိုလုပ် ဖြစ်နိုင်မှာ လည်းကွယ့်၊ ခင့်ကို နိုးပြေးပါပြီတဲ့၊ ဟိုက မကျေနပ်လို့ မယားခိုးမှုနဲ့ တရား စွဲရင် ကိုကိုပဲ ထောင်ကျသွားမယ်၊

အဲဒါဆို ကိုကိုလည်း ဘဝပျက်မယ်၊ ခင်နဲ့ ကိုကိုတို့ရဲ့ ချစ်ခရီးလမ်း လည်း မဖြောင့်ဖြူးမသာယာနိုင်တော့ဘူး၊ ခင်နဲ့ ကိုကို အတူတူနေကြရ အောင်ဆိုတာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်ဆိုသလိုပဲ၊ သိပ် အကြံရခက်တာပဲကွယ်၊ ဒီလိုပဲ မြွေမသေ တုတ်မကျိုးဘဝနဲ့ပဲ ရေစုန်မျော နေမယ်နဲ့တူပါတယ်၊

ဒီကြားထဲ ကံကြမ္မာက ချက်နာသာပေးလာရင်လည်း တစ်မျိုးတစ်ဖ ပြောင်းလဲချင်ပြောင်းလဲသွားမှာပေါ့၊ ခင်ကတော့ကိုကို့လိုရုပ်ချောချော၊ ကိုယ် နေဟန်က အမျိုးကျသူကိုမှ တပ်မက်တာပေါ့၊ အိမ်က သက်ကြားအိုကြီးက တော့ အဖေနဲ့ သမီးအရွယ်ဆိုတော့ ဘယ်ရေ့သွားနောက်လိုက်ညီပါ့မလဲ ဘွယ်၊

ခုတော့ ခင်တို့ ဘဝတွေက ဆိုးလိုက်တာ နီးလိုလျက်နဲ့ ဝေးနေရတယ်၊ ခင့်မှာ ညစဉ်ညတိုင်း ဘေးနားက တခေါခေါ အိပ်နေတဲ့ ဘိုးတော်ကြီးကို ကြည့်ပြီး မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို အဖြစ်မျိုးကြုံနေရပြီ၊ လိုချိန်မှာ သဏ္ဌာလီစက်ရာခန်းမှာ တစ်အိပ်ရာထဲအိပ်ပြီး တစ်နာရီပဲ ချစ်ရ ချစ်ရ ကိုကိုနဲ့ပဲ နေလိုက်ချင်တယ်၊ ကိုကို - ခင် ပေးထားတဲ့ စာတွေကို သိမ်း ထားနဲ့၊ မီးရှို့ပစ်နော်၊

ကိုကိုရေ . . . တစ်နေ့တော့ အတူတူနေရမယ့်ဘဝမျိုး ရောက်အောင် ဆောင့်မျှော်နေရင်း ရွှေရင်မောနေပြီကွယ်၊ ကိုကို့ကို အနမ်းများစွာ ပေးလိုက် ယ်၊

ကိုကို့ထာဝစဉ်ချစ်သူ

ဂျူးဂျူးလှိုင်

. . . / . . .





www.burmeseclassic.com

www.burmeseclassic.com

## သက်သေခံစာ (၉)

မိုးပုလဲရိပ်သာ

အချစ်ကိုရေ

မနေ့က ဘိုးတော်ကြီးဆီက သတင်းထူးတစ်ခုရတယ်၊ ကိုကိုသိလား၊ သူ့အမျိုးတွေ ရွာမှာ အလှူရှိလို့ သွားရဦးမယ်ဆိုပြီး ခင့်ကိုပြောနေတယ်၊ ကဲ... ဘယ်လိုလည်း ကိုကိုကော ဝမ်းမသာဘူးလား၊ အဲဒီအခါမှာ လာခဲ့ဦးနော်၊ ခင်လေ တစ်နေ့လုံး တွေးပြီး စိတ်ထဲမှာ ကြိတ်ဝမ်းသာနေခဲ့တာ မျက်နှာပြင်တစ်ခုလုံး ပြုံးယောင်သမ်းနေတော့တာပဲ၊

ကိုကိုနဲ့ တွေ့ဆုံနိုင်ဖို့ ကံကြမ္မာက ဖန်လာပုံဆန်းတာကို တွေးမိတိုင်း အရမ်းပျော်တာပဲ၊ ကိုကို့ရဲ့ကြင်နာတဲ့ အယုအယ၊ အတွေ့အထိနဲ့ အနမ်းတွေ ရှာတဲ့အခါတိုင်း ရင်ထဲမှာ လှိုက်ဖိုမောသွားအောင် ခံစားခဲ့ရတာတွေ ကိုကို့ရဲ့ ကလူကျီစယ်ဟန်တွေဟာ မျက်လုံးထဲက ထွက်ကိုမထွက်နိုင်တော့ဘူး၊

ခင့်ဘဝမှာ ဆာလောင်မွတ်သိပ်လွန်းနေတဲ့ အာသီသတွေကို အပြည့်အဝ စွမ်းဆောင်ပေးနိုင်လို့ ကိုကို့ကို ခင် သိပ်ကျေးဇူးတင်နေရတာပဲ၊ ကိုကိုက အကြင်နာတရားရှိပေမယ့် အိမ်က လူကြီးက သဝန်တိုရက်စက်လွန်းတယ်၊ ဆိုးလိုက်တာကလည်း တာတေလန်နေတာပဲ၊ ခင့်အပေါ် အလိုတော့တိုင်း ပြဿနာရှာနှိပ်စက် ညှဉ်းပန်းနေတော့ ခင်လေ အဝေးကိုပဲ ထွက်ပြေးချင်တော့တယ်၊

ဒါပေမဲ့ - ကိုကို့ကို ခွဲပြီး မသွားနိုင်တော့ သူ ညှဉ်းပန်းနှိပ်စက်သမျှ သည်းခံစိတ်မွေးပြီး အောင့်အည်းနေရတာယ်၊ ခင့်ကံကိုက ဆိုးတာပါနော်၊ စောစောကသာ ကိုကိုနဲ့ ဆုံတွေ့မိကြရရင် ဘယ်လောက်ကောင်းလိုက်မလဲ၊

ကိုကိုက ဒေါသပေါက်ကွဲလွယ်တဲ့ လူစားမျိုး၊ ခင်က ခွဲကြရအောင်လို့ တမင်စိတ်စမ်းချင်လို့ ပြောတိုင်း ဒေါသတကြီးနဲ့ လက်မခံဘူးချည်း ဖွတ်ပြေး



နေတာပဲ၊ ကိုကိုက ဒေါသကြီးတတ်သလို ချစ်တဲ့စိတ်ကလည်း သိပ်ပြင်းထန်လွန်းတယ်ကွယ်၊ သိပ်ကြမ်းတာပဲနော်၊ သွား... ကိုကို လူဆိုး၊

ကိုကိုကသာ ဘာမှ တွယ်တာမက်မောမနေနဲ့ အမြန်ပြေးလာခဲ့ပါလို့ ပြောနေပေမယ့် မဖြစ်နိုင်သေးဘူး ကိုကိုရယ်၊ ခင်တို့နှစ်ယောက်အတွက် တစ်အိုးတစ်အိမ် ထူထောင်နိုင်ဖို့ ဘယ်မှာလည်း လုံလောက်တဲ့ ငွေကြေး၊ ကိုကိုဆိုတာကလည်း ပွဲဖြစ်မှ ငွေပေါ်ရမယ့် အိမ်ပွဲစားဆိုတော့ ငွေကြေး အခက်အခဲက တူနှစ်ကိုယ် နိုးနိုင်ဖို့ တွေးလေ ဝေးလေဖြစ်နေတယ်၊

ကိုကိုကသာ ဘာမှ မပူနဲ့ ဆိုပေမယ့် မိန်းမသားဆိုတာ ရှေ့ရေးကိုပဲ တွေးပူနေရတဲ့သူတွေဆိုတော့ စဉ်းစားဆင်ခြင်နေရသေးတယ်ကိုကို၊ ဘုန်နှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ ချစ်တာပဲစာနလို့ ဆိုပေမယ့် တကယ့် လက်တွေ့ဘဝမှာတော့ မလွယ်ဘူး၊ ငွေရှိမှလည်း အရာရာ ပြီးမြောက်နိုင်မှာလေ၊

ကဲ - ကိုကိုရေ - စာလည်း ရှည်သွားပြီ အိပ်တော့နော်၊ ကိုကိုသာ စိတ်ရှည်ရှည်နဲ့ ခင့်ကို သတိရစောင့်မျှော်နေပါ၊ ခင်လည်း ကိုကို့ကို သတိရနေမယ်နော်၊

အချစ်ကြီးနေတဲ့

ဂျူးဂျူးလှိုင်

...//...

## သက်သေခံစာ (၁၀)

မိုးပုလဲရိပ်သာ

အချစ်ဆုံးကိုရေ

ဒီလိုပဲ နေသွားရတော့မှာလား ခင်ရယ်လို့ တဖွဖွမေးလာနေတော့ ဘယ်လိုလုပ်ကြမလဲကွယ်၊ ခင်နဲ့ ကိုကိုတို့ နှစ်ယောက်ရဲ့ မပြည့်စုံတဲ့ ဘဝမှာ ဒီလိုပဲ ရေစုန်မျောနေရုံကလွဲလို့ ဘာများတတ်နိုင်ပါမလဲ၊

www.burmeseclassic.com

www.burmeseclassic.com

ခင်လေတစ်ခါတစ်ခါစိတ်ထဲမှာမကြံကောင်းမစည်ရာတွေကိုတောတော သွားတွေးမိတယ်၊ ကိုကိုသိလား၊ ဟိုအိမ်ရှေ့ညှော်ခန်းက နံရံမှာ အိမ်က လူကြီး အလှချိတ်ထားတဲ့ ဓားရှည်ကြီးနဲ့ တစ်ခါတည်း ခုတ်ပိုင်းပစ်လိုက်ရ ကောင်းမလားလို့ စိတ်ကူးပေါက်မိသေးတယ်၊

ဒါပေမဲ့ – စိတ်ထဲမှာသာ ရှိတာပါ၊ တကယ့်လက်တွေ့ကျ မလုပ်ရဲဘူး၊ မလုပ်ရက်ဘူးဖြစ်နေတယ်၊ သူဟာ ငါ့ဘဝကို ကယ်တင်စောင့်ရှောက်ပေး ခဲ့တဲ့ ကျေးဇူးရှင်ကြီးပါလားဆိုပြီး ကျေးဇူးတင်စိတ်နဲ့ ဖြေသိမ့်နေမိတယ်၊

ကိုကို့လို လူလုံးလူဇန် ကောင်းပြီး ကိုယ်ကာယထွားကျိုင်းသူဆိုတော့ ယောကျ်ားချင်း ရင်ဘောင်တန်းယှဉ်လို့ရနိုင်ပေမယ့် ခင်က မိန်းမသားဆို တော့ အားချင်းမမျှဘူး ဖြစ်နေတယ်၊ ဒါကြောင့် ဘယ်လိုများ လုပ်ရပါ့မလဲ ဆိုပြီး အမျိုးမျိုး ကြံစည်စိတ်ကူးကြည့်ပေမယ့် အကြံရကြပ်လိုက်တာ၊ စိတ် ညစ်တယ်၊

သူက ဒေါသတကြီးနဲ့ ခင့်အပေါ် မကျေနပ်လို့ ကိုယ်ထိလက်ရောက် စော်ကားလာရင်တော့ ဒီတစ်ခါဖြစ်ချင်ရာဖြစ် လုပ်ပစ်မယ်လို့ ဆုံးဖြတ် ထားတယ်၊ အိမ်ရှေ့နံရံက ငှက်ကြီးတောင်ဓားကြီး ဖြုတ်ပြီး အသေခုတ် သတ်မိလိမ့်မယ်၊ အဲဒီလောက်ထိ စိတ်ထဲမှာ ညစ်နေလို့ ခံပြင်းမိတယ်၊

ကိုကို – ခင်ပေးထားတဲ့ စာတွေကော မီးရှို့ပစ်လိုက်ပြီးပြီလား၊ ကိုကို့ကို စိတ်မချနိုင်လို့ သတိပေးနေရတာလည်း အကြိမ်ပေါင်း မနည်းတော့ဘူး နော်၊ ကိုကိုနဲ့ တွေ့တုန်း မေးမယ်မေးမယ်နဲ့ မမေးဖြစ်လိုက်ဘူး၊

ကိုကိုကတော့ ဘာမှမပူနဲ့ ကိုကို့တာဝန်ထားလို့သာပြောနေတယ်၊ ကိုကိုနဲ့ တွေ့ပြီဆိုပြောရမယ့် စကားတွေက ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားကုန်ရော၊ ကိုကိုက လူတွေ့တာနဲ့ ကိုကို့ဆန္ဒတွေ ဖြည့်ဆည်းရဖို့ ဖို့ပဲ အာရုံရောက်နေတော့ ခင့်မှာ ပါးစပ်ထဲ အာစေးထည့်ထားမိသလို ဖြစ် သွားရော၊



အော် . . . ဒါနဲ့ ကိုကို . . .

ခင်ပေးထားတဲ့ စာတွေကို သိမ်းဆည်းမထားနဲ့နော်၊ မီးရှို့ဖျောက်ပစ် လိုက်ပါ၊ တော်ကြာ ဒီသက်သေခံစာတွေကို တစ်ယောက်ယောက်မြင်သွား ရင် သက်သေခံပစ္စည်းဖြစ်သွားမယ်၊ . .

ကိုကို – ခင်မှာတာကို မမေ့နဲ့နော်၊ ခင့်စာတွေကို ချက်ချင်းမီးရှို့ဖျောက် ဖျက်ပစ်လိုက်ပါနော်၊ ကဲ – ကိုကိုရေ – စာရေးရတာလည်း ရှည်သွားပြီ ခင်မှာ တာတွေကို မမေ့နဲ့နော်၊

အချစ်များစွာဖြင့်

ဂျူးဂျူးလှိုင်

. . . / . . .

သက်သေခံစာ (၁၁)

မိုးပုလဲရိပ်သာ

အချစ်ဆုံးကိုကိုရေ –

ခင်မှာထားတဲ့အတိုင်း မလွဲမမှားအောင် သေသေချာချာ လုပ်နော်၊ ခင်ဟာ အိမ်ထဲကနေ ကမ္ဘာ့ရှူးထိုး ကြောက်ကြောက်လန့်လန့်နဲ့ ထွက်လာရ တော့ ကိုကို့ကို သေချာမမှာဖြစ်ခဲ့ဘူး၊ ပြီးတော့ ကိုကို့အနေနဲ့ အကုန်လုံး သိထားစရာမလိုဘူး၊ လက်စ လက်န မကျန်ခဲ့အောင် လုပ်ဖို့ပဲ၊

အိမ်ကို ဘယ်လိုရောက်လာလည်းလို့ သက်ဆိုင်ရာက စစ်မေးရင် ကိုကို့ အလုပ်ရှင်က ခေါ်လို့ အိမ်အရောင်းအဝယ် စာချုပ်ကိစ္စနဲ့ လာဖူးတယ်လို့ပဲ ပြောနော်၊ ကျန်တဲ့အပိုင်းကို ခင်လုပ်တာလို့ ထွက်ဆိုပေးမယ်၊

ခုလိုဖြစ်သွားတာ မတော်တဆဖြစ်သွားတာပါလို့ သက်ဆိုင်ရာကို တည်တည်နဲ့ ပြောမယ်၊ သူက ငှက်ကြီးတောင်ဓားကို သံချေးတက်နေ

www.burmeseclassic.com

www.burmeseclassic.com

တာ တိုက်ရှုတ်မလို့ နံရံပေါ်ကနေ ဖြုတ်ယူနိုင်းတာ ဖြုတ်ယူနေတုန်း လက်ထဲကနေ လွတ်ကျသွားပြီး အောက်ကလူ ရင်ဝထိုးမိသွားတာပါလို့ ပြောပြလိုက်မှာပေါ့။

အဲဒီအချိန်မှာ ခင်က အပြင်ဘက် ထွက်သွားရာက အိမ်ထဲကို ပြန်လာတုန်း ရင်ဝမှာ ဓားကြီးတန်းလန်းစိုက်ဝင်ပြီး သေနေတာကို မြင်လို့ ပတ်ဝန်းကျင်ကို ကြောက်ကြောက်လန့်လန့် အော်ဟစ်အကူအညီတောင်း ဟန်ဆောင်မယ်။ ခင်တော့ မကြောက်ပါဘူး ကိုကိုရယ်။

အိမ်ထဲ ဝင်လာတုန်း ဧည့်ခန်းထဲမှာ ဓားတန်းလန်း စိုက်ဝင်သေနေတဲ့ အဖိုးကြီးရဲ့အလောင်းကိုမြင်ရတာ မျက်လုံးကြီးပြူးထွက်လို့ပါးစပ်ကလည်း တစ်စုံတစ်ရာ အကူအညီတောင်းနေဟန် ပါးစပ်ကြီး ဟစိဟစိဖြစ်နေတာကို သွေးအိုင်ထဲမှာ လဲကျနေတဲ့ပုံကိုမြင်ပြီး မကြောက်ပါဘူး။

အားလုံးကိစ္စတွေ ပြေငြိမ်းသွားတဲ့အချိန်အခါမှ ခင်နဲ့ကိုကိုတို့ နှစ်ယောက်အတူတူပေါင်းဖက်ကြတာပေါ့နော်၊ ဒါကလည်း ကိုကိုက ခင့်အပေါ် တကယ်နှစ်နှစ်ကာကာ ချစ်နေတုန်းဆိုဟုတ်တာပေါ့၊ တော်ကြာ အစာငဲ့ ဒှာနပြန်ချင်တဲ့လူဆိုရင်တော့လည်း ခင့်ထိုက်နဲ့ ခင့်ကံပဲပေါ့၊

ကိုကိုရေ - ခုလို လုပ်ပေးလိုက်လို့ ဝမ်းမနည်းပါဘူး၊ ခင်တို့ ဘဝ အကာအရံ အနှောင့်အယှက်အဖျက်အဆီးတစ်ခုကို ဖယ်ရှားပစ်နိုင်လို့ ဝမ်းတောင်သာသေးတယ်၊

ကိုကို့ကို ဒီအတွက် အရမ်းကျေးဇူးတင်လွန်းလို့ စိတ်မဆိုးပါဘူး လား၊ ခင့်အပေါ် အမြဲတမ်း အနိုင်ကျင့် နိပ်စက်နေတဲ့ရန်က မီးငြိမ်းသွား ဝမ်းတောင်သာနေတယ်၊ ကိုကို ခုလို စွမ်းဆောင်ပေးနိုင်ခဲ့လို့ ကိုကို့ကိုလည်း အရမ်းချစ်သွားပြီကွယ်၊

ကဲ…ဘယ်လိုလည်း ကိုကို…

ခုတော့ အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်မှာ တူနှစ်ကိုယ် လွတ်လပ်လပ် ချစ်ဖျူဟာ ခင်းလို့ ရသွားပြီမဟုတ်လား၊ ကိုကို မပျော်ဘူး



ကွယ်၊ ခင်တော့ အရမ်းပျော်နေတာပဲ၊ ကိုကို အမြန်ဆုံးလာခဲ့ပါ၊ ခင်မျှော်နေမယ်နော်၊

ထာဝရချစ်မြင်းများစွာဖြင့်
ဂျူးဂျူးလှိုင်

…/…

## မှတ်ချက်

ဂျူးဂျူးလှိုင်၏ အမျိုးသားဦးထိန်အောင် ဓားဒဏ်ရာဖြင့် ရုတ်တရက်သေဆုံးမှုအတွက် သက်သေခံစာရွက်စာတမ်း (၁၁)စောင် အပြည့်အစုံ (မှုရင်း) ဗျာပုံမြို့နယ် တရားသူကြီး ဥက္ကဋ္ဌ တင်ပြထားချက် အပြည့်အစုံဖြစ်သည်၊

➤ စိုးဇေ

www.burmeseclassic.com



တေပေဆိုးသွမ်းသော
လူငယ်လေးတစ်ယောက် အရာရှိဖြစ်သွားပုံ၊
ကံကြမ္မာဖန်လာပုံကို စိတ်ဝင်စားဖွယ်
ဖတ်ရှုရမည့် ..

**လွန်ခဲ့သည်** နှစ်ပေါင်း (၃၀) ကျော်အချိန်က ဖြစ်ပါသည်၊ ကျွန်တော်သည် ဟံသာဝတီ အနောက်ခြမ်း မုတ်ကျွန်းတိုက်နယ်ရှိ ရွာကလေးတစ်ရွာတွင် မူလတန်း ကျောင်းအုပ်တာဝန် ထမ်းဆောင်နေစဉ်ကာလ ဖြစ်သည်၊

မူလတန်းကျောင်းကလေးဆိုသော်လည်း ပတ်ဝန်းကျင် ဒေသအနီးအနားမှ လာရောက် ကျောင်းတက်ကြသော ကျောင်းသူကျောင်းသားမှာ (၂၀၀)နီးပါးရှိသည်၊ ဆရာအင်အားမှာ ကျွန်တော်နှင့် လက်ထောက်ဆရာ တစ်ဦး၊ ပေါင်း နှစ်ဦးသာရှိသည်၊ တော်ပါသေးသည်၊ ဘဲအုပ်က တစ်ရာ၊ နှစ်ရာ၊ မဖေဒါက တစ်ပင်တည်းမဟုတ်ဘဲ နှစ်ပင်ဖြစ်နေသောကြောင့် ဖြစ်ပါသည်၊

ကျွန်တော်နှင့်လက်ထောက်ဆရာကလေးတို့နှစ်ဦးသားကျောင်းတွင် နေထိုင်ကြပြီး ကိုယ်တိုင်ချက်ပြုတ်စားသောက်ကြသည်၊ ရွာလူကြီးများက သူတို့၏ နေအိမ်များတွင် နေထိုင်ရန်ပြောသော်လည်း လူငယ်များပီပီ လွတ်လွတ်လပ်လပ်နေလို၍ ကျောင်းတွင် နေထိုင်ကြပါသည်၊ ထိုအေသ

www.burmeseclassic.com

သည် ရန်ကုန်မြစ်နှင့် မနီးမဝေးတွင် တည်ရှိသောကြောင့် သား ငါး ပုစွန် အလွန်ပေါသည့်အတွက် စားသောက်ရေး အဆင်ပြေလှသည်။

ထိုရွာကလေးသည် သွားရေး၊ လာရေး လွန်စွာ ခက်ခဲလှသည်။ လကုန် လစာထုတ်ရန်လည်းကောင်း၊ မိမိရပ်ရွာသို့ သွားလိုလျှင်လည်းကောင်း ရန်ကုန်မြို့သို့ သင်္ဘော၊ စက်လှေများဖြင့် သွားပြီး ရန်ကုန်မြို့မှတစ်ဆင့် မိမိ သွားလိုရာသို့ သွားရသည်အထိ ဆက်သွယ်ရေး ခက်ခဲလှသည်။ (ယခု အချိန်တွင် ဒလ - လက်ခုပ်ကုန်းကားလမ်း ဖောက်ထားပြီဖြစ်၍ လိုရာဒေသ သို့ လွယ်ကူစွာ သွားလာနိုင်ပြီ ဖြစ်သည်။

ကျွန်တော်တို့ ဆရာနှစ်ဦးမှာ ရွာကျောင်းကလေးတွင် ကျရာတာဝန် ထမ်းဆောင်ရင်း နေလာခဲ့ကြသည်မှာ နှစ်ရာသီပင် ကျော်လာခဲ့ပြီဖြစ် သည်။ ရွာကလေးတွင် ပျော်ရွှင်နေကြပြီး ရွာ၏ မြစ်တစ်ဖက်ကမ်းတွင် (မနတ်)စေတီတော်ကြီးရှိ၍ အားလျှင် သွားရောက်ဖူးမြော်ကြသည်။

မနတ်စေတီတော်ကြီးကလည်း ထိုဒေသတွင် နာမည်ကြီးစေတီကြီး ဖြစ်သည်။ နှစ်စဉ် တန်ခူးလဆန်း(၈)ရက်မှ လပြည့်အထိ ဘုရားပွဲ ကျင်းပ ကြသည်။ ဘုရားပွဲတွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဆပ်ကပ် စသော ကြည့်ရှုပွဲများ အပြင် ပြိုင်ပွဲ၊ မြင်းပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသဖြင့် အလွန်စည်ကား လှသည်။ ဈေးဆိုင်တန်းများဖြင့် တည်ခင်းရောင်းချသည့် ပစ္စည်းမျိုးစုံတို့ လည်း မီးဖိုချောင်သုံးမှသည် အိမ်သုံး၊ လယ်သုံး၊ လှသုံး စသည်ဖြင့် လိုအပ် သည့် ပစ္စည်း မရှ၊ မရှိသည်အထိ စုံလင်လှသည်။

တစ်နယ်လုံးကလည်း ထိုဘုရားပွဲကို အားခဲထားကြသည်။ ပွဲတော် ရက်ရောက်လျှင် လှည်းများ၊ လှေများ၊ သမ္ဗန်များ၊ သင်္ဘောများ၊ စက်လှေ များဖြင့် လာရောက်ကြသည်မှာ ခြိမ့်ခြိမ့်သဲမျှ စည်းကားလှသည်။

ကျွန်တော်တို့လည်း ဘုရားပွဲတော်ကို တစ်ခါမျှ မကြုံကြိုက်သေး၍ ဒီနှစ်တွင် ဘုရားပွဲကို ဆင်နွှဲရန် ပြင်ဆင်နေကြသည်။ ကျောင်းပိတ်သော် လည်းမပြန်ဖြစ်ကြသေးဘဲ ကျောင်းသားမိဘများ၊ ဧည့်သည်များနှင့် ရွာနီးချုပ်စပ်



သို့ လိုက်လည်ရင်းဖြင့် ပွဲတော်ရက်ကို စောင့်နေကြသည်။ လတ်ထောတ် ဆရာလေးကို မြင့်ထွေးကလည်း သူပါနေမည်ဆိုပြီး ရန်ကုန်ကို မပြန်သေး ဘဲ ဘုရားပွဲကို စောင့်နေကြသည်။

တစ်နေ့နံက် ကျွန်တော်တို့နှစ်ယောက် ကျောင်းပေါ်တွင် ထိုင်၍ စကား ပြောနေကြစဉ် ကိုစိုးလေးက -

"ဆရာကြီး - ဆရာကြီးကို တွေ့ချင်လို့တဲ့ - လူတစ်ယောက် ကျွန်တော် ခေါ်လာတယ်"

"ခေါ်ခဲ့လေ - ကိုစိုးလေး"

"ကဲ - လာ - လာ - ဦးလေး - ကျောင်းပေါ်တက်"

ကိုစိုးလေးနှင့်ပါလာသော လူငယ်ကို ကျွန်တော် မြင်လိုက်တော့ စိတ် ထဲတွင် ဇဝေဇဝါဖြစ်သွားသည်။ ဒီမျက်နှာကို ရင်းရင်းနှီးနှီးလည်း မြင်ဖူး နေသည်။

"ဆရာကြီး - ကျွန်တော့်ကို မမှတ်မိဘူးလား"

"နေဦးကွ - ငါ နာမည်ဖော်လို့ မရသေးဘူး။ ရင်းရင်းနှီးနှီးတော့ သိနေ တယ်"

"ညွန့်ဦးလေ - ဆရာ"

"ညွန့်ဦး ..."

"ညွန့်ဦးဆိုရင် ဆရာကြီး - ကောင်းကောင်းမသိဘူး။ မြွေပွေးလေ - ဆရာကြီး"

"ဟာ - မြွေပွေး။ ဟုတ်ပြီ - ဟေ့ကောင် - ငါမှတ်မိပြီ၊ ကော့မှူးမြို့မပိုင်း ကဟုတ်လား"

"ဟုတ်ပါတယ် - ဆရာကြီးသိတဲ့ မြွေပွေးပါ"

သူ့ကို ညွန့်ဦးဆိုလျှင် လူတွေက သိပ်မသိကြ၊ မြွေပွေးဆိုမှ သိကြ သည်။ ကျွန်တော်တို့ဒေသတွင် ထိုအချိန်က ကြွက်လေး၊ မြွေပွေး၊ ငါးဖယ် ကျော်၊ အောင်သာဆိုသူတို့မှာ အလွန်နာမည်ကြီးကြသည့် အခြေး

www.burmeseclassic.com

ကိစ္စမဟုတ်၊ ဘောလီဘော ကြေးစားကစားသူများ ဖြစ်သည်။ ထိုအချိန်က ဘောလီဘော ကြေးစားကစားခြင်းသည် တစ်နယ်လုံးတွင် ခေတ်စားကြသည်။

သူတို့ထဲမှ ကြွက်ကလေးဆိုသူမှာ ထိုအချိန်က မြန်မာ့လက်ရွေးစင် ဘောလီဘောသမားများကို တစ်ဦးချင်း စိန်ခေါ်၍ အနိုင်ကစားခဲ့သူဖြစ်သည်။ မြေပွေးမှာ ကြွက်ကလေးလောက် နာမည်မကြီးသော်လည်း ကြွက်ကလေးနီးပါး တော်သူဖြစ်သည်။ သူတို့မှာ ဘောလီဘောကစားရာတွင် လက်ဖြင့် တောက်ခြင်း၊ ဆားဖစ်ထိုးခြင်း၊ ဆယ်မခြင်းတို့၌ အလွန်တော်သူများ ဖြစ်ကြသည်။

ထိုသူများထက် ယခု ကျွန်တော့်ထံ ရောက်လာသော ညွန့်ဦးခေါ် မြေပွေးက တစ်ခုပိုသာသည်။ မြန်မာ့လက်ဝှေ့ကို ကောင်းကောင်းထိုးတတ်ခြင်းဖြစ်သည်။ ကျွန်တော်တို့နယ်နှင့် တွံတေးဒေသတို့တွင် ပြုလုပ်သော လက်ဝှေ့ပွဲများ၌ မကြာခဏ တက်ထိုးနေသူဖြစ်သည်။

"ကဲ - မြေပွေး - ငါတို့ဆီကို ဘာကိစ္စနဲ့ လာတာလဲ"

"ကျွန်တော် အိမ်မှာ မနေချင်လို့ ထွက်လာရင်း ခနတ်ဘုရားပွဲ ရှိတယ်ဆိုလို့လာတာ၊ ပြီးတော့ ဆရာကြီးတို့လည်း ဒီရွာမှာ ရှိတယ်ဆိုတာ ကြားလို့ ဆရာကြီး၊ သူငယ်ချင်းတွေက ပြောလိုက်လို့ပါ"

"အေး - အေး - ငါတို့လည်း ဘုရားပွဲပြီးတဲ့အထိ ဒီမှာရှိနေမှာပါ၊ ငါတို့နဲ့ လောလောဆယ်နေပေါ့"

"ဟုတ်ကဲ့ပါ - ဆရာကြီး"

"မင်း - ထမင်းစားပြီးပြီလား"

"မစားရသေးဘူး - ဆရာကြီး"

"ကဲ - ဆရာလေး - ထည့်ကျွေးလိုက်ပါဦး၊ ကဲ - သွားစားကွာ"

"ဟုတ်ကဲ့ပါ - ဆရာကြီး"

ကျွန်တော်တို့လည်း မြေပွေးကို ထမင်းကျွေးလိုက်သည်။ နေ့လယ်ပိုင်း ရောက်သောအခါ မြေပွေးက -

"ဆရာကြီး - ဘုရားသွားကြရအောင်၊ အဲဒီမှာ ဘောလီဘောပွဲတွေ ရှိတယ်ဆို"

"အေး - ဟုတ်တယ်လေ"

"အဲဒီကို သွားမယ် - ဆရာကြီးရာ၊ ဆရာကြီးတို့မှာရှိတဲ့ ပိုက်ဆံ ယူလာခဲ့ပါ"

"ကိုယ်တော် - ကျုပ်တို့ ဘုရားပွဲမှာသုံးဖို့ စုထားတာလေးတော့ ကုန်တော့မယ်နဲ့ တူတယ်"

"မကုန်စေရပါဘူး - ဆရာကြီးရယ်၊ ကျွန်တော် တာဝန်ယူပါတယ်၊ စားနိုင်ရာကြရအောင်"

"ဟုတ်မှလည်း လုပ်ပါ - ကိုယ်တော်ရယ်"

"ဟုတ်ပါတယ် - ဆရာကြီးရာ၊ လာပါ - သွားရအောင်"

ကျွန်တော်က မြေပွေးအကြောင်းကို သိထားသူမို့ ဘာမှမပြော၊ သို့သော် လက်ထောက်ဆရာလေးက သူ့အကြောင်းကို မသိသေးသဖြင့် စိတ်ထိတ်ထိတ်ဖြင့် လိုက်ပါလာခဲ့သည်။ ဘုရားသို့ ရောက်သောအခါ ဘောလီဘောကစားနေသောသူများနှင့် အားပေးနေကြသူများ၊ လောင်းကစားပြုလုပ်နေသူများကို များပြားစွာ တွေ့လိုက်ရသည်။

ဘုရားပွဲတော်ကလည်း စတင်ကျင်းပတော့မည်ဖြစ်၍ ဈေးဆိုင်များဖြင့် စည်ကားအသက်ဝင်နေပြီဖြစ်သလို ဘုရားဖူးများလည်း များလာပြီဖြစ်သည်။ ဒီနယ်တစ်ဝိုက်မှ ဘောလီဘောကစားသမားများကလည်း လောင်းကြေးဖြင့် ကစားနေကြသောပွဲ ဖြစ်သည်။

ကျွန်တော်တို့ ဘောလီဘောကွင်းသို့ ရောက်သောအခါ ရွာခံလူများ၊ ရွာနီးချုပ်စပ်မှလူများတွင် ကျွန်တော်တို့ကို သိသူများက လာရောက်နှုတ်ဆက်ကြသည်။ ကျွန်တော်တို့က ပွဲနှစ်ပွဲခန့်ကို အသာထိုင်ကြည့်နေလိုက်သည်။

"ဟော့ - ရခိုင်ရှောင်သား အသေးလေးကွ - ချလိုက်စမ်း"

"ဒို့ - ကျူူဒရယ်သားတွေက ရိုက်ပစ်လိုက်စမ်း"

www.burmeseclassic.com

"ဖြောင်း"

"ဝေး - ဟေး - ဟေး"

"ရှိုး - ဖြောင်း - ဖြောင်း"

တစ်ကွင်းလုံး ဘောလီဘောရိုက်သံ၊ အားပေးသံ၊ လက်ခေါက်မှုတ်သံ၊ လက်ခုပ်သံများဖြင့် ဆူညံနေသည်။ ကျွန်တော်တို့ ကြည့်လိုက်သော နှစ်ပွဲတွင် တစ်ပွဲက ရခိုင်ချောင်းရွာသား အဘေးလေးဆိုသူက တစ်ယောက်သုံးယောက် ပေးပုတ်ပြီး အနိုင်ယူသွားခြင်းဖြစ်သည်။ အဘေးလေးဆိုသော်လည်း လူကောင်က အရပ်မြင့်မြင့် ခပ်ထွားထွားဖြစ်သည်။

ဒုတိယပွဲစဉ်ပြီးသောအခါ မြွေပွေးက ကျွန်တော့်အနားမှာ ထပြီး ပွဲစွယ်သူထံ သွားပြီး စကားပြောတော့သည်။ ထို့နောက် ကျွန်တော့်ထံ ပြန်လာပြီး -

"ဆရာကြီး - ရှိတဲ့ပိုက်ဆံ ကျွန်တော့်ကိုပေး"

ကျွန်တော်က ပါလာသော ပိုက်ဆံ (၃၀၀ိ/ -)ကို ထုတ်ပေးသောအခါ တစ်ဝက် ကျွန်တော့်ကို ပြန်ပေးပြီး -

"ဆရာကြီး - အဲဒီပိုက်ဆံကို သူတို့က ငါးဆ - တစ်ဆလို့ ပြိုင်ပွဲအတွင်း ခေါ်တဲ့အချိန်ကျမှ လောင်း - လုပ်ဖြစ်အောင် လုပ်နော်"

"အေးပါကွာ - လုပ်ပါ့မယ်၊ ဒါပေမဲ့ - ဒီပိုက်ဆံတွေကုန်ရင် ငါတို့အားလုံး ဒီညနေ ထမင်းငတ်မှာနော်"

"စိတ်ချစမ်းပါ - ဆရာကြီးရာ"

မြွေပွေးက ကျွန်တော့်ကို သေချာစွာ မှာပြီး ဒိုင်ထံတွင် ပိုက်ဆံသွားထည့်သည်။ ထို့နောက် ကစားခါနီးတွင် ဒိုင်ဖြစ်သူက -

"ဒီပွဲကတော့ ရခိုင်ချောင်းရွာသား အဘေးလေးနဲ့ ဧည့်သည် ကိုညွှန့်ဦးတို့ရဲ့ ပွဲ ဖြစ်ပါတယ်၊ တစ်ယောက်ချင်း ကစားကြမှာ ဖြစ်ပါတယ်၊ လောင်းကြေးကတော့ တည့်ပါပဲ"

မည်သို့ပင် ကြေညာသော်လည်း အဘေးလေးဘက်ကသာ လောင်းကြေးထွက်ပြီး မြွေပွေးဘက်က လုံးဝမထွက်ပါ။ မြွေပွေးကို သူတို့ မသိ



သောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် မြွေပွေးနှင့် အဘေးလေးတို့ပွဲ စတင်ခဲ့သည်။

ပွဲ စ.ကတည်းက အဘေးလေးက တည်ငြိမ်စွာ ကစား၍ အမှတ် စတင်ယူတော့သည်။ ကျွန်ုပ်ဖက်လိုက် မြွေပွေးမှာမှာတော့ တောင်ပြေးလိုက်၊ မြောက်ပြေးလိုက်ဖြင့် ဒုက္ခရောက်နေတော့သည်။ ပရိသတ်ကလည်း သူတို့မှ သာနေ၍ တဝါးဝါး တဟားဟားဖြင့် လှောင်ပြောင်အားပေးနေကြကုန်သည်။

"ဟား - ဟား - ဟား"

"ဒီလက်ရည်နဲ့များ အဘေးလေးကို လာစိန်ခေါ်နေသေးတယ်"

ဤသို့ဖြင့် အဘေးလေးက ငါးမှတ်အထိ ရသွားလေပြီ။ ထိုအချိန်ကျမှ မြွေပွေးက တစ်မှတ်ရလိုက်သည်။ တစ်ကွင်းလုံး လောင်းကြေးခေါ်သံများ ဆူညံနေသည်။

"အဘေးလေးဘက်က နှစ်လေး - တစ်လေး ပေါ့၊ သတ္တိရှိရင် ထွက်"

"ကြာတယ်ကွာ - သုံးလေး - တစ်လေး ပေါ့"

"လောင်း - လောင်း - တိုင်ပါ ရွှတ်လောင်းကွ"

"ဘယ်လို အရှုံးကောင်က အဘေးလေးကို လာကစားတာလဲကွ"

ကျွန်တော်က ညွှန့်ဦးမှာ ထားသည့်အနေအထား မရောက်သေး သဖြင့် အသာငြိမ်နေလိုက်သည်။ တစ်ကွင်းလုံးအဘေးလေးဘက်က ချည်း ကြသည်။ ဆက်ကစားရာ မြွေပွေးမှာ ထုံးစံအတိုင်း တောင်ပြေး၊ မြောက်ပြေးနေသည်။ အမှတ်ကလည်း အဘေးလေးက ဆယ်မှတ်ဖြစ်ပြီး မြွေပွေး မှတ်သာ ရထားသေးသည်။

"ဟဲ - လောင်းချင်တဲ့လူထွက်လာ - လေးလေး - တစ်လေး ပေါ့"

"ဘယ်သူမှ မထွက်"

www.burmeseclassic.com

"ကဲ - ဘယ်သူမှ မထွက်ရင် ငါးလေး - တစ်လေးကွာ"

ထိုအချိန်တွင် မြွေပွေးက ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်လိုက်သည်၊ ကျွန်တော်လည်း သူပြောသည့်အချိန် ရောက်လာပြီဖြစ်သောကြောင့် ဘေးမှ ကိုစိုးလေးကို ပိုက်ဆံပေးပြီး ငါးလေး တစ်လေးကို လောင်းခိုင်းလိုက်သည်၊

"ဟော့ဒီမှာ - စက်စုရွာက ကိုစိုးလေးက ငါးလေး တစ်လေးကို ကိုညွန့်ဦးဘက်က (၁၅ဝ/ -)လောင်းလိုက်ပါပြီ ခင်ဗျာ"

"အဲဒီအကောင် - ကိုယ့်မယား ကိုယ်မသနားလို့လောင်းတာ၊ ကုန်တော့မယ် ဟေ့"

"ဟား - ဟား - ဟား"

"ဖြောင်း - ဖြောင်း - ဖြောင်း"

ငါးလေး တစ်လေး လောင်းကြေးထပ်ပြီးသောအခါမှ ကိုမြွေပွေး လှုပ်ရှားတော့သည်၊ သို့သော် တစ်ဖက်သတ်ဖြစ်အောင်မလုပ်ဘဲ အမှတ်ကို မသိမသာယူသွားသည်၊ နောက်ဆုံးတွင် တစ်ဖက်ကို ပွိုင့်အမှတ်အထိ ပေးပြီး တစ်မှတ်အသာဖြင့် အနိုင်ယူလိုက်သည်၊ ပြီးလျှင် အလွန်မော နေဟန်လည်း လုပ်ပြလိုက်သေးသည်၊

ရှုံးသွားသော အသေးလေးဘက်က မကျေနပ်ဘဲ - နောက်တစ်ပွဲ ပြန်၍ စိန်ခေါ်သည်၊ ထိုပွဲတွင်တော့ မြွေပွေးဘက်က လောင်းသူများ ပေါ်ပေါက်လာသည်၊ ထိုပွဲတွင် ကျွန်တော်တို့က ရှိသမျှ ငွေအားလုံးကို ပုံ၍ လောင်းလိုက်သည်၊ ထုံးစံအတိုင်း အမှတ်မကွာဘဲ အနိုင်ယူလိုက်သည်၊ နောက်ပွဲများတွင်တော့ မြွေပွေးကို တစ်ဦးချင်း ကစားသူ မရှိတော့ဘဲ သူက ပြိုင်ဘက်နှစ်ယောက် သုံးယောက်ပေး၍ ကစားသည့်အထိ ဖြစ်လာတော့သည်၊

လောင်းကြေးမှာလည်း သူ့ဘက်က နှစ်လေး တစ်လေး၊ သုံးလေး တစ်လေး၊ ငါးလေး တစ်လေး စသည်ဖြင့် ဖြစ်လာခဲ့တော့သည်၊ ထိုနေ့က စ ပေါင်း ခြောက်ပွဲ ကစားခဲ့ရာ ဘုရားပွဲတော်ရက်အတွင်း ကျွန်တော်တို့မှာ



ထောင်းမွန်စွာ သုံးစွဲနိုင်သည်အထိ ရရှိခဲ့ကြပါသည်၊ နောက်ရက်များတွင် ဘောလီဘောပွဲသို့ သွားသော်လည်း သူ့ကို ကစားမည့်သူ မရှိ၍ သည်တိုင်း ကြည့်ပြီး ပြန်လာခဲ့ကြသည်၊

ထိုနှစ်က ဘုရားပွဲတော်ကို ကျွန်တော်တို့ ပျော်ရွှင်ဆင်နွှဲခဲ့ကြသည်၊ ဘုရားပွဲကြီးမှာလည်း အနယ်နယ်အရပ်ရပ်က ဘုရားဖူးပရိသတ်များဖြင့် စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားခဲ့သည်၊ ဘုရားပွဲကြီးပြီးသောအခါ ကျွန်တော်တို့ ကိုယ့်ဒေသ ကိုယ်ပြန်ရန် ပြင်ဆင်ကြသည်၊ ထိုညနေတွင် ကျွန်တော်က မြွေပွေး(ခေါ်) ညွန့်ဦးအား -

"ကဲ - ငါ့ညီရေ - ငါတို့တော့ ပြန်ကြတော့မယ်၊ မင်းရော - ဘယ်လိုလုပ်မလဲ၊ ဘယ်သွားမလဲ"

"ကျွန်တော်လည်း ဘာလုပ်ရမှန်း၊ ဘယ်သွားရမှန်း မသိဘူး - ဆရာကြီး"

"ဒီအတိုင်းတော့ နေလို့မဖြစ်ဘူးလေကွာ၊ တစ်ခုခုတော့ လုပ်ရမှာပေါ့၊ ဒီအတိုင်း ဆက်နေရင် မင်းဘဝက ဘာမှဖြစ်မလာဘဲ - လုံးပါးပါးသွားမှာပေါ့"

"ကျွန်တော်အိမ်လည်း မပြန်ချင်ဘူး၊ ဘာလုပ်ရမယ်ဆိုတာ ပြောပါ - ဆရာကြီး"

"ငါ့ညီကို အကြံတစ်ခု ပေးချင်တယ်"

"ဟုတ်ကဲ့ - ဆရာကြီးပေးတဲ့အကြံကို ကျွန်တော် လက်ခံပါ့မယ်"

"ငါ့ညီက မြန်မာလက်ဝှေ့လည်း တတ်တယ်၊ အားကစားလည်း ထူးချွန်တယ်၊ ဒီတော့ မင်း စစ်တပ်ထဲကို ဝင်ကွာ"

"ဗျာ - စစ်ထဲဝင်ရမယ် - ဟုတ်လား"

"ဟုတ်တယ် - ငါ့ညီ၊ မင်းက (၈)တန်း မအောင်ပေမဲ့ စစ်ထဲမှာဆို ငါ့ညီ အဆင်ပြေမှာပါ၊ မင်းအတွက် အဲဒီရင်ခွင်က ပိုကောင်းပါတယ်"

ညွန့်ဦးလည်း အတန်ကြာ ငိုင်တွေနေပြီးနောက် -

www.burmeseclassic.com

"ကောင်းတယ် - ကျွန်တော် ဝင်မယ်၊ ဆရာကြီးပြောစကားကို နား ထောင်မယ်၊ အပြင်မှာ လူပိုဖြစ်တာထက် တပ်ထဲမှာ တန်ဖိုးရှိတဲ့လူ ဖြစ် အောင်လုပ်မယ်"

"ကောင်းတာပေါ့ - ငါ့ညီရယ်"

ဤသို့ဖြင့် ထိုနှစ်နွေရာသီက ကျွန်တော်နှင့် မြေပွေးခေါ် မောင်ညွန့်ဦး တို့ကို ထိုရွာကလေးမှ လမ်းခွဲခဲ့ကြပါသည်။

— ၀ —

နောက်တစ်နှစ်ရောက်သောအခါ ကျွန်တော်လည်း ထိုရွာကလေး အခြားကျောင်းများသို့ ပြောင်းခဲ့ရသည်၊ နောက်ဆုံး သုံးနှစ်ခန့်ကြာသော အခါ ကော့မှူးမြို့မပိုင်းသို့ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့ခဲ့ရတော့သည်။

မြေပွေးခေါ် ညွန့်ဦး၏သတင်းကို ကျွန်တော်လည်း မကြားမိတော့ စစ်ထဲ ဝင်သွားသည်ဟုသာ သိလိုက်ရသည်၊ မြို့မကျောင်းတွင် ကျောင်း အုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကျောင်းစောင့်ဖြစ်သူက တပ်မတော် သားတစ်ဦး ကျွန်တော့်အား တွေ့လို၍ ခွင့်တောင်းနေကြောင်းပြော ကျွန်တော်က ဝင်ခွင့်ပြုလိုက်သည်။

စစ်ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသော တပ်မတော်သား ကျွန်တော့်ရုံးခန်းအတွင်း ဝင်လာပြီး -

"ဆရာကြီး - ကျွန်တော် ညွန့်ဦး ဆရာကြီးကို ဂါရဝပြုတာပါ"

"ဟာ - ဟော့ကောင်ကြီး ညွန့်ဦး၊ ဟာ - တပ်ကြပ်ညွန့်ဦး - လာထိုင် ဝမ်းသာတယ်ကွာ၊ ငါ့ကောင်ကြီး - တကယ့်စစ်သားကြီးဖြစ်သွားပြီ"

ကျွန်တော်နှင့် သူ ကွဲကွာသွားသော သုံးနှစ်ကျော်အတွင်းမှာ သူ ကြပ်ပင် ဖြစ်နေပေပြီ၊ သူ့လက်မောင်းမှ ရာထူးတံဆိပ် အရစ် ကြည့်၍ ကျွန်တော် ဇဝေဇဝါ ဖြစ်နေမိသည်၊ ဒီလောက်အချိန်၊ ဒီ လုပ်သက်နဲ့က ဒီလိုရာထူးမျိုး ရဖို့က မလွယ်၊

ကျွန်တော့်အခြေအနေကို ရိပ်မိသော ညွန့်ဦးက -



"ဆရာကြီး - ဒီတပ်ကြပ်ရာထူး အမှန်တကယ်ပါ - ဆရာကြီး၊ ကျွန်တော် တ တပ်ကြပ်ညွန့်ဦးအစစ်ပါ"

"အေးပါကွာ - ငါက အံ့အားသင့်နေလို့ပါ"

"အဲဒီအကြောင်းကို ကျွန်တော် ပြောပြပါ့မယ်၊ ဒါတွေကလည်း ဆရာ ကြီးကြောင့်ပါ"

"ကဲ - ကဲ - ပြောစမ်းပါဦးကွာ"

"နေတ်ဘုရားပွဲအပြီး ကျွန်တော် ဆရာကြီးတို့နဲ့ လမ်းခွဲပြီးတဲ့နောက် ဆရာကြီးအကြံပေးတဲ့အတိုင်း တပ်မတော်ထဲကို ဝင်ခဲ့တယ်၊ သင်တန်း ကျောင်းမှာ ခြောက်လ သင်တန်းတက်ခဲ့ရတယ်၊ ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း ကျွန်တော့်အတွက်ကတော့ အနှောင့်အယှက် မဖြစ်ခဲ့ပါဘူး၊

ဖြစ်တာတစ်ခုကတော့ ကျွန်တော်က မဟုတ်တာ၊ မမှန်တာဆိုရင် ကြိုက်ဘူး၊ ကိုယ့်အပေါ် တင်စီးတယ် ထင်ရင်လည်း မခံဘူး၊ အဲဒီစိတ် ကြောင့် သင်တန်းမှာလည်း မကြာမကြာ ရန်ဖြစ်တယ်၊ ဒဏ်ပေးခံရတယ် ဆိုတာ ခဏ ခဏပေါ့ - ဆရာကြီး၊

အဲဒီလိုနဲ့ သင်တန်းလည်းပြီးရော - ကျွန်တော့်ကို အရှေ့တောင်တိုင်း စစ်ဌာနချုပ်လက်အောက်ခံ ခလရ(-)ကို ပို့လိုက်တယ်၊ စစ်သားတစ် ယောက်တော့ ဖြစ်သွားပြီပေါ့ - ဆရာကြီး၊ အဲဒီတပ်ရောက်တော့လည်း ကျွန်တော့်ရဲ့မခံချင်စိတ်ကြောင့် ခဏ ခဏ ကွာတားထဲ ရောက်တယ်၊

တစ်နေ့တော့ ရဲဘော်လေးတစ်ယောက်ကို မတရားနိုင်းနေတဲ့တပ် ကြပ်တစ်ယောက်ကို ကျွန်တော်က မနေနိုင်လို့ ဝင်ပြောမိတယ်၊ အဲဒီတပ် ကြပ်ကလည်း ခပ်စွာစွာလူဆိုတော့ ကျွန်တော်နဲ့ စကားများပြီး စိန်ခေါ်ထိုး ကြတယ်၊ ကျွန်တော့်အကြောင်းကို ဆရာကြီးလည်း သိသားပဲ၊ ဝမှာလက် ကောင်းကောင်းတတ်တော့ - အဲဒီတပ်ကြပ်လည်း မှောက်သွားတယ်၊ ဒီတစ်ခွန် ကွာတားအပြင်တပ်ရင်းရုံးပါ ရောက်သွားတယ်၊ တပ်ရင်းမှူးက ဆေးပြီး အကြောင်းစုံလည်း သိရော - ကဲ - ဒီလောက်တောင် လက်ရည် တဲ့အကောင် - တိုင်းစစ်ဌာနချုပ် လက်ဝှေ့ပြိုင်ပွဲမှာ ဝင်ထိုးရမယ်

www.burmeseclassic.com

တာဝန်ပေးတယ်၊ တပ်ရင်းမှာပဲ လက်ဝှေ့လေ့ကျင့်ရတယ်၊ ဗမာ့လက်ဝှေ့ကနေ အနောက်တိုင်းလက်ဝှေ့ကို ပြောင်းကျင့်ရပေမယ့် သိပ်ပြီး အခက်အခဲ မရှိလှပါဘူး။

အဲဒါနဲ့ ဆရာကြီးရေ – တိုင်းစစ်ဌာနချုပ် အငယ်တန်း လက်ဝှေ့ပြိုင်ပွဲမှာ ဗိုလ်စွဲပါလေရော – တိုင်းစစ်ဌာနချုပ်မှာ ဗိုလ်စွဲတော့ ကြည်း၊ ရေ၊ လေ ပြိုင်ပွဲမှာ ဝင်ပြိုင်ရတယ်၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြိုင်ရတော့တယ်၊ အဲဒီပြိုင်ပွဲမှာလည်း ဗိုလ်စွဲတဲ့အတွက် ကာကွယ်ရေးဦးစီးချုပ်ရဲ့ကြည်း၊ ရေ၊ လေ အငယ်တန်း လက်ဝှေ့ပြိုင်ပွဲ ချန်ပီယံ ဖြစ်ခဲ့တယ်၊

အဲဒီလို ချန်ပီယံဖြစ်တော့ ကျွန်တော့်ကို ဒုတပ်ကြပ်အဖြစ် ရာထူးတိုးပေးလိုက်တယ်၊ စစ်သက် တစ်နှစ်ပဲ ရှိသေးတယ်၊ ဒုတပ်ကြပ်ဖြစ်နေပြီး နောက်နှစ် ကြည်း၊ ရေ၊ လေ ပြိုင်ပွဲဝင်ဆိုလည်း ပြင်ဆင်ရတယ်၊ ဒီတစ်ခါ အကြီးတန်းကို တက်ထိုးရမှာ – အငယ်တန်းမှာ ချန်ပီယံဖြစ်ရင် အကြီးတန်းကိုပဲ တက်ထိုးရတယ်၊

အဲဒီနှစ်မှာပဲ တပ်ရင်းမှူးနဲ့ သင်တန်းဆရာတွေရဲ့ကြီးကြပ်လမ်းညွှန်မှုနဲ့ တစ်နှစ်လုံး လေ့ကျင့်ခဲ့တယ်၊ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်စိတ်ချခဲ့တယ်၊ နောက်နှစ် ကြည်း၊ ရေ၊ လေ လက်ဝှေ့ပြိုင်ပွဲ အကြီးတန်းကို တက်ထိုးတော့ ပြိုင်ဘက်တွေကို ကျော်ဖြတ်ပြီး နောက်ဆုံး ဗိုလ်လုပွဲကို ရောက်လာခဲ့တယ်၊ ဗိုလ်လုပွဲကို တစ်ဖက်က ရောက်လာတဲ့သူကလည်း နာမည်ကြီး – ပွဲတိုင်း အလဲထိုးလာတဲ့ လက်ရှိချန်ပီယံ တပ်ကြပ်ကြီး၊

ကြိုးဝိုင်းပေါ်ရောက်လို့ ဗိုလ်လုရမယ့်လူရဲ့ မျက်နှာလည်း မြင်လိုက်ရော ကျွန်တော် အံ့အားသင့်သွားခဲ့တယ်"

"ဘာဖြစ်လို့လဲ – ညွန့်ဦးရ"

"ကျွန်တော်နဲ့ ဗိုလ်လုရမယ့် တပ်ကြပ်ကြီး မြတ်မင်းဆိုတာ ကျွန်တော်တို့ကော့မှူးသား၊ ကော့မှူးမြို့သစ်ပိုင်းက ကျွန်တော်နဲ့ဆို ဆွေမျိုးသားချင်းတောင် တော်သေးတယ်၊ သူကလည်း ကျွန်တော့်ကိုတွေ့တော့ အံ့အားသင့်သွားတယ်"



"ကော့မှူးသား အချင်းချင်း ကြိုးဝိုင်းထဲမှာ ပြန်ဆုံတာပေါ့"

"ဟုတ်တယ် – ဆရာကြီး၊ ဒီလိုနဲ့ ကြိုးဝိုင်းဒိုင်က အချက်ပေးတော့ ပြိုင်ပွဲကို စလိုက်ကြတယ်၊ ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် ရဲရဲမထိုးကြဘူး၊ လူချင်းပူးတော့ သူက ပြောတယ်၊ "ညီလေး ရဲရဲထိုး မရှိန်နေနဲ့" တဲ့၊ ကျွန်တော်ကသာ လိုက်ထိုးတာ – သူက သူ့ကိုယ်သူပဲ ကာကွယ်တယ်၊ တစ်ခါတလေမှ ပြန်ထိုးတာ – နောက်ဆုံးတော့ – ဆရာကြီးရယ် – ကျွန်တော်က အမှတ်နဲ့နိုင်ပြီး ချန်ပီယံဖြစ်ခဲ့တယ်"

"မင်းကို တစ်ဖက်က လျှော့ထိုးသွားတယ်နဲ့တူတယ်"

"တူတယ်မဟုတ်ဘူး – ဆရာကြီးရေ၊ တကယ်ကို လျှော့ပေးသွားတာ၊ သူသာ တကယ်ထိုးရင် ကျွန်တော့်ထက် ပညာရော၊ အတွေ့အကြုံရော၊ လူကောင်ရော သာတယ်"

"ဒါဆို အဲဒီနှစ်က သူ့စေတနာကြောင့် မင်း ချန်ပီယံဖြစ်ခဲ့တာပေါ့"

"ဟုတ်တယ် – ဆရာကြီး၊ အဲဒီနှစ် အကြီးတန်းချန်ပီယံဖြစ်တော့ – တပ်ရင်းက နောက်ထပ်ရာထူး တစ်ဆင့်တိုးပေးတယ်၊ အဲဒီမှာတင် ကျွန်တော်တပ်ကြပ်ဖြစ်ခဲ့တာပါ – ဆရာကြီး"

"အေး – အေး – ကောင်းပါပြီကွာ၊ မင်းအသက်က ငယ်သေးတာပဲ၊ စစ်သက် ငါးနှစ်ဆို ဗိုလ်သင်တန်း ဖြေခွင့်ရှိတယ်၊ ဗိုလ်ဖြစ်အောင် ကြိုးစားဦးပေါ့"

"ဟုတ်ကဲ့ – ဆရာကြီး၊ ကျွန်တော် ကြိုးစားပါ့မယ်၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုန်း"

တပ်ကြပ် ညွန့်ဦးက ဦးထုပ်နှင့် ဖိနပ်ကို ချွတ်၍ ကျွန်တော့်ကို ထိုင်ကန်တော့သည်၊ ထို့နောက် နှုတ်ဆက်ပြီး ပြန်သွားတော့သည်၊ ကျွန်တော့်ရင်မှာ ညွန့်ဦးအတွက် ပီတိဖြစ်လျက် ကျန်ခဲ့တော့သည်၊

မြွေပွေးခေါ် ညွန့်ဦးအတွက် ပီတိဖြစ်ရခြင်းသည် သည်မျှနှင့် ရပ်မသွား၊

— ၀ —



www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စရပ်များ ဖြစ်ပွားပြီးနောက် (၁၀)နှစ်ခန့်အကြာတွင် ဖြစ်သည်။ ကျွန်တော်လည်း ကျောင်းဆရာအလုပ်မှ နတ်ထွက်ပြီး စီးပွားရေးလောက တွင် ကျင်လည်ခဲ့သည်။ ဆန်ကုန်သည်၊ ကျောက်ပွဲစား စသည်ဖြင့် မိသားစု အတွက် ကြိုးစားလုပ်ကိုင်လာခဲ့၍ သင့်တင့်သောအခြေအနေသို့ ရောက်ရှိ လာခဲ့သည်။

တစ်နေ့တွင် ဆန်ကိစ္စအတွက် ကော့မှူး၊ ကွမ်းခြံကုန်းသို့ သွားရောက် ခဲ့သည်။ ကိစ္စပြီး၍ ပြန်လာခဲ့ရာ ဒလကားဂိတ်သို့အရောက်တွင် နောက်မှ လူတစ်ယောက်က လက်ကို ဆွဲလိုက်၍ လှည့်ကြည့်လိုက်သောအခါကြည်း တပ်အရာရှိ ဝတ်စုံဖြင့် လူတစ်ယောက်က ကျွန်တော့်ကို ပြုံးပြနေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် သူ့မျက်နှာကို သေချာကြည့်လိုက်သောအခါ-

"ဟာ - ညွန့်ဦး - မြွေပွေးကြီး - ဗိုလ်ကြီး ညွန့်ဦး၊ ဟာ - ငါ့ကောင်ကြီး"

"ဆရာကြီး - ဆရာကြီးပြောလိုက်သလို ကျွန်တော် စစ်ဗိုလ်ဖြစ်ပါပြီ"

"ဝမ်းသာတယ်ကွာ - ညွန့်ဦးရာ"

"ကျွန်တော်လည်း ဆရာကြီးကို တွေ့ချင်နေတာ၊ ဝမ်းသာတယ် - ဆရာ ကြီး၊ ဆရာကြီး - အချိန်ရရင် လက်ဖက်ရည်ဆိုင် ခဏထိုင်ပါဦး၊ ကျွန်တော့် အကြောင်းတွေလည်း ပြောပြချင်လို့ပါ၊ ဟိုမှာ သူငယ်ချင်းတွေလည်းပါ တယ်၊ သူတို့ကိုလည်း ဆရာကြီး သိပါတယ်"

"အေး - ဒုအေး - အချိန်ရပါတယ်ကွာ၊ ငါလည်း မင်းအကြောင်းကို သိ ချင်ပါတယ်"

"ဒါဆို - ကြွပါ - ဆရာကြီး"

"ဟေ့ကောင် - ငါ့ကို ဆရာကြီး မခေါ်နဲ့တော့၊ အလုပ်က ထွက်လိုက်ပြီ"

"ကျွန်တော့်အတွက်ကတော့ ဆရာကြီးဟာ အမြဲတမ်းဆရာကြီးပါ"

"အေးပါကွာ - အေးပါ"

ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်သို့ လာခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ဗိုလ်ကြီးညွန့်ဦးကဲ့သို့ပင် ဗိုလ်ကြီး သုံးဦးကို စစ်ဝတ်စုံဖြင့် တွေ့လိုက်ရသည်၊ ကျွန်တော့်ကိုမြင်သောအခါ အား လုံးကပြုံး၍နှုတ်ဆက်ကြသည်၊ သူတို့ကိုလည်းကျွန်တော်ကောင်းကောင်း သိပါသည်၊ ဝါးဘလောက်သောက်မှ တစ်ဦးနှင့် ကော့မှူးမှ နှစ်ဦးတို့ ဖြစ် သည်၊

"လာထိုင် - ဆရာကြီး - ဘာသောက်မလဲ"

"ကော်ဖီပဲ လုပ်ပါကွ"

"ဟုတ်ကဲ့ပါ - ဆရာကြီး၊ မုန့်တွေလည်းစားပါ"

"အေး - အေး"

ကျွန်တော် စစ်ဗိုလ်(၄)ယောက်နှင့်အတူ လက်ဖက်ရည်ဆိုင်တွင် ထိုင် ပြီး မာကြောင်း သာကြောင်းများကို ပြောဆိုနေကြသည်၊ ခဏကြာသော အခါ -

"ကဲ - ဗိုလ်ကြီး ညွန့်ဦး (ခေါ်) မြွေပွေးကြီး - မင်းဗိုလ်ဖြစ်လာပုံလေးကို ပြောပြစမ်းပါဦးကွ"

"ဟုတ်ကဲ့ - ဆရာကြီး၊ ပြောပြပါ့မယ်၊

ကျွန်တော် ဆရာကြီးဆီကို လာနှုတ်ဆက်ပြီး တပ်ရင်းကို ပြန်ရောက် သွားတယ်၊ အသက်ငယ်ငယ်နဲ့ တပ်ကြပ်ရာထူးရထားတော့ လူကလည်း မြောက်ကြွ မြောက်ကြွနဲ့ပေါ့"

"ဟုတ်မှာပေါ့၊ နဂိုကတည်းက မင်းက ဆောင့်ကြွားကြွားဟာကို"

ဘေးမှ ဗိုလ်ကြီးတစ်ယောက်က ဝင်နောက်လိုက်သည်၊

အဲဒီလို ဖြစ်နေပုံကို တချို့က ကြည့်မရကြဘူး၊ အဆိုးဆုံးကတော့ တပ် ခွဲဗိုလ်ကြီးပဲ၊ ကျွန်တော့်ကို သူက လုံးဝကြည့်မရဘူး၊ ကျွန်တော်ကလည်း ဒါကိုသိလို့ အတတ်နိုင်ဆုံး ရှောင်ပါတယ်၊ ဘယ်လိုရှောင်ရှောင် ဖြစ်ချင်လာ တော့ - တစ်နေ့မှာ သူနဲ့ ဇာတ်တိုက်တိုးတယ်၊ ဘာမှမဟုတ်လောက်တဲ့ကိစ္စ လေးကို အပြစ်ရှာပြီး လူပုံအလယ်မှာ ကျွန်တော့်ကို ပါးရိုက်လိုက်တယ်၊

ကျွန်တော့်မျက်လုံးထဲ မီးဝင်းဝင်းတောက်သွားပြီး ကိုယ့်တိုယ်ဘာ လုပ်လိုက်မှန်းတောင် မသိဘူး၊ ဘေးက ဝိုင်းဆွဲလို့ သတိဝင်လာတော့

www.burmeseclassic.com

အဲဒီတပ်ရေးဗိုလ်ကြီး မှောက်နေပြီး သွားနစ်ချောင်းလည်း ကျွတ်သွားတယ်၊ အဲဒီကိစ္စနဲ့ တပ်ရင်း အချုပ်ထဲ ရောက်တယ်၊ တပ်ရင်းရုံးကို အတင်ခံရတယ်၊

ကျွန်တော့်အပြစ်က တပ်က ထုတ်တဲ့အပြင် ထောင်ပါ ကျသွားနိုင်တယ်၊ အရာရှိကို သွားထွက်တဲ့အထိ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့တာကိုး၊ ဒါပေမဲ့ - တပ်ရင်းမှူးရဲ့ သက်ညှာမှုကြောင့် အရစ်တစ်ရစ်လျှော့ပြီး ဒုတပ်ကြပ်နဲ့ ရှေ့တန်းကို စစ်ဆင်ရေး ထည့်လိုက်တယ်၊

ဒုတပ်ကြပ်ဆိုတော့ တပ်စိတ်မှူးပေါ့ - ဆရာကြီးရယ်၊ ကျွန်တော်တာဝန်ကျတဲ့စခန်းက သံလွင်မြစ် အရှေ့ဘက်ခြမ်း KNU တွေ ကြီးစိုးတဲ့ နယ်မြေပေါ့၊ တိုက်ပွဲကလည်း မကြာခဏ ဖြစ်ကြတယ်၊ ကျွန်တော်တို့စခန်းထိုင်တဲ့နေရာက တောင်ကုန်းထိပ်မှာ ရေကိုတော့ တောင်အောက်ကို ဆင်းခပ်ရတယ်၊ အဆင်းက (၁၅)မိနစ်လောက် ဆင်းရပေမယ့် ပြန်တက်ရင်တော့ နာရီဝက်လောက် တက်ရတယ်၊

ရေသွားခပ်ရင်လည်း အဖွဲ့နဲ့သွားရတယ်၊ သတိမပြတ်ထားရတယ်၊ ချောင်းပစ်လို့ ရဲဘော်တွေ မကြာခဏ ကျကြတယ်၊ ရိက္ခာအတွက်က လနဲ့ ချီပြီး သိုလှောင်ထားလို့ရပေမယ့် ရေကတော့ နှစ်ရက် သုံးရက်စာပဲ ထားနိုင်တယ်၊ တစ်နေ့တော့ တပ်စုမှူးဖြစ်တဲ့ ဗိုလ်ကြီးက ကျွန်တော့်ကို -

"ဆရာ ညွန့်ဦး - ဒီနေ့တော့ ခင်ဗျားနဲ့ ရဲဘော်နှစ်ဦး ရေသွားခပ်ဗျာ၊ သတိနဲ့သွားဦး - ငှေးတွေနဲ့ တွေ့နေဦးမယ်"

"ဟုတ်ကဲ့ပါ - ဗိုလ်ကြီး"

ကျွန်တော်လည်း ကျွန်တော့်တပ်စိတ်က ရဲဘော်နှစ်ဦးကိုခေါ်ပြီး တောင်အောက်က စမ်းချောင်းကို ရေခပ်ဖို့ ဆင်းလာခဲ့ကြတယ်၊ ကျွန်တော်က ရေဘူးတွေကို ကြိုးနဲ့ သီပြီး သိုင်းလွယ်လာခဲ့တယ်၊ ကျန်တဲ့ရဲဘော်နှစ်ယောက်ကတော့ ရေထည့်တဲ့ ဝါးပိုးဝါးကျည်တောက်တွေကို ဆွဲလို့ပေါ့၊

ကျွန်တော်တို့လည်း သတိထားပြီး ဆင်းလာခဲ့တယ်၊ မျက်စိနဲ့ နားကိုလည်း အလွတ်မပေးရဲဘူး၊ ဒီလိုနဲ့ ရေခပ်နေကျ စမ်းချောင်းလေးအနားကို ရောက်လာတယ်၊ အဲဒီအချိန်မှာ လူရိပ်မြင်လိုက်လို့ လှမ်းကြည့်လိုက်တော့ - လား - လား - ကျွန်တော်တို့ ရေခပ်မဲ့နေရာမှာ ငှေးသုံးကောင်က ရေခပ်နေကြတယ်၊ ကျွန်တော်လည်း ပါးစပ်ကလည်း အော် ...၊

"ရန်သူ - ရန်သူ"

"ပစ် - ပစ်၊"

"ဒိုင်း - ဒိုင်း - ဒိုင်း - ဒိုင်း"

လက်ကလည်း အသင့်ကိုင်ထားတဲ့ ဂျီသရီးနဲ့ အတွဲလိုက် ပစ်ထည့်လိုက်တယ်၊ ကျွန်တော်ပစ်တော့ အတူပါလာတဲ့ ရဲဘော်နှစ်ယောက်လည်း လက်ထဲကိုင်ထားတဲ့ ဝါးကျည်တောက်တွေကို လွှတ်ချပြီး လွယ်ထားတဲ့ သေနတ်ကို ဖြုတ်ပစ်ကြတော့တယ်၊ သူတို့တောင် ကောင်းကောင်းမပစ်



ဆရာတော်ကြီးတစ်ပါး ဟောခဲ့သော
တရားလေးတစ်ခုကို သွား၍သတိရလိုက်သည်၊
ရှင်ဘုရင်ဖြစ်မည့်သူက ဘုရင်မဖြစ်ဘဲ ဘယ်တော့မှမသေဘူး၊
ရှင်ဘုရင်ဖြစ်ပြီးမှသာ သေသည်တဲ့၊
အချိန်တန်ရင် ဖြစ်ကိုဖြစ်ရမည်တဲ့၊

www.burmeseclassic.com

လိုက်ရဘူး။ ကျွန်တော့်လက်ချက်နဲ့ ငွေးနှစ်ကောင် ကျသွားတယ်၊ တစ်ယောက်ကတော့ ထွက်ပြေးသွားတယ်၊

ကျွန်တော် လဲကျသွားတဲ့ငွေးနှစ်ကောင်ဆီက (M.16) နှစ်လက်ကို ကောက်လွယ်ထားလိုက်တယ်၊ အဲဒီအချိန်မှာပဲ တပ်စုက ကျွန်တော်တို့ သေနတ်သံတွေကြားလို့ လိုက်လာပြီး -

"ဆရာညွန့်ဦး - ဆရာညွန့်ဦး"

"ဗိုလ်ကြီး - ကျွန်တော်တို့ ဒီမှာပါ"

"သေနတ်သံတွေကြားလို့ လိုက်လာတာ - ဘာတွေဖြစ်တာလဲ"

"ဒီမှာ ဗိုလ်ကြီး - ငွေးသုံးကောင်တွေ့လို့ ပစ်ချလိုက်တာ"

"နှစ်ယောက် အသေရတယ်၊ တစ်ယောက်တော့ လွတ်သွားတယ်၊ သူတို့ဆီက ရတဲ့ သေနတ်နှစ်လက်ပါ"

"တော်တယ်ဗျာ - ဆရာညွန့်ဦး၊ လူ၊ လက်နက်ရတဲ့ ဆရာ့အစွမ်းအစကို ချီးကျူးပါတယ်၊ တပ်ရင်းမှူးကြီးလည်း အတော်ကျေနပ်သွားမှာပါ"

"ဟုတ်ကဲ့ပါ - ဗိုလ်ကြီး"

အဲဒီလိုနဲ့ ဆရာကြီးရေ - ကျွန်တော့်ကို (Field promotion) အနေနဲ့ တပ်ကြပ်အဖြစ် ရာထူးတိုးပေးလိုက်တယ်၊ ပြုတ်သွားတဲ့တစ်ရစ်ကို တစ်နှစ်အတွင်း ပြန်ရလိုက်တယ်၊ စစ်ဆင်ရေး ပြီးဆုံးလို့ တပ်ရင်း ပြန်ရောက်တော့ စစ်သက်က လေးနှစ်ကျော်သွားပြီး တပ်ရင်းမှူးကလည်း ကောင်းကောင်းမွန်မွန်နေပြီး စစ်သက်ငါးနှစ်ပြည့်ရင် ဗိုလ်သင်တန်း ဝင်ဖြေဖို့ ပြောတယ်၊

ကျွန်တော်လည်း တပ်ထဲမှာ ကောင်းကောင်းမွန်မွန်နေပြီး စစ်သက်ငါးနှစ်ပြည့်တော့ ဗိုလ်သင်တန်း ဝင်ဖြေပြီး ပါသွားလို့ အခုလို စစ်ဗိုလ်ဖြစ်လာတာပါ - ဆရာကြီး"

"အေးကွာ - ညွန့်ဦးရာ - ချီးကျူးပါတယ်၊ မင်း စစ်ဗိုလ်ဖြစ်လာပုံတွေကလည်း စိတ်ဝင်စားဖို့ကောင်းသလို အံ့သြဖို့လည်းကောင်းတယ်"



"ဟုတ်တယ် - ဆရာကြီးရေ၊ ဒီကောင့်ကံဇာတာက စစ်ဗိုလ် ဖြစ်ဖို့ပါခဲ့ရမယ့်ဇာတာ၊ စစ်ဗိုလ်မဖြစ်ဘဲ မသေနိုင်ဘူး၊ ဒါပေမဲ့ - အခု စစ်ဗိုလ်ဖြစ်ပြီဆိုတော့ မင်း သေချင် သေလို့ရပြီကွ"

"ဟာ - ဒီမသာ - မင်းသေလိုက်ပါလား"

"ဟား - ဟား - ဟား - ဟား"

ဘေးမှ သူငယ်ချင်း စစ်ဗိုလ်တစ်ဦးက ဝင်နောက်ပြောင်လိုက်သဖြင့် အားလုံးပွဲကျကုန်သည်၊ ကျွန်တော်ပင်လျှင် ပေတေနေသော သာမန်လူငယ်တစ်ဦးဘဝမှ တပ်မတော်တွင် အားထားရသည့် ဗိုလ်ကြီးဘဝသို့ အကျိုးရှိရှိ ရောက်ရှိလာသော မြေပွေး(ခေါ်) ညွန့်ဦး၏ကံကြမ္မာကိုလည်း အံ့သြနေမိသည်၊

ဆရာတော်ကြီးတစ်ပါး ဟောခဲ့သော တရားလေးတစ်ခုကို သွား၍ သတိရလိုက်သည်၊ ရှင်ဘုရင်ဖြစ်မည့်သူက ဘုရင်မဖြစ်ဘဲ ဘယ်တော့မှ မသေဘူး၊ ရှင်ဘုရင်ဖြစ်ပြီးမှသာ သေသည်တဲ့၊ အချိန်တန်ရင် ဖြစ်ကိုဖြစ်ရမည်တဲ့၊ အခုလည်း မောင်ညွန့်ဦးတစ်ယောက် ဘယ်လောက်ရာထူးကျကျ အချိန်တန်တော့ စစ်ဗိုလ်ဖြစ်လာခဲ့သည်၊

"ဆရာကြီး - ဆရာကြီး"

"မုန့်တွေ စားပါဦး - ဆရာကြီး"

"တော်ပါပြီကွာ - မစားနိုင်တော့ပါဘူး"

"ဒီနေ့ ကျွန်တော်တို့ သူငယ်ချင်းလေးယောက် ဆရာကြီးနဲ့ဆုံတာ - ထူးထူးခြားခြားတစ်ခု ရှိတယ် - ဆရာကြီး"

"ဟေ - ဟုတ်လား၊ ပြောစမ်းပါဦးကွ"

"ကျွန်တော်တို့ စစ်ဗိုလ်လေးယောက်မှာ ကျွန်တော်က အခြားအဆင့်အနေ စစ်ဗိုလ်ဖြစ်လာတယ်"

"ဟော့ဒီ - စိန်သောင်းက စစ်တက္ကသိုလ် D.S.A ကဆင်းတဲ့ စစ်ဗိုလ်၊ ဒီကျော်ဦးက ဘွဲ့ရဖြေတဲ့ ဗိုလ်သင်တန်း O.T.S ကနေဖြစ်လာတဲ့ ဗိုလ်လေး စစ်ဗိုလ်၊



www.burmeseclassic.com

www.burmeseclassic.com

ဟော့ဒီ မင်းဟာန်က အလုပ်သင် ဗိုလ်လောင်းဘဝကနေဖြစ်လာတဲ့ စစ်ဗိုလ်"

"လေးယောက်က ဗိုလ်ဖြစ်နည်းလေးမျိုးနဲ့ဖြစ်လာတဲ့သူတွေပဲ"

"ဟော - ဟုတ်ပါ့ကွာ၊ စစ်ဗိုလ်ဖြစ်နိုင်တဲ့ လေးမျိုးစလုံးနဲ့ ဗိုလ်ဖြစ်လာတဲ့ တို့နယ်သားတွေကိုးကွ"

"ဟုတ်တယ် - ဆရာ ၊ ဒါကြောင့် ထူးခြားတယ်လို့ ပြောတာပေါ့"

"အေးပါ့ကွာ - အေးပါ၊ မင်းတို့နဲ့ တွေ့ရလို့ ဝမ်းသာပါတယ်၊ အထူးသဖြင့် ဟောဒီအကောင်ကြီး ညွှန့်ဦးအတွက် ပိုဝမ်းသာတယ်ကွာ၊ ကဲ - ဒီညနေလည်း စောင်းနေပြီ၊ ငါလည်းပြန်ရဦးမယ်"

"မင်းတို့တွေလည်း ဆက်ပြီး ရာထူးတွေ တိုးတက်ပါစေ - အနေအထိုင်အနေ့ဒါပါးကိုလည်း ဘယ်တော့မှ မမေ့ကြနဲ့"

"ဟုတ်ကဲ့ပါ - ဆရာကြီး"

ကျွန်တော်လည်း ဗိုလ်ကြီးညွှန့်ဦးအပါအဝင် စစ်ဗိုလ်လေးယောက်ကို နှုတ်ဆက်၍ ပြန်လာခဲ့သည်၊ အပြန်လမ်းတစ်လျှောက်တွင် ဆန်းကြယ်လှသည့် မြွေပွေး(ခေါ်) ညွှန့်ဦး(ခေါ်) လူပေလူတေ တစ်ယောက်၏ကံကြမ္မာကို စဉ်းစားလာခဲ့သည်၊

ထို့ထက် ပို၍ ယနေ့ ကျွန်တော်နှင့် ဆုံခဲ့သော တစ်မျိုးစီ စစ်ဗိုလ်ဖြစ်လာခဲ့သော စစ်ဗိုလ်လေးယောက် တစ်နယ်တည်းသားများနှင့် ကြုံကြိုက်စွာ ဆုံတွေ့ခဲ့သောအဖြစ်ကိုလည်း မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိပါတော့သည်၊

➤ ဝင်းနိုင် (ရွှေပြည်သာ)




www.burmeseclassic.com

www.burmeseclassic.com

ငယ်ရွယ်စဉ်
လုပ်ငန်းခွင်ကာလတစ်လျှောက်
ဆိုးခဲ့ပေခဲ့သော လူငယ်ဘဝ လှုပ်ရှားမှုများမှတစ်ဆင့်
အရွယ်ကြီးရင့်၍ သခါရတရားအရ မလွန်ဆန်နိုင်သော
အနိစ္စတရားဆီသို့ ..

**ကျွန်တော်တို့**တောင်မှုသင်တန်းအပတ်စဉ်(၆)တက်စဉ်ကအကြောင်းအရာလေးတွေ၊ အဖြစ်အပျက်၊ အမှတ်တရလေးများအရ (NICK NAME) ကလေးများရရှိပုံများအား ဖော်ထုတ်ရေးပေးပါရန် မန္တလေးမြို့ တောင်ပိုင်(အငြိမ်းစား) ဦးစိုးမြင့်က တောင်းဆိုလာပါသည်။ သူနှင့် တယ်လီဖုန်းပြောသည်မှာ နာရီဝက်ခန့်ကြာသည်။ ငယ်ပေါင်းချင်း စကားပြောရတော့ ရယ်စရာ၊ ပျော်စရာ၊ အမှတ်တရလေးများပါပြီး ငယ်မူပြန်ပြောကြရတော့ ကျွန်တော်တို့ အသက်တစ်နှစ်ပိုငယ်သွားသည်ဟု ခံစားရသည်။ (၆၆)ယောက်သော ငယ်ပေါင်း၊ သင်တန်းတက်ဘက်သူငယ်ချင်းများနှင့် သင်တန်းဆရာများအားလည်း ပြေး၍ အမှတ်ရမိတော့သည်။

ထိုစဉ်က သင်တန်းအုပ်ချုပ်သူက ဆရာတောင်မှုးဦးယဉ်မောင်၊ ဆရာက အသားဖြူဖြူ၊ မျက်မှန်ကလေးနှင့် စကားပြောလျှင် ဖျော့ဖျော့ကလေး ပြောတတ်သည်။ သင်တန်းနည်းပြဆရာကြီးက တပ်ကြပ်ကြီး ဦးတင်မြ ခန္ဓာကိုယ်တောင့်တင်းပြီး တက်ထရက်ယူနီဖောင်းနှင့် လွန်စွာသေသပ်



စမတ်ကျသည်။ အသံပြဲဖြာကလည်း အလွန်ကောင်းသည်။ နောက် ဆရာတစ်ယောက်က တပ်ကြပ်ဦးချစ်စိန်၊ သူက သင်တန်းသားများကို အလွန်ညှာသည်။ ၁၉၇၅ - ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် စတင်၍ သင်တန်းတက်ရသည်။ အင်းစိန်ထောင်ဝင်းအတွင်း သီးသန့်ထောင်အနောက်ဘက်၊ ရွာမဘုတာအနီး၊ ယခု အကျဉ်းဦးစီးဌာနရုံးချုပ် (အဟောင်း)နေရာတွင်ဖြစ်သည်။ မီးရထားသံလမ်းနံဘေးဖြင့် ကပ်နေပြီး အောက်မင်္ဂလာဒုံကားလမ်းအနီး ဖြစ်သည်။

သင်တန်းဆောင်ကြီးက ပျဉ်ခင်းပျဉ်ကာ၊ ရေနံရည် ဝနေသော ရင်ကွဲဘားတိုက်ကြီးအပေါ်တွင် ကုတင်(၆၆)လုံးအား ခြေရင်းဆိုင် ခင်းကျင်းပြီး အမှတ်စဉ်များ ရေးထိုးထားသည်။ သင်တန်းတက်စဉ်က ကိုယ်ပိုင်နံပါတ် မရသေး၊ ခုတင်နံပါတ်သာ ကျွန်တော်တို့၏ ယာယီကိုယ်ပိုင်နံပါတ် ဖြစ်ချေသည်။ သင်တန်းတက်စကတော့ တစ်ဦးနှင့်တစ်ဦး မရင်းနှီးကြပါ။ တဖြည်းဖြည်းသိုလ်တွင် ဆုံခဲ့ဖူးသော မေရာတူချင်းသာ အပေါင်းအသင်း ဖွဲ့ကြသည်။ အချို့က တော့ ခုတင်နီးချင်း မိတ်ဆွေဖွဲ့ကြသည်။ သင်တန်းက စာတွေ့လက်တွေ့ သင်တန်း၊ စစ်ရေးပြနှင့် လက်နက်ငယ်သင်တန်းလည်း ပါသည်။ သင်တန်းကာလက (၃)လခွဲ ဖြစ်သည်။

မနက်ပိုင်းတွင် အင်းစိန်ထောင်ဝင်းအတွင်း ဘောလုံးကွင်းကြီးအထဲ၌ သတိ၊ သက်သာ၊ အေးစေဖြင့် စလိုက်ရာ နောက်ပိုင်း တန်းစီ၊ ချီတက်၊ အနေးလျှောက်၊ အမြန်လျှောက်၊ အလေးပြု၊ ဘယ်ကွေ့၊ ညာကွေ့၊ နောက်လှည့်စသဖြင့် သင်တန်းဆရာများက မောင်းတော့သည်။ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများအထဲ၌ ဆောင်းရာသီဖြစ်၍ အေးချမ်းသောကြောင့် မထောင်းတာသော်လည်း ဖေဖော်ဝါရီလနှင့် မတ်လ၊ နွေရာသီတွင် နွေနေပူရှိန်ကြောင့် အတော်ပင်ပန်းသည်။

ထိုခေတ်က ပြည်သူ့ဝန်ထမ်း ရွေးချယ်ခန့်ထားရေးအဖွဲ့မှာ အလွန်စည်းစနစ်ကျသည်။ ဝင်ရောက်ဖြေဆိုသူ (၂၀၀၀)ကျော်ထဲမှ ရေးဖြေ၊ လူတွေ့ဖြေဆန်ခါတင်ရွေးခြင်းဖြစ်သော်လည်း ထိုအထဲ၌ ယောင်ဝါးဝါးလေးများ

www.burmeseclassic.com

က ပါလာသေးသည်။ စကားပြောလျှင် ကန့်ကလျနှင့် မိန်းမလျာလိုလို၊ အရက်သမားများ၊ ဖဲသမားများ၊ လူ့ဘော်ကြော့များလည်း ပါလာပါသည်။ လူမျိုးကလည်း စုံသည်။ တရုတ်၊ ကုလား၊ ကချင်၊ ချင်း၊ ရှမ်း၊ မြန်မာတို့ ဖြစ်ကြသည်။

ဂီတသမား၊ စာပေသမား၊ အားကစားသမား၊ ကျောင်းဆရာလူထွက် အတော်စုံပါသည်။ ဗလကြီး၊ အရှည်ကြီးနှင့် လူ့ဇလံကလေးများလည်း ပါသည်။ ရန်ကုန်မြို့နေသူထက် တောမြို့များက အများစုဖြစ်သည်။ ဘွဲ့ရများချည်း ဖြစ်ကြသော်လည်း အသက်ခွင့်ပြုချက်အရ ဌာနပြောင်းများလည်း ပါသည်။ အိမ်ထောင်ရှိသူများလည်းပါသည်။ မျက်မှန်တပ်ထားသူများလည်း ပါသည်။ လူပေါင်းစုံ၊ အလွှာစုံ၊ အကျင့်စရိုက်စုံ၊ အရပ်အမောင်းနှင့် အသက်အရွယ်ကအစုံ။ ထိုအစုအဝေးကလေး ပေါင်းမိသောအခါ ထောင်မှူးသင်တန်းအပတ်စဉ်(၆)အဖွဲ့ (သို့မဟုတ်) ကိုယ်ပိုင်နံပါတ်(၂၂)က စသောကြောင့် (တူးတူးအဖွဲ့)ဟူ၍ အကျဉ်းထောင်အရာရှိသမိုင်းအား ပြောင်းလဲပစ်မည့်အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာပါတော့သည်။

ဤအဖွဲ့က မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်၊ အလုပ်စခန်းများသို့ သင်တန်းကာလပြီးသည်နှင့် အသီးသီးပြောင်းရွှေ့တာဝန်ယူကြရတော့သည်။ တော်သူများ ရှိသလို၊ ရော်သူများလည်း ရှိသည်၊ တော်သူများတာရာထူးတက်၍ ချမ်းသာသွားကြသလို၊ ရော်သူများကတော့ ရော်ရသည့်အပြင် ထောင်မှူးရာထူးကပင် ရှေ့ဆက်မတက်ဘဲ ပြုတ်ကျကြသည်။ ကဲ- တူးတူးအဖွဲ့ကို နောက်ပြန်လှန်ကြည့်ဦးစို့။

ကျွန်တော်တို့သင်တန်းတက်တော့ အရာရှိလောင်းသင်တန်းဖြစ်သောကြောင့် ဌာနက အလွန်အခွင့်အရေးပေးသည်။ ယခင်အကြိမ်များက ယခုကဲ့သို့ ဘွဲ့ရသင်တန်းသားများ မဟုတ်ကြ။ ထို့ကြောင့် ညနေစာထမင်းတစ်နပ်ကို သင်တန်းသားများ စိတ်ကြိုက်စားနိုင်စေရန် သင်တန်းသားကိုယ်စားလှယ်၊ တစ်ခွဲမှူးလုပ်သူက ထမင်းချက်အဖွဲ့နှင့်အတူ ဈေးဝယ်ထွက်ရသည်။ လူမျိုးစုံပါ၍ ဝက်သား၊ အမဲသား မစားသူများလည်း ပါသဖြင့် အားလုံးစားနိုင်စေရန် စီစဉ်ရသည်။ ကုလားကျော်ဝင်း၊ တစ်ခွဲမှူးအလှည့်တွင် အခြေခံပဲကုလားဟင်းချက်သည်။ သူက မွတ်ဆလင်ကုလား။ သူ့ကိုမေးတော့ ကချင်လူမျိုးတဲ့။ အမြဲတမ်း သူ တစ်ခွဲမှူးကျရာတွင် ချက်တော့ ပဲကုလားချဉ်ရည်ဟင်း၊ စားလို့တော့ ထမင်းမြိန်သည်၊ ဟင်းကလည်း ဖောဖောသီသီရသည်။ နောက်တစ်နေ့ မနက်စောစောနှင့် ဗိုက်နာသဖြင့် အိမ်သာများတွင် တန်းစီနေကြရသည်။ ထို့ကြောင့် ကုလားကျော်ဝင်းအား ကုလားချဉ်ဟု (NICK NAME) ပေးကြသည်။

နောက်ကုလားတစ်ယောက်က (LL.B) ဘွဲ့ရထားသည်၊ စကားပြောလျှင် အလွန်အရစ်ရှည်သည်၊ သွက်သွက်လည်း ပြောသည်၊ စကားဝိုင်းထဲ သူပါလာလျှင် သူ့အသံက စီစီညံနေသည်။ သူ့အမည်က ဇာကေအာမက်၊ ထို့ကြောင့် ကျွန်တော်တို့က "လျှာရှည်အာသွက်တဲ့ဇာကေအာမက်" ဟု အမည်ပြောင်ကို ကာရန်နှင့် နဘေနှင့် မှည့်ခေါ်ကြသည်၊ နောက်တစ်ယောက်က ရခိုင်၊ အသားက ကုလားလို မည်းသည်၊ သူက အေးဆေးစွာ နေတတ်ပါသည်၊ သို့သော် ကျွန်တော်တို့က ချမ်းသာမပေးပါ၊ အကျဉ်းထောင်လက်စွဲဥပဒေစာအုပ် (BURMA JAIL MANUAL) စာအုပ်ကြီးတကိုင်ကိုင်၊ ဦးထွန်းငြိမ်းအဘိဓာန်စာအုပ်ကြီးကိုလည်း လက်မလွှတ်၊ သူ့နာမည်ကလည်း ထွန်းငြိမ်း။ ထို့ကြောင့် အဘိဓာန်စာအုပ်ကြီးဟု ခေါ်ကြသည်။

နောက်တစ်ယောက်က ဇေသန်း၊ ကမာရွတ်ဘူတာရုံလမ်း အထပ်သားစက်ရုံက စာရေးကလေး ဖြစ်သည်။ သူ့စက်ရုံ မန်နေဂျာက ကျွန်တော့်သူငယ်ချင်း ကိုဇေသန်းတွင် အိမ်ထောင်ရှိပြီး ကလေးကလည်း များသည်၊ ထို့ကြောင့် မန်နေဂျာသူငယ်ချင်းက ကိုဇေသန်းကို ကျွန်တော်နှင့်အတူ ထောင်မှူးလျှောက်ရန် အကြံပေးသည်။

ထို့ကြောင့်ကျွန်တော်နှင့်တွဲ၍လျှောက်လွှာပိတ်ရက်နောက်နေ့ နေ့ဆုံးနာရီတွင် (၆)ထပ်ရုံး၌ လျှောက်လွှာတင်ကြသည်၊ သူက ထိုစဉ်တဘည်းက အရက်သောက်တတ်သည်၊ ဆေးပြင်းလိပ်လည်း သောက်သည်။

www.burmeseclassic.com

တကယ့်အညာသားပုံစံ၊ အထပ်သားစက်ရုံ၌ အထက်လူကြီးဖြင့် မတည့်သဖြင့် ရာထူးမတက်ခြင်းဟု သိရပါသည်၊ ဟုတ်ဟန်တူပါသည်၊ သင်တန်းတက်တော့ အထက်ဆရာများနှင့်တည့်အောင် မပေါင်းသည့်အပြင် သင်တန်းသားချင်းလည်း အဆင်မပြေပါ၊ အစားအသောက် အနေအထိုင်တွင် ပြဿနာအမြဲတမ်းရှာ၍ ရစ်တတ်သည်၊ ထို့ကြောင့် သူ့အား ပြဿနာဖေသန်း ဟု နာမည်ပြောင် ပေးကြသည်၊ အရာရှိဖြစ်တော့လည်း အထက်လူကြီးနှင့် အချင်းချင်းပြဿနာရှာသဖြင့် တစ်နေရာမှ တစ်နေရာသို့ အမြဲတမ်းပြောင်းရွှေ့နေရတတ်သည်၊ သူက လူဆိုးကြီးတော့ မဟုတ်၊ အရက်မူးမှ ရစ်ခြင်းဖြစ်သည်၊

အရက်ကလည်း နေ့တိုင်းသောက်သည်၊ သူ သောက်သည်က ညနေပိုင်းအချိန်နှင့်လည်း မဟုတ်၊ သောက်သည့်အရက်ကလည်း ရရာသောက်ခြင်း ဖြစ်သည်၊ သောက်ပြီးသည်နှင့် အိမ်ထဲ၌ ဇိမ်နှင့်မနေ၊ အပြင်ထွက်၍ ပြဿနာရှာတော့သည်၊ အထက်လူကြီး (သို့မဟုတ်) အပေါင်းအသင်းချင်း ဒါမှမဟုတ် အောက်လက်ငယ်သား။ ဒါမှမဟုတ် မိန်းမနှင့် မိသားစု၊ မူးလျှင် ဘယ်သူ့ကိုမှ အလွတ်မပေး၊ နေ့စဉ်မူးနေသဖြင့် သူ့ကို လူတကာက ဝေးဝေးက ရှောင်ကြသည်၊ ကျွန်တော်က သူနှင့် အပေါင်းအသင်းအရင်းဖြစ်သဖြင့် ကျွန်တော့်ထက် အသက်အရွယ်ကြီးသော်လည်း ဖျောင်းဖျဆုံးမရသည်၊ ယခင်ဘဝကို မမေ့နှင့်ဟု သတိပေးခြင်းဖြစ်သည်၊ သို့သော် စကာသာ နောက်ပိုင်း ကျွန်တော် ဖျောင်းဖျသည်ကိုပင် မနာခံတော့၊ ကျွန်တော့်ကိုပြန်ရစ်၍ ပြဿနာရှာတော့သည်၊ ဆို့ကြောင့် အလုပ်ဝင်စက အတူတူဖြစ်၍ အရင်းနှီးဆုံးဟု ကျွန်တော် ယူဆထားသော်လည်း ဆက်ဆံရေး အဆင်မပြေသဖြင့် နောက်ပိုင်း ဝေးဝေးက ရှောင်ရတော့သည်၊

• • • • •

ကျွန်တော် ငယ်ပေါင်းများအကြောင်း စာရေးနေစဉ် ဧည့်သည်လာသည်ဆိုသဖြင့် အိမ်ရှေ့ထွက်ကြည့်တော့ တက္ကသိုလ်တက်စဉ်ကတည်းကမေဂျာတူ၊ အခန်းတူ တက်ခဲ့သည့်အပြင် ထောင်မှူးသင်တန်းအပတ်စဉ် (၆)၌ အတူတက်ခဲ့သော ငယ်သူငယ်ချင်း ဦးအောင်ကျော်ဌေး၊ ကျွန်တော့်ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလိုက်ပါသည်၊

"လာ - သူငယ်ချင်း - အခုပဲ အပတ်စဉ် (၆) က သူငယ်ချင်းတွေအကြောင်း စာရေးရင်း သတိရနေတာ"

"ဘယ်လိုဖြစ်ပြီး ဒီအကြောင်းတွေ ပြန်ရေးရတာလဲ"

"မန္တလေးက ကိုစိုးမြင့်ပေါ့ဗျာ၊ အပတ်စဉ် (၆) က ငယ်ပေါင်းသူငယ်ချင်းတွေရဲ့ (NICK NAME) အကြောင်းတွေ တောင်းဆိုလို့ စဉ်းစားပြီး ရေးနေတာ၊ ခင်ဗျားလာတာနဲ့ အတော်ပဲ၊ တချို့နာမည်တွေ ကျွန်တော် မေ့နေလို့ ကူညီပါဦး၊ အချိန်ရတယ် မဟုတ်လား"

"အချိန်တော့ ရပါတယ်၊ ဒါပေမဲ့ - ထမင်းကျွေးမှဖြစ်မယ်၊ နေ့လယ်စာစားချိန် နီးနေပြီ"

"ကျွေးပါသော်ကော - သူငယ်ချင်းရာ၊ ဆိုင်မှာ လိုက်ကျွေးပါ့မယ်"

"ကိုတေ - ကိုလည်း ကိုစိုးမြင့် လှမ်းနိုင်းလို့ မောင်ရှင့်ဆီလာတာ၊ ဟိုတစ်လောက မောင်ရင့်ကို သူ ရေးနိုင်းထားတဲ့၊ "မန္တလေးကြာရှင်စေတီတော်" သမိုင်းအတွက် ဓာတ်ပုံတွေ ပို့လိုက်ပြန်လို့ လာပေးတာ"

"အတော်ပါပဲ၊ ကျွန်တော်က သူရဲ့မဂ္ဂဇင်းမှာ ထည့်ဖို့ ရေးပြီးပြီ၊ ဓာတ်ပုံတွေ စောင့်နေတာ"

"ဒါနဲ့ - ကိုအောင်ကျော်ဌေး - သင်တန်းတုန်းက ခင်ဗျားရဲ့နာမည်ပြောင်က ဘယ်သူလဲ၊ ကျွန်တော် မေ့နေလို့"

"အာကျော်ဌေးလေ - ကိုယ်က စကားများများပြောတတ်လို့ ကိုတင်ထွန်း (အရှည်ကြီး) က မှည့်ထားတာ"

"ဟုတ်ပါ့ဗျာ၊ ဒါနဲ့ - တခြားသူတွေရဲ့နာမည်ပြောင်တွေအကြောင်း လှမ်းပါဦး၊ ခင်ဗျားက စပ်စုတတ်တော့ သူငယ်ချင်းတွေအကြောင်း အတော်သိမှာပေါ့"

www.burmeseclassic.com

"သိပြီလား - မောင်ရင်ရယ်၊ အမှုတွဲနာမည်ပြောင်က စပြောမယ်၊ ကုတင်နံပါတ်(၆၆)က အေးချိုကြီးကို ဝိတ်မ,ထားလို့ ဗလကြီးတော့ ဗလကြီး အေးချိုလို့ခေါ်တယ်၊ သူက ဗလသာကြီးတာ အလွန်စိတ်ရင်းကောင်းတယ်၊ သာယာဝတီက မီးသတ်ဗိုလ်သား၊ ဂီတာတီးတယ်၊ သီချင်းဆိုတယ်၊ တကယ့်အနုပညာသမား၊ သူက သင်တန်းတက်တုန်းက သင်တန်းသား (၆၅)ယောက် ခန့်ရာမှာ နောက်ထပ်တိုးရောက်လာလို့ (၆၆) ယောက်ဖြစ်သွားတယ်၊ ဒါကြောင့် သူ့ကို (၆၆)လို့လည်းခေါ်တယ်၊ ဗိုလ်နောင်က ဘုန်းမော်နဲ့အတွဲ၊ သင်တန်းတက်နေတုန်း အိပ်ရာထနိုး,ခရာမှုတ်လို့ထတာနဲ့ ကစ်စီမယ် ဆရာတို့လို့ အမြဲတမ်းဆော်နေကျမို့ "ကစ်ဆရာ" လို့လည်းခေါ်တယ်၊ အလုပ်ဝင်ကြပြီး ရာထူးတက်ကြတော့ ဘုန်းမော်က (D.E) အဖွဲ့ဝင်၊ သူ့ (D.E) အဖွဲ့မှာ ပါလာရင် သူငယ်ချင်းအပေါင်းအသင်းချင်း တောင် မညှာလို့ သူ့ကို (D.E) ဘုန်းမော်လို့ ခေါ်တယ်၊ ကိုဗိုလ်နောင်က တော့ ကျိုင်းတုံမှာ ကိုအေးချိုနဲ့တွဲပြီး ခေါ်လာအမှုဖြစ်ကြလို့ နာမည်ပြောင် တွေ ပြောင်းပြီး "ခေါ်လာနောင်၊ ခေါ်လာချို" လို့ ခေါ်ကြတယ်"

"မြင့်ဆွေကြီးကတော့ လူမိုက်သက်သက်ပဲ၊ သင်တန်းတုန်းကလည်း အချင်းချင်းရန်ဖြစ်တယ်၊ ဖောင်ကြီးတက်တော့လည်း ဆရာဝန်သင်တန်း သားနဲ့ ကျောင်းဆရာတွေနဲ့ ရန်ဖြစ်တယ်၊ အလုပ်ဝင်တော့လည်း အရက်မူး ပြီး အရာရှိချည်း ရန်ဖြစ်တယ်၊ ဒါကြောင့် သူ့ကို (၃၁)ဘုံအပြင်က လူဆိုးကြီး မြင့်ဆွေလို့ ခေါ်ကြတယ်၊ ရာထူးလည်း မတက်ဘူး၊ ပင်စင်ယူခါနီးမှ ထောင်မှူးကြီးရာထူးတက်တာ၊ အလွန်ရမ်းကားတဲ့ကောင်ကြီး၊ အမြဲတမ်း မှုန်ရန်လို ရန်ဖြစ်ချင်နေတာ၊ ခန္ဓာကိုယ်ကြီးသလောက် အရက်ကလည်း အရမ်းသောက်တယ်၊ ဒါကြောင့် လူကြီးတွေက မြို့ပေါ်ထောင်တွေမှာ မထား ဘဲ နယ်စခန်းတွေ မှာထားတာ၊ ကျွဲကြီး၊ နွားကြီးကို အလွန်ရိုင်းတာ"

"ဟုတ်ပါ့ဗျာ၊ ကျွန်တော်သင်တန်းမှာ ကြုံဖူးပါတယ်၊ ကျွန်တော် အေးဆေးနေတတ်တာ၊ ခင်ဗျားတို့အသိ၊ ရင်းရင်းနှီးနှီး ပေါင်းတာလည်း အေးဆေးနေတတ်တဲ့ ဗလကြီးအေးချိုနဲ့ပဲပေါင်းတာ၊ တစ်ညမှာ လူဆိုးကြီး မြင့်ဆွေ ကျွန်တော့်ခုတင်ခြင်ထောင်ကြိုးတို့ ဖြတ်သွားတယ်၊ ဖြတ်တာမှ ကြိုးအစက,မဟုတ်ဘူး၊ ခြင်ထောင်သားအရင်းက ကပ်ဖြတ်သွားလို့ ကျွန် တော်နဲ့ ရန်ဖြစ်တယ်၊ အရှည်ကြီး ကိုတင်ထွဋ်၊ ဝင်ဖျန်ဖြေပေးလို့ ပွဲပြီးသွား ပေမယ့် မြင့်ဆွေကြီးကို ကျွန်တော် မကျေနပ်ဘူး၊ နောက်တစ်ခါကြုံရင် အပြတ်ဆော်ဖို့ ကျွန်တော်တေးထားတာ၊ သူကလည်း သိသဗျ - ရှောင် တယ်"

နောက်တစ်ခါက ဖောင်ကြီးသင်တန်းဖေယျ(၁၄) တက်တုန်းကပေါ့၊ ကျွန်တော်တို့ပိတ်ရက် (OUT PASS) မြန်ရင်ဌာနက RANGER (HINO) ကားနဲ့ အကြိုအပို့ လုပ်ပေးတယ်၊ အဲ - တစ်နေ့ ဆရာဝန်သင် တန်းသားတစ်ယောက်က ဖောင်ကြီးတာဆုံကနေ ကားတားစီးလို့တင်လာ ခဲ့တယ်၊ အဲ့ဒီမှာ မြင့်ဆွေကြီးက အရက်မူးပြီး ဆရာဝန်ကို ရန်စတော့တာပဲ၊ ဆရာဝန်ယူလာတဲ့အထုပ်ကိုဖြေ၊ ဝေါ်ဗီထုပ်နဲ့ ခရမ်းချဉ်သီးကို အစိမ်းစား၊ ကွမ်းယာဝါးပြီး ဆရာဝန်ကို ကွမ်းတံတွေးနဲ့ ထွေးတယ်၊ ဆရာဝန်ကလည်း ကျွန်တော်တို့ကားပေါ်မှာ စီးလာ၊ အုပ်စုကလည်း တောင့်တော့ ကြောက် ဟန်တူပါရဲ့၊ ပြန်မပြောရဲရှာဘူး၊ သူ့အင်္ကျီဖြူဖြူမှာ ကွမ်းတံတွေးတွေ အကွက်လိုက် စွန်းကုန်တယ်၊ အဲ့ဒါ - ကျွန်တော်ကလည်း တေးထားတဲ့ အငြိုးနဲ့ အပေါင်းအသင်းတွေကို မျက်ရိပ်ပြပြီး မြင့်ဆွေကြီး ဆေအရပ် ကျော နိုင်းနေတုန်း တစ်ယောက်တစ်ချက် ခြေထောက်နဲ့ ကန်ကြတာ၊ မြင့်ဆွေကြီး မှုးမူးနဲ့ မှောက်သွားတယ်၊ ဒီကောင်ကြီးကလည်း အပါး၊ ကိုယ့်အချင်းချင်း ဟန်မှန်းသိပြီး သူ့လွန်မှန်းသိတော့ ငြိမ်နေတယ်၊ တစ်မ်း တခြားဌာနက သာ ဆိုရင် အသေအကြေမိုက်မယ့်ကောင်ကြီး"

"ဟုတ်တယ် - သူငယ်ချင်း၊ ကိုယ်တို့အပတ်စဉ်မှာ ညွှန်ကြားရေးမှူး အထိ ရာထူးတက်ကြပေမယ့် ထောင်မှူးရာထူးနဲ့ တစ်သက်လုံးနီးနီး မြင့်ဆွေ ကြီးလို နေသွားတဲ့ သူငယ်ချင်းတွေ လေးငါးယောက်ရှိတယ်၊ တစ်ယောက် ကကရင်ဝင်းဆန်း(PT) လို့လည်းခေါ်တယ်၊ အဓိပ္ပာယ်က (LOYALTY PARMENTANT JAILOR)၊ အမြဲတမ်းထောင်မှူးပေါ့ကွာ ..

www.burmeseclassic.com

ဖြေခါနီး သူက ပြဿနာဖြစ်၊ (PE, DE) နဲ့တိုးတော့ စာမေးပွဲဖြေမရဘူးလေ၊ နောက်ပိုင်းမှ ရာထူးတက်တာ၊ နောက်တစ်ယောက်က ဆွန်ဖာဝုန်း ချင်းလူမျိုး၊ အရက်အရမ်းကြိုက်တယ်၊ တေတေပေပေနေတတ်တယ်၊ ဘယ်တော့မှ ပြုပြင်ပြီး မကြိုးစားဘူး၊ အလုပ်ကို စိတ်မဝင်စားတော့ စာမေးပွဲဖြေရရင်တောင် မအောင်ဘူး၊ နောက်ဆုံး ထောင်မှူးနဲ့ပဲသွားတာ၊ နောက်တစ်ယောက်က ချင်းလူမျိုးပဲ၊ ဟာလိန်းနိန်တဲ့၊ သူက တော်ပါတယ်၊ ထောင်ကျရုံးတွေ၊ ဘာတွေ၊ ရုံးချုပ်မှတ်တမ်းဌာနတွေမှာ စနစ်တကျ ကိုင်ဖူးတယ်၊ ဒါပေမဲ့ - ကံမကောင်းရှာဘူး၊ တစ်သက်လုံး ရာထူးမတက်တဲ့ အပြင် လှိုင်သာယာမြို့သစ်ဘက်က အရက်သောက်ပြီး ငုက်သမှုန်နဲ့ အပြန်ဖက် ရေယာဉ်နဲ့ တိုက်မိပြီး ရေနစ်ဆုံးပါးသွားရှာတယ်၊

နောက်တစ်ယောက်ကတော့ ကရင်စောထွန်းလွင်၊ သူလည်း အရက်အလွန်ကြိုက်တာ၊ ထောင်မှူးရာထူးက တစ်သက်လုံး မတက်ရှာဘူး၊ ရာထူးထောင်ကျရှာတယ်၊ တာဝန်ထမ်းဆောင်ရတော့လည်း မြို့ပေါ်မှာ မထားဘူး၊ နယ်စွန်နယ်ဖျား၊ ကျောက်မိုင်းစခန်းတွေမှာ နောက်ဆုံးရာထူးမတက်ရတဲ့ အကြောင်းကို သုံးသပ်ရရင်တော့ အရက်ကြောင့်ပဲ သူငယ်ချင်း၊ ကိုယ်တို့ မင်းတို့လည်း အရက်နဲ့ မကင်းခဲ့ကြပါဘူး၊ တောထဲ၊ တောင်ထဲ အနေများတော့ ဘယ်ကင်းမလဲ၊ ဒါပေမဲ့ - တန်ဆေးလွန်ဘေးကို သိထားကြတော့ ဆင်ခြင်နိုင်ကြလို့၊ အသက်ရှည်၊ ကျန်းမာရာထူးတက်ကြတာ၊ အရက်ဆိုတာ ဧည့်ခံပွဲတွေမှာ မရှိမဖြစ် ပါရတာပဲ၊ ကိုယ်တို့ပွဲပေါင်း နွှဲလာတာ ဘယ်နည်းတော့မလဲ၊ ဒါပေမဲ့ - ဆင်ခြင်သုံးသပ်နိုင်ကြလို့ ဒီအသက် ဒီအရွယ်အထိ ကျန်းမာနေကြတာ၊ အသက်ရလာတော့ ဘာသာရေးအမြင်ကြောင့်လည်း မလွှဲမကင်းသာမှ လုပ်ကြတာလည်း ပါတာပေါ့လေ"

"ကဲ - ကိုအာကျော်ဌေး - ဆက်ပါဦးဗျ၊ သူငယ်ချင်းတွေ အများကြီး ကျန်နေသေးတယ်"

"သူငယ်ချင်းက အကုန်ရေးမှာလား"



"(၆၆)ယောက်ပဲရှိတာ၊ နာမည်ပြောင်မပေါ်လွင်တဲ့သူတွေ ရှိရင်တော့ ချန်ထားခဲ့ပေါ့ဗျာ"

"အင်း - ပြောရရင်တော့ - အောင်မင်းလွန်ရာ မကျလောက်ပါဘူးနော်၊ အခုပြောနေတာက အာကျော်ဌေးပါ၊ ရေးတဲ့သူကတော့ ထောင်မှူးကြီး သိန်းဝင်းခေါ် နာမည်ပြောင်က သိန်းဝင်းဦးတဲ့၊ သူက သင်တန်းတက်စဉ် နှုတ်ခမ်းမွေးကလေးစစ၊ ရုပ်ရှင်မင်းသား ကိုဝင်းဦးရဲ့ အိုက်တင် အပြောအဆိုကလေးနဲ့ ပြောတတ်လို့ နာမည်ပြောင်ရတာပါ"

"ကဲ - သူငယ်ချင်းရယ် - အဓိက ကလောင်ပြောင်ကို မေ့နေလိုက်တာ"

"ဘယ်သူများလဲဗျ"

"ပါလေရာ စာကလေးလေ၊ အခု စာရေးနေတော့ ဘာတဲ့ - စိုးဝေတဲ့၊ စိတ္တဇအောင်လို့ခေါ်တဲ့ တို့သူငယ်ချင်း စိုးသိန်းလေကွာ"

"အော် - ဟုတ်ပါရဲ့ အနီးကပ်ပြီးမေ့နေလိုက်တာ၊ လုပ်ပါဦး - သူ့နာမည်ပြောင်အကြောင်းလေး ပြောပါဦး"

"အေး - စိုးသိန်းက အောင်ဆန်းကွင်းမှာ ထောင်မှူးနဲ့ ဒုရဲအုပ်လောင်းဝင် အရွေးခံတုန်းက ပေါင်(၁၁၀)မပြည့်လို့ ပေါင်ချိန်ရာမှာ ငှက်ပျောသီးဖီးကြမ်းတစ်ဖီးလုံး ကုန်အောင်စားမှ ပေါင်(၁၁၀)ပြည့်တာ၊ အဲဒီတုန်းက စာကလေးကိုယ်လုံးက သေးသေးကလေး၊ စကားပြောရင်လည်း ပကျစ်ပကျစ်နဲ့ တီတီတာတာ ပြောတတ်တယ်၊ နောက်ပြီး - သူက ဟိုလိုင်းသန်တယ်၊ စာကလေးအတိုင်းပဲ၊ စုန်ဆွ - စုန်ဆွ - ပကျစ် ပကျစ်နဲ့၊ ဒါကြောင့် စာကလေးစိုးသိန်းလို့ ခေါ်တာ၊ အခုတော့ - ထောင်ပိုင်က အနားယူငြိမ်းဒိတ်ကြီးပါ ထွက်နေလို့ စာကလေး မဟုတ်တော့ပဲ လဒစိုးသိန်းဖြစ်နေပြီ၊ ဒါပေမဲ့ - သူက အပေါင်းအသင်းကို တအားခင်တတ်တာနော်"

"ဟုတ်ပဲ့ဗျာ၊ အခုအနောက်ကလည်း အရင်ကလိုပဲ တအားသ... ဘယ်၊ ကျွန်တော်တို့ ရှားလော့ဟုမ်း မြဦးကြီးလေ၊ ကျွန်တော် အ...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာနဲ့ စာရေးဖြစ်တယ်။ သူက အင်္ဂလိပ်စာ၊ မြန်မာစာ၊ စာဖတ်အား ကောင်းတော့ အရေးအသား၊ ဇာတ်လမ်း ကောင်းတယ်ဗျ။ သူ့စာတွေကို ကျွန်တော် အနည်းအပါးပြင်ပေးရတာပဲ ရှိတယ်။ တစ်နေ့တော့ - ဆိပ်ကမ်းသာလမ်းထဲက အိပ်မက်စိမ်း စားသောက်ဆိုင်မှာ ဆုံကြတယ်။ ကျွန်တော်ရယ်၊ ကိုမြဦးရယ်၊ မောင်ညိုမှိုင်းရယ်၊ စာကလေးရယ်၊ အဲ - အယ်ဒီတာ ကိုဝေလွှင်မြင့်မောင်တောင် ပါသေးတယ်"



မေ့နေရင်လည်း ရပါတယ်–ကိုအာကျော်ဒွေးရယ်၊
ကျွန်တော်တို့အဖွဲ့နှစ်စဉ် ဆုံနေကျ အလှုပ်စခန်းဖြစ်တဲ့၊
ဒီဇင်ဘာလ(၁၅)ရက်နေ့မှာဆုံတော့မှ ဇမြ့်ပြန်ပြီး မေးမြန်းကြတာပေါ့၊
အခုဆိုရင် ဌာနမှာ နောက်ဆုံးကျန်နေခဲ့တဲ့ ဘာဘူကြီးသန်းစိုးတောင်
ပင်စင်ယူလိုက်ပြီ၊ ဌာနမှာ တစ်ယောက်မှ မရှိတော့ဘူး၊
ဒါပေမဲ့–အပတ်စဉ်(၆) တူးတူးအဖွဲ့ဟာ
အကျဉ်းထောင်သမိုင်းမှာ ထင်ရှားခဲ့ပါတယ်၊



ကျွန်တော်တို့ အမိကအကြောင်းရင်းက မန္တလေး၊ ပြင်ဦးလွင်၊ အရှေ့ကို လေ့လာပြီး ဘုရားလည်းဖူးရင်း ဇာတ်လမ်းလည်းရှာရင်းပေါ့ဗျာ၊ မန္တလေး ကို အဝေးပြေးကားခက အသွားအပြန် (၂၀၀၀၀)ကျပ်စီ ကျတယ်၊ တခြား ကားငှားစရိတ်နဲ့ အစားအသောက်စရိတ်တွေကိုတော့ စိတ်ကူးသစ်စာအုပ် တိုက်ပိုင်ရှင် ကိုတင်ထွန်းနဲ့ ကိုမြဦးက တာဝန်ယူမယ်ပေါ့၊ ခရီးစရိတ်ငွေ ကောက်ခံပြီး ထုံးစံအတိုင်း စားကြ သောက်ကြတာပေါ့ဗျာ၊ အရှိန်ကလေး ရလာတော့ ကိုမြဦးက သူ စာဆက်ရေးတော့မယ်၊ သင့်လျော်တဲ့ကလောင် နာမည်ကို ရွေးပေးကြဖို့ပြောတော့ စာကလေးစိုးသိန်းက အရင်ခေတ်က (မ)သုံးလုံးစိန်ဝင်းဆိုတာ နာမည်အရမ်းကြီးတယ်၊ အခုလည်း ကိုမြဦး နာမည်ကြီးအောင်ရယ်၊ (မ)သုံးလုံးပါအောင်ရယ်၊ ကိုမြဦး မွေးဇာတိလည်း ပါအောင် "မြောင်းမြမြဦး" ဆိုရင် မကောင်းဘူးလားလို့မေးတယ်၊ ကိုမြဦးက မကြိုက်ဘူးဆိုတော့ စာကလေးကရွှဲပြီးအဲဒါဆိုရင် "မောင်မြဦး(မြောင်းထဲ)" လို့ မှည့်ဗျာလို့ပြောတော့ သောက်ထားတဲ့အရှိန်ကြောင့် နှစ်ဦးသား ရန်ဖြစ် ကြပြီး အရက်ဝိုင်းလည်း ပျက်ကရော၊ နောက်တစ်နေ့မနက် အောင်မင်္ဂလာ အဝေးပြေးကားဂိတ်မှာ ချိန်းထားတဲ့အတိုင်း ဆုံကြတော့ သန်လျင်က မောင်ညိုမှိုင်းတောင် ရောက်လာတယ်၊ မြောက်ဥက္ကလာနဲ့နီးတဲ့ မဟာမြိုင် အိမ်ရာမှာနေပြီး စာကလေးစိုးသိန်း ရောက်မလာဘူး၊ အဝေးပြေးကားခ (၂၀၀၀၀)အဆုံးခံတယ်၊ ဟော - အခုတော့ - သူတို့နှစ်ယောက် လည်ပင်း ဖက်ပြီး ပြန်တွဲနေကြပြန်တယ်"

"ငယ်ပေါင်းတွေပဲ၊ စိတ်ဆိုးပြီး ရန်ဖြစ်ခဏပေါ့၊ စာကလေးက အစ အနောက်သန်တယ်၊ ဒါပေမဲ့ - စိတ်ရင်းကောင်းပါတယ်၊ အနစ်နာလည်း ခံတတ်ပါတယ်၊ သူက သူ့တိုက်ခန်းမှာ တစ်ကိုယ်တည်းနေတော့ ကိုယ်တို့ ကိုမြဦးတို့ ဝိုင်းဖွဲ့ပြီး အရက်သောက်နေကျပါ၊ အနှံ့အတာလည်း ခံတယ်၊ အပေါင်းအသင်းကို အလွန်ခင်တတ်တယ်"

"ဟုတ်ပါ့ - ကိုအောင်ကျော်ဒွေးရယ်၊ သူ့သားသမီးကလေး[illegible] တခြားမှာ၊ မိန်းမက ဆရာမဆိုတော့ ပုသိမ်မှာ တာဝန်ထမ်း[illegible]

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ သူက တစ်ကိုယ်တည်းဆိုတော့ ဖျင်းရှာမှာပေါ့၊ ဒါကြောင့် ငယ်ပေါင်းတွေကို မင်တာပါ"

• • • • • •

"ကဲ - ငယ်ပေါင်းတွေအကြောင်း ဆက်ကြဦးစို့ - ကိုသိန်းဝင်းဦးရေ၊ ဒီတစ်ခါတော့ အကျယ်မချဲ့တော့ဘူး၊ တိုရှင်းလိုရင်းပေါ့၊ မှတ်မိသလောက်ပဲ ပြောတော့မယ်၊ မေ့ကျန်နေသူတွေက ကံကောင်းသူတွေလို့ပဲ မှတ်လိုက်တော့ အပေါင်းအသင်းတို့ရေ၊ ပုပ္ပဝ ကိုဘိုနီကိုတော့ ကွမ်းအမြဲတမ်းစားပြီး သွားတွေ မည်းပြီး ရှုံ့ကပ်နေလို့ ကွမ်းဘိုနီလို့ ခေါ်တယ်၊ မြင့်ဦးနှစ်ဦးရှိရာမှာ ဝဝမြင့်ဦးက စစ်တွေထောင်မှာ အနေကြာပြီး ရခိုင်စကားပါတတ်လို့ ရခိုင်မြင့်ဦး၊ နောက်တစ်ဦးက ထောင်မှူးကြီးရာထူးရခါမှ CUSTOM တို (PO) တစ်ပွင့်နဲ့ ပြောင်းသွားလို့ (CUSTOM) မြင့်ဦး၊ မိုးကြိုးအောင်ကတော့ ရောက်တဲ့နေရာတိုင်း အမှုဖြစ်တတ်လို့ မိုးကြိုးကြီး၊ အေးမြင့်ကတော့ သူ့မိန်းမ မဖြူကို အလွန်ကြောက်ရလို့ အေးမြင့်ဖြူလို့ သူ့မိန်းမနာမည်နဲ့ တွဲခေါ်တာ၊ တင်အောင်ကြီးကို ဘာဂျာကြီး၊ ညွှန့်စိန်ကို ဘာဂျာကလေး၊ မြင့်သန်းကြီးက အမြဲတမ်းဆံပင်ပါးပါး၊ ခေါင်းတုံးဆံပင်နဲ့နေလို့ ဦးလှပေါ၊ အောင်လှိုင်ကတော့ အမြဲတမ်းလေထပြီး အစားအိပ်ဆေးစားနေရလို့ ဂက်စ်အောင်လှိုင်၊ အဲ - ကျန်နေသေးတယ်၊ အေးချိုက နှစ်ယောက်ရှိတယ်၊ ဗလကြီးအေးချိုကို ဒေါ်လာချို၊ နောက်တစ်ယောက်ကတော့ ပိန်ပိန်၊ အောက်နှုတ်ခမ်းနဲ့ မေးစေ့ကြားမှာ ပေါက်နေတဲ့ အမွေးကောက်ကောက်ကလေးကို အမြဲတမ်းသ,နေတတ်ပြီး ဆိတ်သံနဲ့ စကားပြောတတ်လို့ ဆိတ်အေးချို၊

နောက်တစ်ယောက်ကတော့ အရက်သောက်ပြီးတာနဲ့ ရစ်ပြီး ဂျူဒိုခါးပတ်နက် ရထားတော့ ဂျူဒိုအောင်ငြိမ်း၊ နောက်တော့ - သူ့နာမည်ပြောင်းသွားတယ်၊ စခန်းတစ်ခုမှာ အရက်သောက်ရင်း ငါးခြောက်ကို ဆီဆမ်းစရာ ကုန်နေပြီလို့ သူ့ထမင်းချက်က ပြောတာနဲ့ ရိက္ခာဂိုဒေါင်ကို ဖွင့်ခိုင်းပြီး ဆီပီပါကြီးကို ခြောက်လုံးပြူးနဲ့ပစ်တာ၊ ကျည်ပေါက်က ဆီထွက်လာမှ ကြိုက်

သလောက် ခပ်စမ်းလို့ပြောတာ၊ အဲဒါကြောင့် သူ့ကို ဂျူဒိုအောင်ငြိမ်းအစား ခြောက်လုံးပြူးအောင်ငြိမ်းလို့ ပြောင်းခေါ်ကြတာ၊ ညွှန့်သိန်းကိုတော့ စိတ်ဆတ်သူအဖြစ် သိထားကြတယ်၊ သူက မျက်နှာမှာ ကျောက်ပေါက်မာကလေး နည်းနည်းရှိတယ်၊ အသားဖြူတယ်၊ စီးကရက် ကြိုက်တယ်၊ တစ်နေ့ ထောင်ထဲက အဆောင်မှူးရုံးခန်းမှာ အလုပ်ပြီးလို့ အနားယူရင်း ဆေးလိပ်သောက်တာ၊ အကျဉ်းသားက လာပေးတဲ့မီးခြစ်က မီးမတောက်လို့ စိတ်ဆိုးပြီး မီးခြစ်နဲ့ ပေါက်ရာက အကျဉ်းသား ခေါင်းကွဲသွားတယ်၊ အဲဒါကြောင့် သူ့နာမည်က မီးခြစ်ညွှန့်သိန်း၊ နောက်တစ်ဦး အမှတ်ရတာ ကျန်သေးတယ်၊ သူက မိန်းမတွေအကြောင်းပြောရင် နာခေါင်းကြီးက နီရဲလာတယ်၊ အလွန်လည်း ဝါသနာကြီးတယ်၊ အဲဒါကြောင့် သူ့ကို နာနီသိန်းထွန်းလို့ ခေါ်တယ်၊ (၆၆)ယောက်မှာ နာမည်ပြောင်ကိုယ်စီ ရှိကြပေမယ့် အချို့မမှတ်မိတော့ဘူး၊ ဉာဏ်ကျယ်လေးတို့၊ တရုတ်မကြီးတို့၊ ထမင်းဖြူ လုံကြည်တို့လည်း ကျန်နေသေးတယ်၊

"မေ့နေရင်လည်း ရပါတယ် - ကိုအာကျော်ဌေးရယ်၊ ကျွန်တော်တို့ အဖွဲ့နှစ်စဉ် ဆုံနေကျ အလုပ်စခန်းဖြစ်တဲ့ ဒီဇင်ဘာလ (၁၅) ရက်နေ့မှာဆုံတော့မှ စမြုံ့ပြန်ပြီး မေးမြန်းကြတာပေါ့၊ အခုဆိုရင် ဌာနမှာ နောက်ဆုံးကျန်နေခဲ့တဲ့ ဘာဘူကြီးသန်းစိုးတောင် ပင်စင်ယူလိုက်ပြီ၊ ဌာနမှာ တစ်ယောက်မှ မရှိတော့ဘူး၊ ဒါပေမဲ့ - အပတ်စဉ် (၆) တူးတူးအဖွဲ့ဟာ အကျဉ်းထောင်သမိုင်းမှာ ထင်ရှားခဲ့ပါတယ်၊ ကွယ်လွန်သွားသူတွေလည်း (၂၀) ကျော်သွားခဲ့ပြီ၊ အဲဒီနှစ်စဉ် တွေ့ဆုံပွဲနေ့မှာ ဘုန်းကြီးဆွမ်းကျွေးပြီး အမျှအတန်းဝေကြရရင် မကောင်းဘူးလား"

"အကောင်းဆုံးပေါ့ - သူငယ်ချင်းရာ၊ တို့အပေါင်းအသင်းတွေ ကွယ်လွန် ဆုံးပါးရတာ၊ အဓိက အရက်ကြောင့် ဆိုတာကိုတော့ မမေ့နဲ့ - သူငယ်ချင်း"

➢ ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီခေတ်တွင် နွားခိုးသတ်ကြရာ
ထိုခိုးသတ်နွားကို စားသောက်မိရာမှ
ဖြစ်ပေါ်လာသောဇာတ်လမ်း ...

'ဗြန်း ...'

ကိုကျော်မောင်ကိုင်သော လေသေနတ်မှ ဖန်းခနဲ မြည်သွား၏၊ ထိန်ပင်ကြီး၏ အကိုင်းတစ်ကိုင်းတွင် တွဲရရွဲတွဲကာနေသည့် နီညိုရောင် လင်းဆွဲကြီးတစ်ကောင် မြေပေါ်သို့ပြုတ်ကျလာလေသည်၊

နောက်ထပ် သုံးကောင်တိတိ သူ၏လေသေနတ်ဖြင့် ပစ်ချလိုက်သည်၊ စုစုပေါင်း လေးကောင်တည်းသာ ထိန်ပင်တွင် နေခြည်သိမ်းခါဝ မှီနားနေကြခြင်း ဖြစ်သည်၊

လင်းဆွဲကြီးများကို တပည့် မောင်မိုက်တ လိုက်၍ကောက်ယူသည်၊ အစ်ကောင်လျှင် အစိတ်သား ကျော်မည်၊ ဘေးမှ ကြည့်နေသော လူငယ် တလေးများက လှပသော လင်းဆွဲကြီးများနှင့် လေသေနတ်ကိုင်သော ကိုကျော်မောင်အား အထူးအဆန်းသဖွယ် ကြည့်ကြသည်၊

အချိန်အခါမှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ နှစ်ပေါင်း ဆယ်နှစ်ကျော် ကာလအချိန် ဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com

ယင်းအချိန်က လူငယ်များသည် လေသေနတ်ကိုမြင်ဖူးသည်။ ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံ တပ်သားများ ကြောင့် ထူးကြီးမြို့ကလေးသို့ ဆင်းလာသည့် ပန်ရာဗီကုလားစစ်သားများ ကိုင်ဆောင်လာသော ရိုင်ဖယ်နှင့် စက်သေနတ်ကို မြင်ဖူးထားပြီးဖြစ်သည်။ တစ်ဖန် သူကြီးမင်းကိုင်သော နှစ်လုံးပြူးသေနတ်ကို မြင်ဖူးထားကြသည်။ ထူးကြီးတောင်ပေါ်တွင် မျက်နှာဖြူစစ်ဗိုလ်ခေါင်းဆောင်သော ပန်ရာဗီစစ်သားများက မြို့လူထုကို ခြိမ်းခြောက်သော သူတို့၏အစွမ်းထက်သော ဘရင်းဂန်း(စက်သေနတ်)ကို ပစ်ပြသဖြင့် မြို့လူထုက ကြည့်ကြရသည်။

စက်သေနတ်ကျည်ဆန်ကြောင့် သစ်ကိုင်းများ ကျိုးကျသည်။ မျက်နှာဖြူစစ်ဗိုလ်က အင်္ဂလိပ်အစိုးရကို ပုန်ကန်သူမှန်လျှင် စက်သေနတ်ကျည်ဆန် အပစ်ခံ အမှန်ခံရမည်ဟု ခြိမ်းခြောက် ဟောပြောသွားခဲ့၏။

ယင်းအချိန်က ကုလားစစ်သားများသည် ထူးကြီးဘောလုံးကွင်းထဲတွင် စခန်းချကာ ရွတ်ဖျင်တဲ ထိုးနေကြ၏။ ညအချိန် အပေါ့အပါး သွားသော အခါတွင် လူငယ်များ၊ ရှောင်းပစ်သော လောက်လေးဒဏ် ခံရကာ "အမေ" ဟု အော်ကာ ကျင်ကြီးပင် ကုန်စင်အောင် မပါနိုင်။ ကသောကမျော ထွက်ပြေးသွားကြ၏။ မြန်မာ့သတ္တိကို ကျည်ဆန်ဖြင့် ခြိမ်းခြောက်မရကြပါပေ။

. . . . . .

ထိုအချိန်က ကျွန်ုပ်မှာ ထူးကြီးမြို့အမျိုးသားကျောင်းဖြစ်သော ဆရာဘကြီးကျောင်းတွင် ငါးတန်းကျောင်းသားဘဝသာ ရှိပေသေးသည်။ ဆရာကြီးဆရာဘသည် ကျောင်းသားများအား ကံငါးပါးကို ရှောင်ရန် အမြဲပြောရုံမက ငှက်ကလေး၊ ကြက်ကလေးသတ်သော ကျောင်းသားအကြောင်း လာ၍တိုင်ပါက ကြိမ်ဖြင့်တီးကာ နတ်ကလည်း မြည်၍ဆုံးမ ရှိပါ၏။

ဖျိုးတစ်ကောင်ကို လောက်လေးဖြင့် ပစ်သတ်သော မြောက်ထန်း ကျောင်းသား ညိန်းမောင်ကို "ဖျိုးသတ်သောသူ ညိန်းမောင်" ဟု လည်ပင်း တဆွဲ၍ လှည့်လည်စေပါသည်။

ယခု ကျွန်ုပ်တို့ ကျောင်းသားလေးငါးယောက်တို့ ဆန်စက်ပိုင်ရှင်သား ကိုကျော်မောင်က လေသေနတ်ဖြင့် လင်းဆွဲတို ပစ်ခတ်ရာတွင် ဝိုင်းဝန်း ကြည့်မိသောအကြောင်း ဆရာကြီးကြားသောအခါ ဆရာကြီးက "သူများ အသက် သတ်တာ ဘာလို့ဝိုင်းကြည့်ရမလဲ" ဟူ၍ ကြိမ်ဒဏ်သုံးချက်စီပေး၍ ဆုံးမပါတော့၏။

ယင်းကဲ့သို့ လင်းဆွဲပစ်သော ကိုကျော်မောင်အား ဝိုင်းကြည့်မိ၍ ကြိမ်ဒဏ်ပေးခြင်းခံရသည့်အကြောင်း ကြားရသော ကိုကျော်မောင်က ကျွန်ုပ်တို့ ကျောင်းသားလေးယောက်ကိုခေါ်၍ ဈေးအတွင်းရှိ ကာကာလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်တိုက်ပြီး မုန့်အဝ ဝယ်ကျွေးကာ ဝက်ပြုလိုက်ပါသည်။

ယင်းအချိန်မှာ မြန်မာ-တရုတ် လက်ဖက်ရည်ဆိုင်များ မရှိသေး၊ ကာကာခေါ် ချစ်တီးအမျိုးသားများ ရောင်းသောဆိုင်များသာ ဘူတာရုံနှင့် ဈေးအတွင်း ရှိကြ၏။

ကျောင်းပိတ်သောနေ့တစ်နေ့တွင် ကျွန်ုပ်တို့ကျောင်းသားများသည် ထူးကြီးတောင်ပေါ်ရှိ မဟာသိဝစေတီတော်မြတ်သို့လာကာ ပန်းနှင့်ဆီမီးများ ပူဇော်ခြင်း၊ မမြရှောင်းအတွင်း ရေကူးခြင်းများ ပြုကြ၏။

ယင်းကျောင်းသားများထဲတွင် ကျွန်ုပ်တို့နှင့် ရင်းနှီးသော တောင်ပေါ်ရွာ တောင်ယာလုပ်နေသည့် မိသားစုထဲမှ ငါးတန်းကျောင်းသား ထွန်းအောင် ဆိုသူက တောင်ကြားထဲမှချောင်းတွင် ငါးကြင်းများ ရှိနေ၍ သွား၍ ဖမ်းရန် ကျွန်ုပ်တို့ကို ပြောပြသည်။

တောင်ကြားမှာ ထူးကြီးတောင်ပေါ်မှ ဆင်းသွားလျှင် တစ်မိုင်ခန့် ဝေးသွားရသည်။ ထွန်းအောင် ပြောသော ငါးကြင်းမှာ ကျောက်ငါးကြင်း ဖြစ်ပြီး ချောင်းအတွင်း ကျောက်ဆောင်များသောတွင် အုပ်လိုက် နေ



www.burmeseclassic.com

www.burmeseclassic.com

နေသည်ကို တွေ့ရသဖြင့် ငါးများတဲ၊ သို့မဟုတ် ကွန်ဖြင့် ပစ်ဖမ်းလျှင် အလွယ်တကူမိကြောင်း၊ စားသောက်ရာတွင် အရသာရှိကြောင်း။ ထို့အပြင် အခြားကာသပေါင်းကဲ့သို့ ငါးများအပြင် ငါးမြွေထိုးလည်း ပေါကြောင်း။ သူ့အဖေ မကြာခဏ သွား၍ ငါးများယူကြောင်းကိုလည်း ပြောပြသည်။

ထို့အပြင် ထူးဆန်းသော နွားလည်ဘို့ဂူကြီးမှာ မနီးမဝေးတွင် ရှိပြီး ညဉ့်အခါ နွားအော်သံများ ကြားရကြောင်း။ မီးရောင်များလည်း ပေါ်ထွက်လာကြောင်းကို ပြောပြ၏။ သူ၏ဖခင်က ယင်းနွားလည်ဘို့ဂူကြီးမှာ တစ္ဆေခြောက်တတ်သဖြင့် မသွားရန် ပြောထားသဖြင့် မသွားဝံ့ကြောင်း။ ညအခါတွင် တောင်ယာထဲသို့ ဒရယ်နှင့် ဆတ်များ၊ တောဝက်များ ဝင်ရောက်သဖြင့် ထောင်ချောက်ဆင်ပြီး ဖမ်းဆီးခြင်း၊ ခြောက်လှန့်ထုတ်ရခြင်းများကို ပြောပြပါသည်။

သူ၏စကားကြောင့် ကျွန်ုပ်နှင့် ရဲရင့်သော လူငယ်သုံးယောက်တို့သည် အားလပ်ရက်တစ်နေ့တွင် ညဉ့်အိပ်လိုက်ပြီး လေ့လာရန်နှင့် တောင်ကြားချောင်းမှ ငါးဖမ်းရန် သဘောတူလိုက်ကြပါသည်။

အားလပ်သောရက်တွင် ကျွန်ုပ်တို့လူငယ်တစ်စုဖြစ်သော မောင်ဒွေး ဗိုးပိုက်၊ စံမောင်နှင့် ကျွန်ုပ်တို့သည် ထွန်းအောင်ရှိနေထားသော ထူးခြားတောင်ပေါ်သို့ နံနက်စာ စားသောက်ပြီး၍ ကြိုးများ၊ ငါးများရှိတ်များ၊ ဆေးခြောင်များပါ ယူလျက် လာခဲ့ကြ၏။

. . . . . .

အချိန်မှာ (၁၁) နာရီခွဲ ဖြစ်ပါသည်။

ထွန်းအောင်ကို တောင်ပေါ်ခရုပ်တွင် အသင့်တွေ့ရ၏။

သူက တွေ့တွေ့ချင်း –

“ဟော့ကောင် စိန်သိန်း – ငါ – မင်းတို့ အလည်လာမယ်ဆိုတာ အဖေ့ကို ပြောထားတယ်ကွ။ မင်းတို့အတွက် ပြောင်းဖူးရော၊ ကန်စွန်းဥတွေပါ အဖေက ပြုတ်ထားတယ်။ တို့ – စားပြီးမှ ငါးသွားများတာပေါ့”

“အေး – တို့တစ်တွေလည်း သူငယ်ချင်းဆီကို ညအိပ်သွားလည်မယ်လို့ ပြောထားခဲ့တယ်၊ တို့အဖေ၊ အမေကလည်း သဘောတူတယ်။ ဒါပေမဲ့ – တို့ ငါးများမယ့်အကြောင်းတော့ မပြောခဲ့ဘူး”

ကျွန်ုပ်က ပြောရင်း တောင်ပေါ်မှ အောက်သို့ လူသွားလမ်းကျဉ်းကလေးမှ ဆင်းခဲ့ကြပါသည်။ လူသွားလမ်းကျဉ်းကလေးဆိုသည် အင်ပင်ပေါက်နှင့် ချုံပင်များအကြား လူသွားထားသော လမ်းယင်ဖြစ်သော်လည်း မှဆိုးသွားလမ်းကဲ့သို့ ရေးရေးသာ ပေါ်လွင်နေပါသည်။

တောင်ဆင်းမှာ မတ်စောက် မဟုတ်သော်လည်း တံတောင်ဆစ်ချိုးပမာ ဆင်းခဲ့ရပြီးနောက် တောင်တစ်ဝက်ရောက်ချိန်တွင် လှည်းသွားလမ်းတစ်လမ်းသို့ ရောက်ခဲ့၏။ တောင်ကြောမှဖြတ်၍ ဖောက်ထားသော လမ်းယင်ဖြစ်ပါသည်။

ထိုလမ်းမှနေ၍ နာရီဝက်ခန့်သွားမိလျှင် တောင်ပေါ်သို့ ကွေ့၍တက်သွားသော တောင်ကမ်းပါးလမ်းသို့ ရောက်ခဲ့ပြီး တောင်ကြောတစ်ခုတွင် ယာလုပ်ငန်းလုပ်နေသော ထွန်းအောင်တို့၏ယာထဲသို့ ရောက်ခဲ့ပါသည်။ လမ်းတစ်လျှောက်တွင် ကျွန်ုပ်တို့သည် အခြားယာလုပ်သူများ၏ ခြံစပ်များကို ဖြတ်ခဲ့ကြပါသည်။

ပထမဆုံး ခွေးများ၏ တဝုတ်ဝုတ်ဟောင်သံနှင့် ခွေးကြီးနှစ်ကောင် ပြေးလာသည်၊ ထွန်းအောင်က အသံပြုလိုက်မှ ငြိမ်သွားသော်လည်း သူစိမ်းဖြစ်သော ကျွန်ုပ်တို့အား မကျေနပ်သောအသွင်ဖြင့် လှည့်ကာ လှည့်ကာ ကြည့်နေပါသေးသည်။

ထွန်းအောင်က –

“တို့အဖေ အမဲလိုက်ရင် အဲဒီနှစ်ကောင် ခေါ်သွားတာပဲကွ။ ယုန်တွေ့ရင် ပြေးမလွတ်အောင် လိုက်ကိုက်ယူလာနိုင်တယ်၊ ဒရယ်ပေါက်တွေဆိုရင် မလွတ်တမ်း ဖမ်းယူတတ်တယ်”

ထွန်းအောင်ပြောသောစကား မှန်လှသည်၊ သူ၏ခွေးကြီးနှစ်ကောင်မှာ ကျွန်ုပ်တို့ခါးတစ်ဝက်လောက်ရှိနေသော မြန်မာခွေးကြီးများ ဖြစ်သည်။

www.burmeseclassic.com

အိမ်ရှေ့မှ အသက်လေးဆယ်ခန့် အသားညိုညို ခေါင်းပြောင်ပြောင်နှင့် အင်္ကျီမဝတ်ပဲ လုံချည်တစ်ပတ်နွမ်းအကွက်ကျား ဝတ်ထားသူတစ်ဦးက ထင်းရှူးတစ်ချောင်းကိုင်ရင်း မတ်တတ်ရပ်လျက် ရှိနေပါသည်၊

ထွန်းအောင်က -

"ဟိုမှာ ရပ်နေတာ တို့အဖေပါကွ"

ဟု ပြောရင်း သူ့အဖေထံ ခပ်သုတ်သုတ်သွား၍ ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေးပါသည်၊

"အဖေ - ဒါ ကျွန်တော်နဲ့ တစ်ကျောင်းတည်း၊ တစ်တန်းတည်း နေကြတဲ့ သူငယ်ချင်းတွေလေ၊ ကျွန်တော် ပြောပြောနေတဲ့ သူငယ်ချင်းတွေပေါ့"

ဤတွင် ထွန်းအောင်အဖေက -

"လာကြပေ့ - မင်းတို့လာမယ်ဆိုလို့ ငါလည်း မျှော်နေတာပဲ"

ဤသို့ပြောရင်းက သူ၏တဲအိမ်ကြီးအတွင်း ခေါ်သွားလျက် ဝါးလှေကားမှတစ်ဆင့် အပေါ်သို့ တက်ခဲ့ရသည်၊ တဲအိမ်ကြီးမှာ အိမ်ရှေ့စည့်ခန်းနှင့်အတွင်းဘက် တစ်ပေခန့်အမြင့် ဘုရားကျောင်းဆောင်နှင့်ခန်းမအတွင်း အိပ်ခန်းဝါးလှေကားမှတစ်ဆက်တည်း တစ်ပေခန့်အနိမ့် မီးဖိုခန်းနှင့် ပစ္စည်းထားသောအခန်းနောက်ဘက်တွင် စင်ကြီးတစ်စင်၊ မီးဖိုခန်းနှင့် ဆက်လျက်နွားတင်းကုပ်၊ အိမ်ရှေ့တွင် လှည်းတစ်စီးနှင့် ဘူးစင်၊ ဝါးကွပ်ပျစ်များ ရှိနေပါသည်၊

အိမ်ဦးခန်းမှကြည့်လျှင် ပြောင်းခင်း၊ ကန်စွန်းခင်း၊ ဖရုံနှင့် ပုံလုံသီးစင်ကွမ်းခြံများကို တွေ့ရလျက် စမ်းချောင်းမှ သွယ်ယူထားသော ရေမြောင်းနှင့် ရေအိုင်၊ ထိုအထက် ကုန်းကြောကလေးမှ ဝါးရုံနှင့် အင်၊ သမြေ စသည့် ပင်တန်းများကို တွေ့ရပါ၏၊ ထွန်းအောင်၏အမေသည် အသက်(၃၀)ခန့် ရှိပေမည်၊ ပြောင်းဖူးပြုတ်နှင့် ကန်စွန်းဥပြုတ်များ ယူလာကာ "စားကြနော် စားကြ၊ အားမနာနဲ့" ဟု ပြောရင်း နောက်တစ်ခေါက် အခန်းတွင်းသို့ဝင်ကာ ဆီခွက်နှင့် ထားပန်းကန်များ လာချသည်၊ ထွန်းအောင်အဖေက မည်းမှောင်သော မြေလက်ဖက်ရည်အိုးကို ကောက်ရိုးကရွတ်ခွေနှင့် ချပေးပြီး အဝါ



"ညဥ့်(၁၀)နာရီကျော် ကျော်တွင် ခပ်ဝေးဝေးဆီမှ နွားအော်သံတစ်သံကို ကြားရသည်၊ နွားအော်သံမှာ မချိမဆံ့ အော်လိုက်သော အသံမျိုး ဖြစ်ပါသည်၊ နွားအော်သံမှာ မဟူရာဂူမှ အော်သံဖြစ်ကြောင်း ထွန်းအောင် ခပ်တိုးတိုး ပြောပြပါသည်၊

ရောင် ညိုညစ်နေသော လက်ဖက်ရည်သောက် ပန်းကန်လုံးများ လာချပေးသည်၊

ထွန်းအောင်က သူ့အဖေကို ကျွန်ုပ်တို့တောင်ကြားချောင်းတွင် ငါးများသို့ခြင်းနှင့် နွားလည်ဘိုဂူကို ကြည့်ချင်ကြောင်း ပြောပြသဖြင့် -

"ငါးမျှားတာကတော့ ပျော်စရာကြီးပေါ့ကွာ၊ နွားလည်ဘိုဂူကိုတော့ သွားနဲ့၊ နွားလည်ဘိုဂူဆိုပေမယ့် ဒီဂူရဲ့အမည်ရင်းက "မဟူရာဂူ" လို့ ခေါ်တယ်၊ ဂူကြီးဆိုပေမယ့် လိုဏ်ခေါင်းကြီးကွ၊ ရှေးတစ်ခါက မင်းညီမင်းသားတစ်ပါးဟာ စစ်တိုက်ရင်း စစ်ရှုံးလို့ ဒီလိုဏ်ဂူကြီးကို တူးဖောက်လိုက်တာ နောက်ဘက်တောင်ကြီး တစ်တောင်အောက်က ချောင်းထဲကို ... ပေါက်လို့ မင်းပုန်းလိုဏ်ဂူလည်း ခေါ်တယ်၊ ဒီဂူက အော်သံတွေ ... ချောက်လွန်းတယ်ဆိုပြီး ဘယ်သူမှ မသွားရဲကြဘူး"

www.burmeseclassic.com

www.burmeseclassic.com

ထွန်းအောင်၏အဖေ့စကားကြောင့် ကျွန်ုပ်တို့မှာ ပို၍စိတ်ဝင်စားသွားပြီးလျှင် သွားရောက်ရှုစမ်းလိုသောစိတ်များ တဖွားဖွား ပေါ်လာပါတော့သည်၊ သို့သော် သွားရောက်ကြည့်လိုသောစကားကိုမူ ထွန်းအောင်အဖေအား မပြောဝံ့ကြပါ၊

ကျွန်တော်တို့ စားသောက်ပြီးသည်နှင့် ထွန်းအောင်က အိမ်အောက်ခေါ်ကာ ယာခင်းတွေနှင့် စမ်းချောင်းကလေးကို လိုက်၍ပြပါသည်၊ ပြီး- တစ်ရေးအိပ်ကြပြီး ညနေသုံးနာရီကျော်ကျော်တွင် တောင်ကြားချောင်းသို့ ထွန်းအောင့်အဖေက ခေါင်းဆောင်ကာ ထွက်လာကြပါသည်၊

. . . . . .

တောင်ကြားချောင်းမှာ မမြချောင်းပင်၊ တူးကြီးတောင်နှင့် အရိုးတောင်၏ တောင်ကြားတောင်ကြောအစပ်တွင် စီးဆင်းနေခြင်းဖြစ်သည်၊

ထိုနေရာတွင် "စမ်း" အိုင်စမ်းများ ရှိနေလေသည်၊ ကြာနှင့် ကွမ်းစားဂမုန်းများ ပေါက်လျက်ရှိ၏၊ ထိုစမ်းများမှာ တောင်ကြောပေါ်တွင်ရှိပြီး စမ်းရေများ ချောင်းအတွင်းသို့ တသွင်သွင်စီးဆင်းလျက် ရှိနေလေသည်၊

ထွန်းအောင်၏ဖခင်က -

"ဒီစမ်းအိုင်တွေဟာ "စမ်းကိုးစမ်း" ရှိတယ်၊ ကြီးပင်စမ်း၊ ဖိုးသူတော်စမ်း၊ စပယ်စမ်းဆိုပြီး စမ်းအိုင်ကြီး အလိုအလျောက် ဖြစ်ပေါ်နေပြီး စမ်းလယ်မှာ ဝါးတစ်ဖျားမက နက်တယ်ကွ"

စမ်းကို မျှော်ကြည့်လျှင် ကြာပွင့်များနှင့်အတူ ရေဘဲနှင့် ဗျိုင်း၊ ဟသၤာ မယ်ညို စသည့် ရေမျောငှက်များကို တွေ့ရ၏၊

ကျွန်ုပ်တို့အား အရိုးတောင်၏ တောကြောကမ်းပါးလမ်းရှိ နွားလည်ဆုံ့ ဂူကို လှမ်း၍ပြသည်၊ ဂူသည် နွားလည်ဘုံနှင့် တူ၏၊ သို့သော် ကျောက်သားများမှာ မည်းမှောင်နေ၍ "မဟာရာဂူ" ခေါ်ထိုက်သည်မှာ မှန်လှပါသည်၊

ထို့နောက် ကျွန်ုပ်တို့သည် တောင်ကြားချောင်းအတွင်း ရေနက်သော ချိုင့်ဝှမ်းကျောက်ဆောင်များပေါ်မှနေ၍ ငါးများကြီးများကို ပစ်ရှုကြသည်၊ ကျောက်ငါးကြင်းများ ကျောက်ဆောင်များအကြား လှည့်ပတ်သွားလာနေသည်ကို စိမ်းမြကြည်လင်သောချောင်းရေတွင် အတိုင်းသား မြင်နေရ၏၊

ထွန်းအောင်၏ဖခင်သည် သံချွန်တွေ တပ်ထားသော "ဆောင်ပုံ" ခေါ် ငါးထိုးမှိန်းဖြင့် ကျောက်ဆောင်ပေါ်မှ တစ်ကောင်ပြီးတစ်ကောင် ထိုးသွားလိုက်ရာ ငါးဆယ်သားခန့် ကျောက်ငါးကြင်းကြီးသုံးကောင် ရရှိသွားပါသည်၊ ကျွန်ုပ်တို့အဖို့ နှစ်ကောင်မျှသာရကာ ထိုတောင်ကြားချောင်းမှ ပြန်လာခဲ့ကြပါသည်၊

တောင်ကြားချောင်းမှ ပြန်ခဲ့သောအချိန်တွင် မှောင်ရိပ်များ ဝင်လာပြီဖြစ်၏၊

ကျွန်ုပ်တို့ရရှိလာသော ကျောက်ငါးကြင်းများကို ထွန်းအောင့်အဖေက နံနက်တွင် ယူသွားရန်အတွက် ငါးညှပ်ပြုပ်လုပ်ကာ မီးရဲရဲတွင် ကင်ထားပြီးလျှင် ငါးတစ်ကောင်သာ ချက်၍စားစေပါသည်၊

ထိုနေ့ မိုးချုပ်ချိန်တွင် အိမ်ရှေ့မှ လူတစ်ယောက်၏ ခေါ်သံ ပေါ်ထွက်လာပါသည်၊ ကျွန်ုပ်တို့ ထွက်ကြည့်သောအခါတွင် အရပ်ရှည်ရှည် လူတစ်ဦးတွေ့ရပြီးလျှင် ထွန်းအောင်၏အဖေကို တီးတိုးပြော၍ ထွန်းအောင်၏အဖေနှင့်အတူ ထွက်သွားကြပါသည်၊

ကျွန်ုပ်တို့နှင့် ထွန်းအောင်တို့မှာ ထိုနေ့ညတွင် ယာထဲသို့ဆင်းကာ ဝင်လာမည့် ဒရယ်ကလေးနှင့် တောဝက်များကို မိန်း၊ ဒူးလေးကိုင်ကာ စောင့်ကြသည်၊ ထိုအချိန်က စိတ်ထဲတွင် ပျော်နေသလောက် ထိုသတ္တဝါကလေးများ "ဘယ်အချိန်လာမည်လဲ" ဟု မျှော်ရသည်မှာလည်း အမောပင် ဖြစ်ပါသည်၊

ထွန်းအောင်တို့မွေးထားသော ခွေးကြီးနှစ်ကောင်မှာလည်း ကျွန်ုပ်တို့နှင့်အတူရှိနေပြီး ဘေးတွင်ဝပ်လျက် ရှိနေပါသည်၊ ကျွန်ုပ်တို့အဖို့ ဒူးလေး ခပ်တတ်ပါ၊ ထွန်းအောင်က ဒူးလေးပစ်နည်း သူ့အဖေထံမှ သင်ထားသဖြင့် ဒူးလေးကြီးကို ဟန်ပါပါကိုင်ထားပါသည်၊ လရောင်မှာ မိုးရိပ်တိမ်လိပ်များကြောင့် မှုန်ဝါးဝါး လင်းနေပါ၏၊



www.burmeseclassic.com

www.burmeseclassic.com

ညဦး(၁၀)နာရီကျော်ကျော်တွင် ခပ်ဝေးဝေးဆီမှ နွားအော်သံတစ်သံကို ကြားရသည်။ နွားအော်သံမှာ မရှိမဆုံ့ အော်လိုက်သောအသံမျိုး ဖြစ်ပါသည်။

နွားအော်သံမှာ မဟူရာဂူမှ အော်သံဖြစ်ကြောင်း ထွန်းအောင် ခပ်တိုးတိုး ပြောပြပါသည်။

ထို့နောက် ရုတ်တရက် ခွေးနစ်ကောင်၏ ထိုးဟောင်လိုက်သံနှင့်အတူ တဝုန်းဝုန်းအသံများ ကြားရ၏။ တစ်ဖန် "ကွိ - ကွိ - ကွ - ကွ" ဟူသော အော်သံ ကြားရပြီးလျှင် ထွန်းအောင်က မျောက်အုပ်တွေ ဆင်းလာကြောင်း ပြောပါသည်။

"မျောက်ညိုတွေ - မျောက်လွဲကျော်တွေကွ"

"မျောက်အုပ်တွေကို ဘယ်လိုဖမ်းရမလဲကွ"

ကျောင်းသားတစ်ဦးက မေးလိုက်ရာ ထွန်းအောင်က -

"တို့ခွေးတွေက ဝင်ကိုက်တုန်း တို့က ခြောက်လှန့်ထုတ်ကြတာပေါ့"

"ဒါဖြင့် - ဒရယ်ကလေးတွေ မလာတော့ဘူးလား"

ကျွန်ုပ်က မေးလိုက်စဉ်မှာပင် မျောက်အုပ်မှာ ပြောင်းခင်းအတွင်း ဝင်မွှေနေပါသည်။

ထွန်းအောင်က ရှေ့ဆောင်ကာ ပြေးသွားစဉ် ကျွန်ုပ်တို့က နောက်မှ ပြေးလိုက်ကြ၏။ ခွေးနစ်ကောင်က မျောက်အုပ်ကို ဝင်ပြီးဆွဲနေစဉ် ခွေးအော်သံများ ပေါ်ထွက်လာပါသည်။ ကျွန်ုပ်တို့က တဟေးဟေးနှင့် အသံပြု၍ ခြောက်လိုက်မှ မျောက်အုပ် ထွက်ပြေးကြသည်။ ခွေးနစ်ကောင်မှာ မျောက်အုပ်က ကုတ်ခြစ်ပြီး ပြောင်းရိုးနှင့် ရိုက်သွားသဖြင့် တအီးအီး ညည်းတွားကျန်ရစ်တော့သည်။

ထိုညတွင် ဒရယ်ရော၊ ဝက်ပါ မလာသဖြင့် ပြန်ပြီး တဲပေါ်တွင် အိပ်ကြစဉ် ထွန်းအောင်၏အဖေပြန်ရောက်လာပါသည်။ သူ၏လက်ထဲတွင် အသားတွဲနစ်တွဲ ပါလာသည်။ ကြည့်လိုက်ရာ အမဲသားများဖြစ်ကြောင်း သိရသည်။



ထွန်းအောင်အဖေက -

"မိသန်းရေ - ကလေးတွေ နံနက်စာ စားသွားဖို့ ချက်ထားတော့"

"ဟုတ်ကဲ့ - ချက်ထားပါ့မယ်တော်"

ထွန်းအောင်အမေကလည်း တုံ့ပြန်ပြောသည်။ သူ့စကားမှာ ခန့်သာပီလို ထင်ရ၏။ အတန်ကြာလျှင် ပုလင်းများ ဆွဲလာသောလူနှစ်ယောက် ရောက်လာကာ ထွန်းအောင်အဖေနှင့်အတူ အိမ်နောက်တွင် စားသောက်လျက် ရှိနေပြန်သည်။

... ...

နံနက်မိုးလင်းလျှင် ကျွန်ုပ်တို့ ကျောင်းသားလေးယောက်နှင့် ထွန်းအောင်တို့အား အမဲသားဟင်း၊ ဘူးသီးချဉ်ရည်၊ ပြောင်းဖူးကြော်များဖြင့် ထွန်းအောင်အမေက ထမင်းကျွေးသည်။ ထွန်းအောင်အဖေကိုမူ မတွေ့ရပါ။ ညဦးသန်းခေါင်ကျော်က ရောက်လာသော လူနှစ်ယောက်ကိုလည်း မတွေ့ရချေ။

အပြန်တွင် ထွန်းအောင်အမေက ကျောက်ငါးကြင်းကင်တစ်ကောင်စီနှင့် ပြောင်းဖူးနှင့် ကန်စွန်းဥများ လက်ဆောင်ပေးပြီး ထွန်းအောင်က လှည်းဖြင့် ထုံးကြီးတောင်ခြေမြို့ဆင်ခြေဖုံးအထိ လိုက်ပို့ကာ ပြန်သွားပါသည်။

ကျွန်ုပ် အိမ်ပြန်ရောက်သောအခါတွင် ကျွန်ုပ်၏ဖခင်ကြီးက ကျွန်ုပ် ရရှိလာသော လက်ဆောင်များအကြောင်းကိုမေးသဖြင့် ကျွန်ုပ်က တောင်ပေါ်မှ သူငယ်ချင်း၏အမေက ပေးလိုက်ပုံနှင့် တောင်ကြားချောင်းနှင့် နွားလည်ဘို့ဂူခေါ် မဟူရာဂူအကြောင်းများပါ ပြောပြလိုက်ပါသည်။ ငါးများသည့် အကြောင်းကိုမူ ပြောမပြပါ။

ကျွန်ုပ်၏ဖခင်ကြီးက -

"ဩော် - ငါ့သားက ထူးထူးဆန်းဆန်းနေရာတွေကိုတောင် ရောက်ခဲ့တာကိုး၊ ဒါထက် - မဟူရာဂူကိုရော ရောက်ခဲ့သေးသလား"

"ဒီဂူက သိပ်မဝေးပေမဲ့ မရောက်ပါဘူး - အဖေ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ယင်းသို့ပြောလိုက်စဉ်မှာပင် လူသုံးယောက် အိမ်ထဲသို့ ဝင်လာပါသည်။ နှစ်ဦးမှာ ရဲသားနှစ်ဦးဖြစ်၍ ထိုနှစ်ဦးမှာ တစ်ဦးက စာသင်မြှဦး ဖြစ်ကာ ရှိးရှိုးအရပ်သားမှာ လက်ထိတ်ခတ်ထားသော တရားခံတစ်ဦး ဖြစ်ပါသည်။

ထိုလက်ထိတ်ခတ်ထားသော တရားခံကို မြင်သောအခါ ကျွန်ုပ်မှာ အတော်ပင် အံ့ဩသွားပါသည်။

"ဟင် - ဦးလေးပါလား။ ဘာဖြစ်လာတာလဲ၊ အဖေ - ဒီဦးဦးအိမ်မှာ ညအိပ်ခဲ့တာပေါ့၊ ဦးဦးသားက ကျွန်တော်နဲ့ ကျောင်းနေဖက်လေ၊ အခုမနက် အစောကြီး အမဲသားဟင်းနဲ့တောင် ကျွေးလိုက်သေးတယ်"

ကျွန်ုပ်တွေ့ရသောတရားခံမှာ သူငယ်ချင်းထွန်းအောင်၏အဖေ ဦးလုံး ဆိုသူ ဖြစ်ပါသည်။

ဦးလုံးကလည်း ကျွန်ုပ်ကို တွေ့သောအခါတွင် မျက်နှာတွင် မိုးမှောင်ကြီးကျသွားသကဲ့သို့ ဝမ်းနည်းသည့်ဟန်ဖြင့် -

"ခြော် - ကလေးက သူကြီးမင်းသားကိုး။ ထမင်းရော စားကောင်းရဲ့လားကွဲ့"

"ဟာ - သိပ်စားကောင်းပါတယ် - ဦးရာ၊ ဦးဦး - ဘယ်လိုဖြစ်တာလဲ"

ကျွန်ုပ်က စိတ်မကောင်းသလို မေးလိုက်သဖြင့် စာသင်မြှဦးကပင် ဝင်၍ပြောလိုက်ပါသည်၊

"အေး - မင်းတို့ကို ညစ်စာကျွေးလိုက်တဲ့ အမဲသားဟင်းဟာ သူက မဟူရာဂူမှာ နိုးသတ်ခဲ့တဲ့ နွားသားကွ၊ မဟူရာဂူဟာ နွားခိုးသတ်တဲ့ နွားသတ်သချိုင်းပဲ"

ယင်းသို့ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ပို၍အံ့အားသင့်ရတော့၏၊ ယင်းနောက် ကျွန်ုပ်၏အဖေကပင် -

"ဖိုးလုံးရေ - မင်းတို့အကြောင်း စုံစမ်းနေတာ ကြာပြီကွ၊ နိုင်းနွားတွေမှ နိုးသတ်တာတော့ လယ်သမားတွေအဖို့ သိပ်ဒုက္ခရောက်တာပေါ့ကွာ၊ မင်းထောင်ထဲမှာ ခဏတော့ အနားယူဦးပေါ့၊ မင်းတို့အဖို့ နောင်တရပြီး ဆက်မလုပ်ရင် လူကောင်းအဖြစ်နဲ့ အားလုံးက သာမှုခေါ်ကြမှာပဲ"

ဤတွင် စာသင်မြှဦးက -

"ဒါတောင် - လောရှည်ကြီးထွက်ပြေးသွားလို့ လွတ်သွားတယ် သူငြိမ်း မင်း။ ကဲ - ကျွန်တော်တို့ ရထားနဲ့ အင်ပူဂါတ်ကို ပို့ရမှာမို့ လာနှုတ်ဆက်တာပါ"

ယင်းသို့ ပြောရင်းက တရားခံဖိုးလုံးကို ဆွဲခေါ်သွားပါတော့သည်။

ဦးဖိုးလုံးက ဝမ်းနည်းသံဖြင့် -

"သူကြီးမင်း - ကျွန်တော့်ကို အာမခံရအောင် ဆောင်ကြဉ်းပေးပါဉီး၊ ကျွန်တော်လည်း နောင်တရပါပြီ"

ဦးဖိုးလုံးသည် ကျွန်ုပ်၏အဖေကို ပြောရင်းက ကျွန်ုပ်ကိုပါ ဝမ်းနည်းသောမျက်နှာဖြင့်ကြည့်ကာ -

"ဒီအကြောင်း - မင်းသူငယ်ချင်း ထွန်းအောင်ကို မပြောလိုက်ပါနဲ့ကွယ်"

ကျွန်ုပ်မှာ ခေါင်းညိတ်၍သာ ပြလိုက်ရပါသည်၊ ကျွန်ုပ်၏စိတ်ထဲတွင် ထိခိုက်နေမိသလို၊ ညကအဖြစ်အပျက်ကို ပြန်လည်မြင်ယောင်နေမိပါသည်၊

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိသကဲ့သို့ အကယ်၍ ကျွန်ုပ်တို့ ကျောင်းသားတစ်စု တောင်ကြားရောင်း သွားရောက်ခြင်းနှင့် မဟူရာဂူမှ နွားသတ်သူ၏အိမ်တွင် တည်းခိုပြီး အမဲသားကိုပါ စားခဲ့သည့်အကြောင်း ဆရာကြီး "သိသွားပါလျှင် - သိသွားပါလျှင်"ဟူသော စိုးရိမ်မှုက ရောက်ရှားနေတော့၏၊

အမှန်တော့ - ကျွန်ုပ်တို့တစ်တွေမှာ "မဟူရာမှ သားကောင်"တွေ ဖြစ်ခဲ့ပြီ မဟုတ်ပါလား။

> ပြီး